# မေသက်စု

## ပထမဆရမလိုချင်သူနှင့် အခြားဝတ္ထုတိုများ



စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၅၀၁၁၃၀၀၉၀၇ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၅၀၀၇၄၆၀၆၀၉ ]

●

မျက်နှာဖုံး
မြင့်မောင်ကျော်

. . .

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

. . .

ထုတ်ဝေခြင်း
ဇူလိုင်၊ ၂၀၀၉

●

ဦးမျိုးညွန့် (၇၁၄) စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၈၀၈.၈၃
မေသက်စု
ပထမဆုမလိုချင်သူနှင့် အခြားဝတ္ထုတိုများ/ မေသက်စု ရန်ကုန်။
စာပေလောကစာအုပ်တိုက်၊ ၂၀၀၉။
၂၁၉-စာ၊ ၁၂.၄၅ x ၁၇.၇၈ စင်တီ
(၁) ပထမဆုမလိုချင်သူနှင့် အခြားဝတ္ထုတိုများ

## မာတိကာ


| | | |
|---|---|---|
| -။ | ကျွန်မ၏ စာစုများသည် | ၁ |
| ၁။ | ပထမဆု မလိုချင်သူ | ၂ |
| ၂။ | ရသာလေလား အဆိပ်လား | ၁၃ |
| ၃။ | ချစ်သူ့ မြေသို့ | ၂၅ |
| ၄။ | ကျိုးပဲ့သွားသော အုတ်တစ်ချပ် | ၄၁ |
| ၅။ | အလင်းရောင်ကွယ်ပျောက်ခဲ့သော အစိတ်အပိုင်းတစ်ခု | ၅၇ |
| ၆။ | ကွေ့သောမြစ်တွင် မျောပါခြင်း | ၇၁ |
| ၇။ | ရွှေပြည်ကိုလား ဝေးလှတယ် | ၈၉ |
| ၈။ | ရလဒ်မသေချာသော ပုစ္ဆာ | ၁၁၅ |
| ၉။ | ရေကြည်အေးအေး ပန်းကမွေး | ၁၃၇ |
| ၁၀။ | ဒုတိယမြောက် မချိုကို မွေးဖွားခြင်း | ၁၇၁ |
| ၁၁။ | မနောကံရိပ် | ၁၈၅ |
| ၁၂။ | ဘဝနှင့် လဲလှယ်ယူရမည်ဖြစ်သော ဖေဖေ့ အမွေ | ၂၀၅ |

## ကျွန်မ၏ စာစုများသည်

တစ်နေ့၊ ဆယ်နှစ်ကျော်မျှ ကွဲကွာနေခဲ့သည့် ကိုယ့်ထက် အသက်အတန်ငယ်သော မိတ်ဆွေ တစ်ယောက်နှင့် တွေ့ဆုံဖြစ်ပါသည်။ ပြောရိုးပြောစဉ်အတိုင်း အန်တီ ဘယ်တုန်းကပြန်ရောက်လဲ၊ ဘာတွေလုပ်နေလဲ စသည်ဖြင့် မေးမြန်းလာသည်ကို အန်တီလား၊ အိမ်အလုပ်လုပ်၊ အမေအို ပြုစု၊ ခြံနှိုက်၊ တစ်ခါတလေလည်း စာရေးဟု ပြန်ဖြေမိသောအခါ စာရေးတယ်၊ အပျင်းပြေတာပေါ့ဟု ခွန်းတုံ့ပြန်သည်ကို ကြုံခဲ့ရပါသည်။

ကျွန်မ အလိုက်သင့် ပြုံးခဲ့ရသော်လည်း အတော်လေး စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

မည်သည့် စာရေးသူမျှ အပျင်းပြေရုံလောက်နှင့်တော့ စာရေးကြမည် မဟုတ်တန်ရာပေ။

စာရေးသည်ဆိုသည်မှာ အတိုင်းအတာတစ်ခုအထိ ဦးနှောက်ကို အဆီညှစ်ထုတ်ပြီးမှ စာတစ်ပုဒ်ဖြစ်လာတတ်ပေရာ မည်မျှ အပင်ပန်းခံ၍ စာရေးရကြောင်း၊ စာရေးသူကိုယ်တိုင် မဆိုထားနှင့်၊ စာကို တလေးတစား ဖတ်တတ်သော ပရိသတ်များပင် သိရှိကြမည် ဖြစ်ပါသည်။

ကြည့်သောသူသည် မြင်၏ဆိုသော စကားရှိပါသည်။ ဤစာအုပ်ပါ ဝတ္ထု ၁၂ ပုဒ်ကို ကျွန်မ၏ ဦးနှောက်နှင့်ရော နှလုံးသားနှင့်ပါ ရင်း၍ ရေးသားထားပါကြောင်း တွေ့နိုင်မည်ဖြစ်ပါသည်။ ထိုခေတ်၏ ကြေးမုံပြင်တို့သည် စာဖတ်သူအား ရေတစ်စက် မိုးတစ်ပေါက်မျှ အကျိုးပြုသည်ဆိုငြားအံ့၊ ကျွန်မ ပင်ပန်းရကျိုးနပ်ပြီဟု ပြောကြားလို ပါသည်။

**စက်တင်ဘာ၊ ၂၀၀၅ ခုနှစ်။**

**မေတ္တာဖြင့်**

**မေသက်စု**

## ပထမဆု မလိုချင်သူ

**တစ်နှစ်ပြည့်ဆုတောင်း**

ချစ်သမီးလေး သဲနုနုနွယ် ၏ ၁၊ ၁၊ ၂၀၀၅ နေ့တွင်
ကျရောက်သော မွေးနေ့မှသည်
နောင်နှစ်ပေါင်း တစ်ရာ နှစ်ဆယ်တိုင်
ဘဝတစ်လျှောက်လုံး ကောင်းခြင်းဖြာဖြာ
ရတနာအပေါင်းနှင့် ပြည့်စုံပါစေ၊
ဘဝချမ်းအေး သတင်းမွှေးပါစေ၊ ပညာရဲရင့်
ပွဲလယ်တင့်ပါစေကြောင်း၊ ဆုမွန်ကောင်း
တောင်းလိုက်ပါသည်။

**ဘိုးဘိုးကြီး ....ဦးဘထွား**
**ဘွားဘွားကြီး ....ဒေါ်စိန်ခိုင်**
**ဖေဖေ ....ဦးနေနွယ်ဘွား**
**မေမေ ....ဒေါ်ခင်ပန်းမွှေး**

သတင်းစာမှာ ပါနေကျ ဆုတောင်းတစ်ခုပါပဲ။ နာမည်တွေ နည်းနည်းဆန်းသလိုမို့ ကျွန်မ နှစ်ခါ သုံးခါလောက် ပြန်ပြန်ဖတ်မိနေတုန်း

'ဟဲ့၊ ဟိုပြတင်းပေါက်ပိတ်လိုက်စမ်း၊ လူ လူ ဖက်တက်နေတယ်'

သတင်းစာကို ဖျတ်ခနဲချပြီး အဘွားလက်ညှိုးညွှန်ရာဆီ မျက်စိရောက်သွားရတယ်။

'ဘယ်မှာလဲ အဘွားရဲ့၊ ဘာမှလည်း မရှိဘဲနဲ့၊ သမီးသာ ကြောက်တတ်တဲ့လူဆိုရင် ဒုက္ခပဲ'

'နင် မတွေ့ဘူးလား၊ ငါ လူကြီးမျက်စိတောင် မြင်နေရတဲ့ဟာကို'

အဘွားလေ....

ကျွန်မ ပြုစုနေရတဲ့ အဘွား....

အသက် ကိုးဆယ့်ရှစ်နှစ်ရှိနေပြီ။

အိပ်ရာပေါ်ကနေ မျက်စိ ပေပေမှေးမှေးလေးကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး ကျွန်မ နောက်ကျောမှာရှိနေတဲ့ ပြတင်းပေါက်ဆီကြည့်ပြီး ပြောနေတာ။ ဒီလိုမျိုး ထင်ရာမြင်ရာတွေကို ပြောပြောနေတတ်တာတွေက ရိုးနေပြီမို့ ဆက်ပြီး အခြေအတင်စကား ဆိုမနေတော့ဘဲ အပြင်ခန်း ထမင်းစားပွဲဆီ ထွက်လာလိုက်တယ်။ ဒါမျိုးပြောဆိုပြီး ခဏလေးကြာရင် အိပ်ရာကနေ ယိုင်တိ ယိုင်တိုင်နဲ့ ထွက်လာမယ်၊ ထမင်းစားပွဲမှာ ထိုင်မယ်။ စားမယ် သောက်မယ်။ အဲဒီတော့ သူ့အတွက် လိုအပ်တာ လုပ်ပေးရမှာလေ။ မိုင်လိုထည့်ထားတဲ့ ဓာတ်ဘူးကို မ ကြည့်လိုက်တယ်။ သုံးပုံတစ်ပုံလောက် ရှိသေးတယ်။ နို့ထမင်းကတော့ ပြန်နွှေးရဦးမယ်။ မီးဖိုမှာ အိုးတင်ရုံရှိသေး၊ အဘွား ကုလား



ထိုင်ပေါ် ရောက်လာနေပြီ။ ကပျာကယာ နို့ထမင်းကိုထည့်ပြီး သူ့ရှေ့ပို့၊ ဖိုးရိုးဖားရားဖြစ်နေတဲ့ ဆံပင်တွေကို ပြန်ထုံးပေး၊ ဒီလိုလုပ်ရတာ အဘွား အကြိမ်နှစ်ဆယ်ထွက်လာရင် အခါနှစ်ဆယ်ပေါ့။ ဒါကြောင့်လည်း ကိုယ့်အရိုးကိုယ်မနိုင်တော့တဲ့ လူအို လူနာတွေကို တချို့အိမ်တွေမှာ ကတုံး တုံးထားတာ။

'ခုမှတော့ တုံးမနေတော့ပါဘူးကွယ်၊ တစ်သက်လုံး လုပ်ပေးလာခဲ့တာ၊ သူ့ခေါင်း သူ စမ်းကြည့်ပြီး ဆံပင်တွေမရှိတော့တာတွေ့ရင် စိတ်ဆင်းရဲသွားမလား တွေးမိလို့ သီလရှင်ဘယ်တော့မှ မဝတ်ဘူး၊ ကတုံးတုံးရမှာစိုးလို့လို့ ဟိုးတုန်းက ပြောခဲ့ဖူးတာ မှတ်မိနေသေးတယ်'

ကြီးမေက သူ့အမေအကြောင်းကို အဲလို ပြောပြတတ်တယ်။

ကြီးမေဆိုတာက အဘွားရဲ့ သမီးလေ။ အသက် ခြောက်ဆယ်ကျော်လောက်ရှိနေပြီ။ ကြီးမေက ကျွန်မရဲ့ ကျေးဇူးရှင်မို့ ဒီအဘွားရဲ့ ဒဏ်တွေကို ကျွန်မ ခံနေတာပေါ့။ ကျေးဇူးရှင် ဆိုတာကိုလည်း ပြောရဦးမယ်။

ကျွန်မ ရွာမှာ ဆယ်တန်းတစ်ခါကျပြီး စိတ်ပိန်နေတဲ့အချိန်တုန်းကပေါ့။ မုဆိုးမတစ်ယောက်ရဲ့သမီး ကျွန်မလေ ကျောင်းစရိတ် ရအောင် ကောက်စိုက်တယ်။ ပဲဆွတ်တယ်။ မြို့ကို ဈေးရောင်းတက်သူတွေ မနိုင်မနင်းဖြစ်ရင် သူတို့ရဲ့ ကုန်မျိုးစုံကို ခေါင်းနဲ့ရွက်ပြီး လိုက်ပို့ပေးတယ်။

ရွာနဲ့ တစ်မိုင်ခွဲ အကွာလောက်မှာရှိတဲ့ ကျောင်းကို မနက် ၉ နာရီအမီ ရောက်အောင်ပြေးရတယ်။

အဲဒီ အမောတွေနဲ့ ကျောင်းသင်ခန်းစာတွေကို ကျွန်မ အလှမ်းမမီနိုင်တော့ဘူး ဖြစ်လာတာ မဆန်းပါဘူး။

မမီတဲ့ပန်းကုံး တုံးခုလို့လှမ်း ဆိုတဲ့ စကားကို ဘယ်တုန်းက ကြားဖူးလဲ မသိဘူး။ ကျွန်မလည်း အဲဒီ မမီတဲ့ပန်းခိုင်ကြီးကို လှမ်းချင်နေတာ တုံး မရှိတာက ခက်လှတယ်။

မျက်စိထဲမှာ ဆွတ်ဆွတ်ဖြူ လက်ရှည်အင်္ကျီ၊ ခြေဖျားသီသီမှာ ဝဲနေအောင် ဝတ်လေ့ရှိတဲ့ စိမ်းမြမြ ကျောင်းစိမ်းလုံချည်၊ လည်ကုပ်အထက်မှာ ဝန်းဝန်းမို့မို့လေး ရှိနေတတ်တဲ့ ဆံထုံးနဲ့ ကျက်သရေရှိလှတဲ့ ကျွန်မတို့ ကျောင်းအုပ်ဆရာမကြီးလေ။ တနင်္လာနေ့တိုင်း ကျောင်းသားများ စုဝေးပွဲ (Assembly)မှာ သားတို့ သမီးတို့လို့ အစချီပြီး တစ်ခုမဟုတ် တစ်ခု မှတ်သားစရာတွေ ပြောတတ်တာကို မြင်ယောင်နေဆဲပဲ။ ကျွန်မက အဲဒီလို ဆရာမကြီးဖြစ်ချင်နေတာ။

သမီး ဆရာမကြီးဖြစ်ရင် အမေလည်း ခြံပိုင် အိမ်ပိုင်နဲ့ အခန့်သားနေလို့ရမှာလေ။ တော်တော်ရယ်စရာကောင်းတဲ့ ကျွန်မ။

တစ်ယောက်ယောက်ကိုများ ကိုယ့်ဖြစ်ချင်မှုကို ပြောပြရင် ဟားတိုက်ခံရမှာ အသေအချာပဲ။ မဖြစ်လာနိုင်တဲ့ အဲဒီ မဟာဆန္ဒကြီးကို ရင်မှာပိုက်၊ ဆယ်တန်းတစ်ခါကျ ဘွဲ့ထူးကြီးနဲ့ တောသူတို့ ဓလေ့မှာ စုန်ချည်ဆန်ချည် လွင့်မျောနေတုန်း

'မဝ္ဂမ်းပုံ စဉ်းစားပါအေ၊ ညည်းသမီးလေးလဲ ဒီလောက် ပညာလိုချင်နေတာ၊ သွေးသားတော်စပ်ရုံလောက်နဲ့တော့ ငါ မတိုက်တွန်းပါဘူး၊ ဆယ်တန်းဆက်ဖြေဖို့လဲ တာန်ယူတယ်တဲ့၊ စားဖို့သောက်ဖို့လဲ ပူစရာမရှိဘူး၊ သုံးဖို့စွဲဖို့လဲရဦးမယ်၊ ညည်းတို့ဆုံးထားတဲ့ လယ်တွေ မြေတွေတောင် ပြန်ဖြစ်လာနိုင်ပါတယ်၊ ခု ကြူကြူ နေပူမရှောင် မိုးရွာမရှောင် အလုပ်မျိုးစုံလုပ်နေရတာ ဘယ်လောက်ပင်ပန်းနေလဲ၊ ဟိုမှာ အရိပ်ထဲနေရမှာ၊ တစ်ခုပဲ အသက်ရှစ်ဆယ်ကျော် အဘွားကြီး



ကို ပြုစုရမှာဆိုတော့ ကိုယ့်ကိုယ်နဲ့ သူ့စိတ်ပေါ့၊ ညည်းလည်း ငါ့အကြောင်း သိသားပဲဟာ၊ အဆင်မပြေတာမျိုးဆို ငါ တိုက်တွန်းပါ့မလား'

ဒေါ်လေးမြမေ အပြောကောင်းတာကစပြီး အဘွားဆီ ကျွန်မရောက်လာခဲ့တာ။ အဘွားနဲ့ ကျွန်မတို့အဘိုးက မောင်နှမ နှစ်ဝမ်းကွဲတော်တာတဲ့။ ရောက်ပြီး နောက်တစ်နှစ်မှာပဲ ကျွန်မ အောင်ချင်လွန်းတဲ့ ဆယ်တန်းကို ကွင်းလုံးကျွတ်သွားတယ်။

ဝိုင်းကျူရှင်တက်၊ ဂိုက် (Guide)နဲ့ စာကျက်ခွင့်ရှိတဲ့သူ တချို့တောင် ဒီစာမေးပွဲကို ကျတတ်သေးတာ။ ကျွန်မလိုလူမျိုး အောင်သွားတော့ ဘယ်လိုများ ဖြေလိုက်လဲပေါ့။

ကြီးမေက အငြိမ်းစား ကျောင်းဆရာမဆိုတော့ သူ့မိတ်ဆွေဟောင်း ဆရာမတချို့ဆီမှာ အကူအညီတောင်းပြီး သင်္ချာ၊ ဓာတု၊ ရူပ၊ စတဲ့ဘာသာတွေကို သင်ပေးစေတာ။ ဝိုင်းတောင် မဟုတ်ဘူး။ ဆရာတစ်ဦး တပည့်တစ်ယောက်ပုံစံနဲ့။

အင်္ဂလိပ်၊ မြန်မာ၊ ပထဝီလိုမျိုး သူနိုင်နင်းတဲ့ ဘာသာတွေကို ကြီးမေကိုယ်တိုင် သင်ပေးတယ်။ စာလုပ်ချိန်အားလုံးပေါင်းမှ လေးလလောက်ပဲရှိမယ် ထင်ပါရဲ့။ ကံကောင်းလို့ အဘွားက အဲဒီအချိန်တုန်းက ခုလောက် မပြုစုရသေးလို့ စာကျက်ချိန်ရတာ။

အထူးကတော့ စာမေးပွဲမတိုင်ခင် အင်္ဂလိပ်နဲ့ သင်္ချာလိုမျိုး အရေးတကြီး ဘာသာရပ်တွေကို အိမ်မှာ စာမေးပွဲဖြေသလို ဖြေရတာပဲ။

'Practice makes perfect

အလေ့အကျင့်ဟာ ပြည့်စုံခြင်းကို ဖြစ်စေတယ်ဆိုတဲ့ စကားရှိတယ်'

'စာမေးပွဲဖြေမယ့်လူဟာ အဲဒီ စာမေးပွဲမေးခွန်းမျိုးကို မြင်ဖူးထားရမယ်၊ ဖြေဖူးထားရမယ်၊ ဒါမှ တကယ် နဖူးတွေ့ ဒူးတွေ့ ဖြေရတဲ့ အခါမျိုးမှာ တွေးတောပေးမယ့် ဦးနှောက်ရော၊ ရေးချရမယ့် လက်ကပါ အဆင်သင့်ဖြစ်နေမှာ'

ကြီးမေ ပြောလေ့ရှိတဲ့စကား။

အဟုတ်ပါပဲ။ တကယ့် စာမေးပွဲခန်းထဲရောက်တော့ ကျွန်မ လက်တွေကို သွက်လို့။

ခုတော့ ကျွန်မ အဝေးသင်တက္ကသိုလ်ကနေ ဘွဲ့တောင် ရပြီးသွားပြီ။ ဆရာမကြီးမဖြစ်ရပေမယ့် တောက အမေလည်း ခြံပိုင်အိမ်ပိုင်နဲ့ နေနိုင်သွားပြီ။

ကျွန်မ ကြည့်ပေးရတဲ့ အဘွားလည်း အခြေအနေတွေ အရမ်းပြောင်းလဲသွားခဲ့ပြီ၊ ဒီကိုရောက်စ လွန်ခဲ့တဲ့ ရှစ်နှစ်ဝန်းကျင်လောက်က ဆို အဘွားလေ၊ တအားစားတာ။ ကျွေးမွေးရတဲ့သူ လက်မနိုင်သလောက်ပါပဲ။

မုန့်ဟင်းခါး၊ ညှပ်ခေါက်ဆွဲ၊ ဂျုံခေါက်ဆွဲ (ဒီလို အမျှင်မျိုးတွေဆို ဇွန်းနဲ့ ခပ်စားလိုက်ရင် အမျှင်တွေ တန်းလန်းတန်းလန်း ဖြစ်မနေအောင် ကတ်ကြေးလေးနဲ့ အပြတ်ပြတ်ဖြစ်အောင် ညှပ်ပေးထားရတယ်။ အဘွားမှာ သွားတစ်ချောင်းမှ မရှိဘူး မဟုတ်လား။ နှုတ်ခမ်းတွေကလည်း အစားအသောက်ကို မထိန်းသိမ်းတတ်တော့ဘူးလေ။) နောက်ပြီး ထမင်းကြော်၊ ဒံပေါက် တစ်မျိုးပြီး တစ်မျိုးကို ပြောင်းပြီး ကြီးမေက စီစဉ်ပေးတာ။ အဘွားကလည်း စားလိုက်သမှ ဆယ့်ငါးမိနစ် တစ်ကြိမ်လောက်ကို စားတာ။ ဒါပေမယ့် တစ်ခါစားရင် ကြွေဇွန်း



သုံးလေးဇွန်းစာလောက် ရှိတာပါ။ စားလိုက်၊ အိပ်ခန်းထဲ ပြန်ဝင်အိပ်လိုက်၊ သေးပေါက်လိုက်၊ ချေးပါလိုက်၊ ပြန်ထွက်လာ 'ငါ စားဖို့ ဘာရှိလဲဟေ့'လို့ အော်ပြီး သူ့ကုလားထိုင်မှာ ဝင်ထိုင်လိုက်၊ စားလိုက်၊ တစ်ခါတလေများ သူစားပြီးသား ပန်းကန်ကို ဆေးကြောလို့ မပြီးခင်မှာကို 'ငါစားဖို့ ဘာရှိလဲဟေ့'ဆိုတဲ့ အသံက ပြန်ထွက်လာတတ်တာ။

သစ်ပင်အိုများ အကိုင်းတွေ ခြောက်ခြောက်လာသလို သက်ကြီးရွယ်အိုများရဲ့ ဦးနှောက်ဟာလည်း တဖြည်းဖြည်း ကျုံ့ကျုံ့လာပြီး သတိတရားကိုထိန်းပေးတဲ့ အခန်းတွေ ပျက်ပျက်လာလို့ အမေ့မေ့အလျော့လျော့ဖြစ်၊ စားပြီးတာ၊ လုပ်ကိုင်ပြီးတာတွေကို သတိမရတော့ဘဲ အခါခါပြန်စားနေတာတဲ့။

အဲ နောက်တစ်ခုရှိသေးတယ်။ ငယ်မူပြန်တာလေ။

'ငါ ညည်းကိုပေးခဲ့တဲ့ ဆွဲကြိုး လက်ကောက်တွေ ရှိသေးတယ် မဟုတ်လား'လို့ အခါခါမေးလွန်းတော့ ကြီးမေလည်း နားငြီးလာတယ် ထင်ပါရဲ့။ သူ့လက်ထဲ အထုပ်ကလေးတစ်ထုပ် ထည့်ပေးလိုက်တယ်။

ချက်ချင်းဖွင့်ကြည့်ပြီး လူမှာ ဝတ်ကြည့်တာပဲ။

မှန်ရှေ့သွားရပ်၊ ခေါင်းသပ်ရင်သပ်နဲ့ တစ်ခါမှ မမြင်ဖူးတော့ ကျွန်မ အတော့်ကို အံ့သြသွားတာ။ ဒါထက်ပိုဆိုးတာက သူ့အပျိုဘဝရဲ့ အောင်မြင်မှုတွေကို အားပါးတရ ပြန်ပြောနေတတ်တာ။ တစ်ခါတလေများ 'မောင်မောင်လာမယ်ဆိုလို့ ကော်ဖီရည်တွေကျိုလို့' ဆိုတာမျိုးကိုတောင် မျက်နှာပေးတစ်မျိုးနဲ့ ရွတ်နေတတ်သေးတယ်။ ဒါမျိုးကိုတော့ ကြီးမေက လုံးဝ ခွင့်မပေးတော့ဘူး။

'ကြူကြူ၊ ဘွားဘွား အသက်နဲ့မလျော်တာတွေ ပြောလာရင် အလိုက်သင့် ဟိုမေးဒီစမ်း မလုပ်ရဘူးနော်၊ ကြီးမေ မကြိုက်ဘူး၊

မပြောရဘူး၊ အိမ်ရှေ့မှာ ဘကြီးလည်း ရှိတယ်၊ ရှက်ဖို့ကောင်းတယ်လို့' ပြောထားလို့ ကျွန်မကို တားမြစ်သလို

'အမေ၊ ဘုရားစာဆိုလေ၊ မပြောကောင်းတာတွေ မပြောရဘူး၊ ဒါမျိုးတွေ ပြောပြောနေရင် ဒီအိမ်မှာ အမေတစ်ယောက်တည်း ထားပစ်ခဲ့မှာ၊ အဲလိုနေချင်လား'

လို့ အဘွားကိုလည်း ခပ်တင်းတင်းလေး ပြောတတ်တယ်။

တစ်ယောက်တည်း နေရမှာတော့ ကြောက်သလား မသိဘူး။ ဒီတော့လည်း ဘုရားစာတွေကို ကပေါက်တိကပေါက်ချာ ရွတ်နေပြန်ရော။

အင်း၊ ခု နှနှစ်လောက်ရှိပြီ။ အဘွားကိုထိန်းရတာ တစ်မျိုးခက်လာတယ်။ တစ်နေ့ အခန်းထဲဝင်သွားတော့ ပုပ်အဲ့အဲ့ အနံ့တစ်မျိုးက ထောင်းခနဲပဲ။ အဘွားကတော့ အိပ်ရာပေါ်မှာ ရွဲ့တိရွဲ့စောင်းနဲ့၊ ပါးစပ်ကလည်း ထုံးစံအတိုင်း ပွစိပွစိ လှုပ်လို့။

ရေချိုးခန်းထဲ ဝင်လိုက်တော့မှ တစ်ခန်းလုံး မစင်စတွေ ပွနေရော။ ကြီးမေလည်း အပြင်ကနေ အနံ့ရတယ် ထင်ပါရဲ့။ အခန်းထဲ ဝင်၊ အဘွားကို ဟိုကိုင် ဒီစမ်းလုပ်။

'ကိုင်း ကြူကြူရေ၊ လက်တွေရော၊ ထဘီရော အနံ့ပဲ၊ အိပ်ရာတစ်ခုလုံး လဲမှဖြစ်မှာ'

'အမေ ထဦး၊ လုံချည်လဲရအောင်'

'ဘာလို့ လဲရမှာလဲ'

'အမေ့မှာ ချေးတွေ ပေနေတယ်၊ ခဏ ထလိုက်ဦးနော်'

'ဘယ်မှာ ပေလို့လဲ'

ကြီးမေနဲ့ အဘွားရဲ့ ကီးမကိုက်တဲ့ စကားတွေလေ။



အဘွားက ပြောရဆိုရလည်း အင်မတန် ခက်ခဲတဲ့ အဘွား။

နောက်ဆုံးတော့ အတင်းဆွဲထူ၊ ဆွဲချွတ်၊ အဲဒီလိုမျိုးတွေကို လုပ်ယူရတဲ့အထိပဲ။ ဒီတော့လည်း ခြေတွေ လက်တွေက ကိုးရိုးကားရား ကန်ကျောက် ကုတ်ဆွဲတာတွေက ရှိသေးတယ်။

ဒီကတည်းက အဘွားချေးပါတဲ့အချိန်ကို ဂရုစိုက်ပြီး စောင့်ရတယ်။

ထွက်ကျနေတဲ့ မစင်ကို တောက်လျှောက် လက်နဲ့နှိုက်၊ ပြီးတော့ ဟိုခါ ဒီခါလုပ်၊ ဒါနဲ့ပဲ တစ်ခန်းလုံး ပွစိတက်သွားရောပဲ။ ခုတော့ ချေးပါတော့မယ်ဆို သူ့ရှေ့က တည့်တည့်ရပ်ပြီး လက်နှစ်ဖက်ကို ချုပ်မတတ် ကိုင်ထားရတယ်။ သူလုပ်ချင်တာ မလုပ်ရလို့ အော်လိုက်ဟစ်လိုက်ပေါ့။ ပြီးစီးသလား မပြီးလား ငုံ့ကြည့်၊ ပြီးတော့ ကိုယ်တိုင်ပဲ လက်နဲ့နှိုက်ပြီး သန့်ရှင်းရေး လုပ်ပေးရတယ်။

ပြီးခဲ့တဲ့ နွေတုန်းက ပူလွန်းလို့လား မသိဘူး။ အရမ်းကြီး အစားစားတာ လျော့သွားလို့ ပိန်ကျသွားလိုက်တာမှ အရိုးပေါ် အရေတင်ပဲ။ ထဘီတောင် မနည်းဘဲ ဝတ်ထားရတယ်။ ခဏခဏ ပြုတ်ပြုတ်ကျလို့ လုံးတီးနီးပါး ဖြစ်ဖြစ်သွားတတ်သေးတာ။ မကြာ မကြာ ဆားလူက ပြန်ပြန်ပတ်ပေးနေရတယ်။ ဒါပေမယ့် ကျွတ်ကျလာတဲ့ထဘီကို ပြန်ဝတ်ပေးတဲ့လူကို 'ငါ့ ဘာလာလုပ်တာလဲလို့' အော်ပစ်တတ်သေးတာ။

ခုရာသီအေးလာမှ အစားပြန်ဝင်လာတယ်။ ဝင်မှာပေါ့။ မကောင်းကောင်းကြောင်း တစ်မျိုးပြီးတစ်မျိုး စမ်းစမ်းကျွေးနေတာကိုး။

ဒါပေမယ့် ဘယ်လောက်စားစား အသားမဖြစ်ပါဘူး။

အဘွား သတိနည်းနည်းကောင်းတုန်းက 'ပါးရေတွန့်ပိန်၊ စားမမြိန်၊ သွားချိန်နီးလှပြီ'လို့ ရွတ်ဆိုလေ့ရှိတယ်။

ခုတော့ တွန့်ပိန်ရှုံ့မကဘူး။ ရှုံ့ရွဲ့ကို နေတော့တာ။ အိပ်ရာကများ ထလာရင် တစ်ထွာ တစ်ညိုလောက်ရှိတဲ့ ကျိုးတိုး ကျဲတဲ ဆံပင်မျှင်လေးတွေက ဖိုးရိုးဖားရား။ ဘယ်လောက်ပဲ ပြန်ထုံးပေးပေး၊ ပြန်လျှောထွက်လာတာပဲ။ ကြိုးနဲ့ တင်းတင်းစည်းပေးလို့လည်း မခံနိုင်ဘူးလေ။

အစားအစာ စားလိုက်တိုင်းလည်း ဝင်တစ်ဝက် ထွက်တစ်ဝက်နဲ့၊ ကြည့်ရဆိုးလှတယ်။ လူတွေ ဆုတောင်း ဆုပေး လုပ်ကြတာမှာ အသက်ရှည်ခြင်း ဆိုတဲ့ ဆုဟာ ပထမနေရာ ယူထားတာ။ အဘွားကို ကြည့်ပြီး ကျွန်မ ဇဝေဇဝါတောင် ဖြစ်လာမိတယ်။ အဲဒီလိုမျိုး အသက်ရှည်ရမှာတော့ မကြိုက်ပါဘူး၊ အသက်တစ်ရာနှစ်ဆယ်ရှည်စေကြောင်း ဆုတောင်းကြတဲ့သူများမှာတော့ မအိုဆေး ရှိကြတယ်ထင်ပါရဲ့နော်။

***

## ရသာလေလား အဆိပ်လား

တသဲသဲရွာနေသော မိုးသံသည် ဝန်းကျင်တစ်ခုလုံးကို စိုးမိုးနေ၏။ နာရီလက်တံသည် ဆယ့်တစ်နာရီနီးနီးသို့ ညွှန်ပြနေသည်။ အိပ်ရာထက်တွင် ခန္ဓာကိုယ်ကသာ ငြိမ်သက်နေရသော်လည်း ဦးတင်မောင်၏ စိတ်တို့သည် အိမ်အပြင်တွင်တိုက်နေသော မိုးလေတို့နည်းတူ မတည်မငြိမ် လှုပ်ရှား နှမ်းမောနေမိလေသည်။

သားလေး ကျော်ကျော်....

ဒီအချိန်ထိ ဘယ်နေရာမှာ ဘာတွေများ လုပ်နေလဲ သားရယ်။

ဒါ့အတွက်ပဲ ယောက္ခမဖြစ်သူက....

'မောင်တင်မောင်၊ ဖြစ်နိုင်ရင် ဆယ်ရက်တစ်ခါလောက်တော့ အိမ်ပြန်အိပ်စေချင်တယ်၊ သား ဒီမှာ နေ့ရောညပါ အလုပ်ရှုပ်တတ်မှန်း အမေလည်း သိပါတယ်၊ ဒါပေမယ့်' လို့ ပြောခဲ့တာ ဖြစ်မည်ထင်သည်။

ဟုတ်ပါတယ် အမေ....

ဒါတွေအားလုံး ကျွန်တော့် တာဝန်တွေပါ။

အမေအေး ကျွန်တော့်နေရာမှာဝင်ပြီး မိသားစုဝန်တွေ ထမ်းနေရတာ ကျေးဇူးလည်း တင်ပါတယ်။ အားလည်းနာလှပါတယ်။ ဒါပေ

မယ့် အဲဒီ အိမ်ရိပ်ကို ကျွန်တော် မဝင်ချင်ဘူး။ အဲဒီ ဝန်းကျင်နဲ့ ဝေးဝေးနေရမှ အနေရ သက်သာလို့ပါ။

ဦးတင်မောင် ရင်တွင် ပုံတင်ထပ်မတတ် အကြိမ်ကြိမ် ပြောနေမိသော စကားများ ဖြစ်လေသည်။

'ဟုတ်ကဲ့ အမေ၊ ကျွန်တော် တစ်ရက်နှစ်ရက်လောက်ကြာရင် ပြန်လာခဲ့ပါမယ်' ဟု အမေအေး စိတ်ချမ်းသာအောင် ပြောဖြစ်ခဲ့သော်လည်း တကယ်တမ်းမှာမူ နှစ်ပတ်နီးပါးကြာမှ ရောက်သွားခြင်း ဖြစ်လေသည်။

'စောစောသွားမည်' တွေးလျက်က ညရှစ်နာရီနီးမှ ခြံဝ ခြေချဖြစ်၏။

'ဟော၊ ဖေဖေ လာပြီ ဘွားဘွားရေ'

လက်ဆွဲအိတ်ကို ဆီးကြိုပွေ့ယူသော သမီးငယ်လေးမျက်နှာတွင် ကြည်နူးဝမ်းသာငွေ့တွေ တရိပ်ရိပ် ပြေးနေလေသည်။ ဒီတော့မှ သမီးတို့အတွက် ဘာဆိုဘာမျှ ဝယ်ခြမ်း ယူဆောင်မလာခဲ့မိသည့်အတွက် နောင်တရမဆုံး ဖြစ်မိတော့သည်။ သွေးရင်းသားရင်းကို မဆိုထားနှင့် ရင်းနှီးခင်မင်သူတို့ဆီ သွားရောက်ဖြစ်သည်ဆိုလျှင်တောင် အိမ်ရှင်ကြိုက်နှစ်သက်တတ်သော တန်ဖိုး အနိမ့်အမြင့်မဟူ ပစ္စည်းတစ်စုံတစ်ရာကိုပင် ယူငင်သွားခြင်းသည် မိမိက တစ်ဖက်သားအပေါ် မည်သို့စေတနာရှိကြောင်း ဖော်ပြရာရောက်သည်ကို သိပြီးဖြစ်လျက်က သူဂရုမစိုက်ဖြစ်ခဲ့။

'ဖေဖေ ဒီနေ့ည သမီးတို့ဆီမှာ အိပ်မှာလားဟင်'လို့ မှန်ရိစွာစူးစမ်းသော သမီးကို 'အိပ်မှာပေါ့ သမီးရဲ့'ဟု ခပ်သွက်သွက်လေး အဖြေပေးဖို့ကိုပင် တုံ့ဆိုင်းနေမိပြန်သည်။



'အေး သမီးရေ၊ ဘွားဘွား အိပ်ရာတောင် ပြင်ထားပြီးပြီ၊ မောင်လေး အခန်းထဲမှာမို့ သမီး သတိမထားမိတာ နေမယ်၊ ကဲ ကဲ၊ မောင်တင်မောင် သိပ်နောက်ကျနေမယ် ထမင်းစားလိုက်တော့နော်'

အင်မတန်တော်သော ယောက္ခမ ပေပဲ။

မိသားစုတာဝန်ကို သင့်တင့်သော ငွေကြေး ထောက်ပံ့နေသည်ကလွဲ၍ ပစ်ပယ်ထားသလိုဖြစ်နေခဲ့သော သမက်ဖြစ်သူအား ပုံမှန်အတိုင်း ကျွေးမွေးဖို့ အဆင်သင့်ဖြစ်နေလေသည်။

'သားတွေး ပြန်လာမှ အတူစားတာပေါ့ အမေ'

ညနေပိုင်းအချိန်များတွင် သားငယ် ကျူရှင်သွားတက်နေမှန်း သိနေပြီးဖြစ်၍ သားပြန်ချိန်ကို မှန်း၍ ပြောခြင်းသာ ဖြစ်သည်။

'မစောင့်နဲ့ သား၊ ဒီနေ့ သူ အပြန်နောက်ကျမယ်လို့ ပြောသွားတယ်၊ ပြီး သူတို့ လူငယ်တွေက ဟိုဟာ ဒီဟာတွေ ဝယ်စားတတ်ပါဘိသနဲ့'

အမေအေး၏ ထမင်းဝိုင်းသည် ဟိုးလွန်ခဲ့သည့် နှစ်နှစ်ဆယ် ဝန်းကျင်ကအတိုင်း စားချင့်စဖွယ် ပြင်ဆင်ထားလေသည်။ အကုန်အကျ မများလှဘဲ ခံတွင်းတွေ့အောင် ချက်ပြုတ်တတ်သည်မှာ အိမ်ရှင်မကောင်းတို့၏ အစွမ်းဖြစ်မည်ထင်သည်။

ငါးခေါင်းရည်ချိုဟင်း၊ မန်ကျည်းရွက်နုနှင့် ပါးပါးလှီးထားသော ကြက်သွန်စိမ်းနှင့် ဆီဆမ်း၊ စားတော်ပဲပြုတ်ကို ရော၍နယ်ထားသည့် အသုပ်၊ ငရုတ်စိမ်းလှော်ထောင်းနဲ့ သင်းနေသော ငါးပိရည်ကျော်၊ ငါးရံ့ခြောက်ဖုတ် စသည့် ဟင်းအမည်များသည် အိမ်ထမင်းဝိုင်း၌သာ ရနိုင်သော ဟင်းရံများ ဖြစ်လေသည်။

'ဖေဖေ လာမယ်ဆိုလို့ ဘွားဘွားက ငါးရံ့ခြောက်ကို ဟိုးနေ့တွေတည်းက ဖုတ်ပြီး သိမ်းထားပေးတာ'

ဒီလိုဆို ကိုယ်မလာသောနေ့များတွင် ငါးရည်ချို၊ ငါးပိရည်ဖျော်လောက်နှင့်ပဲ စားကြသည်ပေါ့။

ဘာရယ်မဟုတ်၊ ဦးတင်မောင်ရင်တွင် လေးပင်အုံ့ဆိုင်းသော ခံစားမှုတစ်ခုက ငြိတွယ် ခိုဝင်လာပြန်သည်။

'လွန်ခဲ့တဲ့ သုံးလေးရက်လောက်က မမ လာသွားသေးတယ် ဖေဖေ'

ထမင်းပွဲအပြီး အိမ်ရှေ့ရေနွေးကြမ်းဝိုင်းတွင် သူ့ဘွားဘွားအလစ်၌ သမီးငယ်က တိုးလျှိုးစွာ သတင်းပေးလာသည်။

'ဖေဖေ သိပြီးလား မသိဘူး၊ သူ့ယောကျ်ား ဆေးရုံတင်ထားရတယ်'

'ဟင် ဘာဖြစ်လို့'

'သူများ ချောင်းရိုက်လို့တဲ့၊ ခေါင်းကွဲသွားတာ၊ ငါးချက်တောင် ချုပ်ရတယ် ဆိုလားပဲ'

အချိန်လွန်သည့်တိုင် အိမ်ပြန်ရောက်မလာသေးသည့် သားထွေးအတွက် သောကရောက်ရင်းက အိပ်ရာမဝင်မီ သမီးငယ်ပေးသည့် သတင်းကို ကြားယောင်နေမိပြန်သည်။

သူတစ်ပါးဆီမှ ချေးယူထားငွေကို ပြန်လည်မပေးဆပ်ဘဲ နေ့ရှေ့ညရှေ့ လုပ်နေပြီး နောက်ဆုံး ထွက်ပြေးတိမ်းရှောင်နေခဲ့ရာ အငိုက်တွင် ချောင်းရိုက်ခံရခြင်း ဖြစ်သည် ဆိုပဲ။ အလိုလိုကမှ အလုပ်မယ်မယ်ရရ မရှိသည့်လူကို လင်တော်ရ၍ ချို့ချို့တဲ့တဲ့ ဖြစ်နေသည့် သမီး။



အရွယ်မတိုင်မီ ကိုယ့်ဆန္ဒ ရှေ့တန်းတင်ပြီး မိုက်ရူးရဲလုပ်သွား၍ ဖခင်၏ စွန့်ပစ်ခြင်းကို ခံထားရသော သမီး။

'အဘွားဆိုတော့လည်း မြေးတွေရဲ့ ခြေလှမ်းတွေကို မမီနိုင်တော့ဘူး ထင်ပါရဲ့ မောင်တင်မောင်ရယ်၊ သူငယ်လေးတွေ အိမ်ရှေ့သစ်ပင်ရိပ်မှာ လာလာပြီး ဂစ်တာတီးကြ၊ သီချင်းဆိုကြ၊ ကြားတော့နေသားပဲ၊ ဒါပေမယ့် ကိုယ့်မြေးမက ဒါမျိုးကို ကြိုက်လိမ့်မယ်လဲ မထင်ခဲ့မိဘူး၊ အခြေမှဲ့ အနေမှဲ့တွေမို့လား၊ အင်းလေ၊ မိခင်အုပ်ထိန်းမှုလိုတော့ အမေက မစွမ်းဘဲကိုးကွယ်၊ အမေ့အပြစ်တွေလည်း ပါမှာပေါ့'

သမီး ခိုးရာလိုက်ပြေးစက အမေငယ် ပြောခဲ့ဖူးသည့်စကား။

'အဖေကလဲ ကလေးတွေအနားမှာ ရှိမနေဘူးလေ' ဆိုသော အဓိပ္ပာယ်သက်ရောက်မည့်စကားကို မကြားခဲ့ရသော်လည်း သူ့မျက်နှာမထားတတ်အောင် ရှိခဲ့ရသည်။ ထိုအဖြစ်များက ယခုတိုင် ဦးတင်မောင်ကို ရပ်တည်ရာမဲ့အောင် ချောက်လှန့်နေဆဲဖြစ်လေသည်။ ထိုအခိုက်

'အဘွား အဘွားရေ'

ဟော သားပြန်လာပြီ။ သားရဲ့အသံတွေကလည်း မှုမှန် မဟုတ်ပါလား။ စဉ်းစားရင်း အိမ်ခန်းတံခါးဝသို့ တုံ့ဆိုင်းစွာ သူ ရောက်ဖြစ်၏။ အမေအေးက သားထွေးအား ချိုင်းမှနေ၍ တွဲယူပြီး ဖြစ်နေသည်ကို တွေ့ရလေသည်။ ဒူးပြဲခြေဖွာ ဘောင်းဘီဝတ် သား၏ ဆံပင်သည် လည်ကုပ်ကို ကျော်၍ ပခုံးဆီတွင် ဖွာလန်ကြဲနေလေသည်။ ရင်ဘတ်ဟာပြဲ ရှပ်အင်္ကျီလက်ရှည်သည် တစ်ဖက်တို တစ်ဖက်ရှည်ပုံသဏ္ဌာန်ဖြင့် မိုးရေများဖြင့် မြင်မကောင်းအောင် ရှိနေတော့သည်။ သူသည် ဘွားအေး၏ တစ်ဖက်မှ သားကို ဖေးကူ တွဲယူလိုက်၏။ သားကိုယ်မှ အရက်

နှံ့သည် ထောင်းခနဲ သူ၏ နှာခေါင်းဝမှ နှလုံးသားတိုင် ဒုတ်ဒုတ်ထိ ဝင်ရောက်သွားသည်ဟု ထင်မှတ်လိုက်မိလေသည်။

သတိလက်လွတ်မတတ်ရှိနေသော သားသည် အိပ်ရာပေါ်ရောက်သည်နှင့် အရုပ်ကြိုးပြတ် ငြိမ်သက်အိပ်မောကျသွားတော့သည်။ ရေစိုအင်္ကျီ ဘောင်းဘီများကို လဲလှယ်ပြီးချိန်မှာတော့ နွမ်းလျမောဟိုက်နေသော ဦးတင်မောင်၏ နှလုံးသားသည် အရှိန်ပြင်း လောင်မီးပုံနှင့် အမြိုက်ခံရသည့်အလား ရပ်တည်ရာမရှိအောင် ပူလောင်လာတော့သည်။ သား၏ လက်ဖျံအရင်းမှ အပ်ပေါက်ရာများ။ အသားမာတက်သည့် နေရာတွေတောင် ရှိနေပြီဆိုတော့ ကြာလှပြီပေါ့။ သားရယ်၊ မင်း မင်း၊ ခု အရက်ရော ဆေးရောရဲ့ သားကောင်ဖြစ်နေပြီပဲ။

ဒါတွေ ဒါတွေဟာ အဖေ့ရဲ့....

သူရူးတစ်ယောက်လို သူ့ ရင်ထဲတွင် စကားတွေ အများကြီး ပြောဖြစ်နေပြန်သည်။

'မိမိရေ၊ ကိုယ် ဘာလုပ်ရမလဲ အချစ်ရယ်၊ မင်းသာ အနားမှာ ရှိနေရင် ဒီအဖြစ်တွေကို ကိုကို ကြုံရမယ် မဟုတ်ဘူး'

'စိတ်ထိန်းပါ ကိုကို၊ ဟုတ်လား၊ ဘယ်လို ထိန်းရမလဲ၊ အမှန်တော့ မိမိရယ် ကိုကိုဟာ ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကတည်းက စိတ်မထိန်းနိုင်ခဲ့တာပါ'

ကြုံဆုံလာပြန်တော့ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုဝန်းကျင်၏ အဖြစ်များက အမြင်ပုံရိပ်တွင် ထင်းထင်းကြီး ပေါ်လာပြန်သည်။

မိမိ၊ သူ့ချစ်ဇနီး မိမိ။



သူ့အတွက် လှပ၍ ချစ်စရာကောင်းသော သမီးလေးနှစ်ယောက်နှင့် သားထွေးလေးတစ်ယောက်ကို မွေးပေးခဲ့သော မိမိ။

သမီးနှစ်ယောက် မွေးပြီးကတည်းက မူလ သစ်ခွဲစက်အပြင် ပါကောစက်ကိုပါ ချဲ့ထွင်လုပ်ကိုင်ခဲ့သော ခင်ပွန်းသည်ကို လိုသည်ထက်ပိုသော ယုယမှုတွေဖြင့် စိတ်ချမ်းသာမှုကိုပေးခဲ့သော မိမိ။

သားငယ်လေးမွေးတော့ နို့စို့သား၏ ကရိကထများကြောင့် အမြဲတစေ အလုပ်ခွင်တွင် ပင်ပန်းတတ်သော ခင်ပွန်းသည် အိပ်ရေးပျက်မှာစိုး၍ သူ့ကို အိမ်ရှေ့ဘုရားခန်းတွင် ခွဲ၍ အိပ်စက်စေခဲ့သည်။

တစ်နေကုန် အလုပ်တွင် စိတ်ရောကိုယ်ပါမြှုပ်၍ အပင်ပန်းခံပြီး တာဝန်များပြီးဆုံးချိန်မှာတော့ ချစ်သောမိမိ၏ ရင်ခွင်တွင် သူ အမောဖြေချင်မိ၏ ။

တစ်ပတ်မှ ဆယ်ရက်၊ ဆယ်ရက်မှ ရက်နှစ်ဆယ်။

ထိုထိုသောနေ့များ၏ ညဥ့်တာများသည် ကိုကို့အတွက် ရှည်လျားလွန်းလှပါသည်။

မောတယ်၊ မီရယ်။

ကိုကို အိပ်လို့မပျော်ဘူး။

ကိုကို ဘာလုပ်ရမလဲဟင်။

မိမိရော ကိုကို့ရင်ခွင်နဲ့ ဝေးနေရတဲ့ ဒီလိုအချိန်မျိုးမှာ အိပ်လို့ရရဲ့လားဟင်။

အိပ်ရာထက်တွင် ဘယ်ပြောင်းညာပြန် ဖြစ်နေရာက လျှော့တစ်ခါတင်းတစ်ချက်ဖြစ်နေသော သူ့ဆန္ဒတွေကို ကိုကို ထိန်းမနိုင် သိမ်းမရဖြစ်နေသည်။ ထိုစဉ် လမ်းထိပ်မှ သန်းခေါင်ယံ တစ်ဆယ့်နှစ်ချက်သံချောင်းသံသည် ကိုကို့ကို တွန်းအားတစ်ခု ပေးလိုက်၏။

သူ မိမို့အခန်းသို့ ကူးလာခဲ့သည်။

'ဟင် ကိုကို ဘာလိုချင်လို့လဲ ဟင်'

အလန့်တကြားမေးလာသော ချစ်ဇနီး၏ နံဘေးတွင် သူ ဝင်၍ လှဲလိုက်ပြီး မိမို့ကို ရင်ခွင်ထဲဆွဲပွေ့၍ ခေတ္တ ငြိမ်နေလိုက်မိသည်။

သူ ဘာမျှမပြောချင်၊ ပြော၍ မထွက်။

ဇနီးသည်၏ နွေးထွေးသောကိုယ်ငွေ့နှင့် နှစ်လိုဖွယ်ရနံ့တစ်ခုသည် ကိုကို၏ သဘာဝစိတ်ကို အရောင်တင်ပေးလိုက်သည်။

ကိုကို မိ အခန်းက ပြန်ထွက်လာချိန်မှာ နံနက်သုံးနာရီနီးပါး ရှိပေပြီ။ ရက်နှစ်ဆယ်သားအရွယ် သားထွေးလေးသည် အပြစ်ကင်းမဲ့စွာ အိပ်မောကျနေဆဲ။

တစ်နေ့ သူစက်ရုံကအပြန် ထုံးစံအတိုင်း အိမ်ပေါက်တွင် မိမို့ကို မတွေ့။ ခါတိုင်းဆို သားထွေးကိုပွေ့လျက် သူ့ကို ကြိုနေကျ။

ကိုကို ဒီနေ့ နောက်ကျတယ်နော်။

အလုပ်မှာ အဆင်ပြေရဲ့လားဟင်။

နေ့လယ်က ထမင်းစားလို့ ကောင်းရဲ့လား။

စသည့် မေတ္တာဝေသော စကားလေးများနှင့် မိမိ ပြုံးချိုစွာ စောင့်ကြိုတတ်သည်။

မိမိ ဖျားနေသည်ဟု အမေအေးက သတင်းပေး၏။ သူ မို့ အခန်း ဝင်ချိန်မှာတော့....

'အမေ ဆေးတိုက်ထားပါတယ် ကိုကိုရဲ့၊ တစ်ရက်နှစ်ရက်ဆို ကောင်းသွားမှာပါ'

လို့ အိပ်ရာထက်မှ သားပုခက်ကို ကြိုးနှင့်ဆွဲ၍ လွှဲပေးနေရင်း ပြုံးယဲ့ယဲ့ဖြင့် စကားဆိုသည်။

ဒါပေမယ့် တစ်ရက် နှစ်ရက် သုံးရက်။



မိမိ အဖျားမကျ။ မေးတွေ လေးလာသည်။ ဆရာဝန်ခေါ်ပြတော့ ဆေးရုံတင်မှ ဖြစ်မည်ဟု ဆိုသည်။

မို့ကို သွေးစစ်ကြည့်၏။ မေးခိုင်ပိုးဝင်သွားသည်တဲ့။ တဖြည်းဖြည်း သက်သာလာရမည့်အစား သတိလစ်လစ်သွားတတ်ပြီး တစ်ခါ တစ်ခါ အကြောတွေဆွဲပြီး တက်သွားတတ်ပြန်သည်။ ဒီလိုနှင့် ဆေးရုံတွင် ဆယ့်သုံးရက်မြောက်နေ့၌ ကိုကိုချစ်သော မိသည် ကိုကို့ကိုရော ရင်သွေး သုံးယောက်အပြင် မွေးမိခင်ကြီးကိုပါ ကျောခိုင်း၍ သံသရာခရီးကို ထွက်ခွာသွားခဲ့လေသည်။

'မိမိ၊

မိမိရေ'

ယောကျ်ားကြီးတန်မယ့် ရှိုက်ငိုသံအရောရောဖြင့် ကိုကို ဟစ်၍ ခေါ်မိသည်။ တစ်ဖက်မှာမူ အမေအေးသည် ရေ့ကို အရည်ကြီးတွေး၍ နှမ်းမောရှိုက်ဖိုနေဟန် ရှိသော်လည်း မျက်ရည်တစ်ပေါက်မျှ မကျခဲ့။ ငါးဆယ်ကျော်ဟူသောအသက်နှင့် မမျှအောင် သမက်တာဝန် မြေးများရဲ့ တာဝန်ကို ကျုံးရုန်း၍ ယူခဲ့လေသည်။ အမေအေး ဤကဲ့သို့ ခံနိုင်ရည်ရှိပြလေ ကိုကိုအနေခက်လေ ဖြစ်မိရသည်။ ဒီလိုနှင့် တစ်ခါ တစ်ရံ သစ်စက်အိမ်လေးတွင် သူ အိပ်စက်နားနေဖြစ်သည်။ အမေအေး သူ့အတွက်ယူနေရသောတာဝန် ပေါ့သွားအောင်ဟု အကြောင်းပြ ဖြစ်၏။

ရက်မှ လ၊ လမှ နှစ်၊ နှစ်မှ....

တဖြည်းဖြည်း ကိုကို အိမ်နှင့် ဝေးလာခဲ့သည်။

အမေအေးရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ မိမို့ရဲ့ ရင်ခွင် အငွေ့ အသက်တွေက ကျွန်တော့်ကို ချောက်လှန့်နေလို့ပါ။

ဪ သည်အဖြစ်တွေက ကြာခဲ့ပြီပဲ။

မိခင်မဲ့ ဖခင်ဝေးဘဝမှာ ကြီးပြင်းလာခဲ့ရတဲ့ သားသမီးတွေ။

ဒီလောက်အထိ ဆိုးဆိုးဝါးဝါး အဖြစ်မျိုးတွေအထိ သူ မမျှော်လင့်မိခဲ့။

ခုတော့ ဒီအမှားတွေကို သူ ဘယ်လို ပြုပြင်ရမလဲ၊ အဖြေရှာဖို့ လမ်းစပျောက်နေပြီ။

ဦးတင်မောင်သည် တွေးရင်း ဆွေးရင်း ရပ်တည်စရာမရှိအောင် ရင်ပူလာသည်။ စိတ်သက်သာ ရလိုရငြား အိပ်ခန်းအပြင်သို့ ထွက်လာမိ၏။ ဧည့်ခန်းကုလားထိုင်တွင် ပုတီးစိပ်နေသော ယောက္ခမဖြစ်သူကို တွေ့လိုက်ရတော့ သူ့ရင်ကို ကျင်စက်နှင့်တို့ခံလိုက်ရသည့်အလား တုန်လှုပ်ချောက်ချားစွာ ခံစားရပြန်သည်။

'မောင်တင်မောင်လည်း အိပ်လို့မပျော်နိုင် ဖြစ်နေတော့မှာပဲလို့ အမေ တွေးပြီးသားပါ၊ အေးကွယ်၊ အမေအေး သူတို့လေးတွေ အကြောင်းသိရတာကလည်း အတော့်ကို နောက်ကျခဲ့တယ် ထင်ပါရဲ့၊ သားကို ခရေစေ့တွင်းကျ ပြောပြဖို့ရာလည်း အမေ ပြောမထွက်ဘူး၊ အင်းလေ အမေ့ အပြစ်တွေပါပဲ'

'ဒီလိုလည်း မဟုတ်ပါဘူးအမေ၊ ကျွန်တော့်မှာသာ ပိုပြီး တာဝန်ရှိတာပါ'

သူသည် အမေနှင့် မနီးမဝေးတွင် နေရာယူဖြစ်ရင်း သူ ဆက်ပြောရမည့် စကားကို စဉ်းစားနေမိပြန်သည်။

တွေးရင်း ယောက္ခမဖြစ်သူကို မီးရောင်မှုန်မှုန်တွင် မဝံ့မရဲကြည့်ဖြစ်တော့မှ မြင်ရခဲလှသော မျက်ရည်စတို့ အမေ့မျက်ဝန်းတွင် ခိုတွဲနေသည်ကို တွေ့ဖြစ်၏။ ယော်၊ အမေ သမီးတစ်ယောက်လုံး ဆုံးပါးစဉ်တုန်းကတောင် ဣန္ဒြေမပျက် တင်းခံခဲ့သော အမေ။



ခု အမေ မျက်ရည်ကျရတဲ့အထိ ခံစားနေရပြီ။

ဟင် ပြီးတော့–

အမေ့နားက နားကပ်ရော၊ နားပေါက် ဟောင်းလောင်းကြီးနဲ့ ပါလား၊ လက်က လက်စွပ်ရော။ ဆွဲထားနေကျ ဆွဲကြိုးရော။ ဖြစ်ရတယ် အမေရယ်။

'အမေက ပြောဖူးတယ် ကိုကိုရဲ့၊ မိန်းမဆိုတာ လူရှိသေ ရှင်ရှိသေ အနည်းဆုံး နားကပ်၊ လက်စွပ်၊ ဆွဲကြိုးလေးလောက်တော့ ဝတ်ထားရတယ်တဲ့'

မိမိ ပြောခဲ့ဖူးသည့် စကား။

ခု....ခု....

'ဒီအခြေအနေမျိုးမှာ ဘယ်လိုလူမျိုးတွေက အမေ့ကို ရှိသေနေဦးမှာလဲ ကိုကိုရယ်'

မိရေ မင်း အဲဒီလိုများ ကိုကို့ကို လှမ်းပြီး ပြောလိုက်လေသလား။ သူ ထင်ယောင် မြင်ယောင် ဖြစ်မိရလေသည်။

'ကဲ ကဲ၊ အမေ ညဉ့်နက်နေပြီ၊ အိပ်လိုက်တော့နော်၊ ပြီးတာတွေလဲ ပြီးခဲ့ပြီပဲ၊ ရှေ့ဆက်ပြီး အဆင်တပြေဖြစ်ဖို့ ကျွန်တော်ကြိုးစားပါ့မယ်၊ သိပ်ပြီး စိတ်ဆင်းရဲမခံပါနဲ့၊ အမေ နားလိုက်ပါဦး'

အိမ်ထောင်ဦးစီး တစ်ယောက် အနေဖြင့်သော်လည်းကောင်း၊ ဆိုးဝါးနေသော အခြေအနေတစ်ရပ်ကို ခေတ္တခဏဖြစ်ဖြစ် ငြိမ်းအေးသွားဖို့ရာ စိတ်ထိန်းပြီး သူ စကားဆိုဖြစ်သည်။

သူကိုယ်တိုင်မှာတော့ မကြာမတင်ကမှ ဖတ်ခဲ့ဖြစ်သော ဆေးပညာဆိုင်ရာ သတင်းစာဖြတ်ပိုင်းလေးတစ်ခုမှ စာကြောင်းလေးများကို မြင်ယောင်နေမိလေသည်။

Doctors routinely advise women to refrain from sexual activity for several weeks after child brith.

Having sex too soon can cause tears in the incisions or infections in the uterus by bacteria on the sperm.

ကလေးမွေးဖွားပြီး ရက်သတ္တပတ်များစွာ ကြာမြင့်သည့်တိုင် ခင်ပွန်းဖြစ်သူနှင့် သွေးသားပေါင်းစပ် ဆက်ဆံခြင်းမှ ရှောင်ကြဉ်ရန် အမျိုးသမီးများကို ဆရာဝန်များက စဉ်ဆက်မပြတ် အကြံပြုနေပေသည်။

မီးဖွားပြီး မကြာမြင့်မီအတွင်း သွေးသားပေါင်းစပ်ဆက်ဆံမှုပြုခြင်းသည် ချုပ်ရိုးပြဲထွက်ခြင်းနှင့် သုက်သွေးတွင်ပါဝင်သော ဘက်တီးရီးယားပိုးမွှားကြောင့် သားအိမ်တွင် ရောဂါရနိုင်စေလေသည်။

'ငါ့ကြောင့်များ မီ သေခဲ့လေသလား'

အကြိမ်ကြိမ်တွေးပြီး အခါခါဆွေး၍ အိပ်ရေးပျက်ခဲ့သောညဉ့်များ မရေမတွက်နိုင်အောင် ရှိခဲ့ရလေသည်။ တကယ်တမ်းမှာမူ ဤအတွေးမျှင်များသည် သူ့အား သက်ဆုံးတိုင် အိပ်၍ မပျော်နိုင်မည့် ညပေါင်းများစွာကို ပေးအပ်ဖို့ အသင့်ဖြစ်နေမည်ကတော့ သေချာလှပါသည်။

***

(၁၉၉၉ ခု ဇန်နဝါရီလ ၁၇ ရက်ထုတ် News Sunday Times မှ "Sex's a risk soon after child birth" ဆောင်းပါးကို အခြေခံ၍ ဤစာစုကို ဖန်တီးပါသည်။)

# ချစ်သူ့မြေသို့

အရက်သမား တဲ့။

ဖဲသမား တဲ့။

ဆေးသမား တဲ့။

ပတ်ဝန်းကျင်က အထင်သေးရုံမက အပေါင်းအသင်း မလုပ်ချင်ကြဘူး။

အဲဒီ လူတန်းစားတွေထဲ ကျွန်တော် မပါခဲ့ပါဘူး။

ပြီးတော့ ဆေးလိပ်သမားလို့ လူတွေရဲ့ အခေါ်အဝေါ် အသုံးအနှုန်းလည်း မရှိခဲ့ပါဘူး။

ဆေးလိပ်ဆိုတာ လူတိုင်းလိုလို သောက်နေကြတာမျိုးပဲ။

အင်းလေ၊ မကြိုက်တဲ့လူ၊ ရှောင်တဲ့လူတွေ ရှိပါတယ်။

ဒါပေမယ့် ရာခိုင်နှုန်း အင်မတန်နည်းမယ်လို့ ထင်ပါတယ်။

ဆယ်ကျော်သက်အရွယ် ဟိုစပ်စပ်၊ ဒီစပ်စပ် စမ်းသပ်ကြည့်ချင်တဲ့စိတ်တွေ ပလုံစီနေတဲ့အချိန်ကတည်းက ကျွန်တော်နဲ့ ဆေးလိပ်ငွေ့ဆိုတာ ငယ်ပေါင်းကြီးဖော်ပမာ ရင်းနှီးပြီးနေပြီ။ အစကတော့ ဆေးလိပ်တစ်လိပ်တည်းကို ဟိုလူပြီး ဒီလူ ရှယ် (Share)ကြတာ။ ခုနစ်တန်းလောက်က အစပျိုးတယ် ထင်ပါရဲ့။

ကျောင်းအိမ်သာတွေရဲ့ နံရံပေါ်၊ ရေပိုက်ကြား၊ တံခါးပေါင်ပေါ် ဆိုတာတွေဟာ ကျွန်တော်တို့ရဲ့ ဆေးလိပ်တိုတို့ မီးခြစ်တို့ ဝှက်သိမ်းရာ နေရာတွေပေါ့။ အိမ်သာဆောင်ထဲဝင်ပြီးတာနဲ့ အပြင်က ဆရာ ဆရာမ မမြင်နိုင်တဲ့ ထောင့်တစ်နေရာရာမှာကပ်ပြီး ဝှက်ထားတဲ့ ဆေးလိပ်တိုကို ကပျာကယာ မီးညှိလို့၊ အားပါးတရ ဖွာရှိုက်ရတဲ့အရသာဟာ ဘယ် နတ်သုဒ္ဓါနဲ့မှ မလဲနိုင်ဘူးဆိုပဲ။ ဟိုထောင့် ဒီထောင့်မှာ ပုန်းလျှိုး ကွယ်လျှိုးနဲ့ ခိုကပ်နေလို့ လူကိုသာ မမြင်နိုင်ပေမယ့် အာသာငမ်းငမ်းနဲ့ ဖွာရှိုက်လိုက်တိုင်း တလူလူ ထွက်လာတဲ့ မီးခိုးငွေ့တွေကိုတော့ ကျွန်တော်တို့ မထိန်းနိုင်ကြဘူး။ ကျွန်တော့်လိုပဲ ဟိုအတန်း ဒီအတန်းက လစ်လစ်ပြီးထွက်လာတဲ့ ဦးရေကလည်း ဆယ်ဦးထက် မနည်းဘူးလေ။

'အောင်မယ်လေး၊ ကျောင်းအိမ်သာတော့ မီးဘေးသင့်နေသလား ထင်ရတယ်၊ အထဲက ဆေးသမားလေးတွေ ထွက်ခဲ့ကြစမ်း၊ ထွက်စမ်း'

အင်္ဂလိပ်ဆရာမ ဒေါ်အုန်းမေတို့၊ သင်္ချာဆရာမ ဒေါ်ယဉ်ယဉ်တို့၊ ဂျူတီ (Duty) အလှည့်ကျတဲ့နေ့တွေများဆို ကျွန်တော်တို့ အထဲမှာ ဘယ်လိုမှ ပေကပ်နေလို့ မရဘူး။ လက်ထဲက ဆေးလိပ်တိုကို တမက်တမောကြည့်ရင်း ဝှက်နေကျ ချောင်ကြိုချောင်ကြားမှာတောင် ပြန်မထားနိုင်ခဲ့ဘူး။ မမြင်ကွယ်ရာ တစ်ထောင့်ထောင့်ကို အမြန်ပစ် ထည့်ရင်း ဦးခေါင်းကို အသာငုံ့၊ မခုတ်တတ်တဲ့ ကြောင်လေးအသွင်နဲ့ အပြင်မှာရပ်စောင့်နေတဲ့ ဆရာမတွေရှေ့ ရောက်ခဲ့ရတာတွေလည်း ခု အသက်လေးဆယ်နားတိုင်တဲ့အထိ အမှတ်ရဆဲပါပဲ။

'ဟတ် ဟတ် ချိုး'



ရယ်ချင်ပက်ကျိ ဖြစ်သွားမိတဲ့စိတ်ကို မနည်းကြီးချုးနှိမ်ထားလိုက် ရတယ်။ ဆရာမ ဒေါ်အုန်းမေလေ။ သူက ဆေးလိပ် မသောက်တတ် တဲ့သူဆိုတော့ ကျွန်တော့် ခန္ဓာကိုယ်မှာ စွဲငြိနေမိဖြစ်တဲ့ ဆေးလိပ်ငွေ့က သူ့နှာခေါင်းကိုသွားပြီး ဒုက္ခပေးတယ်ထင်ပါရဲ့၊ ကျွန်တော် သူ့ရှေ့ ရောက်သွားတာနဲ့ ဟတ်ချိုး တော့တာပဲ။

'အောင်ကျော်ရယ်၊ မင်း ဘာလုပ်ခဲ့တယ်ဆိုတာ မေးဖို့တောင် မလိုတော့ဘူး၊ အဖြေက ထွက်နေပြီ၊ တစ်ကိုယ်လုံးကို ဆေးလိပ်စော်ကို မွှန်နေအောင် သောက်တော့တာပဲကိုး၊ ကျောင်းချိန်ကြီးမှာတောင် မရှောင်ဘူး၊ ကဲ အတန်းမြန်မြန်ပြန်၊ အထဲက စာသင်နေတဲ့ဆရာမ ကိုလဲ ခွင့်တောင်းပြီးမှ ဝင်ဦးနော်'

ဒေါ်အုန်းမေဆိုတာ စည်းကမ်းကြီးတဲ့ ဆရာမကြီးတစ်ဦးပေါ့၊ သူ့စည်းကမ်းကို လိုက်နာနေသရွေ့တော့ ကျောင်းသားကို လက်ဖျားနဲ့ မတို့ဘူး၊ အင်း၊ ဒါပေမယ့် ဘောင်ကျော်ရင်တော့ ဆော်ပြီသာ မှတ်ပေတော့။

အဲဒီဆရာမကြီးရဲ့ ဆေးလိပ်မကောင်းကြောင်း ဩဝါဒတွေဟာ လည်း ကျွန်တော်တို့ လူစုံရင် 'သူတို့က မသောက်တတ်တော့ အရသာ မှ မသိကြဘဲ'လို့ အစချီရင်း ပြောကြ သောကြတဲ့ ရယ်မောသံတွေ ကြားမှာ ပျောက်ပြယ်သွားမြဲပါပဲ။

နောက်၊ အိမ်ရောက်တော့လည်း ကျွန်တော့်အမေ အဲဒီ ဆေးလိပ် ကိုပဲ ရိုးမယ်ဖွဲ့ပြီး ဆုံးမပြန်ရော။ ဒါတောင် အမေ အဖေရှေ့မှာ ကျွန်တော် တစ်ခါမှ မသောက်ခဲ့ပါဘူး၊ ဆယ်တန်းအထိ အပြင်မှာ

သူငယ်ချင်းတွေနဲ့ သောက်ဖြစ်တယ်။ တက္ကသိုလ်တက်ဆဲ ကာလ တစ်လျှောက်မှာတော့ ဆေးလိပ်တွေ နာမည်လေးတော်တော်စုံအောင် ကျွန်တော်ဖွာရှိုက်ဖူးပြီးပြီ။ စွဲလည်း အတော့်ကို စွဲနေပြီ။ အိပ်ရာထ၊ ထမင်းစားပြီး၊ အိပ်ရာဝင်၊ တကယ်တော့ အချိန်မရွေးဆိုပါတော့လေ။ ဆေးလိပ်ရဲ့ ကျေးကျွန်ဖြစ်မှန်းမသိ ဖြစ်လာပါတော့တယ်။ မသောက်ရ မနေနိုင်တော့ဘူး။ အမေတို့ မမြင်နိုင်တဲ့ အိမ်သာ၊ ရေချိုးခန်း၊ အိမ်အောက်တွေမှာ အဆင်ပြေသလို အသေဖွာရတယ်။ ဒီတော့လည်း မမြင်ရင်သာရှိမယ်၊ သိကြတာပါပဲ။

'သား ကိုကျော်၊ အိပ်ရာထဲ ဆေးလိပ်သောက်ရင်း အိပ်ပျော်သွားလို့ ဒုက္ခရောက်နေပါဦးမယ်ကွယ်၊ အိပ်ရာခင်းတွေ ပုဆိုးတွေလည်း မီးပေါက်ချည်းပဲ၊ မင်းကိုပြောရတာ မောလှသကွယ်'

မေမေက ခပ်ညည်းညည်းကလေး အဲဒီလိုပြောတော့ အဖေက ဘာမှတော့ ဝင်မပြောဘူး။

'မင်း လုပ်နေတာတွေ ငါ သိနေတယ်နော်' ဆိုတဲ့ မျက်နှာပေးနဲ့ လှမ်းကြည့်တတ်တယ်။ တော်ပါသေးရဲ့။

နောက် အပြောခံစရာ စကားတစ်ခုခု ရလာချင်တော့ ကျွန်တော် အသက်နှစ်ဆယ်လောက်မှာ အဖေ့ရဲ့ အစ်ကိုကြီး ကျွန်တော့် ဘကြီး ပေါ့လေ။ အဆုတ်ကင်ဆာနဲ့ ဆုံးသွားပါရော။ သူက ဆေးလိပ် အင်မတန်သောက်တယ်။ အဲဒီတုန်းက ဘကြီးအသက် ငါးဆယ့် လေးနှစ်ပဲ ရှိသေးတယ်။ မြန်လိုက်တာဗျာ၊ အကောင်းသားကြီးကနေ ရောဂါရာဇဝင်သိပြီး လေးလပဲကြာလိုက်တယ်။ သူက အိမ်ထောင်ကျ



တာ နောက်ကျတော့ ဘကြီးသားလေးဆို ၁၅ နှစ်သားပဲရှိသေးတယ်။ ဘကြီးရဲ့ဇနီး ကျွန်တော့်အဒေါ်လေ၊ ဘကြီးကို တ လိုက်၊ စိတ်မကောင်းစရာတွေ ပြောလိုက်နဲ့ ငိုလိုက်တာ။ အင်းလေ ငိုမှာပေါ့။ သူ့အသက်က လေးဆယ်ကျော်ရုံလေးပဲ ရှိသေးတာကိုး။ မုဆိုးမဆိုတဲ့ အမည်တပ်ဖို့ ကောင်းတဲ့အရွယ် မဟုတ်သေးဘူး။

အဲဒီနောက်ပိုင်း ဝေးစွာရှောင်ရှားဆေးလိပ်များ တရားသံတွေဟာ ကျွန်တော့်အနားမှာ ကျယ်သထက် ကျယ်လာတော့တယ်။ ဒါပေမယ့် လျော့မသွားတဲ့ ကျွန်တော့်အခြေအနေကို သိနေတဲ့ အမေလေ

'ဒီမှာ ငကျော်၊ ခိုးသောက်လည်း ဆေးလိပ်ပဲနော်၊ အမေတို့က အသက်ကြီးလှပြီ၊ သေတွင်းကို ခြေတစ်ဖက်လှမ်းနေပြီ၊ သိလား၊ အဲဒီတော့ မင်းရဲ့ ကောင်းမွေ ဆိုးမွေကို ခံရဖို့ အကြောင်းမရှိတော့ဘူး၊ မင်းသာ ငယ်ငယ်ရွယ်ရွယ်နဲ့သေသွားခဲ့ရင် မင်းမိန်းမပဲ မုဆိုးမဖြစ်မှာ၊ မင်းကလေးတွေပဲ ဖတဆိုးဖြစ်ကျန်ခဲ့မှာ၊ ငါတို့ ကိုယ်ကျိုးအတွက်ဆို ဒီလောက် အမောခံ ပြောမနေဘူးဟေ့'

ကျွန်တော့်မှာဖြင့် မိန်းမပိုးလို့ကောင်းတုန်း လူပျိုနုနုထွတ်ထွတ် လေးပဲရှိသေးတာ။ ဘယ်မှာနေမှန်းတောင် မသိသေးတဲ့ သူ့ချွေးမ ကို မုဆိုးမဖြစ်မှာ စိုးလို့တဲ့။ မြေးတွေကို အဖေမဲ့ဖြစ်မှာ ပူလို့တဲ့။ အဲဒီ လောက်အထိ အမေ ပြောခဲ့တယ်။ စိတ်မရှည်နိုင်လွန်းတဲ့ အမေ့ရဲ့ ဆုံးမ စကားတွေ။

'အင်းပါ အမေရ၊ သားက တစ်ဖွာနှစ်ဖွာတည်းပါ၊ အမေ့စကား နောက်ဆို နားထောင်မယ်နော်'

အမေ့ကို ကျောဘက်ကနေ သိုင်းဖက်ပြီး နွဲ့ပစ်လိုက်တယ်။ အမေ့ပါးမှာ ကျွန်တော့်မျက်နှာနဲ့ အသာကပ်နေရင်း 'နော် အမေ' လို့ ထပ်ချွဲလိုက်တာနဲ့-

'အမေ့သားလေး ဒုက္ခရောက်မှာ စိုးလို့ပါ၊ တစ်ခါတည်း မဖြတ်နိုင်ရင်တောင်မှ တဖြည်းဖြည်းလျှော့ပေါ့ သားရယ်'

စောစောလေးက အမေ့ရဲ့ ဒေါသစွက်နေတဲ့ မျက်နှာလေးနဲ့ လေသံတွေ ကျွန်တော့်အချော့မှာ လွင့်စင်ပြေးထွက်သွားတယ် ထင်ပါရဲ့။

တစ်ခါတည်း ပျော့ဆင်းသွားလိုက်တာ။

သား မမေ့နိုင်ဘူး အမေ။

***

'ကိုအောင်ကျော် ဆိုတော့ သတ္တိကောင်းမယ့် အထိမ်းအမှတ်ပဲ'

ကျွန်တော့်ရဲ့ဓာတ်မှန်ကော်ပြားကို မီးအလင်းပေးထားတဲ့ ဘောင်တပ်မှန်သားပြင်မှာ ကပ်ကြည့်လျက် ဆရာဝန်ကြီးက ခပ်ပြုံးပြုံး စကား စတယ်။ ဟိုး အဘိုး အဘွား လက်ထက်က ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကို ရည်ညွှန်းပြောလိုက်တယ် ထင်တာပဲ။ တကယ်တော့ လူနာကို အားငယ်ပြီး စိတ်ဓာတ်ကျမသွားအောင် ဖန်တီးလိုက်တဲ့ ဆရာဝန်ကြီးများရဲ့ ကုထုံးတစ်ခုပေါ့လေ။ ကျွန်တော် ပျပျလေး ပြန်လို့ ပြုံးလိုက်မိတယ်။ ဆရာကြီးက ဓာတ်မှန်ပြားကို တစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ကြည့်ရင်းက....

'ခင်ဗျား ဆေးလိပ်သောက်လား'



'ဗျာ' လို့ အံ့အားသင့် တုန်လှုပ်သွားတဲ့ လေသံထွက်မသွားမိအောင် ကျွန်တော် စိတ်ထိန်းလိုက်ရတယ်။

'ဟုတ်ကဲ့ ဟုတ်ကဲ့၊ သောက်ပါတယ် ဆရာ'

'ဘယ်လောက်ကြာပြီလဲ'

'ဟို ဟို၊ နှစ်အစိတ်လောက် ရှိပြီထင်တယ် ဆရာ'

ကျွန်တော့်စကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်နဲ့ ဆက်ပြောရမယ့်စကားကို ဆရာကြီး စဉ်းစားနေပုံပဲ။ ဆရာကြီးက အသားဖြူဖြူ၊ မျက်လုံးလှလှ၊ ဥပဓိရုပ်ကောင်းကောင်း၊ ငယ်ငယ်ကဆို အတော့်ကိုချောမှာလို့ နေမကောင်းဖြစ်နေလျက်က ကျွန်တော် ဖျတ်ခနဲ စဉ်းစားနေဖြစ်တယ်။

'ခု အင်း၊ ဒီဆေးရုံမလာခင်အထိပေါ့လေ၊ တစ်နေ့ ဘယ်နှလိပ်ကုန်လဲ'

'တစ်နေ့ တစ်ဘူးလောက်ဆရာ၊ တစ်ခါတလေလဲ ကျော်တယ်' တကယ်တော့ ကျွန်တော် လျှော့ပြောလိုက်တာ၊ ပုံမှန်က နေ့တိုင်း နှစ်ဘူးပဲ'

ကျွန်တော် နေမကောင်းဖြစ်နေတာနဲ့ ဘယ်လိုများ ပတ်သက်နေလို့ပါလိမ့်။ ခေါင်းငုံ့စဉ်းစားလျက်က ဆရာကြီး ပြောလာမယ့် စကားကို ရင်ခုန်ခုန်နဲ့ ကျွန်တော် နားစွင့်နေမိပါတယ်။

'အင်း၊ ခင်ဗျား အစာအိမ်မှာ အနာဖြစ်နေတာ၊ အဲဒီကနေ ပေါက်ထွက်သွားတာကို ဒီမှာ တွေ့နေရတယ်၊ ဒီတော့ ခင်ဗျားကို အရေးပေါ်ခွဲမှ ဖြစ်တော့မှာ'

ဆရာကြီးက ခေတ်မှန်ပြားတစ်နေရာကို လက်ညှိုးနဲ့ ထောက်ရင်း ပြောပြတော့ ကျွန်တော် ယောကျ်ားတန်မယ့် လုစ်ခနဲ စိတ်ပူသွားလိုက်တာ။ ဘာကြောင့်လဲ မေးရင်တော့ ပြောစရာတွေ အများကြီးပေါ့။

'ကဲ၊ ခင်ဗျား ဆေးရုံတက်လို့ရအောင် အစီအစဉ်တွေ လုပ်ပေးလိုက်မယ်၊ ဒါနဲ့ ခင်ဗျားကို လိုက်ပို့တဲ့သူရော ပါသေးလား၊ အလုပ်ရှင်ရော'

ဆရာကြီးက အတော်လေး တွေးတွေးဆဆပြောနေပုံပဲ။ မိဝေးဖဝေး လူမျိုးခြားနိုင်ငံတစ်ခုမှာ ရရာအလုပ်လုပ်ရင်း ကျန်းမာရေးနဲ့ ပတ်သက်ပြီး အခက်အခဲကြုံနေတဲ့ ကျွန်တော့်အပေါ် မေတ္တာထားတဲ့ လေသံ၊ အမူအရာတွေကို ဆရာကြီးမျက်နှာမှာ တွေ့နေရတယ်။ ကျေးဇူးကြီးလှပါတယ် ဆရာရယ်။

အဲဒီနေ့ကစပြီး ဆရာကြီးဦးစည်သူရဲ့ ကူညီစောင့်ရှောက်မှုနဲ့ ကျွန်တော် ဆေးရုံတက်ခဲ့တာပါပဲ။

ဗိုက်ခွဲရတယ်ဆိုတာ နာမကျန်းဖြစ်ကြတဲ့ အကြောင်းအရာတွေထဲမှာ သေးသေးကွေးကွေးကိစ္စမှ မဟုတ်တာ။ ကိုယ့်တိုင်းပြည်မှာသာဆိုရင် ဆေးရုံမှာ လိုသမျှပစ္စည်းတွေ ထည့်သူကထည့်၊ ဆေးပြေးဝယ်သူက ဝယ်၊ ကိုယ့်ကိုခွဲစိတ်ပေးမယ့် ဆရာကြီးအိမ်ကို ချောင်းပေါက်မတတ် သွားတဲ့သူကသွား၊ ဗေဒင်မေး၊ ယတြာချေသူချေနဲ့ မိသားတစ်စုလုံး ရှုပ်ရှက်ခတ်နေကြမှာ မြင်ယောင်ကြည့်မိနေပြန်တယ်။

အဲဒါတွေထက်....

'ရတနာသုံးပါးကို ထာဝရဆည်းကပ်ဖို့ မမေ့နဲ့သား၊ ဘယ်နေရာရောက်ရောက် အနည်းဆုံး ဗုဒ္ဓသရဏံဂစ္ဆာမိ ဆိုတာလောက်တော့



ရွတ်ပါ၊ လေးလေးစားစား ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်ရင် အမေ့သား အန္တရာယ်ကင်းမှာပါ'

မေတ္တာအပြည့်ပါသော မိခင်ကြီးရဲ့ မှာကြားလာမည့် စကား။

'ကို အားမငယ်ရဘူးနော်၊ ဘာမှလဲစိတ်မပူနဲ့၊ အိမ်တာဝန်တွေ အားလုံး နွယ် တတ်နိုင်ပါတယ် နော် ကို'

ကြင်နာရိပ်ဖြင့် ဆိုလာမည့် ချစ်ဇနီး နွယ်ရဲ့ အပြော။

'ဖေဖေ ဆေးရုံမှာ အကြာကြီး မနေပါနဲ့နော်၊ ဖေဖေ မရှိလို့ရှိရင် အိမ်မှာ သမီး ပျင်းနေမှာ'

ကျွန်တော့်ရင်ကို လှုပ်ခါသွားစေမယ့် သမီးလေး စပယ်ဖြူရဲ့ အမှာ။ နေခြည်တွေ ဖြာကျသလို အတွေးမျှင်တွေ ကျွန်တော့်မျက်ဝန်းမှာ ယှက်သမ်းလာရုံလေးနဲ့ ကျွန်တော်လေ တစ်ခဏတော့ ဆွေးတွေးသွားမိပါရဲ့။

ဒါပေမယ့် အဲဒီ မေတ္တာနေခြည်တွေ ကျွန်တော့် ဝန်းကျင်မှာ ကွယ်ပျောက်နေတာ ကြာခဲ့ပြီပဲ။ ရာသီတွေ ခြောက်ကြိမ်မကတောင် ပြောင်းခဲ့ပြီးပြီ။ မိုးလင်းက မိုးချုပ် အလုပ်ပြီးရင် အလုပ်ပဲ။ နေ့လယ်ဘက် ၁၅ မိနစ် တစ်ခါ နာရီဝက်တစ်ခါ နားရတာဟာ အလွန်ဆုံးပေါ့။ ည၇ ခုနစ်နာရီမှာ နားရတာဟာ အစောဆုံးပဲ။ အိုဗာတိုင်း (Over Time) ရှိတဲ့ရက်ဆို ည၇ ၁၀ နာရီအထိ ဆက်လုပ်ရတယ်။ ပင်ပန်းပေမယ့် အဲဒီ Over Time ကိုပဲ မျှော်ရတယ်။ တစ်နာရီ မလေးရှားဒေါ်လာ သုံးကျပ်ခွဲလောက် ရတာဆိုတော့ အတော်လေး တွက်ချေကိုက်တယ်လေ။ ပြီးတော့ ည၇ ခုနစ်နာရီကစပြီး အားနေလည်း အိပ်ခန်းမှာ ငေါင်နေမှာပဲဟာ။ ကိုယ့်ပြည်ကိုယ့်ရွာလို အပြင်ထွက် သူငယ်ချင်းတွေနဲ့

ရောက်တတ်ရာရာပြော၊ ဒါမှမဟုတ်လည်း မိသားစု သိုက်သိုက်ဝန်းဝန်း ရယ်ကာမောကာ နေလို့ရတာမှ မဟုတ်တာ။ ပြီးတော့ အတူနေသူဆိုတာတွေကလည်း ခုမှ တွေ့ဖူးကြတာလေ။ လူအမျိုးမျိုး စိတ်အထွေထွေ ဆိုတဲ့ စကားအတိုင်းပဲ။ 'ကီး' မကိုက်တဲ့လူဆိုရင် ရန်မများအောင် အတော့်ကို သတိထားနေရတယ်။

အခု ဗိုက်နာပြီး လုံးဝလှုပ်လို့မရအောင် ဖြစ်နေတော့မှပဲ ဆေးရုံလာပြရင်း တကယ်နားရတယ် ဆိုပါတော့။ အစောပိုင်းတုန်းက ဒီလောက် အခြေအနေဆိုးနေမှန်း မသိဘူး။ တင်းထားရတာလေ။ ကိုယ် ဒီမှာ အလုပ်မလုပ်နိုင်လို့ ရန်ကုန်မိသားစုဆီပြန်ပြီး ငွေမပို့နိုင်ရင် ဟိုမှာ မိဘနဲ့ ဇနီးသားသမီးတွေ ဘယ်အထိ ယိုင်ဆင်းပြိုလဲသွားနိုင်တယ်ဆိုတာ ဟိုလွန်ခဲ့တဲ့နှစ်နှစ် သုံးနှစ်လောက်က ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ဖူးတာကိုး။ နောက်တစ်ကြောင်းကတော့ နေမကောင်းဘူးဆိုပြီး အခန်းမှာ မှိန်းနေတော့ရော အားငယ် စိတ်ဓာတ်ပျက်ပြားရုံပဲရှိမယ်။ ဘေးနားမှာ ပြုစုသူ မပြောနဲ့၊ 'ခင်ဗျား ဘယ်လိုနေသေးလဲ' မေးဖော်ရတဲ့ သူကိုပဲ ကယ်တင်ရှင်လား အောက်မေ့ရတဲ့ အချိန်မျိုးလေ။ ဒီမှာလာပြီး အလုပ်လုပ်နေသူတိုင်း ပျော်လို့ နေနေကြသူဆိုတာ မရှိသလောက်ပဲ။ ကိုယ့်အတွေးထဲမှာ ရည်မှန်းထားတဲ့ ငွေပမာဏလေး တစ်ခု ရသွားရင် 'တို့ပြည်ပြန်မယ်ဟေ့'လို့ မာန်နဲ့ ဟစ်ကြွေးထားတဲ့ လူချည်းပဲလို့ ကျွန်တော် ထင်ပါတယ်။ ခု ကျွန်တော့်အဖို့တော့ သိပ်မဆိုးလှပါဘူး။ မိတ်ဆွေ တစ်ယောက် နှစ်ယောက်လောက် ကိုယ့်အပေါ် ကောင်းကြပေလို့ ဒီဆေးရုံပေါ် အခက်အခဲမရှိ ရောက်လာနိုင်ခဲ့တာ။

ဆေးရုံတင်ပေးရုံမကဘူး၊ တစ်ရက်ခြားတစ်ခါလောက် ကျွန်တော့် အခြေအနေ ဘယ်လိုရှိလဲလို့ လာလာပြီး ကြည့်ပေးတဲ့အထိ ကောင်းကြ



တဲ့ ကိုအောင်နိုင်နဲ့ ကိုသော်တာ၊ ခွဲစိတ်ကုသပေးတဲ့ ဆရာကြီး ဦးစည်သူ၊ သူတို့တစ်တွေဟာ တကယ့် ကျေးဇူးရှင်တွေပါပဲ။ အင်း၊ နောက်တစ်ယောက်ရှိသေးတယ်။ သူလဲ ခွဲစိတ်အထူးကုဆရာဝန်ကြီးပဲ။ ဒေါက်တာ မျိုးထွန်းတဲ့။ အသားညိုညို ထောင်ထောင်မောင်းမောင်းနဲ့။ ဆရာကြီး ဦးစည်သူနဲ့ ရွယ်တူလောက်ပဲ။ ငါးဆယ်ကျော်လောက်ရှိပြီ ထင်ပါရဲ့။ ကျွန်တော် ဗိုက်ခွဲပြီး နောက်တစ်နေ့မှာ 'သက်သာရဲ့လား'လို့ သတင်းလာမေးတာ မြန်မာလို စကားပြောတော့မှ 'သြော်၊ ဆရာကြီး ဦးစည်သူအပြင် တခြား မြန်မာဆရာဝန်ကြီးတွေလည်း ရှိသေးပါလား' လို့ တွေးရတယ်။

အင်း၊ သူ ဂရုတစိုက်ရှိပုံက တစ်မျိုးရယ်။

'အစာအိမ်မှာ အနာဖြစ်တဲ့အထိ ဆေးလိပ်တွေသောက်တာကိုး။ ဗိုက်ဆံ့လဲကုန်သေး၊ ရောဂါကို ဝယ်ယူလိုက်သလို ဖြစ်နေပြီ'

ဟိုး အရင့်အရင်ကတည်းက သိဟောင်း ကျွမ်းဟောင်းကို ပြောသလို သူ့ညီငယ်တစ်ဦးကို ကရုဏာဒေါသောနဲ့ ဆူသလိုမျက်နှာထားနဲ့ သူ အဲဒီလိုပြောတော့ ကျွန်တော် အားငယ် စိတ်မကောင်းဖြစ်သွားပေမယ့် စိတ်တော့ မဆိုးမိပါဘူး။ လူကြီးတစ်ဦးရဲ့ စေတနာကိုနားလည်လိုက်တယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ လက်ခံသဘောပေါက်မှုတွေဟာ သိပ်ကို နောက်ကျသွားခဲ့ပြီလို့ အဲဒီရက်တွေက ကျွန်တော် မရိပ်စားမိသေးဘူး။

'ဆေးလိပ်သောက်လွန်းလို့ အစာအိမ်မှာ အနာဖြစ်သတဲ့'

'စီးကရက်အသောက်များလို့ သွေးကြောတွေ ကျဉ်းကျဉ်းလာပြီး သွေးမလျှောက်နိုင်တော့တဲ့ ခြေထောက်ပုပ်သွားတဲ့အဆင့်ကို ရောက်လာလို့ ဒူးဆစ်ကနေ ဖြတ်ပစ်လိုက်ရသတဲ့'

ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ် နှစ်နှစ်ဆယ် ဝန်းကျင်ကတည်းက ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာဖြစ်တယ်လို့တော့ ကျွန်တော်သိခဲ့ပြီးသားပါ။

ခု ကျွန်တော်ဖြစ်တာမျိုးလို အစာအိမ်မှာ အနာဖြစ်တာတို့၊ ခြေထောက်ပုပ်သွားတာမျိုးတို့တော့ ကိုယ်တိုင် ဆေးရုံတက်ရ၊ ဆရာကြီးတို့ ပြောပြကြမှပဲ သိခွင့်ကြုံတော့တယ်။ ပထမဆုံးအကြိမ် ခွဲခန်းထဲက ထွက်လာပြီး မေ့ဆေး မပြယ်တပြယ်အချိန်မှာ လူကို လှုပ်လို့လည်း မရ၊ စကားပြောလို့လည်း အသံက ထွက်မလာ။ အိပ်ချင်မူးတူးနဲ့ သူများပြောနေတဲ့ အသံတွေတော့ ကြားပါရဲ့။ ဒါပေမယ့် ဟိုးအဝေးကြီး မိုင်ပေါင်းများစွာကလာနေတဲ့ အသံလိုပဲ။ ကိုယ်တစ်ဦးတည်း ချောက်ထဲပဲ ကျနေသလိုလို၊ ကမ္ဘာ့အပြင်ဘက်ပဲ ရောက်သွားရသလိုလို၊ ဘယ်လိုတွေခံစားနေရလဲ မသိပါဘူး။ အင်း၊ နောက်နေ့တွေ ပုံမှန်အနေအထား ရောက်တော့မယ်လို့ ထင်ရုံရှိသေး။ သုံးရက်အကြာမှာ အဖျားစပြီး ဝင်လာပြန်တယ်။ နောက်နေ့ကျတော့ ကျွန်တော့် ဝမ်းတစ်ပြင်လုံး မာတင်းပြီး မခံမရပ်နိုင်အောင် နာလာပြန်တော့တယ်။

အထဲမှာ ပြည်ပြန်တည်လို့တဲ့။

အဲဒါနဲ့ပဲ ငါးရက်မြောက်နေ့မှာ ဒုတိယအကြိမ် ပြန်ခွဲရပြန်ပါတယ်။

နောက်တစ်ခါ တစ်ပတ်လောက်ကြာပြန်တော့ တတိယအကြိမ် ခွဲခန်းထဲ ပြန်ရောက်သွားပြန်ရော။ ဒီတစ်ခါတော့ အပြင်က ချုပ်ရိုးပြုတ်ထွက်သွားတာ။ ချောင်းဟန့်လိုက်ရင်း ဖောက်ခနဲ အသံကြားရသလိုပဲ။ ကျွန်တော့် အသားတွေမှာ အနာကျက်နိုင်တဲ့ ဓာတ်တွေ မရှိတော့ဘူးများလား မသိပါဘူးဗျာ။ ချုပ်ရိုးကိုအုပ်ထားတဲ့ ပတ်တီးစမှာ



ဝါညိုညို၊ ညိုစိုစို သားနံ့ရည်တွေ စိမ့်လာတာ ကျွန်တော်ကိုယ်တိုင် တွေ့ထိ ခံစားလို့ရလာတယ်။

လူ့ဘဝဟာ အသက်လေးဆယ်မှ အစပျိုးတယ်လို့ အင်္ဂလိပ်စကားပုံတစ်ခု ဖတ်ဖူးတယ်။ ကျွန်တော်လေ ဘဝတောင် မစရသေးဘူး။ နောင်နှစ်ခါမှ အသက်လေးဆယ်ပြည့်မှာ။ လူဟာ တစ်သက်တစ်ခါ သေမြဲပါပဲ။ ဒါပေမယ့် လူမျိုးခြားနိုင်ငံ ဆွေတော်မျိုးတော် ဒီလိုနေရာမျိုးမှာတော့ ကျွန်တော် မသေချင်သေးဘူးဗျာ။ သုံးကြိမ်မြောက်ခွဲပြီးချိန်မှာ ကျွန်တော် ဘယ်လောက်အထိ အားနည်းသွားသလဲဆို လေသံသဲ့သဲ့နဲ့ စကားပြောဖို့တောင် အစွမ်းမရှိတော့ဘူး။ ဒါပေမယ့် ကျွန်တော် အားမလျှော့သေးပါဘူး။ ယောကျ်ားပဲ။ ဆရာဝန်ကြီးတွေလည်း ကြပ်မတ် ကုသပေးနေတာပဲ။ ခန္ဓာကိုယ်က မလှုပ်ရှားနိုင်တော့ စိတ်တွေက ပိုပြီး လွင့်တယ်ထင်ပါရဲ့။ ကစဉ့်ကလျား ဟိုရောက်ဒီရောက်နဲ့။ ဆေးရုံမတက်ခင်က ကျွန်တော့်လိုပဲ ဝါ့ခ်ပါမစ်(Work Permit) မရှိတဲ့ လူတစ်ယောက် သေဆုံးသွားတဲ့ဆီ ရောက်သွားတယ်။ ကိုယ်နဲ့ သိသိမသိသိ ကိုယ့်လူမျိုးတစ်ယောက် သေတဲ့အထိ ဖြစ်သွားတယ်ဆိုတော့ ကျွန်တော်တို့ စိတ်မဝင်စားဘဲ မနေနိုင်ဘူး။ ကရုဏာသက်ကြ၊ စိတ်မကောင်းဖြစ်ပြီး တစ်ယောက်တစ်ပေါက် ကိုယ်သိတာ ကိုယ်ပြောကြ။

မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုတဲ့ရှေးစကားကို ကျွန်တော်တို့ မြန်မာလူမျိုးတွေ လက်ခံထားခဲ့ကြတာ နှစ်တွေ ဘယ်လောက်ကြာခဲ့ပြီလဲ မသိဘူး။ အစက မခေါ်မပြောနေတဲ့လူ သေဆုံးသွားရင်တောင်မှ 'အို၊ သူ့နောက်ဆုံးခရီးလေးတော့ လိုက်ပို့ဦးမှပါ' အတွေးနဲ့ အသုဘရှု ရောက်တတ်တယ်။ အဲဒါက ကိုယ့်ပြည်ကိုယ့်ရွာလေ။

ဒီမှာတော့

'လိုက်ပို့ချင်တဲ့ လူချည်းပဲ၊ ဒါပေမယ့် ဟိုသချိုင်းမှာ ရကောက်(ရဲ)တွေ ခြေချင်းလိမ်နေမှာ၊ လိုက်ပို့တာနဲ့ တစ်ခါတည်း ကွဲသွားမယ်'

'အေးဗျာ၊ စိတ်မကောင်းစရာပဲ၊ သူ့အသုဘ ဘယ်လိုလုပ်နေလဲ'

'သူ့အစ်ကို ဝမ်းကွဲဆိုလားဗျာ၊ သေသေချာချာတော့ မသိဘူး၊ သူက Work Permit ရှိတယ်တဲ့၊ သူ ကြည့်စီစဉ်တယ် ပြောတာပဲ'

အဲဒီအကြောင်းတွေ ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ကျွန်တော့်ခေါင်းထဲ ရောက်လာကြပါလိမ့်။

ခု ကျွန်တော်ကရော၊ ကျွန်တော်လေ၊ တကယ်လို့များ ဒီတောင်ကို မကျော်နိုင်တော့ဘူး ဆိုရင်ပေါ့။ ကျွန်တော့်အလုပ်မှာ Work Permit ရှိတဲ့လူဆိုလို့ နှစ်ယောက်သုံးယောက်ပဲရှိတာ။ အဲဒီလူတွေနဲ့လည်း ကျွန်တော် မရင်းနှီးလှဘူး။

ဒီလိုဆိုရင် ဘုရား၊ ဘုရား။

စောစောတုန်းက ကိုယ့်ကိုယ်ကိုယ် အားတင်းထားတာလေးတွေ ဘယ်နားရောက်သွားလဲတောင် မသိတော့ပါဘူး။ ဆရာကြီး ဦးစည်သူက ပြောဖူးတယ်။ နောက်လလောက်ဆို ကောင်းသွားမှာပါတဲ့။ ကျွန်တော် ဆေးရုံတက်တာ တစ်လပြည့်လုပြီလား။ မှတ်ဉာဏ်တွေလည်း မရှိတော့ဘူးထင်ပါရဲ့။

ဒီနေ့ညလေ၊ ခါတိုင်းနဲ့ မတူဘူး။ သိပ်ကိုမောတာပဲ။ ကျွန်တော့် တစ်ကိုယ်လုံးမှာ တပ်ထားတဲ့ပိုက်တွေ၊ ဆေးသွင်းအပ်တွေ၊ ရှုပ်လိုက်တာ လွန်ပါရော။ စိတ်ရှိလက်ရှိ ဆွဲဖြုတ်ပစ်လိုက်ချင်တယ်။



အာခေါင်တွေ ခြောက်လိုက်တာလေ။ ရင်တွေပူတာလည်း အလွန်ပဲ။ ခုနေများ ရေအေးအေးလေး တစ်ကျိုက်လောက် သောက်လိုက်ရရင် သိပ်ကောင်းမှာ။

'ရေဆာလိုက်တာ အမေရယ်' လို့ မိခင်ကြီးကို ကလေး တစ်ယောက်လို ပူဆာမိတယ်။

'နွယ်ရယ်၊ ကိုယ့်နှာခေါင်းကပိုက်ကြီးကို ဖြုတ်ပေးစမ်းပါကွာ' ချစ်ဇနီးကို အကူအညီ တောင်းမိပြန်တယ်။ လေးပြီး စင်းကျနေတဲ့ မျက်ခွံတွေကို ကြိုးစားပမ်းစား ဖွင့်ကြည့်လိုက်တော့....

ဟင်၊ အမေရော

နွယ်ရော၊ ဘယ်များရောက်သွားပါလိမ့်။ စောစောလေးကပဲ ကျွန်တော့်အနား သူတို့ရှိနေသေးတာ။ ကျွန်တော့် မျက်ခွံတွေအပေါ် တစ်ခုခုနဲ့ ဖိလာသလိုပဲ။ အားတင်းပြီး ဆက်ဖွင့်ထားလို့ မရတော့ဘူး။

ဟော သမီးလေး စပယ်ဖြူ။

သမီးတစ်ယောက်တည်း မေမေရော၊ ဘွားဘွားရော။

သမီးလေးကို အလောတကြီး မေးနေမိတယ်။

သမီးလေးက ခပ်အေးအေးပဲ။ သူ့ရဲ့ ဖြူနုသွယ်ပျောင်းတဲ့ လက်ချောင်းလေးတွေနဲ့ ကျွန်တော့်လက်မောင်းကို ပွတ်သပ်ပေးနေပုံဟာ ညင်သာလိုက်တာ။ သမီးလေးကို ရင်ခွင်ထဲဆွဲပွေ့ပြီး ထွေးထားချင်တဲ့ စိတ်ကို ထိန်းလို့မရဘူး။ သမီးလေးကို ကျွန်တော် လှမ်းဖက်လိုက်မိတယ်။ ကျွန်တော့်ဘေးကနေ သမီးလေးက ချာခနဲ ပြေးထွက်သွားလိုက်တာ။ သမီးလေးကို ကျွန်တော် မီပါတော့မလား။ အို၊ ဘာဖြစ်လို့ မမီရမှာလဲ၊ ရှိသမျှအင်အားနဲ့ ကျွန်တော့်ကို သူတို့ တွယ်နှောင်ထားတဲ့ ပိုက်တွေ၊ ဆေးထိုးအပ်တွေအားလုံးကို တစ်စစီ ဆွဲဖြုတ်လိုက်မိတယ်။

ကဲ၊ ဘာတတ်နိုင်သေးလဲ။ ကျွန်တော့်ကို သူတို့ ချုပ်နှောင်ထားလို့ မရတော့ဘူးလေ။ သမီးလေးရေ စပယ်ဖြူ၊ ဖေဖေလေ၊ ဖေဖေ။

ကျွန်တော် သွားချင်လွန်းတဲ့ အမေ့အိမ်၊ တွေ့ချင်လွန်းတဲ့ ချစ်ဇနီးနဲ့ သမီးတို့ဆီရောက်အောင် ကျွန်တော် အားကုန်ပြေးထွက်လိုက်တာပေါ့။

ကျွန်တော့်ကို သူတို့ ဘယ်လိုမှ မီအောင် မလိုက်နိုင်တော့ပါဘူး။

***

## ကျိုးပဲ့သွားသော အုတ်တစ်ချပ်

ဆောင်းလေသည် မြရိပ်ညို၏ မြက်ခင်းပြင်ကို ညင်သာစွာထွေးပွေ့ထားသကဲ့သို့ စိမ့်စိမ့်လေးအေးနေလေသည်။ ယခုမှ လေးနာရီခွဲကျော်ရုံသာ ရှိသေး၏။ မင်္ဂလာပွဲသည် ညနေ ၆ နာရီမှ စတင်မည်ဖြစ်သဖြင့် နှစ်ဖက် ဆွေမျိုးရင်းချာများမှ လွဲ၍ ဧည့်သည်တော်များ မရောက်လာကြသေးပေ။

မင်္ဂလာပွဲကျင်းပမည့် ဖြန့်ပြူးညီညာသည့် မြက်ခင်းပြင်သည် ဖျော့တော့သော နေရောင်ခြည်အောက်တွင် မြကမ္ဗလာကို ဖြန့်ခင်းထားသည့်အလား ရွှန်းစို ပျောင်းနွဲ့နေသည်။ ဧည့်သည်တော်များ ရောက်ရှိလာမည့် ဝင်ပေါက်တည့်တည့်၏ တစ်ဖက်စွန်းတွင် မင်္ဂလာသတို့သားနှင့် သတို့သမီး မောင်နှံစုံတို့အတွက် ပြင်ဆင်ထားရာ စင်မြင့်ပေါ်ရှိ အလှစိုက်ပန်းအိုးကြီးများမှ ရောင်စုံ သစ္စာပန်းခိုင်ကြီးများသည် မကြာမီကာလအတွင်း ရောက်ရှိလာမည့် သတို့သမီး၏ အလှနှင့် ယှဉ်ပြိုင်ရန် အားယူနေဘိသကဲ့သို့ လန်းဆန်းရွှန်းစိုမှုဖြင့် အစွမ်းကုန် ပန့်ရလျှက်ရှိကြပါသည်။

ဝင်ပေါက်နှင့် မင်္ဂလာစင်မြင့် ကြားတွင် ဧည့်သည်တော်များအတွက် ခင်းကျင်းပြင်ဆင်ထားသည့် စားပွဲ ကုလားထိုင်များ ညီညာ

စီတန်းနေသည်နှင့်အမျှ ခမ်းနား ထည်ဝါလွန်းလှပေသည်။ တစ်ချက်တစ်ချက် ပြေပြေလေး တိုက်ခတ်လာသော လေပြည်တွင် ဖားလျားကျဆင်းနေသည့် ဖြူဖွေးနုမွတ်သော စားပွဲခင်းအနားစများ လူးလွန့်သွားသည်မှာ ဣန္ဒြေကြီးလှသော မိန်းမပျိုတစ်ဦး၏ ခြေလှမ်းကဲ့သို့ ညင်သာလှချေ၏။ မင်္ဂလာပွဲပြင်ဆင်ထားရာ မြက်ခင်းပြင်၏ အလယ်တည့်တည့် ဝင်ပေါက်မှ မင်္ဂလာစင်မြင့်ဆီသို့ ဦးတည်၍ ဖြန့်ခင်းထားသည့် ကြက်သွေးရောင် ကတ္တီပါ အခင်းသည် ပျော့အိ ညီညာစွာ မြေပြင်တွင် ဝပ်စင်းနေပါသည်။ ဩော် သည်ကတ္တီပါခင်းလမ်းပေါ်မှာ သမီးလေး သူ့ချစ်သူလက်ကို တွဲလျက် လျှောက်လှမ်းလာရဦးမှာပါလား။

အနောက်ဘက်ယွန်းယွန်းတွင် ပုစွန်ဆီရောင်သွေး ခြယ်မှုန်းထားသည့် ကောင်းကင်ပြင်ကို နောက်ခံပြုလျက် မြတ်စွာ့ ရွှေတိဂုံကို သပ္ပာယ်စွာ ဖူးတွေ့ရ၏။ ဤရှုမြင်ကွင်းကို ခေတ္တကြာမျှ ကျွန်မ ငေးမောနေမိပြန်ပါသည်။ ဖြစ်နိုင်လျှင်ဖြင့် သဘာဝတရားကပေးသည့် ဤရှုမငြီးဖွယ်သော ပန်းချီကားချပ်လေးကို တဒင်္ဂဖြစ်ဖြစ် ရပ်တည်နေအောင် အရှင်ဒေါင်းဖလ်ဝါနေမင်း၏ သွားရာလမ်း ဆန့်ကျင်ဘက်မှ အစုံသော လက်နှစ်ဖက်၏ အင်အားဖြင့် ခေတ္တမျှ ရပ်တန့်ပေးထားချင်မိပါသည်။ ညနေဆည်းဆာ၏ စွမ်းအားသည် အကျည်းတန်သူကိုတောင် လှစေနိုင်သည်ပဲ။ ဤအလှတရားဖြင့် သမီးလေး၏ မင်္ဂလာပွဲကို ပိုမိုတင့်တယ်သွားစေလိုသော ဆန္ဒဖြင့် မဖြစ်နိုင်သောအတွေးမျှင်တစ်ခု ကျွန်မ ဦးခေါင်းတွင်းသို့ ရောက်လာခိုက်မှာပင် မင်္ဂလာအခမ်းအနားမှာ စည်ကားစပြုလာပြီဖြစ်ကြောင်း ကျွန်မ ဂရုပြုမိသွားပါသည်။



စိန်ရောင်၊ ရွှေရောင်၊ ပိုးဖဲကတ္တီပါရောင်တို့ဖြင့် မွမ်းမံထားသော ဤမင်္ဂလာပွဲတွင် ကျွန်မသည် မင်္ဂလာပွဲပိုင်ရှင်တို့နှင့်အတူ မျှဝေခံစားပျော်ရွှင်ခဲ့သည်ဟု ဆိုရပါမည်။ 'စမ်းရေကြည်' တဲ့။ သတို့သမီးလေးရဲ့ အမည်။

ကျွန်မရဲ့ ကျေးဇူးရှင်ဆိုလည်း ဟုတ်ပါရဲ့။ တကယ်တော့ ငယ်ပေါင်းကြီးဖော် မိတ်ဆွေကောင်းကြီးပါပဲ။ မမြယဉ်လေ။ သူ့ရဲ့ သမီးလေး။ သားထောက်သမီးခံ တစ်ဦးတလေမျှမရှိတဲ့ ကျွန်မ အဖို့တော့ စမ်းရေကြည်သည် သမီးကလွဲ သမီးပါပေတည်း။

မကြာမတင်မှာပင် အခမ်းအနားမှူး၏ အောင်မြင်ခန့်ညားသော သုတိသြဘာသံသည် မင်္ဂလာပွဲတစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့ကို နှစ်ဖက်သောမိဘဆွေမျိုး အစုံအလင်ဖြင့် မင်္ဂလာအခမ်းအနားသို့ ထွက်ရောက်လာဖို့ရန် ဖိတ်ခေါ်နေပြီဖြစ်ပါသည်။ နိုင်ငံကျော်တေးသံရှင်ဒေါ်ရီရီသန့်သည် မင်္ဂလာရွှေစောင်းကို တီးခတ်၍ အတိုင်းမသိ မင်္ဂလာသြဘာတွဲ့ကို စတင်ကျူးရင့်လိုက်၏။ ကျွန်မ ကြက်သီးဖြန်းဖြန်းထသွားသည်အထိ ခံစားလိုက်ရပါသည်။ ကတ္တီပါခြေနင်း အခင်းပြန့်ပြန့်ပေါ်တွင် သမီးလေး သူ့ချစ်သူကို တွဲလျက် လျှောက်လှမ်းလာနေပြီတကား။ သူတို့နောက်မှာတော့ ပျိုမျစ်နုရွယ် အလှသွေးကြွယ်ဆဲဖြစ်သည့် မင်္ဂလာမောင်မယ်အရန်လေးများ။ သတို့သားလေး၏ မိဘနှစ်ပါး။ ပြီးတော့ မမြယဉ်တို့ ဇနီးမောင်နှံ။ နောက်ဆွေမျိုးရင်း စုံတွဲများ။ တရွေ့ရွေ့တက်လှမ်းလာသည့် ခြေအစုံတို့ မင်္ဂလာစင်မြင့်ပေါ်တွင် ရပ်နားသွားချိန်၌ မင်္ဂလာသြဘာတွဲ့သည်လည်း 'ကြည်လင်တယ်သန့်ရှင်း၊ ရည်ရွှင်ဖွယ်ပျံ့သင်း၊ တော်မင်္ဂလာ....

မြတ်စေတနာ နတ်ဒေဝါ အပေါင်းရယ်တို့ ဆုတောင်းကြသည်ချိန်ခါ....’ ဖြင့် အဆုံးသတ်လိုက်ပါသည်။

မင်္ဂလာပန်းကုံးစွပ်ပေးခြင်း၊ ဧည့်ခံကျွေးမွေးခြင်း၊ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် မင်္ဂလာမောင်မယ်တို့မှ ဂုဏ်သရေရှိ မင်းပရိသတ်တို့အား လှိုက်လှဲပျူငှာစွာ နှုတ်ဆက်ဂါရဝပြုခြင်း စသည် စသည်တို့သည် မင်္ဂလာသံစုံတီးဝိုင်း၏ သာယာကျူးရင့်သော ဂီတသံစဉ်လေလှိုင်းတို့အလယ်တွင် ခမ်းနားထည်ဝါစွာ ပြီးဆုံးသွားခဲ့ပါသည်။

သမီးလေး အိမ်ပြန်ရောက်ချိန်မှာ ည ဆယ့်တစ်နာရီတိုင်ပြီ ဖြစ်ပါသည်။ သူ၏ ခင်ပွန်းလောင်း မောင်ဉာဏ်လင်းအား လူပျိုညဆင်နွှဲရန် သတို့သားအိမ်သို့ ဦးစွာဝင်ရောက် ပို့ဆောင်နေရသဖြင့် သမီးလေး အိမ်ပြန်နောက်ကျသွားရလေသည်။ သို့ရာတွင် ညဉ့်နက်ခြင်း၊ အချိန်လွန်ခြင်းတို့သည် ထိုတစ်ဒင်္ဂအတွင်း စမ်းရေကြည်အတွက် မည်သို့မျှ ပင်ပန်းနွမ်းနယ်စေမည် မဟုတ်ပါပေ။ သူမ၏အိပ်ခန်းတွင် အိမ်ဖော်မလေးနှင့် မိခင်ကြီးတို့ အကူအညီဖြင့် မင်္ဂလာဝတ်စုံများအားလုံး လဲလှယ်မှုကိစ္စအဝဝကို ပြုလုပ်လျက်က မမောတမ်းပြောနေပြန်သည်။ သမီးလေးမျက်နှာတွင် ပြုံးပန်းဟူသမျှ ဖူးပွင့်လေသည်ဟု ထင်မှတ်မိလေသည်။

ဩော်၊ မိန်းကလေးတစ်ဦးအတွက် အမြင့်ဆုံးဆု၊ အမြတ်ဆုံး ရလဒ်တို့နှင့် ပြည့်စုံခဲ့လေသည်တကား။

‘ကဲကဲ၊ ညဉ့်နက်လှပြီ၊ အေးအေးလဲ သွားအိပ်ချေတော့၊ သမီးလေး ရေကြည်၊ ထားလို့ရတာတွေ ထားလိုက်ဦး၊ နောက်နေ့ကျမှ လုပ်ကြတာပေါ့၊ အေးအေးလဲ နားပါစေ၊ ခများ ပင်ပန်းနေတာ ရက်တွေကြာပြီ’



မမြယဉ်သည် သူ့အိမ်ဖော်မလေးကို အနားယူခိုင်းသည့်နည်းတူ သမီးကိုလည်း သတိပေးလိုက်၏။ ကျွန်မ သူတို့အနီးအနား ရောက်နေခိုက်ဖြစ်၍ သားအမိနှစ်ယောက်လုံး၏ လှုပ်ရှားမှုအလုံးစုံကို မြင်တွေ့နေရခြင်း ဖြစ်ပါသည်။ အေးအေး အခန်းအပြင်သို့ ထွက်သွားပြီး ခဏမကြာမီ လေသံတိမ်တိမ်ဖြင့် မမြယဉ် သူ့စကားကို ဆက်ပါသည်။

‘ဒီမှာ သမီး၊ သမီး ဒီနေ့ကစပြီး အိမ်ထောင်ရှင်မဖြစ်သွားပြီနော်၊ အပျိုဘဝတုန်းကလို ခြေလွတ်လက်လွတ် နေလို့မရတော့ဘူး၊ ကိုယ့်အိပ်ခန်းထဲကို အိမ်က ကလေးမတွေကို အဝင်ခံလို့ မရဘူးလေ၊ နောက် သမီးအိမ်နဲ့သမီး ခွဲနေရတော့မှာ၊ ကိုယ့်အိပ်ခန်းထဲ ဟိုဟာလုပ်ခိုင်း၊ ဒီဟာလုပ်ခိုင်း၊ အိပ်ရာခင်းပြင်ခိုင်းဆိုတာမျိုးတွေ မခိုင်းမိစေနဲ့ ကြားလား၊ သူတို့လည်း လူတွေပဲ၊ ကိုယ့်ရဲ့ အိပ်ရာခမ်းနား အပြင်အဆင်တွေကို မြင်ရင်း ထိတွေ့ရင်းနဲ့ စိတ်တစ်မျိုးတစ်မည် ပြောင်းသွားနိုင်တယ်’

သမီးသည် နားလည်သယောင်ယောင်မျက်နှာလေးဖြင့် သူ့မိခင်ကို ခေါင်းညိတ် အဖြေပေးရှာပါသည်။

ထိုနေ့ည အိပ်ရာအဝင်တွင် မမြယဉ်၏ လေယုလေသိမ်းစကားသံတို့သည် အပ်ကြောင်းထပ်သည့် ဓာတ်ပြားဟောင်းတစ်ခုအလား ကျွန်မနားတွင် အခါခါဝင်ရောက်နေပါတော့သည်။ မျက်စိကို စုံမှိတ်ပြီး ရှင်တော်မြတ်ဘုရားကို အာရုံပြုကြည့်ပါ၏။ မြတ်စွာဘုရားကိုယ်တော်၏ ပုံရိပ်အစား တသွင်သွင်စီးဆင်းနေသော ချောင်းငယ်တစ်ခုသာ ကျွန်မ မြင်ကွင်းသို့ ရောက်ရှိလာခဲ့ပါသည်။ ကျွန်မသည် စမ်းချောင်း၏ ကမ်းစပ်တွင် အေးဆေးစွာ ထိုင်လိုက်မိ၏။ တသွင်သွင်စီးဆင်းလာ

သော ရေအလျဉ်သည် ကျွန်မ၏ ခြေကျင်းဝတ်ကို ပွတ်တိုက်ကျော်ဖြတ်၍ ကျီစယ်သွားပါသည်။ သဘာဝ၏ အေးချမ်းသာယာမှုတွင် ကြည်နူးရင်း ရေအလျဉ်တွင် ရော်ရွက်ဝါတို့ မျောပါလာနေသည်ကို မမှိတ်မသုန်ကြည့်ဖြစ်၏။ ဟောစာရွက်ဖြူလေးတွေ ရွက်ကြွေနှင့်အတူ ရောလျက်။ တစ်ရွက်၊ နောက်တစ်ရွက် နောက် နောက် တစ်ရွက်ချင်းကို ဆယ်ယူ၍ ကျွန်မ ဖတ်မိပြီး ဖြစ်သွားပါတော့သည်။

'မကြည်အောင်၊ ကျွန်တော်နဲ့လိုက်မယ့် နှစ်ရှစ်ဆယ်ထဲက ပုဆိုးနှစ်ထည်လောက် ရွေးထားပေးပါ၊ ညနေ ဆိုင်သိမ်းတော့ ကျွန်တော် ဝင်ယူမယ်'

အသံလာရာသို့ ကျွန်မ လှည့်ကြည့်ဖြစ်ချိန်တွင် သူ ကျောခိုင်း၍ ထွက်သွားသည်ကိုသာ တွေ့လိုက်ရပါတော့သည်။ ကိုလွှန်းမောင်။ ကျွန်မထက် သုံးနှစ်လောက်စော၍ ဈေးလောကထဲ ရောက်ရှိလာသူ ဖြစ်ပါသည်။ ကျွန်မကဲ့သို့ပင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခြင်း မပြုတော့ဘဲ မိဘ၏ လက်ငုတ်လက်ရင်း လုပ်ငန်းကို ဦးစီးနေသူဖြစ်၏။ သူ၏ ကုန်ခြောက်ပွဲရုံမှာ ကျွန်မတို့ အထည်တန်းနှင့် အတော်လေးလှမ်းသော်လည်း ကျွန်မဈေးထွက်ပြီး နှစ်လလောက် အကြာမှာပင် တစ်ခရီးတည်းသွား ဈေးမိသားစုအနေဖြင့် သူနှင့် ကျွန်မ သိကျွမ်းသွားကြပါသည်။ ထိုထက်တွင်မူ ကျွန်မမှာ အထည်သည်တို့၏ နှုတ်ရေးစကား ကြွယ်လေ့ရှိသည့်အတိုင်း တစ်ခါ တစ်ရံ ကျွန်မ ဆိုင်ရှေ့ သူ ဖြတ်သွားလျှင်

'ကိုလွှန်းမောင်ကြီး၊ ရှပ်အင်္ကျီစ အသစ်တွေ ရောက်တယ်၊ ဖြတ်သွားပါဦး'



'မနေ့ကရောက်တဲ့ ပုဆိုးတွေ အသားကောင်းလိုက်တာ၊ ကြည့်သွားပါဦးလား ကိုလွှန်းမောင်ရဲ့၊ မယူလည်း ကြည့်ရတာပေါ့'

စသည်ဖြင့် ဈေးခေါ်ကောင်းရာမှ သူသည် ကျွန်မ၏ ဖောက်သည်ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ပါသည်။

သို့စေကြားလည်း ယခုကဲ့သို့ သူနှင့်လိုက်ဖက်မည့် ပုဆိုးကို ကျွန်မအား ရွေးချယ်ခိုင်းသည့် စကားမျိုးမှာတော့ ကျွန်မအဖို့ ပုဆိုးရောင်းရရုံနှင့် ကိစ္စကပြီးမသွားဘဲ သူ့လေသံ သူ့ဟန်ပန်တို့သည် ကျွန်မ၏ နှလုံးသားကို ရောက်သည်အထိ လှိုင်းထ လှုပ်ရှားစေခဲ့ပါသည်။ ဤကဲ့သို့သော လေလှိုင်းတို့ ရိုက်ခတ်ဖန်များသောအခါ ကျွန်မတို့ တစ်ဦးနှင့်တစ်ဦးပြောဆိုဆက်ဆံသည့်စကားလုံးတို့သည် တဖြည်းဖြည်း မေတ္တာသံစဉ်များအဖြစ် ပြောင်းလဲခဲ့ပါလေသည်။

ကျွန်မနှင့် ကိုလွှန်းမောင် မေတ္တာမျှကြပြီး ငါးနှစ်မျှ သက်တမ်းရလာသောအခါ လက်ထပ်ဖြစ်ကြပါသည်။ မောင်နှမဦးရေများသည့် ကိုလွှန်းမောင်သည် သမီးတစ်ဦးတည်းရှိသော ကျွန်မတို့ အိမ်သို့ လိုက်လာခဲ့ပါ၏။ သို့နှင့် ကိုလွှန်းမောင်မှာ အလိမ္မာအိမ်ပါ ယောကျ်ားသားတစ်ဦးအဖြစ် ကျွန်မတို့အိမ်တွင် အိမ်ဦးနတ်တစ်ပါး ဖြစ်လာပါတော့သည်။ ကျွန်မ၏မိဘများမှာ ကြေးရတတ်များဖြစ်သည်နှင့်အမျှ တစ်ဦးတည်း သမီးဖြစ်သူ ကျွန်မအား လိမ္မာရေးခြားရှိလှချည်ရဲ့။ မိဘ၏ လုပ်ငန်းကို စည်ပင်တိုးပွားအောင် လုပ်နိုင်လှချည်ရဲ့နှင့် အမျိုးမျိုးရှာကြံချီးမွမ်းလေ့ရှိပြီး ကျွန်မကို ခြေမွေးမီးမလောင် လက်မွေးမီးမဟပ်ထားခဲ့ကြပါသည်။ ယခု အိမ်ထောင်ပြုပြန်သောအခါ၌လည်း လူအေးလူကောင်းကို သမက်တော်ရ၍ ကံကောင်းလှချည့်ဟု ကျွန်မအား

ကျေးရေးတင်နေကြပြန်လေသည်။ ဤသို့သော ပုံပိုးမှု အမျိုးမျိုးဖြင့် ကျွန်မမှာ အိမ်ထောင်သည်သာဖြစ်လာသော်လည်း မီးဖိုချောင်ဝင်စရာ မလို၊ အချိန်တန်လျှင် ထမင်းချိုင့် ဆိုင်သို့ရောက်လာမြဲ။ အဝတ်လျှော်ဖို့ မဆိုထားနှင့် မီးပူပင် မတိုက်ရ။ ဗီရိုဖွင့်လိုက်သည်နှင့် ဝတ်လိုသည့် လုံချည် အင်္ကျီအဆင်သင့်၊ အိမ်မှာ ခိုင်းဖို့စေဖို့ ကလေးမလေး နှစ်ဦး သုံးဦး အမြဲ ရှိနေတတ်ပါသည်။ အိမ်အလုပ်မှန်သမျှ သူတို့ ခြေ၊ သူတို့ လက်။

ကျွန်မကိုယ်ကျွန်မ ပြုပြုပြင်ပြင်ဝတ်စားဆင်ယင်ပြီး ဆိုင်ထွက်ရန်၊ ကျွန်မ၏ အထည်ဆိုင်ကို သားနားသည်ထက် သားနားအောင် မွမ်းမံရန်၊ ကုန်စာရင်း၊ ငွေစာရင်း ပြုစုရန် စသည်တို့ထက်ပိုသော တာဝန် ကျွန်မတွင် မရှိပါပေ။ ကံကောင်းလေစွ။

ကိုလွန်းမောင်သည် ကျွန်မနှင့်လက်ထပ်ပြီးသောအခါ နံနက်ပိုင်း ကျွန်မနှင့်အတူ ကူ၍ အထည်ဆိုင်ထွက်ပေးပါသည်။ အိမ်မှ ထမင်းချိုင့် ရောက် စားသောက်ပြီးသည်နှင့် သူ့မိဘများပွဲရုံသို့ကူး၍ ထိုဆိုင်သိမ်းမှပင် အိမ်သို့ပြန်လာတတ်လေသည်။ ကုန်ခြောက်ပွဲရုံမည်သည် ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် ဟူသော အလေးအပင် အညစ်အထေးပစ္စည်းများဖြစ်၍ ညနေပိုင်း သူအိမ်ပြန်ရောက်လျှင် ကျွန်မမှာ သူ၏ ပေကျံလာသော အင်္ကျီ လုံချည်များ၏ အနံ့အသက်ကို မကြာခဏဆိုသလိုပင် မခံမရပ်နိုင် ဖြစ်ရသည်အထိ ရှိတတ်ပါသည်။

'ဟဲ့ ပေါက်စမရေ လာပါဦးဟယ်၊ နင့်ဦးမောင် ကျောကုန်းက ချေးတွေ တွန်းပေးလိုက်စမ်း၊ တကတည်း ဆီပုံးများထမ်းလာရော့လား မသိပါဘူး၊ ကိုလွန်းမောင်ရယ်၊ ရှင့်ကျောမှာ ဆီချေးတွေနဲ့'



တစ်ခါတစ်ရံ သူ၏ အရောင်းအဝယ်ကိစ္စများ မပြတ်၍ ကျွန်မ ညစာစားပြီးချိန် မိုးချုပ်လုမှ အိမ်ပြန်ရောက်တတ်ပါသေးသည်။

'မီးဖိုထဲမှာ ဘယ်သူရှိလဲဟေ့၊ ရှိတဲ့တစ်ယောက်ယောက် ဦးမောင်ကို ထမင်းပွဲပြင်ပေးလိုက်ကြဦး၊ ငါ ဒီမှာ စာရင်းလုပ်နေတာ မပြတ်သေးလို့'

ကိုလွန်းမောင်မှာ အေးချမ်းသူဖြစ်၍ ကျွန်မ သူ့အတွက်ထမင်းခူးခပ်မပေးသည်ကို မငြိုငြင်ရုံမျှမက

'ရပါတယ်ကွာ၊ အမေ့အိမ်မှာဆို ကိုယ့်ဘာသာခူးစားရတာ'ဟု စီစဉ်ပေးသည့် ကျွန်မကိုပင် အားနာနေပြန်ပါသည်။

ကျွန်မအိမ်မှ ကလေးမလေးများ သူ့အတွက် လုပ်ကိုင်ပြင်ဆင်ပေးကြသည်ကို ပထမပိုင်း၌ အားတုံ့အားနာ ဖြစ်နေတတ်သည့် ကိုလွန်းမောင်သည် တစ်နှစ်ကျော် နှစ်နှစ်အတွင်း ရောက်လာသောအခါ အရာရာသည် အသားကျစပြုလာ၏။ သည့်အရင်အချိန်များက အိမ်တွင် ကျွန်မ မရှိပါလျှင် ကျွန်မရှိမည်ထင်သည့် ဆွေမျိုး မိတ်သင်္ဂဟ အိမ်များအထိ လိုက်လံရှာဖွေပြီး ကျွန်မရှိမှသာ အိမ်၌နေပျော်သော လင်တော်မောင် ကိုလူအေးသည် တဖြည်းဖြည်း ကျွန်မ ဘယ်ကိုသွားသွား တကောက်ကောက် လိုက်ပါခြင်းမပြုတော့ဘဲ အိမ်တွင် နေတတ်လာပါသည်။ ဒါကို ကျွန်မ သဘောကျပါသည်။ မေတ္တာမျှ၍ သူ့ကို လက်ထပ်ထားသည် မှန်သော်လည်း အိမ်ထောင်သည် မိန်းမတို့၏ ထောင်ကျနေရသောဘဝကို ကျွန်မ မှဲနှစ်မြို့တတ်ပါပေ။ ကျွန်မနှင့် ရပြီးခါမှ သူ့အဝတ်အစား၊ အနေအထိုင်တို့ သူ့မိဘအိမ်မှာနေရသည့် ဘဝထက် ကောင်းမွန်သားနားအောင် ကျွန်မ ထားနိုင်ခဲ့သည်ပဲ။ ကျွန်မ

တာဝန်ကျေသည်ထက်ပင် ပိုလွန်နေပြီဟု တွေးမိပါသည်။ ကျွန်မတို့ အိမ်ထောင်သက် ဆယ်နှစ်မျှရှိလာသောအခါ ကျွန်မ၏ မိဘများ ဆုံးပါးခဲ့လေသည်။ ကျွန်မကိုယ်တွင် သားသမီးလည်း မထွန်းကားဘဲရှိရာ အိမ်မွေးပေါက်စမနှင့် မဂျမ်းတို့သည် ကျွန်မ၏ သားသမီးဆိုလည်း ဟုတ်၏။ အဖော်ကောင်းဆိုလျှင်လည်း မမှားပါပေ။ မိဘများဆုံးပါး၍ အိမ်သားဦးရေ နည်းပါးနေချိန်တွင် ပေါက်စမက ကောက်ကာငင်ကာ ယောကျ်ားနောက် လိုက်ပြေးပြန်ပါသည်။

သြော်၊ သီးချိန်တန်သီးတဲ့ သဘာဝတရားပေပဲ၊ သူ့အသက် လည်း သုံးဆယ်ဝန်းကျင်တောင်ရှိပေါ့၊ တရားနှင့် ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရပါတော့သည်။

စိုင်ကော်၍ ချုံပေါ်ရောက်သည်ဟု ရှေးစကားရှိ၏။ ယခု မဂျမ်းမှာ အခြေပေး၍ ရွှေသွေးဘဝသို့ နေ့ချင်းညချင်း ရောက်လာ လေသည်။

ကျွန်မကလည်း မဂျမ်း၊ ကိုလွန်းမောင်ကလည်း မဂျမ်းနှင့် တစ်ဂျမ်းတည်း ဂျမ်းနေကြရလေသည်။ နာမည်ကသာ မဂျမ်းဖြစ်သော် လည်း ကလေးမမှာ အသက်ဆယ့်ရှစ်နှစ်အရွယ် အလှသွေးကြွယ်စ လှလှပပ ချစ်စဖွယ်လေး ဖြစ်ပါသည်။ အသားညိုသော်လည်း ပါးစုံ့ ကလေးများမှာ ဖောင်းအိပြီး သူ့မျက်လုံးအစုံမှာ ဝန်းဝန်းကြည်ကြည် ကလေးဖြစ်၍

'မဂျမ်း၊ နင် ငယ်ငယ်ကလေးရှိသေးတယ်၊ ပေါက်စမလို ခိုးရာ လိုက်မပြေးနဲ့နော်၊ နင်သဘောကျတဲ့လူရှိရင် ငါ့ကိုပြော၊ အဆင်ပြေ အောင် စီစဉ်ပေးမယ်၊ ကြားလား'ဟုပင် စေတနာပိုစကားများ ဆိုမိ သည်အထိပင် ဖြစ်ရပါသည်။



အချိန်တွေ တရွေ့ရွေ့ ကုန်လွန်သည်နှင့်အမျှ ကိုလွန်းမောင် အသက်လေးဆယ်ကျော် ငါးဆယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာလေ သည်။ ငယ်စဉ်မှစ၍ ပွဲရုံတွင် အလေးအပင်ပစ္စည်းများကို ချီဟယ် မဟယ်၊ ကုန်းဟယ် ကွဟယ်နှင့် အလုပ်လုပ်ခဲ့သူမှာ အသက်ကလေး ရလာသည်နှင့် အညောင်းအညာ အကိုက်အခဲ ထူပြောစပြုလာ၏။ အိပ်ရာဝင်ခါနီးတိုင်း သူ့အား နင်းနယ် နှိပ်ပြုပေးရသည်မှာ မဂျမ်း အတွက် နေ့စဉ်လိုလို တာဝန်တစ်ခု ဖြစ်လာခဲ့လေသည်။

'သူလေးရှိပေလို့ တော်တော့တယ်၊ မဟုတ်လျှင် ငါ့မှာ ဒုက္ခ'

ကျွန်မ အခါခါ တွေးမိရတတ်ပါသည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟု ဆိုစကားရှိသည့်အတိုင်း ယခု တလော မိုးအဆက်မပြတ်ရွာနေလေသည်။ အထည်ဆိုင်တို့မည်သည် ဝါတွင်းကာလတွင် အရောင်းပါးတတ်ပါသည်။ နေ့လယ်ဘက် ဖြစ် သဖြင့် ကိုလွန်းမောင်မှာလည်း ပုံမှန်အတိုင်း ပွဲရုံသို့ ကူးသွားပြီဖြစ်၏။ ဈေးရောင်းမကောင်းသည့်အတူတူ အိမ်ပြန်ပြီး အိပ်ရာတွင် နှပ်နေလိုက် သည်ကမှ ကောင်းလေဦးမည် အတွေးနှင့် ညနေ သုံးနာရီခန့်တွင် ဆိုင်သိမ်း၍ အိမ်ပြန်လိုက်ပါသည်။ မိုးငွေ့ဖြင့် စိုထိုင်းနေ၍လား မပြော တတ်။ ကျွန်မခြေလှမ်းတို့ တုံ့လေးစွာ အိမ်လှေကားသို့ ရောက်လာခဲ့ ပါသည်။

'မဂျမ်းရေ'

ထုံးစံအတိုင်း မဂျမ်းရေဖြင့် အိမ်တံခါးဝသို့ ချဉ်းနင်းလာဖြစ်၏။ တစ်အိမ်လုံးလည်း တိတ်ဆိတ်လို့ပါလား။ ကောင်မလေး ဘယ်များ ခြေရှည်နေပါလိမ့် အတွေးဖြင့် တံခါးကို တွန်းဖွင့်လိုက်မိသည်။

ထူးဆန်းစွာ တံခါးချက်ကျနေလေသည်။ ကျွန်မတို့မြို့တွင် နေ့လယ်နေ့ခင်းဘက် အိမ်အဝင်တံခါးကို ပိတ်ထားကြရိုးထုံးစံမရှိပါ။ ကျွန်မစိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသော်လည်း 'ဩော် ဒီအနီးအနား တစ်နေရာရာသွားထင်ပါရဲ့' တစ်ခါတစ်ရံ မီးဖိုချောင်တံခါးမှ နောက်ဘက်လမ်းသို့ ကူးတတ်သည်ကို အမှတ်ရ၍ ဖြေစရာတွေးမိသည့်ကြားက တံခါးကို ခပ်ကြမ်းကြမ်းလေး ဆွဲလှုပ်ရင်း 'မဂျမ်းရေ၊ မဂျမ်းရေ'နှင့် အကြိမ်ကြိမ် အော်ခေါ်နေမိပါသည်။ တစ်အောင့်အကြာတွင် အိမ်တွင်းမှ ခပ်လေးလေး ခပ်မှန်မှန် ခြေသံအဆုံး၌ တံခါးချက်ပွင့်သွားပါသည်။ ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားမိသော ကိုလွန်းမောင်။ သူ့မျက်နှာတွင် ထူးခြားသော၊ ကျွန်မ ဘယ်တုန်းကမှ မမြင်ဖူးခဲ့သော အမူအရာများ တရိပ်ရိပ် ပြေးနေလေသည်။ တစ်ခဏချင်း အရာရာကို ကျွန်မ သဘောပေါက်ပြီး ဖြစ်သွားပါသည်။

ယမ်းပုံမီးကျသည်လား၊ ငယ်ထိပ်မြွေပေါက်သည်လား၊ ဘယ်လိုခံစားရသလဲ တိတိကျကျ ကျွန်မ မပြောတတ်သော်လည်း ထိုနေ့၊ နောက်နေ့၊ နောက်နေ့ နေ့ပေါင်းများစွာ လောကငရဲဘုံတွင်းသို့ ကျဆင်းသွားသကဲ့သို့ ခံစားနေရခြင်းကိုတော့ ကျွန်မကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်ပါတော့သည်။

'ဒီမှာ မကြည်အောင်၊ မင်း ဒေါသကိုလဲ နည်းနည်းလျှော့ဦး၊ တကယ်တော့ ဒီအဖြစ်တွေအားလုံးဟာ မင်း ဖန်တီးခဲ့တာတွေချည်းပဲ၊ တို့ကိုယ်တိုင်လဲမှားပါတယ်လို့ ဝန်ခံခဲ့ပြီးပြီ၊ တို့ ဒါထက်ပိုပြီး ဘာမှ မတတ်နိုင်ဘူး၊ တို့ဟာ မင်းနဲ့သာလက်ထပ်ထားတာ၊ တို့ တကယ်ညားနေတာက ပေါက်စမတို့၊ မဂျမ်းတို့နဲ့ပဲဟာ၊ ထမင်းစားလဲအတူတူ၊



ရေချိုးလဲအတူတူ၊ နောက် အိပ်ခန်းထဲရောက်တဲ့အထိ မင်းပဲခေါ်ခဲ့တာပဲ။ တို့ ဘုရားရဟန္တာမဟုတ်ဘူး'

ဒေါသမီး ဟုန်းဟုန်းတောက်နေလျက်က ကျွန်မ သူ့ကို ဖျတ်ခနဲကြည့်ပြီး ချက်ချင်းပင် မျက်နှာလွှဲလိုက်မိပါသည်။ သူသည် ရေနွေးကြမ်းခွက်ကို အရှိန်ဖြင့် မော့နေမှန်း လှည့်မကြည့်ဘဲ ကျွန်မ သိနေပြန်သည်။ ဩော် နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှပေါင်းခဲ့သည့် လင်သားပေပဲ။ သူ့စကားသံတို့သည် ကျွန်မနားထဲ ပဲ့တင်ထပ်ကာ အနင်းခံရင်း အိပ်ပျော်ပျော် သွားတတ်သော သူ့အသွင်ကို အထင်းသား မြင်ယောင်နေမိပြန်ပါသည်။

'ကဲ ကဲ၊ အနင်းခံမယ်ဆိုလဲ အိမ်ခန်းထဲမှာသာ အနင်းခံပေတော့။ ဒီအိမ်ရှေ့ခန်းကြီးထဲမှာ ခြင်ကလဲကိုက်သေး၊ ပြီး နှိုးရလည်း ခက်ပါဘိသနဲ့'

ကိုယ့်စေတနာ စကားများကို ကိုယ်တိုင် နှုတ်ဖြင့် ဖွဖွရွတ်မိသကဲ့သို့ ပြန်လည်ခံစားမိလေသည်။ ခုတော့ ဒါတွေ ဒါတွေဟာ ကျွန်မသာလျှင် တရားခံဖြစ်သည်ဟု စွပ်စွဲခံစရာ ဖြစ်လာခဲ့လေပြီတကား။

ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ်၌တင်လိုက်သည့်အသံနှင့်အတူ သူ ဆက်လက်ပြောလာသော စကားသံသည် ကျွန်မ၏ လွင့်မြောနေသော အကြားအာရုံကို နှိုးဆွလိုက်ပါသည်။

'ပြီးတော့ တို့ မင်းနဲ့လဲမခွဲနိုင်ဘူး၊ မဂျမ်းလေးကိုလဲပစ်လို့မဖြစ်ဘူး။ ဒီတော့ တို့ အရင်ကလိုပဲ အေးအေးချမ်းချမ်း ပြန်နေကြရအောင်၊ မင်း စိတ်လျှော့လိုက်ဖို့ တစ်ခုပဲလိုတယ်၊ မင်း စိတ်ထားတတ်ရင် ဒီအိမ်မှာ မင်း ဗိုလ်ပါပဲ၊ အေး၊ တကယ်လို့ မင်း မနေနိုင်ဘူးဆိုရင်တော့

မင်းကြိုက်သလို လုပ်ပေတော့၊ တို့ကတော့ တစ်ရက်က နှစ်ရက် အဖြစ်ခံပြီး ဒီအိမ်ပေါ်ကနေပြီး ဆင်းမသွားနိုင်ဘူး'

သည်အိမ် သည်မြေကို ကျွန်မ ပိုင်ဆိုင်သော်လည်း ကိုရွှေလွှန်းမောင်က ကျွန်မ မလှုပ်သာအောင် ရာဇသံပေးလာလေပြီ။

အိမ်ထောင်တစ်ခုတွင် ခင်ပွန်းဖြစ်သူက လော်လီဖောက်ပြားသွားသည် ဆိုခြင်းမှာ ယွင်းပျက်တတ်သူ၊ ထိုသို့သော အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားတို့၏ သေးသိမ်နိမ့်ကျခြင်းကို အခြေခံပါသော်လည်း ကျွန်မတို့ ဇနီးမယားများ၏ အားနည်းချို့ယွင်းမှု တစ်ခုခု၏ တွန်းအားသည် ငါးဆယ်ရာနှုန်းမက ပါဝင်နေကြောင်း အစင်းသား သိလာပြီဖြစ်သော ကျွန်မအဖို့ သူတို့နှင့် တစ်မိုးတည်းခို၊ တစ်ရေတည်းသောက်ဖို့ အရေးမှာ သိက္ခာကျလွန်းလှပါသည်။ ၎င်းအပြင် ဤမျှလောက် အောက်တန်းကျသော ဖြစ်ရပ်တစ်ခုကို ဖန်တီးခဲ့သူတစ်ဦးက စီစဉ်ပေးသည့်အတိုင်း စိတ်လျှော့ပြီး အရင်အတိုင်း ဆက်လက်နေထိုင်ဖို့ရန်ကိစ္စကို လက်ခံနိုင်လောက်အောင်လည်း ကျွန်မသည် အားငယ်ပျော့ညံ့သူတစ်ဦး မဟုတ်ခဲ့ပါပေ။

ဤသို့ဖြင့် ဖောက်လည်းဖောက်ပြားသေးရဲ့၊ မယားကြီးအိမ်ကိုလည်း အပိုင်စီးသေးရဲ့၊ ယောကျ်ားမာန ခဝါချပြီး မျက်နှာပြောင်တိုက်ရဲလွန်းလှတဲ့လူ ဟူသည့် အရပ်ကပေးသော ဘွဲ့နာမဖြင့် ကိုလွှန်းမောင်ရင်ဝသို့ ထိမှန်အောင် ပစ်ထည့်ရင်း ခေါင်းမော့ ရင်ကော့၍ ကျွန်မအိမ်ပေါ်က ဆင်းခဲ့ပါသည်။ ကိုလွှန်းမောင်နှင့် ပေါင်းသင်းခဲ့သမျှကာလအတွင်း လက်ထက်ပွားပစ္စည်း မှန်သမျှမှာလည်း ကျွန်မ၏ လက်ဝယ်တွင်ရှိပြီးဖြစ်နေ၍ ဤမျှလောက် ကျွန်မ သတ္တိရှိခဲ့ခြင်းလည်း ဖြစ်ပါသည်။ မိဘ၏ အမွေအနှစ်အားလုံးနှင့် ပိုင်ဆိုင်မှုအရင်းအနှီး



ဟူသမျှကို ပိုက်ပြီး သစ္စာမဲ့သူနှင့် ဝေးရာ ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုတွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ ရာသီတွေဆယ့်လေးငါးကြိမ်နီးပါးတောင် ပြောင်းခဲ့ပြီးဖြစ်ပါသည်။ ပြိုလဲပေါက်ပြဲနေသည့် ကျွန်မဘဝကို ကျားကန်ဖာထေး၍ အရာရာကူညီပံ့ပိုးခဲ့သူမှာ မမြယဉ်သာလျှင် ပါတည်း။

သမီးဖြစ်သူတက္ကသိုလ် စတင်တက်ရောက်ကတည်းက ကျွန်မတို့မြို့မှ ပြောင်းရွှေ့၍ ရန်ကုန်တွင် အခြေချခဲ့ကြသော သူမ၏ မိဘများအစီအစဉ်ဖြင့် ယခုအချိန်တွင် မမြယဉ်တို့ မိသားစုအခြေအနေမှာ အရာရာ နေသားတကျဖြစ်၍နေလေပြီ။ အတ္တနှင့် ပရ ကောင်းကျိုးကို ဟန်ချက်ညီ စွမ်းဆောင်နိုင်ခဲ့ကြသော သူတို့ မိသားစု ဘဝလေးကို အားကျလျက်က အောင်မြင်သော အိမ်ထောင်စုတို့သည် တိုင်းကြီးပြည်ကြီးတစ်ခုအတွက် ခိုင်မြဲသော အခြေခံအုတ်ချပ်များ ဖြစ်၏ ဟူသော ဖတ်ဖူးသည့် ပညာရှိစကားတစ်ရပ်ကို အမှတ်ထင်ထင် ရှိရပြန်လေသည်။

'ခြော်၊ ဒီလိုဘဝမျိုးကို ငါ မျှော်လင့်လို့ မရတော့ပါလား'

ဒေါင်.... ဒေါင်.... ဒေါင်

နံနက်သုံးနာရီ သံချောင်းခေါက်သံသည် ကျွန်မအား အတွေးရေစီးကြောင်းမှ ဆယ်ယူလိုက်ပါသည်။

ဟင်း၊ သက်ပြင်းကိုရှည်လျားစွာချရင်းက မှန်ပြတင်းမှ ဖြတ်ကျော်ဝင်ရောက်လာသော အိမ်အပြင် မီးရောင်ကို အားပြု၍ အမြဲတစေဆောင်ထားနေကျ ဆေးတစ်လုံးကိုယူ၍ သောက်လိုက်ရပါသည်။ မနက်ဖြန်နံနက် မိုးသောက် အလင်းရောက်လျှင်ဖြင့် မိခင်ကြီး၏ ဆုံးမစကားကို နိုးတစ်ဝက် အိပ်တစ်ဝက်မျက်နှာလေးဖြင့် နားထောင်ခဲ့ရှာ

သော သမီးငယ်စမ်းရေကြည်အား တကယ့်ဖြစ်ရပ်မှန် ပုံပြင်လေးတစ်ပုဒ်ကို ပြောပြရင်း မှုန်ရီဝေနေသည့် ဦးနှောက်လေးကို အရောင်တင်ပေးရဦးမှာပါလား ဟူသော အတွေးမျှင်တစ်ခုက အိပ်ပျော်ဖို့ကြိုးစားနေသည့်ကြားမှပင် အသိဉာဏ်တွင်းသို့ ဖြတ်ကျော်ဝင်ရောက်လာပါသေးသည်။

မည်သို့ပင်ဖြစ်စေ၊ တစ်ထွာမျှသော သမုဒ္ဒရာငယ်အတွင်းမှ ဆေးတစ်လုံး၏ စွမ်းအားဖြင့် ကျွန်မ လုပအောင် မခြယ်မှုန်းမိခဲ့သော ဘဝပန်းချီကားလေး၏ အရိပ်သည် တစ်ခဏ ကျွန်မ၏ အာရုံမှ ပျောက်ကွယ်သွားမည်မှာတော့ သေချာလှပါသည်။

***

[ လုံမလေး။ ။ ဧပြီ၊ ၂၀၀၀။ ]

## အလင်းရောင် ကွယ်ပျောက်ခဲ့သော အစိတ်အပိုင်းတစ်ခု

နံနက်ငါးနာရီ ခွဲလုလုတွင် ဖျတ်ခနဲ လန့်နိုးသွား၏။ မီးဖိုခန်းဆီမှ အမေနှင့်ဒေါ်လေးတို့ အသံများကို ခပ်ဖွဖွ ကြားနေရသည်။ အဖေတော့ ဘုရားခန်းတွင် တရားမှတ်နေရောမည်။ မျက်နှာချင်းဆိုင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သားနှစ်ယောက်ကိုကြည့်လျက် ဒီနေ့ သားတို့ဖေဖေ ပြန်လာတော့မှာကွလို့ ရင်ထဲစကားဆိုရင်း တစ်ကိုယ်ရေကိစ္စတွေကို အမြန်လှုပ်ရှားဖြေရှင်းရာက အသိစိတ်တွေ ထင်ထင်ရှားရှား ရှိနေဆဲဖြစ်သော ညက အိပ်မက်၏ ပုံရိပ်ကို မြင်ယောင်နေမိပြန်သည်။

အိပ်မက်ထဲမှာ ကိုယ့်ပတ်ဝန်းကျင်တွင် တပည့်တွေနှင့် ရှုပ်ထွေးနေ၏။ ကလေးတွေ ဟိုနေရာတစ်စု၊ ဒီနေရာတချို့၊ မှိုင်းခံမှန်ပြားလေးတွေနှင့် ဒေါင်းဖလ်ဝါ နေမင်းရှိရာကို တမော့်မော့နှင့် ကြည့်ရှုနေကြသည်။ နေကြတ်နေသည်တဲ့။ ကိုယ်သိတာတော့ တစ်လောကလုံး မှုန်ရရီ မပီဝိုးတဝါး အလင်းရောင် ခပ်မှိန်မှိန်အောက်မှာ ကျရောက်နေတာပဲ ဖြစ်လေသည်။

ထိုမြင်ကွင်းအားလုံးသည် ယနေ့မနက်အထိ အာရုံတွင် စွဲမြဲစွာ ထင်းထင်းကြီး ရှိနေသေးပြန်သည်။ ဒုက္ခများပါလိမ့်။

ကျောင်းမသွားမီ ရသော သုံးနာရီဝန်းကျင် အချိန်တိုအတွင်း အိမ်ကိစ္စ သားတို့ကိစ္စများကို ခြေသွက်လက်သွက် ဖြေရှင်းပြီး ရှစ်နာရီ ခွဲလျှင်တော့ ကားဂိတ်ဆီသို့ ထုံးစံအတိုင်း အပြေးလှမ်းရသည်။ ဘယ်လောက်ပဲ တက်သုတ်ရိုက်ရသည်ဆိုစေ၊ ကျောင်းဝင်းတွင် ခြေချ ချိန်တိုင်းမှာတော့ ဒုတိယခေါင်းလောင်းသံက မောဟိုက်လာသူကို ရွှေရင်ဆို့မတတ် မြည်ဟည်းသွားသည်ဟု ထင်မှတ်ခဲ့ရသည့် အကြိမ် လည်း မနည်းလှတော့ပေ။

နေ့လယ်တစ်နာရီခွဲ လေယာဉ်နှင့် ပါလာမည်ဖြစ်သော ခင်ပွန်း သည်ကို ကြိုဆိုဖို့ နေ့ဝက်ခွင့်ယူပြီး ကိုယ့်တာဝန်ရှိနေသော နံပါတ် နှစ်နှင့် သုံးချိန်ကို သင်ကြားဆဲမှာပင် ရုံးခန်းက အခေါ်ရောက်လာ လေသည်။

တပည့်များကို မှတ်စု ကူးခိုင်းထားခဲ့ပြီး တယ်လီဖုန်းရှိရာသို့ အမြန်ပြေးရပြန်သည်။

'ဟုတ်ကဲ့၊ ပြောပါရှင်'

.........

'ဟုတ် ဟုတ်ကဲ့ပါ၊ ကျွန်မ ခုချက်ချင်း ပြန်ခဲ့ပါ့မယ်'

ဘုရား၊ ဘုရား၊ အဖေ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေ သည်။ စကားလည်း ပြောလို့မရတော့ဟုလည်း ဆိုသည်။ သက်ဆိုင်ရာ လူကြီးများကို အကျိုးအကြောင်းပြောပြီး တွေ့ရာသုံးဘီးကားကို လက် တား၊ တောင်းသလောက်ပေး၍ အိမ်အရောက် ပြန်ပြေးခဲ့ရသည်။

အဖေ၊ အိပ်ရာပေါ်မှာ ပက်လက်။ ပါးစောင်က သွားရည်တွေ တများများ စီးကျရာမှ နှစ်မိနစ် တစ်ကြိမ်ခန့် ဝါးခနဲ ဝါးခနဲ သမ်းဝေနေလေသည်။သတိရသည့်အချိန်တွင် မပီမသ ဝူးဝူးဝါးဝါး



အသံဖြင့် စကားပြောရန် ကြိုးစားနေသည်ကို ကြည့်၍ ကျွန်မရင်တွင် ဘယ်လို ခံစားရသည်ကို ပုံဖော်ရန်ပင် ခက်ခဲလွန်းလှပါသည်။

လက်ဝဲဘက် ခန္ဓာကိုယ်တစ်ခြမ်း လှုပ်ရှား၍ မရရုံမက လျှာ၏ ရွေ့လျားမှုကိုပါ ထိခိုက်သွားပြီဖြစ်၍ အဖေ စကားပြော၍မရခြင်း ဖြစ်ပေသည်။

မိတ်ဆွေဆရာဝန်ကြီးတစ်ဦးကို အမြန်ဆုံး အိမ်သို့ပင့်၍ အဖေ့ကို အပ်ရသည်။ အဖေ သွေးတွေတိုးနေသည်တဲ့။

ဒါကြောင့် ဦးနှောက်သွေးကြောကို ထိသွားသည်တဲ့။

'ကိုမင်းထွန်းလည်း ဒီနေ့ ပြန်ရောက်တော့မှာပဲ၊ သူလိုတာ ဆက်လုပ်ပါလိမ့်မယ်၊ ခုတော့ ကျွန်တော် ဆေးတစ်လုံးထိုးပေးခဲ့မယ်'

ဆရာဝန်ဖြစ်သူမှာ ခင်ပွန်းသည်နှင့် တစ်ဌာနတည်း တာဝန် ထမ်းဆောင်နေသူဖြစ်၍ ဒီနေ့ မောင်မောင် ပြန်ရောက်မည်ကို သိနှင့် နေကြလေသည်။

နာရီကြည့်လိုက်တော့ ၁၂ နာရီ ကျော်နေပြီ။ နောက်တစ်နာရီဆို လေယာဉ်ဆိုက်တော့မည်။

ခင်ပွန်းသည်မှာ တော်ဝင် ကောလိပ်မှ ခွဲစိတ်ပါရဂူဘွဲ့ ရယူနိုင်ရန် အတွက် အကြိုစာမေးပွဲကို စင်ကာပူနိုင်ငံတွင် သွားရောက်ဖြေဆိုနေခြင်း ဖြစ်လေသည်။

စာမေးပွဲ။

ကျွန်မ ခုမှ ခေါင်းနပန်းကြီးသွား၏။

ကျွန်မတို့ မိသားစုဘဝ အဆင်တပြေဖြစ်စေဖို့ အဆုံးအဖြတ် ပေးမည့် စာမေးပွဲ။ မောင်မောင် အောင်မှ အောင်ရဲ့လား။

ညက ဖုန်းသံတွေ ငြိမ်သက်လို့နေခဲ့တာ ခုမှ ပြန့်လို့ သတိရမိသည်။

တကယ်တော့ ဒါမျိုးစာမေးပွဲဆိုတာ ဖြေဆိုပြီးတာနဲ့ နာရီပိုင်းအတွင်း အောင် ရှုံး သိတာမျိုး။ ကျွန်မ ဘာကြောင့် ဒီလောက် မေ့လျော့နေခဲ့သည်လဲ။

မောင်မောင်နှင့် အတူသွား၍ စာမေးပွဲဖြေဆိုသူ သုံးယောက်။ သူတို့၊ သူတို့တွေရော။

ဒီသတိမျိုး ညကတည်းကရှိခဲ့လျှင် ကျန်ဆရာဝန်များဆီကို ဖုန်းနဲ့ ဆက်သွယ်မေးမြန်းခဲ့ရုံသာ။ ခုတော့။

စိတ်ဆင်းရဲစရာ သတင်းဖြစ်နေ၍ မောင်မောင် ဖုန်းမခေါ်ဘဲနေခဲ့လေရော့သလား။

အားငယ်သိမ်ငယ်စိတ်တို့က ကျွန်မ၏ ပူလောင်နေသော သွေးကြောမျှင်များအတွင်းသို့ စုပြုံ စီးဝင်လာသောအခါ ခန္ဓာကိုယ်တစ်ခုလုံး ပွက်ပွက်ဆူလာသည် ထင်၏။ နားထင်မှ ချွေးစက်တို့နှင့်အတူ မျက်လုံးအိမ်မှ ရေကြည်ဥတို့ ပေါက်ပေါက်ကျဆင်းလာလေသည်။

မိန်းမတို့၏ မျက်ရည်ကို တချို့က အားနွဲ့သူ၊ ညံ့ဖျင်းသူတို့၏ လက်နက်ဟု သမုတ်ကြောင်း ကြားဖူးပါသည်။ ကျွန်မ၏ ကိုယ်ပိုင်အဘိဓာန်တွင်တော့ ကိုယ်ချင်းစာတရား ကြီးမားသူတို့၏ သင်္ကေတတစ်ရပ်ဟု သတ်မှတ်ထားသည့်ကြားကပင် ကျွန်မ တာရှည်ဆွေးနေ၍ မဖြစ်နိုင်ကြောင်း ကိုယ့်ကိုယ်ကိုယ် ပညာပေးရပါသည်။

တောနယ်ဘက်မှ ဤရန်ကုန်ရွှေမြို့တော်တွင် အခြေချကြမည်ဟူသော အတွေးဖြင့် ပြောင်းရွှေ့လာကြသည်မှာ နှစ်ဝက်မျှမပြည့်သေးမီ ယောင်တိယောင်နနှင့် ဘဝတစ်ခု၌ ဖျတ်ခနဲ ခင်ပွန်းသည် အိပ်ရာတွင်



ဇုန်းဇုန်းလဲသွားသည်ကိုကြည့်၍ ဘာလုပ်၍ ဘာကိုင်ရမှန်း နားလည်နိုင်စွမ်း မရှိသော အမေ။

လောက၏ ပရိယာယ်အသွယ်သွယ်ကို မဆိုထားနှင့်။ အပူအအေး အချိုအခါးဟူသည့် သာမန် ရသာရုံကိုတောင် မခွဲခြားတတ်သေးသော ဥမမည် စာမမြောက်သေးသော သားငယ်လေးနှစ်ယောက်။

ပြီး မြေးများကို ကြည့်ရှုစောင့်ရှောက်ရုံသက်သက်သာ နားလည်သော အင်မတန် ရိုးသားလွန်းသည့် ဒေါ်လေးစိန်။

ဤလူသားလေးဦး၏ အလယ်တွင် ကျွန်မ၏ မျက်ရည်ပေါက်တို့သည် အခက်အခဲအားလုံးကို နှစ်ဆမက တိုးပွားလာစေရုံပဲ ရှိပါသည်။ ကျွန်မကိုယ်ကျွန်မ စိတ်ထိန်းလိုက်၏။ လုပ်ဆောင်ဖွယ်ရှိသည်များကို မှာကြား၍ အိမ်တွင်ရောက်ရှိနေသော ဆွေမျိုးနီးစပ်တို့လက်ထဲတွင် လူနာဖခင်ကို အပ်ခဲ့ပြီး သားကြီးကို လက်ဆွဲ၍ လေယာဉ်ကွင်းသို့ အပြေးနှင်ရပါသည်။ အိမ်တိုင်ရာရောက် ကြိုဆိုပေးဖော်ရသော အစ်ကိုဝမ်းကွဲကို ဘယ်လို ကျေးဇူးတင်စကား ဆိုရမည် မသိ။

လမ်းတွင် ကြုံရာစာတိုက်၌ နယ်ရှိ ဦးလေးနှင့် မောင်ဝမ်းကွဲဆီ အဖေ့ ကျန်းမာရေးသတင်းကို သံကြိုးဖြင့် သတင်းပို့ရသေးသည်။ ကိုယ်တစ်ခြမ်းသေနေသော လူမမာအတွက် အနီးကပ်ပြုစုဖို့ သွေးရင်းသားရင်း လူဆိုသည်မှာ လူနာကို စိတ်ခွန်အား တိုးတက်လာစေနိုင်သည် သာမက ကျန်အိမ်သားအားလုံးကိုလည်း စိတ်အမောပြေစေနိုင်သည်ကို စဉ်းစားဖြစ်ရင်း အချိန်မရသည့်ကြားက လုပ်ဆောင်သင့်သည်တို့ကို အပြေးအလွှား ဆောင်ရွက်ရပါသည်။

လေယာဉ်ကွင်း အဆောက်အအုံတွင် ခြေချမိန်မှာတော့ ရောက်နှင့်နေကြသော မိတ်ဆွေတို့၏ မျက်လုံးပေါင်းစုံတို့သည် ကျွန်မဆီသို့ တစ်ပြိုင်တည်း စုပြုံရောက်လာလေသလား ထင်မှတ်မိလေသည်။

လေယာဉ်ဆိုက်သွားပြီတဲ့။

မောင်မောင် လူဝင်မှုကြီးကြပ်ရေးအခန်းထဲရောက်နေပြီတဲ့။

တကယ်တမ်းဆို ခုလိုအချိန်မျိုးမှာ ကျွန်မ ဝန်းကျင်တွင် စကားသံတွေ စီစီဝေဖို့ ကောင်းတာ။ ခုတော့ ငြိမ်သက်လှချည်လား။

တော်ပါသေးရဲ့။ မောင်မောင့် လူနာဟောင်းလဲဖြစ်၊ မိခင်ကဲ့သို့ တွယ်တာတတ်သော ကြီးကြီးငယ် ကိုယ့်အနားရောက်လာပေလို့။

ဟင် ကြီးငယ်၊ မျက်နှာလဲ မကောင်းပါလား။

'ဆရာမ အဖေ ဘယ်လိုဖြစ်သွားတာလဲ

.... ....

.... ....

စိတ်မကောင်းတော့ သိပ်မဖြစ်နဲ့နော် ဆရာမ၊

ဆရာ စာမေးပွဲအောင်မလာဘူးတဲ့၊ ကြီးငယ် စောစောကတည်းက ပြောချင်နေတာ၊ ဘယ်က စကားစရမှန်းမသိလို့ ဆရာနဲ့ တွေ့တွေ့ချင်း ဆရာမအဖေအကြောင်း ပြောပြလိုက်မှာစိုးရိမ်လို့ ကြီးငယ် မနည်းအားတင်းပြီး ပြောရတာ'

'ဟင်၊ ကျွန်တဲ့ ဆရာနှစ်ယောက်ရော'

'သူတို့တွေ အောင်ကြတယ်'

အမည်တပ်မရသော တွယ်ရာမဲ့ ခံစားမှုတို့သည် စက္ကန့်ပိုင်းအတွင်း ဝါးမျိုပစ်လိုက်သကဲ့သို့ အားလျော့ သိမ်ငယ်သွားသည်မှာ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာဖြင့် ရင်ဆိုင်ရမှန်း မသိလောက်သည် အထိပင် ဖြစ်ပါသည်။

'ဖြစ်ရတယ် မောင်မောင်ရယ်'

ဒီစာမေးပွဲကို.ဖြေဆိုနိုင်ရန် ကျွန်မတို့ မိသားစု၊ ငွေ၊ အချိန်၊ အင်အားတွေနှင့် ခက်ခဲပင်ပန်းစွာ ရင်းခဲ့ရပါသည်။



ဆေးလောကတွင်ပြည်တွင်းဘွဲ့လွန်နှင့် တော်ဝင်ဘွဲ့လွန်တို့၏ အဆင့်အတန်း ကွာဟမှုမှာ မည်မျှကြီးမားကြောင်း ကိုယ်တိုင်ခံစားခဲ့ရသူတွေသာ အသိဆုံး ဖြစ်ပါသည်။

'ခုခွဲမယ့် ဆရာဝန်က ဘယ်က ဘွဲ့ရခဲ့တာလဲ'

.... ....

'ဟင်၊ ဒါဆို ဘယ်သိပ်စိတ်ချရမလဲ၊

ကျွန်တော့် အမှားပါပဲလေ၊ အမေ့ကို ပါမောက္ခကြီးနဲ့ သွားအပ်တာ၊ ဆရာကြီးက တိုက်တိုက်ဆိုင်ဆိုင် အမေခွဲမယ့်ရက်မှာ နိုင်ငံခြားထွက်ရမယ်တဲ့၊ Dr. မင်းထွန်း ခွဲပေးပါလိမ့်မယ် ပြောခဲ့တာ ဘယ်ကဘွဲ့ရတဲ့ဆရာဝန်လည်းလို့ မမေးဖြစ်ခဲ့ဘူး၊ ခု ပြည်တွင်းဘွဲ့ရ ဆရာဝန်ဆိုတော့ ဒုက္ခပါပဲ'

လူနာကိုခွဲစိတ်ဖို့ ဝတ်စုံဝတ်ပြီး လက်အိတ်စွပ်ပြီး ဓားကိုင်ပြီး အနေအထားရောက်နေတဲ့ မောင်မောင့် အကြားအာရုံသို့ အထက်ပါစကားသံတွေ သိုးသိုးသဲ့သဲ့ ရောက်လာခဲ့တုန်းက လက်တွင်းရောက်နေတဲ့ ဓားကို ဖျတ်ခနဲချလို့ ခွဲစိတ်ခန်းကို ကျောခိုင်းထွက်ခဲ့ဖူးတဲ့ အကြောင်းများက ကြုံကြိုက်လာပြန်တော့ ကျွန်မ၏ အသိအိမ်တံခါးဝကို ဒေါင်းဒေါင်းထအောင် ခေါက်သောအခါ ထိန်းရမည်ဟု အသိရှိနေတဲ့ကြားက မျက်ဝန်း၊အိမ်တွင် ရေကြည်ဥတို့ ဝင်ရောက်ဝဲခိုလာကြပြန်လေသည်။

လူ၏ အရည်အချင်းကို အေ ဘီ စီ ဒီ အလုံးရေတို့ဖြင့် တိုင်းတာတတ်သော တချို့ ကြေးရတတ်များ၏ အထင်သေး အမြင်နုပ်သောသဘောထားများသည် တစ်ဖက်သား၏ နှလုံးအိမ်ကို ပါးပါးမွှန်းသကဲ့သို့ ပါပင်တည်း။

ကျွန်မ တာရှည်စွာ ဆွေးနေချိန်မရလိုက်။

မောင်မောင်တို့ လေဆိပ်အတွင်း စစ်ဆေးရေးအခန်းမှ ထွက်လာကြပြီ။

မောင်မောင့် မျက်ဝန်းတို့သည်လည်း ပန်းသွေးရောင်ကြွလို့ မို့မောက်နေသည်ပဲ။

ဆိုးဝါးသော လောကဓံကို ခဏပန်း အန်တုဖို့ လက်နက်ကို မောင်မောင့်လို ယောကျ်ားရင့်မကြီးတို့သည်လည်း တစ်ခါတစ်ရံ သုံးရသည်ပဲလေ။

သုံးလတာမျှ ခွဲခွာနေရသည့် ဖခင်ကို အပြေးကြိုဆိုသည့် သားကြီးကို ပွေ့ချီလိုက်စဉ်မှာတော့ မောင်မောင့် ပါးပြင်သို့ မျက်ရည်တစ်စက် ကျဆင်းလာသည်ကို ကျွန်မ မတွေ့လိုသည့် ကြားက မြင်ဖြစ်အောင် မြင်မိသွားပါသည်။

ချစ်လင်၏ လက်မောင်းတစ်ဖက်ကို သတိပေးသလို ဆုပ်ကိုင်လိုက်ရင်း ကျွန်မ ကြိုးစားအားယူ၍ ပြုံးပြလိုက်ပါသည်။

'ဒီတစ်ခါ ကျရှုံးခြင်းဟာ နောက်တစ်ကြိမ် အောင်မြင်ဖို့ လှေကားထစ်လေ မောင်မောင်ရဲ့၊

'မှန်ကန်တဲ့ စိတ်ဓာတ်ပိုင်ရှင်တွေအတွက် Failure is the path to success ဆိုတဲ့ စကား ရှိတယ်မဟုတ်လား'

ကျွန်မ၏ ချိုနှသော အပြုံးတွင် ဤသို့ အဓိပ္ပာယ်ဆောင်သည့် စကားစုတို့ကို မောင်မောင် ရှာဖွေတွေ့ရှိသွားသည် ထင်ရဲ့။ လှိုင်းခတ်လှုပ်ရှားမှု ပြယ်စပြုသော အသံဖြင့် အပေါင်းအသင်းတို့အား

'ကြီးကြီးငယ်တို့ နေကောင်းကြတယ်နော်'

.... ....



'အိမ်အထိ လိုက်ခဲ့ကြဦးမလား'

.... ....

'ဟုတ်ပြီလေ၊ နောက်တစ်ပတ်ဆေးခန်းပြန်ဖွင့်မှ ဆုံကြတာပေါ့'

စသည့် နှုတ်ဆက်စကားတို့ကို အဆင်တပြေ ပြောဆိုနိုင်ခဲ့ပါသည်။

မောင်မောင့်အပေါ် အားကိုးတွယ်တာကြသည့် လူနာဟောင်းလည်းဖြစ်၊ မိတ်ဆွေကောင်းများလည်းဖြစ်ကြသော ကြီးငယ်တို့တစ်စုခပ်ယဲ့ယဲ့ အပြုံးကိုယ်စီဖြင့် လေယာဉ်ကွင်းမှ ကျွန်မတို့နှင့် ရှေ့ဆင့်နောက်ပါ ထွက်ခွာဖြစ်ကြပါသည်။

အိမ်အပြန်လမ်းတွင်

'ကိုယ့် စာမေးပွဲသတင်း ဘယ်တုန်းကရလဲ' လို့ မောင်မောင်ကိုယ်တိုင် အမေးဆိုလာခါမှ စတင်ရန် ခက်ပါဘိအဖြစ်ကို ကျော်လွှားနိုင်ပါတော့သည်။

'အဖေ့မှာ သွေးတိုးရှိတယ်လို့လည်း မကြားခဲ့မိပါလား'

'အေးကွယ်၊ ကျန်းကျန်းမာမာဆိုတော့လည်း သွေးချိန်တွေ ဘာတွေတောင် မတိုင်းဖြစ်ခဲ့ပါဘူး၊ ဒီနေ့ မနက်စောစော အဖေကိုယ်တိုင်ဈေးသွားပြီး ကြက်သားတောင် သွားဝယ်သေးတာ၊ မောင်မောင့်ကိုကျွေးဖို့တဲ့လေ၊ အမေ့ကို အကောင်လိုက်ပေါင်းဖို့ ပြင်ဆင်ပေးလိုက်သေးတယ်၊ ပြီးတော့ ရေချိုးသတဲ့၊ ထုံးစံအတိုင်း သူ့အကျီတောင်သူ လျှော်သေးတာ၊ ရေချိုးခန်းက ထွက်လာတော့ ငါ့လက်တွေလေးတောတောကြီးလို့ အမေ့ကိုပြောတော့ အမေတို့က အဝတ်အစားလဲပြီး အိပ်ရာမှာစောင်ခြုံပေးပြီး လှဲခိုင်းထားရင်းက စကားပြောလို့မရ၊ ကိုယ်တစ်ခြမ်း လှုပ်လို့မနိုင် ဖြစ်သွားတာပဲတဲ့'

'အင်း၊ အဖေက အခုမှ အသက်ခြောက်ဆယ်ပဲ ရှိသေးတာနော်'

'အနတ္တတရားဆိုတာ ဒါပဲ ထင်ပါရဲ့'

အိမ်ရောက်သည်နှင့်အဖေ့ကို ကြည့်ရှုစစ်ဆေးလုပ်ရင်း 'အဖေ့ကို ဘာကျွေးထားလဲ' မေးတော့မှ မနက် ၉ နာရီကျော်ကတည်းက ယခု ညနေ သုံးနာရီခွဲလုအထိ အဖေ့ကို ဘာဆိုဘာမျှ မကျွေးရသေးမှန်း သတိရကြပါတော့သည်။

'လျှာမလှုပ်နိုင်ဘူးဆိုတော့လို့ ဘာမှကျွေးလို့မရဘူးဆိုပြီး မကျွေး မမွေးဘဲ ထားလို့မရဘူး၊ နို့ဗူးသားကမှ နို့ဆာရင် အော်ငိုပြီး သူ့ဆန္ဒကို ပြောနိုင်သေးတယ်၊ အဖေ့လိုလူမျိုးမှာ ဘာအစွမ်းမှ မရှိတော့ဘူးဆိုတော့ နာရီတိုင်း စွပ်ပြုတ်ရည်လို၊ ရှောက်ချိုသီးဖျော်ရည်လို လူကိုအားဖြစ်စေမယ့် အရည်တစ်မျိုးမျိုး ဇွန်းနဲ့တိုက်ပေးဖို့လိုတယ်။ အဖေ့ဘေးနားမှာ ၂၄ နာရီပတ်လည် လူမပြတ်ရှိဖို့ မလေး စီစဉ်ပါ၊ ညဥ့်နက်ပိုင်းတော့ မောင်မောင့်တာဝန်ထား'

အာဟာရနှင့် ဆေးဝင်မှ နာလန်ထူနိုင်မည်ဖြစ်၍ နေ့မကူးမီပင် အဖေ့နှာခေါင်းမှ ပိုက်ပျော့သွင်းဖို့ အခါခါ ကြိုးစားကြရပါသည်။

သမက်ဖြစ်သူ၏ အဖေ နည်းနည်းသည်းခံနော်၊ ခဏလေး၊ ခဏလေး၊ မျိုချလိုက် မျိုချလိုက် ဆိုသည့် ချော့မော့သံကို ပထမ တစ်မိနစ်လောက်သာ သည်းခံနိုင်သော်လည်း နှာနုရိုးသို့ ထိသည်နှင့် လှုပ်ရှားနိုင်သော ဘယ်ဘက်လက်ဖြင့် ပိုက်ကို ဖျပ်ဖျပ်လူး ဖြုတ်ပစ်လေသည်။

'ကြိုးစားမနေကြနဲ့တော့ကွာ၊ ငါ့လမ်း ငါ အေးအေးသွားပါရစေ' လို့ တောင်းပန်နေသယောင် အသွင်အပြင်ကို အဖေ့မျက်နှာတွင် တွေ့ရသောအခါ ကျွန်မတို့ ရင်ဆို့မတတ် ခံစားရပြန်ပါသည်။



လက်မောင်းမှ သွင်းပေးသော ဂလူးကို့စ်၊ မိုရီယာမင်း အစရှိသော အားဆေးများဖြင့် ကိုးရက်တာမျှ အဖေ အသက်ရှင်သွားပါသည်။ အိပ်ရာတွင် ပက်လက်နေနေရသော ဘဝ၊ ဘေးလူ၏ပြုစုမှုဖြင့် ရှင်သန်နေရသော ဘဝ၊ ပိုက်တန်းလန်းဖြင့် မလွတ်မလပ် တည်ရှိနေရသော ဘဝကို စိတ်ပျက်အားလျော့သည့် ခံစားမှုများဖြင့် ခြောက်ရက်မြောက်နေ့လောက်ကပင် စ၍ အားဆေးပိုက်များကို စွမ်းသလောက်လေသံ ဟန်ပန်ဖြင့် အတင်းဖြုတ်ပစ်ခိုင်းနေလေသည်။

ရက်အရေအတွက် များများလာသည်နှင့်အမျှ အဖေ့ခန္ဓာကိုယ် အတွင်းသို့ ဝင်သည့် အစာရေစာနှုန်းမှာ တဖြည်းဖြည်း ကျဆင်းလျက် ရှိလေသည်။

အိပ်ရာထက်တွင် ပက်လက်ဘဝ၌ ရှစ်ရက်မြောက်ညနေပိုင်း ကျွန်မကိုယ်တိုင် ဖျော်၍ တိုက်ကျွေးခဲ့သော လိမ္မော်သီးရည် ဆယ်ဇွန်း လောက် သောက်သုံးသွားသည်မှာ အဖေ၏ နောက်ဆုံးညစာဖြစ်မည် ထင်ပါသည်။

ကိုးရက်မြောက် နံနက် သုံးနာရီသာသာတွင် ညစဉ် အဖေ့ဘေး၌ စောင့်ပေးနေသော ခင်ပွန်းသည် ကျွန်မကို လှုပ်ခါ၍ နိုးလာပါသည်။

'မလေး၊ ထဦး၊ အဖေ မောနေပြီ၊ အဖေ့နား သွားချည်၊ သားနိုးလာရင် မောင်မောင် နို့ဖျော်တိုက်ထားမယ်'

ဒီအထိ ကျွန်မ ကောင်းစွာ သဘောမပေါက်သေး။

အဖေ့ဆီရောက်တော့ အဖေ့ ခုတင်ဘေးတွင် ဦးလေးငယ်နှင့် အစ်ကိုဝမ်းကွဲနှစ်ဦးတို့ ဝိုင်းနေကြပြီ ဖြစ်လေသည်။ ပင်ပန်းခက်ခဲစွာ အသက်ရှူနေသည့် ဖခင်၏ ခံစားမှုကို မကြည့်ရက်သည့်ကြားက အဖေ့ဘေးတွင် ဝင်ထိုင်လိုက်မိ၏။ အစ်ကိုတစ်ဦးက ဖြည်းဖြည်းဟု သဘောသက်ရောက်အောင် လက်ညှိုးကလေးကို နှုတ်ခမ်းတွင်ပိတ်၍

ပြနေသည်။ အဖေသည် လှုပ်ရှားနိုင်သည့် ဘယ်လက်ကို အစွမ်းကုန် အားယူ၍ အိပ်ရာက ကုန်းထဖို့ကြိုးစားနေမှန်း သိသာနေ၍ ကျွန်မတို့ ဝိုင်းဝန်းပြီး အဖေ့ကို ကျောမှသိုင်းဖက်ပြီး မထူပေးလိုက်ပါသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် အဖေ၏ လက် ခြေ ဒူးတို့သည် ဆတ်ဆတ်ခါ တုန်ယင်လာ၏။ ခန္ဓာကိုယ်တစ်ခုလုံး ဇောချွေးတို့ဖြင့် ရွဲနစ်လာလေသည်။ ခဏချင်းပင် ဇက်ကျိုးကျသွားပါသည်။ ဝေဒနာကြောင့် မရှိအောင် ခံစားနေရသည့် ဖခင်ကြီးကို ကျွန်မတို့ အိပ်ရာတွင် ညင်သာစွာ ပြန်ချပေးလိုက်သည်နှင့် မျက်ဖြူလန်သွားသည်မှာ အသက်ပါ ပါသွားလေတော့သည်။

အဖေ့ကို ချက်ချင်းပင် အဝတ်အထည်များ လဲဖယ်ပေးပြီးသည်နှင့် တစ်ကိုယ်လုံး လုံခြုံအောင် အဝတ်ဖြူဖြင့် ဖုံးအုပ်ပေးလိုက်ပါသည်။ တကယ်တော့ တတ်စွမ်းသူများလုပ်သလို ရုပ်အလောင်းကို မိုးပဝါ ပါးပါးလေးနှင့် လွှမ်းတာမျိုး၊ ဇာပဝါပေါ်မှာ မွှေးသော လှသော ပန်းပွင့်တွေ ကြဲထားတာမျိုး လုပ်ပေးနိုင်ခဲ့လျှင် ဘယ်လောက်ကောင်းလေမလဲ။ ပကာသနတော့ ပကာသနပါပဲ။ ဒါပေမယ့် အမြင်တင့်တယ်သည်ပေါ့။ သက်မဲ့ရုပ်ကလာပ်ကို ဤကဲ့သို့ အလှဆင်ပုံမျိုးကို အဖေသေဆုံးပြီး ဆယ်နှစ်ကျော်မှ မြင်ဖူးလေသည်။ အသက်သုံးဆယ်နီးနီး အမျိုးသမီးတစ်ဦးကို ရန်ကုန် အသုဘပို့မလိုက်ဖူးဘူးပြောလျှင် အံ့သြစရာ။ သားဦးမွေးကတည်းက အလုပ်ခွင်ကိုတောင် မဖြစ်သာလို့ သွားရသည်။ သားအနားက ဘယ်ကိုမှ မခွာချင်။ ကျွန်မဘဝတွင် ပထမသည် သား၊ ဒုတိယလည်းသား၊ တတိယမှာလည်း သားသာလျှင် ခံစားနေမိသော အချိန်ဖြစ်ပါသည်။ အမှန်မှာ သားနှင့် အချိန်ပြည့်နေချင်၍ အလုပ်ခွင်မှ နုတ်ထွက်လိုက်ချင်သည်မှာ ကျွန်မ၏ဆန္ဒ ဖြစ်ပါသည်။



'မင်းလခ ငါ့ကိုပေး၊ မင်းမိန်းမရတာကိုလည်း သူ့မိဘ ပေးချင်ပေးပေ့စေ၊ ဆေးခန်းကရတာနဲ့ မင်းတို့ လောက်အောင်သုံး'

ကျွန်မနှင့် မောင်မောင် အိမ်ထောင်ကျပြီးကတည်းက ယောက္ခမဖြစ်သူက ပေးလာသောရာဇသံဖြစ်ပါသည်။ သမီးတစ်ဦးတည်းမွေးထားသော ကျွန်မ မိဘတွင် ကျွန်မကလွဲ၍ အားကိုးရမည့်သူမရှိ။ ကျွန်မ အလုပ်ထွက်လိုက်လျှင် မိဘများ အခက်အခဲ တွေ့ကြုံပေတော့မည်။ ယောက်ျားဝင်ငွေမှ ဖဲ့ယူ၍ ကျွန်မ မိဘကိုထောက်ပံ့တာမျိုး လုံးဝမလုပ်ချင်။ ကျွန်မလုပ်အားဖြင့် ထိုက်ထိုက်တန်တန်ရရှိသော ငွေကြေးပမာဏတစ်ခုတည်းကိုသာ ကျွန်မ မိဘများ သုံးစွဲစေချင်ပါသည်။ ဒီလိုနှင့် အလုပ်ခွင်တွင် တောက်လျှောက်သက်တမ်းရှည်ဖို့ ဖြစ်ခဲ့ပါသည်။

အဖေ၏ ရုပ်ကလာပ်ကို အိမ်ရှေ့ဧည့်ခန်းတွင် သုံးရက်လည်သည်အထိ ထားရှိခဲ့ပါသည်။ သုသာန်သို့ပို့ဆောင်ခါနီး အဖေ့ခန္ဓာရုပ်ကို အခေါင်းတွင်းသွင်း အဖုံးပိတ်၍ သံချောင်းကို တူဖြင့်ရိုက်သွင်းတိုင်း ထွက်ပေါ်လာသည့် ဒုတ် ဒုတ် ဒုတ် ဆိုသည့် တူထုသံသည် အဖေနှင့် ကျွန်မ၏ ဘဝကို အဝေးကြီးဝေးအောင် စည်းတားပေးလိုက်သည့် အလားပါပင်တည်း။

'အဖေ'

ရင်ပွင့်မတတ် ကျွန်မ အော်လို့ ငိုလိုက်မိပါသော်လည်း ဝေးသည်ကတော့ ဘဝခြားအောင် ဝေးကွာသွားပြီ ဖြစ်ပါသည်။

ဪ–

သောက်ရေသုံးရေ အိုးလေးတစ်လုံးရဖို့ နှစ်ဖာလုံလောက် အကွာအဝေးမှာရှိသည့် မြစ်ဆိပ်သို့ဆင်းပြီး ခပ်ပါမှ ရေကြည်ဆိုတာကိုသုံးနိုင်သော ရွာတောကျေးရွာလေးမှ အနေအထိုင် အဆင်တပြေရှိလှသည့် မြို့ပြသို့ရောက်အောင် ခေါ်ထုတ်ပေးခဲ့သော အဖေ။

အိမ်ထောင်ကျပြီး ငှားရမ်းနေထိုင်ရသည့် ကျဉ်းကျဉ်းကျပ်ကျပ် နံနံစော်စော် မလုံမခြုံ အခန်းငယ်လေးထဲမှ ကိုယ့်ဝင်း ကိုယ့်ခြံနှင့် ရပ်တည်နိုင်အောင် ဆောင်ကြဉ်းပေးခဲ့သော အဖေ။

ဦးနှောက်ကို အစဉ်ထာဝရ အသုံးပြုတတ်သည့် အလေ့အကျင့်ရဖို့ ငယ်စဉ်ကတည်းက ဉာဏ်စမ်းပုစ္ဆာများကို စိတ်ဖြင့် တွက်တတ်အောင် လေ့ကျင့်ပေးခဲ့သော အဖေ။

ထိုအဖေနှင့် သူဝယ်ပေးခဲ့သည့် အိမ်သစ်လေးတွင် သုံးလတာမျှသာ အတူနေထိုင်ခဲ့ရပြီး အဖေသည် သံသရာခရီးသို့ စောစီးစွာထွက်ခွာသွားခဲ့ပြီ ဖြစ်ပါသည်။

နေကြတ်သည်ဟု မြင်မက်ခဲ့သော အိပ်မက်သည် ယခု အဖေ တမလွန်ဘဝသို့ အဆောတလျင် ကူးပြောင်းသွားမည့် အတိတ်ပေပဲ လား။ [illegible]

နှစ်ခုလုံးကိုပဲ ရည်ညွှန်းခဲ့လေသလား။

မည်သို့ပင်ဖြစ်စေ ကျွန်မ၏ဘဝ ခေတ္တ မှောင်ကျသွားသည်ကတော့ သေချာလှပါသည်။

(လွန်ခဲ့သော နှစ်သုံးဆယ်ကျော်သို့ အမှတ်တရ)

[ ရွှေအမြုတေ။ ။မတ်၊ ၂၀၀၄ ]

***

## ကွေ့သောမြစ်တွင် မျောပါခြင်း

'ယူနီဗာစတီ ဆေးရုံဆိုတာ ဒါပဲ'ဟု တက္ကစီဒရိုင်ဘာက ပြော၍သာ ဆင်းလိုက်ရသည်။ အဆောက်အအုံက ကြီးမားခမ်းနားလွန်း၍ ဘယ်နေရာမှ ဘယ်ကိုဆက်သွားရမည် မသိ။ ခေတ္တ တွေဝေသွားမိသည်။ သူ့လိုပဲ တက္ကစီနှင့်လာသူများ၊ ကိုယ်ပိုင်ကားပေါ်မှ ဆင်းလာသူများ။ ခြေကျင်လျှောက်လာသူများ သူ့ရှေ့တွင် ဥဒဟိုသွားချည် ပြန်ချည် အဆက်မပြတ် တွေ့နေရသည်။ ဘယ်အပေါက်ကိုဝင်၍ မည်သူ့ကို မေးစမ်းလုပ်ရမည်ကို နေမကောင်းနေသည့်ကြားမှ အပြေးအလွှား စဉ်းစားနေရသည်။ ဆေးရုံကိစ္စနှင့်ပတ်သက်ပြီး ကူညီနိုင်မည့်သူ၏ အမည်နှင့် တယ်လီဖုန်းနံပါတ်ကို မှတ်သားထားသည့် လက်တွင်းမှ စာရွက်ကို တစ်ချက်ဖွင့်ကြည့်ရင်း တယ်လီဖုန်းဘယ်နေရာများ ရှိပါလိမ့် အတွေးနှင့် ဟိုဒီ မျက်စိကစားမိပြန်သည်။ 'ဒီအတိုင်းနေနေလို့တော့ မဖြစ်သေးဘူး ကိုဝင်းလွင်၊ ခင်ဗျား ဒီမှာ ခဏထိုင်စောင့်ဦး၊ ကျွန်တော်ဖုန်းရှိမယ့်နေရာ လိုက်ရှာကြည့်ဦးမယ်' အဖော်လိုက်ပေးရုံမက အဆက်အသွယ်ရဖို့အထိပါ ကူညီဖော်ရသော ကိုမင်းဦး၏ကျေးဇူးဖြင့် ဖုန်းဆက်ဖို့ အဆင်ပြေသွားလေသည်။ 'ဒီနိုင်ငံမှာ တယ်လီဖုန်းဆိုတာ အလွယ်လေးနဲ့တွေ့နိုင်တာပဲဟာ၊ ငါ အလကားစိတ်ပူနေတယ်'

သူ့ကိုယ်သူပြောရင်း တယ်လီဖုန်းနံပါတ်မှတ်ထားသည့် စာရွက်ကို နောက်တစ်ကြိမ် သေချာအောင်ကြည့်မိပြန်၏။ နံပါတ်ခုနစ်လုံး နှိပ်အပြီးတွင် တစ်ဖက်မှ အမျိုးသမီးတစ်ဦး၏ ဟလို...ဆိုသည့် အသံကို ကြားရသည်။

'ကိုထင်အောင် ရှိလား'

'ရှင်၊ ကိုထင်အောင်၊ ခု ဘယ်က အမိန့်ရှိနေပါသလဲ ရှင်'

'ဟို ဟို ကျွန်တော် ယူနီဗာစတီဆေးရုံက '

သူ့စကားမဆုံးမီ တစ်ဖက်မှအသံ ဖြတ်ပြီးဝင်လာသည်။

'ဆေးရုံကဆိုတော့ ကိုထင်အောင့် မိတ်ဆွေများလားရှင်'

'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်က နေမကောင်းလို့၊ အဲဒါ ကိုထင်အောင်နဲ့ ဆက်သွယ်ရင် ဆေးရုံမှာအဆင်ပြေတယ်ပြောလို့ ကျွန်တော် ကိုထင်အောင်နဲ့ စကားပြောချင်လို့'

'သြော် သြော်'

ဖုန်းထဲမှ သြော် သြော်ဆိုသည့် အမျိုးသမီး၏ အသံတွင် အဓိပ္ပာယ်တစ်မျိုး ထွက်နေသလားပဲဟု သူ တွေးဖြစ်၏။

'ကိုထင်အောင်လည်း ခုအချိန် အဲဒီဆေးရုံမှာပဲရှိနေတယ်လေ၊ သူနဲ့စကားပြောချင်ရင် ပိတ်ဂျာနံပါတ် သရီးဖိုးဆဲဗင်းနဲ့ ခေါ်ပြီး ဆက်သွယ်ကြည့်ပါ'

ဖုန်းချသွားသည်။ ပိတ်ဂျာနံပါတ် သရီးဖိုးဆဲဗင်း ဆိုတာကို နှုတ်တွင်ရွတ်ကြည့်ပြီး အဖော်ဖြစ်သူကိုမင်းဦးကို အကျိုးအကြောင်း ပြောပြဖြစ်၏။ ပိတ်ဂျာဆိုသည်ကို သူတို့ မကြားဖူးခဲ့။ ကိုထင်အောင်နှင့် ဆက်သွယ်ဖို့ လမ်းစပြတ်သွားသည်။ မတတ်နိုင်သည့်အဆုံး ပါးစပ်ပါ



ရွာရောက်ထုံး နှလုံးမူ၍ ဟိုမေး ဒီစမ်းဖြင့် လူနာမှတ်ပုံတင်ဌာန ရောက်သွားဖြစ်သည်။ Pass Port ပြပြီး နှစ်ကျပ် (မလေး ၂ ဒေါ်လာ) ပေးပြီး မှတ်ပုံတင်ရ၏။ တတ်သမျှမှတ်သမျှစကားနှင့် မိမိ နေမကောင်းဖြစ်သည့်အကြောင်းကို ဘောင်းဘီရှည်အဖြူ၊ ဆာဖရီကုတ် လက်တိုအဖြူဝတ် ကိုယ့်တိုင်းပြည်တုန်းက သူနာပြုများဆောင်းသည့် ခေါင်းဆောင်းဝတ်ထားသူ အမျိုးသမီးအား ပြောပြရသည်။ ဒီနိုင်ငံက သူနာပြုဆရာမက တစ်ကိုယ်လုံးအဖြူဝတ်ရပါလားဟု သူ တွေးဖြစ်သေး၏။ ဆရာမ မေးသမျှ ပြောဆိုပြီးသည်နှင့် ဆရာမက သူ့အား ခွဲစိတ် ပြင်ပလူနာဌာနသို့သွားရန် ညွှန်းလေသည်။ လူနာမှတ်ပုံတင် ကတ်ပြားအပြာလေးကို သူ့အား လှမ်းပေးရင်း မည်သို့သွားရမည်ကိုပါ ပြောပြပေးနေသဖြင့် လူနာအပေါ် စေတနာရှေ့ထားတတ်မှုအတွက် ကျေးဇူးတင်ရလေသည်။ ခွဲစိတ်ပြင်ပဆောင်တွင် လူနာများ ပြည့်နေသည်။ တရုတ်၊ ကုလား၊ မလေး၊ ကလေးလူကြီး စုံလှ၏။ အခန်းပေါက်ဝကောင်တာတွင် စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသော ဆရာမတစ်ဦးကို သူ့ကတ်ပြားအပြာလေးကို ပြလိုက်သည်နှင့် ထိုကတ်ပြားလေးကို ဆရာမက သိမ်းယူလိုက်ပြီး စောင့်ရန်ပြောလာသည်။ ခုံတန်းအားလုံးလိုလို လူနာများနှင့်ပြည့်မတတ် ဖြစ်နေ၏။ သူနှင့် ခပ်လှမ်းလှမ်း၌ လူတစ်ကိုယ်စာ မရှိတရှိ နေရာလွတ်လေးကို တွေ့၍ တင်ပါးစွန်းကို အသာမှေးတင်ပြီး ဝင်ထိုင်လိုက်သည်။ အဖော်ပါလာသူ ကိုမင်းဦးအား သူ့လိုပဲ တိုးတိုးလျှိုးလျှိုးထိုင်ရန် အခြားတစ်နေရာသို့ မေးငေါ့ ညွှန်ပြဖြစ်သေး၏။ ကိုမင်းဦးမှာ လူလွတ်ရာ အခန်းနံရံတစ်ခုတွင် မှီ၍ မတ်တတ်ရပ်နေရင်းက လက်ကာပြနေသဖြင့် ဒီလောက် လူများနေ

တာ တိုးလျှိုးမထိုင်လို့ကတော့ ခင်ဗျား ညောင်းပေရော့ တွေးရင်း ဆက်စောင့်နေရသည်။ 'အဲယားကွန်းရှိပေလို့၊ မဟုတ်ရင် ပူလိုက်မယ့် အမျိုး' များလွန်းသည့် လူနာပေါင်းစုံကိုကြည့်ရင်း စဉ်းစားဖြစ်သည်။ တစ်နာရီကျော်လောက် စောင့်အပြီးတွင် သူ့နာမည်ကိုခေါ်လိုက်သည့် ဆရာမရှိရာ အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် လူနာခုတင်တစ်လုံး ဆရာမတစ်ဦး၊ ဆရာဝန်ငယ်တစ်ယောက်ကို တွေ့ရ၏။ စားပွဲတွင် ဖိုင်တွဲတစ်ခုကိုကြည့်လျက် ဆရာဝန်က သူ့ကို ခုတင်ပေါ်တက်ခိုင်းပြီး စမ်းသပ်စစ်ဆေးမှုပြုပေးသည်။ ဗိုက်နာတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်တုန်းက စဖျားလာသလဲ။ ဘာဆေးတွေ သောက်ခဲ့သလဲ စသည် များကို မေးချည်၊ စာရွက်များပေါ်၌ ရေးချည်ဖြင့် ဆယ်မိနစ် ဆယ့်ငါး မိနစ်မက ကြာမည်ထင်ရသည်။ ထိုအခန်းမှာပင် သွေး၊ ဆီး စသည် တို့ စစ်ဆေးပေးသည့်ပြင် Ultra Sound ရိုက်ရန် အခြားအခန်းတစ်ခုသို့ ထပ်မံညွှန်ပြန်၏။ ပြီးမှ ခြောက်ထပ်ရှိ ယောကျ်ားခွဲစိတ်ဆောင်တွင် တက်ပြီး ဆက်လက်ကုသခံယူရမည်ဟု ဆိုလေသည်။ ကိုဝင်းလွင် ခုမှ စိတ်သက်သာရာရနိုင်တော့သည်။ ဆရာဝန်ဆရာမများ၏ စမ်းသပ် စစ်ဆေးကုသမှုကို နေ့တစ်ဝက်တာမျှလောက်သာ ခံယူရသေးသော် လည်း လူနာတစ်ဦးအတွက် လုပ်သင့်လုပ်ထိုက်သည်များ ငါးဆယ် ရာနှုန်းလောက် ပြီးစီးသွားပြီဖြစ်၍ အတော်လေး ရင်အေးသွားမိသည်။

ထို့ထက်တွင်မူ သူ့အတွက် အရေးအကြီးဆုံးဖြစ်သည့် ငွေကုန် ကြေးကျ။ မှတ်ပုံတင်ဌာနတွင် ပေးခဲ့ရသည့် နှစ်ကျပ်တည်းသာရှိသေး သည်။ ဆေးရုံရောက်စက ဖုန်းဆက်ခဲ့ရသော ကိုထင်အောင်ဆိုသူထံ စိတ်ရောက်သွားပြန်၏။ သူနှင့် ပက်ပင်းမတွေ့တာဘဲ တော်လှပြီ။



ခု သူ့အကူအညီ မပါဘဲနှင့်လည်း အဆင်ကိုပြေလို့။ တကယ်လို့ သူနဲ့သာတွေ့ရရင် သူဖန်သမျှ ပိုက်ဆံကုန်နေဦးမှာ။

အဖော်လိုက်လာသူ ကိုမင်းဦးမှာ သူ့လူနာခုတင်ရှိရာသို့ ပို့အပြီး ပြန်သွားပြီဖြစ်၍ သန့်ပြန့်နေသော အိပ်ရာခင်းအဖြူပေါ်တွင် အမောဖြေ နားနေရင်း ရောက်တတ်ရာရာတွေးဖြစ်၏။ ဗိုက်ဆာလာသလို ရှိလာ ပြန်သည်။ 'ဆာပြီပေါ့၊ ညနေပိုင်း သုံးနာရီတောင်ခွဲတော့မှာ' လက်ပတ် နာရီကို တစ်ချက်ကြည့်ပြီး ခုတင်ဘေးရှိ ဗီရိုအပုလေးပေါ်တွင် တွေ့သည့် ရေချိုင့်မှ ရေတစ်ခွက်ငှဲ့၍သောက်ပြီး 'တယ်ဟုတ်ပါလား၊ သောက်ရေ လဲ အဆင်သင့်' ပီတိဖြစ်သွားမိလေသည်။ မကြာမတင်မှာပင် ဆရာမ တစ်ဦးလာ၍ ဆေးရုံဝတ်စုံ လာပို့သွားပြန်၏။ဘောင်းဘီပွပွ တစ်ထည် နှင့် ရုပ်အင်္ကျီတစ်ထည်။ အထက်ရော အောက်ရော ဆင်တူ။ အပြာ ရောင် အစင်းများပါသည့်ဒီဇိုင်း။ ကိုဝင်းလွင် ပတ်ဝန်းကျင်ကို ကြည့်ဖြစ် သွားသည်။ 'လူနာတိုင်း ဒီအဆင်ချည်းကိုး၊ လူနာဝတ်စုံပေါ့လေ' တွေးရင်း အင်္ကျီရော ဘောင်းဘီပါ လဲလိုက်သောအခါ နေရထိုင်ရ ချောင်ချောင်ချိချိ ဖြစ်သွားလေသည်။ ခုတင်ပေါ်တွင် ခွေလိုက်ရင်း မျက်စိများကို မှိတ်လိုက်မှ ပူနွေးသောခံစားမှု၊ ခေါင်းကိုက်သည့်ဝေဒနာ ကို တစ်ပြိုင်တည်းရလိုက်သဖြင့် ဆက်၍ အိပ်ပျော်အောင် ကြိုးစားကြည့် ရသည်။ အနီးတွင် လူသံလို ကြားမိ၍ မျက်စိပြန်ဖွင့်ဖြစ်၏။ အိပ်ရာဘေး ဗီရိုပေါ်တွင် ခွက်တစ်ခုမှ အငွေ့တလူလူထွက်နေသည်ကို တွေ့ရသည်။ ခုတင်ခြေရင်း ဘက်မှ တွန်းလှည်းကို တွန်း၍ ဆေးရုံဝန်ထမ်းတစ်ဦး ထွက်သွားသည်ကို မြင်ဖြစ်၏။ ခွက်ကိုယူကြည့်မိတော့ ဩော်၊ ကော်ဖီ တွေပါလားဟု သူ တီးတိုးပြောမိသည်။ စောစောက ကြားမိသည်က

ဒီကော်ဖီလာပို့တဲ့ အလုပ်သမားရဲ့ အသံကိုး။ တွေးလျက် ကော်ဖီကို တစ်ကျိုက်ချင်း မော့ဖြစ်၏။ သူ့အမေပြောတတ်လှသည့် စကား။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုတာ ဒါမျိုးများလား။ စဉ်းစားရင်း ကုန်သွားသည့် ကော်ဖီခွက်ကို နေရာတကျပြန်ထား၍ အိပ်ရာပေါ် ပြန်လှဲဖြစ်သည်။ မှေးခနဲ အိပ်ပျော်သွား၏။ သူနိုးလာတော့ ညနေ ခြောက်နာရီထိုးလုပြီ။

သူနှင့် ခပ်ဝေးဝေး ခုတင်ရှိ လူနာတစ်ဦးတွင် အင်္ကျီအဖြူ ဖားဖား ရှည်ရှည်ကြီးများ ဝတ်ထားသည့် လူလေးငါးဦးကို တွေ့ရသည်။ သူတို့ လက်ထဲ နားကျပ်ကိုင်သူက ကိုင်ထားသည်။ 'ဆရာဝန်ကြီးတွေပါလား၊ ဒီအချိန်ရောက်မှ လူနာတွေလိုက်ကြည့်နေကြတာ၊ သူတို့တစ်တွေ ကိုယ်ပိုင်ဆေးခန်း ဘယ်အချိန်များသွားထိုင်ကြပါလိမ့်' မြန်မာပြည် တုန်းက ညနေပိုင်းတွင် ကိုယ်ပိုင်ဆေးခန်းထိုင်လေ့ရှိသော သူ့မိတ်ဆွေ ဒေါက်တာမျိုးသန့်ဆီ စိတ်ရောက်ရင်း တွေးမိလေသည်။ တဖြည်းဖြည်း နှင့် ဆရာဝန်တွေ သူ့ခုတင်ဆီ နီးကပ်လာသည်။ 'နိုင်ငံခြားလို့သာ ဆိုရတယ်၊ တချို့ဆရာတွေရဲ့ ရုပ်ကလည်း မြန်မာလိုပါပဲလား' လူနာ တစ်ဦးပြီး တစ်ဦး ကြည့်နေသော ဆရာဝန် ကုလားဆင်လိုက တစ် ယောက်၊ တရုတ်ကပြားလို အမျိုးသမီးက တစ်ယောက်၊ မြန်မာရုပ် တွေနှင့် ဆင်သည်က နှစ်ယောက်တွေ့၍ သူ့တစ်ကိုယ်တည်း ပြောဖြစ် ၏။ သူ့ခုတင်ရောက်လုလု သုံးလေးကိုက်အကွာလောက်တွင် ဆရာဝန် များပြောလာသည့် စကားသံများမှ မြန်မာဆိုသောအသံထွက် တစ်ခုကို ကြားမိ၍ အင်း၊ ငါ့အကြောင်းပြောလာ ထင်ပါရဲ့။ တွေးရင်း အိပ်ရာ တွင် ခွေမြဲ ခွေနေလိုက်မိသည်။ သူတို့အထဲမှ အသက်အကြီးဆုံး



ဆရာဝန်ကြီးလက်တွင်းသို့ သူ၏ ခုတင်ခြေရင်းမှ လူနာမှတ်တမ်း ကတ်ပြားကို ခပ်ငယ်ငယ် ဆရာဝန်မတစ်ဦးက လက်ကမ်းပေးလိုက် ၏။ ဆရာဝန်ကြီးသည် သူ့ကို တစ်ချက်ကြည့်လိုက်ရင်း မှတ်တမ်း များကို တစ်ရွက်ချင်း ဖတ်နေလေသည်။ ခဏကြာတော့–

'မင်း အပြင်ဆေးခန်းတွေမှာ ကုခဲ့သေးလား' ဆိုသော မေးခွန်းကို မြန်မာလိုပြောလိုက်၍ အံ့သြလွန်းပြီး အဖြေကို ချက်ချင်းမပေးနိုင်။ ဘယ်လိုမှ မျှော်မှန်းမထားခဲ့သော အဖြစ်။ နိုင်ငံခြားဆေးရုံကြီးတစ်ခု ပေါ်တွင် ဘယ်သူနှင့်ပင်တွေ့တွေ့ အားလုံး မျက်နှာစိမ်းလူမျိုးခြားများ ချည်းသာ။ ဒီဆေးရုံသို့မလာခင်က အပြင်ဆေးခန်းများတွင် နှစ်ကြိမ် သုံးကြိမ်မျှ ပြခဲ့ဖူးပြီး ကုလားဆရာဝန်၊ မလေးဆရာဝန်တို့နှင့်သာ တွေ့ခဲ့မြဲ။ သူ ခံစားရသမျှကို ပြောပြ အကူသခံခဲ့သော်လည်း ခဏပဲ သက်သာပြီး နောက်ပိုင်းတွင် ဒုံရင်းအတိုင်းပဲပြန်၍ ဗိုက်နာလေသည်။ နောက် အဖျားပါရှိလာတော့ အခန်းသို့ ခဏအလည်လာသူတစ်ဦးက ယူနီဗာစတီ ဆေးရုံကောင်းကြောင်း၊ အကုန်အကျလည်း သိပ်မများ ကြောင်း ပြောပြ၏။ ဖုန်းနံပါတ်တစ်ခုနှင့် ကိုထင်အောင်ဆိုသူ၏ အမည်ကို ပေးပြီး ဆက်သွယ်ကြည့်ခိုင်း၍ ဤနေရာသို့ရောက်လာခဲ့ရ သည်။ ယခုလို မြန်မာဆရာဝန်နှင့်တွေ့သည်အထိ အဆင်ပြေမည်ဟု သူ မမျှော်လင့်ဖူးခဲ့။

ဆရာဝန်ကြီး၏ အမေးကို ဟုတ်ကဲ့ဟုသာ ဖြေနိုင်သည်။ သူ၏ Ultra Sound ကို အသေအချာကြည့်ပြီး ဆရာကြီးက သူ့ကို ပက်လက် အနေအထား အိပ်ခိုင်း၍ အင်္ကျီကိုဖွင့်ပြီး ဝမ်းဗိုက်ပေါ်လက်တင်၍ ဖြည်းဆေးစွာ စမ်းသပ်ကြည့်ပြန်သည်။ ဆရာကြီး လှုပ်ရှားသမျှကို

ဘေးမှ ဆရာဝန်ငယ်လေးများက ဝိုင်း၍ ဂရုစိုက်နေကြသည်ကို သတိပြုမိသေး၏။

'မင်း အသည်းမှာ ပြည်တွေရှိနေတယ်၊ အထဲက ပြည်တွေကို စုပ်ထုတ်ပေးမယ်၊ မခွဲရဘဲ ကောင်းသွားမှာပါ'

သူ့အင်္ကျီစကို ရင်ဘတ်ပေါ်တွင် ပြန်ဖုံးပေးရင်း အေးဆေးသောအမူအရာဖြင့် ပြောနေသော ဆရာဝန်ကြီး၏ မျက်နှာကို လေးစားစွာ ပြန်လည်ကြည့်ရင်းက ခေါင်းညိတ်၍သာ အဖြေပေးနိုင်သည်။ ဆရာကြီးတို့အားလုံး တခြားလူနာများဆီသို့ ကူးသွားကြ၏။ သူ မျက်စိကို စုံမှိတ်၍ လူ့ကံတရားအကြောင်းတွေးမိပြန်သည်။ အပြင်ဆေးခန်းများတွင် လူမျိုးခြားဆရာဝန်များနှင့် တွေ့ခဲ့ရစဉ်က မတတ်တတတ် အင်္ဂလိပ်စကားကို အိုးနင်းခွက်နင်းဖြင့် သူခံစားရသမျှကို ပြောပြခဲ့ရသည်များ၊ အကြောဆေး ပုလင်းသွင်းရုံ၊ သောက်ဆေးလေးပေးရုံမျှဖြင့် တစ်ခေါက်သွားတိုင်း ပိုက်ဆံတွေ သုံးဆယ် လေးဆယ်မက ကုန်ကျခဲ့သည်များ။ ခုတော့–

'မနက်က တို့အိမ်ကို ဖုန်းဆက်တာ မင်းလား'

မေးသံနှင့်အတူ စောစောက ဆရာဝန်ကြီးတစ်ဦးလည်း သူ့အနား ပြန်ရောက်လာသည်။ ရင်ထဲမှာ ဘုရားတဖြစ်၏။ သူ အဖြေမပေးနိုင်မီ တည်သည်လည်း မဟုတ်၊ ပြုံးသည်လည်း မမည်သည့် မျက်နှာထားဖြင့်....

'တို့ကို လူနာပွဲစားထင် မှတ်တယ်'

'ကျွန်တော့်အစ်ကိုဝမ်းကွဲ ဆက်တာပါဗျ'

သူ ပြောင်ညာဖြစ်၏။ မတတ်နိုင်တော့။ ဒီနိုင်ငံတွင် အလုပ်ပွဲစား၊ လူခေါ်ပွဲစား၊ တုံးထုပွဲစား၊ ပွဲစားတွေနှင့်ချည်း ဆက်သွယ်ခဲ့ရသည်မှာ



များလွန်းပြီဖြစ်၍ ယခု ဆေးရုံတက်ဖို့ကိုလည်း ပွဲစားကတစ်ဆင့်ပဲ သွားရမည် ထင်မှတ်ခဲ့သည်။ ပြောသည့်သူကလည်း နာမည်ရှေ့က ဒေါက်တာလေးတောင် ထည့်မပြောသွားခဲ့။ သူရေးပေးသည့်အတိုင်း ကိုထင်အောင်လို့ပင် ခေါ်၍ ဖုန်းဆက်မိခဲ့သည်။ ခုတော့ အရှယ်က ကိုယ့်အဖေ အသက်လောက်။ ဒါထက် အရေးကြီးတာက ကိုယ့်ရောဂါကို ကုသပေးမည့် ဆရာဝန်ကြီး။ ဒါကြောင့် မနက်က ဖုန်းခေါ်တော့ ဟို ပြောတဲ့အမျိုးသမီးရဲ့ 'ဩော် ဩော်' ဆိုတဲ့ အသံက တစ်မျိုးဖြစ်နေပါတယ်လို့ ထင်သား။ အမျှင်မပြတ်တွေးရင်း ဆရာကြီးကို ဘာမှ ထပ်မပြောရဲရုံမက မျက်နှာချင်းဆိုင်ဖို့ပင် ခက်ခဲသွားမိသည်။ သို့သော်....

'မင်းဆီ ခုညနေပိုင်း ဘယ်သူမှ မလာဘူးလား'

'ဘယ်မှာ အလုပ်လုပ်လဲ'၊ 'ဘယ်နေရာမှာလဲ' စသည်တို့ကို ဆရာကြီးက ဆက်လက် မေးဖော်စမ်းဖော်ရသည်ဖြစ်၍ ငါ့ကို စိတ်ခုသွားပြီ မှတ်တာ၊ တော်ပါသေးရဲ့ဟု ဟင်းချနိုင်သွားလေသည်။ နောက်နေ့များတွင် ဆရာကြီးကို စေ့စေ့မကြည့်ရဲ။ မေးသမျှ ဖြေသည်ကလွဲ၍ အတတ်နိုင်ဆုံး မျက်နှာလွှဲထားမိသည်။ သူ့ကို ဆရာကြီးတို့အဖွဲ့ ပထမဆုံးညနေ လာရောက်စမ်းသပ် စစ်ဆေးပြီးသည့်ညမှစ၍ အကြောဆေး သွင်းပေးသည်။ ဆေးထိုးအပြီး နှစ်ဆယ်စီစီဝင် ဆေးထိုးပြွန်ကို ချွတ်လိုက်သောအခါ သူ့လက်ကောက်ဝတ်တွင် ပိုက်ပျော့တန်းလန်းနှင့် အပ်လေးသည် အကြောထဲသွင်းလျက် ကျန်ခဲ့၏။ ပိုက်ပျော့အတိုကလေးကို အလိုက်သင့်ခွေ၍ ပလာစတာဖြင့် အသားတွင် ကပ်ထားခဲ့သည်။ နောက် ရှစ်နာရီကြာလျှင် တစ်ခါလာ၍ ဆေးထိုးဦးမည့် အကြောင်း ပြောသွားသေး၏။ ဆေးထိုးတိုင်း မနာမကျင်ရလေအောင်

လုပ်ထားသည်ပဲဟု တွေးရင်း တစ်ဆက်တည်း ဒီနိုင်ငံကို ထွက်မလာမီ ဝမ်းကိုက်၍ ဆေးခန်းတစ်ခုတွင် သွားပြစဉ် အကြောဆေးသွင်းခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိ၏။ လက်မောင်းရင်းတွင် အပ်ကြီးနှင့် ဖောက်ခနဲ ထိုးသွင်းလိုက်၊ သွေးကြောမတွေ့၍ ပြန်ဆွဲထုတ်လိုက်၊ နောက်တစ်ခေါက် ပြန်အကြောရှာလိုက်၊ သုံးကြိမ်မက သွင်းချည် ထုတ်ချည်လုပ်၍ ဆေးထိုးခံခဲ့ရသည်ကို တွေးပြီး ပခုံးတွန့်မိမတတ် ခံစားသွားရလေသည်။

နောက်နေ့တွင် သူ့လက်ယာဘက် နံစုံအောက်ဘက်ကို ထုံဆေးပေး၍ အတွင်းမှ ပြည်များကို စုပ်ထုတ်ပေးသည်။ ထွက်လာသည့် ငှက်ပျောဖူး တစ်ပုလင်းစာမျှလောက် ပြည်များကိုကြည့်ရင်း ‘ဒီရောဂါမျိုး ငါ့တိုင်းပြည်မှာသာ ဖြစ်လိုက်ရရင် ကုန်လိုက်မယ့် ပိုက်ဆံတွေ’ စဉ်းစားလျက် သူ့အား လာရောက်ကုသပေးသည့် ဆရာဝန်၏ လှုပ်ရှားမှုများကို ကြည့်နေမိသည်။ လက်ကောက်ဝတ်တွင် ဆေးသွင်းသည့်နည်းတူ၊ ပြည်များကို စုပ်ထုတ်ပြီးသောအခါ ဝမ်းဗိုက်ဖောက်သည့်နေရာတွင် အုန်းတံမြက်စည်းတံလောက် အရွယ်ရှိ ပိုက်ရှည်တစ်ချောင်း တပ်လျက် ကျန်ခဲ့သည်။ ထိုပိုက်၏ ထိပ်အစွန်းကို ပလတ်စတစ်အိတ်နှင့် တွဲလိုက်၍ အိတ်ကို ခုတင်ဘေးဘောင်တွင် ချည်ပေးခဲ့သည်။ အသည်းထဲတွင် ကြွင်းကျန်ရစ်သော ပြည်စက်တို့ တစ်စက်ချင်း အိတ်တွင်းသို့ ကျလာ၏။

ဆေးရုံတွင် ခုနစ်ရက်မှ ရှစ်ရက်သို့ကူးလာသောအခါ သူ ခံစားနေရသော ဗိုက်နာခြင်း၊ တရှိန်ရှိန် ဖျားနေခြင်းဟူသော ဝေဒနာများ တစ်စတစ်စ သူ့ဆီမှ ခွာစပြုလာသည်။ အနာမှပြည်စက်တို့လည်း



တဖြည်းဖြည်း မကျဆင်းသလောက်ရှိလာ၍ ဝမ်းဗိုက်မှ ပိုက်ကိုဖြုတ်ပစ်လိုက်ကြပြီ ဖြစ်၏။ လက်ကောက်ဝတ်မှ သွင်းနေသော ဆေးကိုမူ ရှစ်နာရီခြားတစ်ခါ လာရောက်သွင်းပေးမြဲ။ ဆရာကြီး ဦးထင်အောင်ဆိုသူမှာလည်း အနည်းဆုံး တစ်ရက်ခြားလို သူ့ဆီသို့ သတင်းလာမေးမြဲ စမ်းသပ်ပေးမြဲ ဖြစ်လေသည်။ ဤသို့ လာရင်း ပြောရင်းဆိုရင်းမှ ဆေးရုံတက်ရသည့် စရိတ်စက အားလုံးကို ဆေးရုံ ဆင်းချိန်မှာမှ ပေးရသည်ဆိုသည်များကိုလည်း ဆရာကြီးကပင်ပြောထား၍ သူ သိပြီးဖြစ်နေလေသည်။ သို့နှင့် ၁၂ ရက်ပြည့် ညနေပိုင်းတွင် ထုံးစံအတိုင်း ဆရာကြီး လူနာများကိုလာကြည့်ခိုက် မနက်ဖြန်မှစ၍ သူ အိမ်သို့ ခဏပြန်နေလို့ရပြီဖြစ်ကြောင်း၊ တစ်လပြည့်လျှင်ပြန်လာပြဖို့ လိုကြောင်းများ ပြောခဲ့၏။ လွန်ခဲ့သည့် နှစ်ရက် သုံးရက်ကပင်စ၍ လူကောင်းပကတိအတိုင်း နေကောင်းနေပြီဖြစ်၍ သူ အိမ်ပြန်ချင်နေခဲ့သည်။ ယခုအထိ ဆေးရုံ၏ ဆေးဖိုးဝါးခကို ဘယ်သူမှ ဘာစကားမျှ မစလာသေး၍ အကုန်အကျမရှိသေးသော်လည်း အလုပ် မလုပ်နိုင်သရွေ့ ဝင်ငွေမရှိ၊ သူ့ခေါင်းထဲတွင် ဝင်ငွေ၊ ဝင်ငွေ ဟူသော စကားလုံးတို့သည် နာကျင်ကိုက်ခဲမှုတို့၏ နေရာတွင် အစားထိုးဝင်ရောက်လာ၏။ ညပိုင်း အကြောဆေးသွင်းအပြီး လက်ကောက်ဝတ်မှ ဆေးသွင်းပိုက်ကလေးကို ဆရာမက ဖြုတ်ယူလိုက်သောအခါ ဆေးရုံမှဆင်းလိုသည့် ပြင်းပြသည့် စိတ်အစဉ်သည် လေအဟုန်တွင် လွင့်ပျံမတတ် ခံစားမိလေသည်။

ထိုနေ့ညတာသည် ခါတိုင်းထက် ပိုမိုရှည်လျားစွာ ကုန်လွန်သွားခဲ့သည်ဟုပင် သူ တွေးဖြစ်၏။ နောက်နေ့မနက် မိုးလင်းသည်နှင့် ပါလာသော ကျောပိုးအိတ်ကိုဆွဲလျက် ဆယ့်နှစ်ရက်တာ နားခိုခဲ့ရသော

ယူနီဗာစတီဆေးရုံမှ ပေါ့ပါးလှသော ခြေလှမ်းများဖြင့် သူထွက်ခွာလာခဲ့လေသည်။

သွေးတွေ ခါးတွေ စစ်ဆေးရုံမှုမက UltraSound ရိုက်၍ ကုသပေးခဲ့သည်များ၊ ဆရာဝန် ဆရာမတို့၏ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည်များ၊ နေ့စဉ် စားသောက်ဖွယ်အပြည့်ကို တင်ဆောင်လာသည့် တွန်းလှည်းပေါ်မှ ယူ၍ စားသုံးခဲ့ရသော နံနက်စာ၊ နေ့လယ်စာ၊ ညနေစာများ၊ မည်သည့် တန်စိုးလက်ဆောင်မျှ ပေးကမ်းမှုမပြုရဘဲ တန်းတူညီမျှ အခွင့်အရေးရခဲ့ပုံများ....

ဆရာကြီး ဦးထင်အောင်၏ ကြည့်ရှုစမ်းသပ်ပေးခဲ့သည်များ....

အရာရာသည် သူ့နောက်ကျောတွင် မှေးမှိန်စွာ ကျန်ရစ်ခဲ့၏။

***

ကျွန်းမာရွှင်လန်းစွာဖြင့် ကိုဝင်းလွင် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့လေပြီ။ ရက်မှ လသို့ ကူးပြောင်းလာ၏။ နေထိုင်မကောင်းစဉ်က လျော့ပါးသွားခဲ့သည့် စုငွေအတွက် ယခု အတိုးချ၍ ရှာဖြစ်သည်။ တစ်လပြည့်လျှင် ပြန်လာခဲ့ပါဆိုသည့် ဆေးရုံမှ မှာကြားခဲ့သည်များကိုလည်း မေ့ချင်ယောင် ဆောင်ထားလိုက်၏။ နေကောင်းနေပြီပဲ။ သို့သော် တစ်ပတ်တွင် တနင်္ဂနွေတစ်နေ့တော့ သူ နားဖြစ်အောင် နားသည်။ ကြာကြာဝါးမည့်သွား အရိုးတော့ ကြည့်ရှောင်ဦးမှ သူ့ကိုယ်သူ ဆုံးမမှုပြု၍ တနင်္ဂနွေတစ်နေ့စာရမည့် လုပ်အားခကို အလျှော့ပေးလိုက်ရသည်။ သူ အားရက်ယူသောတစ်နေ့တွင် သူနှင့် တစ်ခန်းတည်းနေ



သူ ကိုမြင့်စိုးဆိုသူ၏ သူငယ်ချင်းလင်မယားနှစ်ယောက် အလည်ရောက်လာကြ၏။ ကိုယ့်မြန်မာပြည်သားချင်း တွေ့သည်နှင့် ကိုယ့်တိုင်းပြည်၏ လက်ရှိအခြေအနေ အမျိုးမျိုးအကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း၊ ဘယ်နေရာတွေမှာ အော်ပရာစီ (Operasi Operation ကို မလေးဘာသာဖြင့် ခေါ်သည့်စကား) ဝင်သွားသည့်အကြောင်း၊ ပွဲစားကို...... ဆိုသူက ဒီနိုင်ငံ အရာရှိတစ်ဦးနှင့်ပေါင်းပြီး လေယာဉ်နှင့် လူတွေကို သွင်းနေတဲ့အကြောင်း စုံတကာစေ့အောင်ပြောဖြစ်ကြသည်။ သာမန်လူငယ်များတွင်သာမက အထူးကုဆရာဝန်ကြီးများပါ ဒီနိုင်ငံ၌ အတော်များများရှိနေကြောင်းပါ စကားစပ်မိ၍ ဆရာကြီးဦးထင်အောင်ဆီသို့ ကိုဝင်းလွင် စိတ်ရောက်သွားလိုက်သေး၏။

ဆက်လက်၍ ညှိသည် အမျိုးသမီးက ယခင်နှစ်တွင် သူ့ခြေထောက်နာသဖြင့် ကေအယ်(ကွာလာလမ်ပူ) ဆေးရုံကြီး၌ သူ့အသိဆရာဝန်၏ ထောက်ခံမှုဖြင့် ဓာတ်မှန်ရိုက်ခဲ့ရကြောင်း၊ ပြင်ပ ဆေးခန်းများတွင် တစ်ရာ့ငါးဆယ် နှစ်ရာမျှ ကုန်ကျမည်ကို ဆေးရုံကြီး၌ ဆေးဖိုး တစ်ဆယ့်ရှစ်ကျပ်သာ ကုန်ခဲ့ကြောင်းများကို အားပါးတရ ပြောပြနေ၏။ ဤတွင် ကိုဝင်းလွင်မှာ နောက်တစ်ကြိမ် ပြန်၍ နေမကောင်းဖြစ်လျှင် အဆင်ပြေမည့်လမ်းစအသစ်တော့ရပြီဟူသော အတွေးဖြင့် ထိုအမျိုးသမီးကို ကြည့်ရှုကူညီခဲ့သော ဆရာဝန်ကြီး၏ အမည်၊ လိပ်စာ စသည်တို့ကို မေးလိုက်ဖြစ်သည်။

'အမယ်လေး၊ သွားဖို့တော့ စိတ်မကူးပါနဲ့ရှင်၊ သူ ကျွန်မကို ကြည့်ပေး၊ ဓာတ်မှန်ရိုက်ဖို့ စီစဉ်ပေးခဲ့တဲ့ ကျေးဇူးရှိလို့ ကျွန်မလေ ဖုန်းနဲ့ဆက်ပြီး ပြောလည်းရတဲ့ဟာကို အပင်ပန်းခံပြီး သူ့အိမ်ကို

ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်ကြောင်း သွားပြောပါတယ်၊ ကြုံချင်တော့ အဲဒီရက်က သူတို့တစ်မိသားစုလုံး မြန်မာပြည်ပြန်ခါနီးရက်နဲ့ သွားဆုံတယ်၊ အဲဒီဆရာဝန်က ကျွန်မတို့လမ်းထိပ်မှာ နေတာလေ၊ ဒါနဲ့ ကျွန်မက ကျွန်မ မိဘတွေအတွက် ပန်းသီးဆယ်လုံးဝယ်သွားပေးပါ၊ ပိုက်ဆံပေးပါ့မယ်လို့ ပြောတာကို ဆရာဝန်ကတော်က ဘာပြောတယ်ထင်လဲ၊ ပစ္စည်းတွေ ပေါင်ချိန်ပိုနေလို့ သူတို့အိမ်ဖို့တောင် ပန်းသီးမဝယ်ဘူးတဲ့၊ ရန်ကုန်က ပန်းသီးက ဒီကဟာထက်တောင် အရသာ ရှိသေးသတဲ့လေ၊ တကယ်ဆို ဟိုဆရာဝန်ကြီးကလည်း ဒီက မိန်းကလေးတစ်ယောက်က ပြောနေတဲ့ဟာကို ယူပေးလိုက်ပါ၊ ဘာညာ ပြောပေးပါလား၊ ခုတော့ ပါးစပ်ကြီးကို ပိတ်လို့၊ အဲဒီကတည်းက. သူတို့ကို ကျွန်မ မဆက်သွယ်တော့ဘူး'

ကိုဝင်းလွင်အတွက် အရေးကြုံလျှင် ထွက်ပေါက်ရှာဖို့ လမ်းစသည် ဤတွင် ပိတ်သွားလေသည်။

'ဟို၊ ငါ ကျန်းမာနေပြီပဲ၊ ပြန်ဖြစ်တော့ရော အရေးလား၊ ဆေးရုံရှားတာလိုက်လို့' သူ့ကိုယ်သူ အားတင်းစကားဆိုဖြစ်၏။ သို့သော် ဂရုစိုက်နေသည့်ကြားမှပင် အလုပ်ချိန်များခြင်း၊ အစားအသောက် မမှန်ခြင်းကြောင့်လား မသိ။ ဆေးရုံမှ ဆင်းအပြီး လေးလကျော်အကြာတွင် ဝမ်းဗိုက်မကောင်းသလို ခံစားရ၍ အတော်လေး စိတ်လှုပ်ရှားသွားမိ၏။ ဆေးရုံမှပေးလိုက်သော စားဆေးများလည်း ကုန်ခဲ့ပြီဖြစ်၍ အမေပို့သော လေဆေး၊ လျက်ဆား စသည်တို့နှင့် စိတ်ဖြေရသည်။ ကံကောင်းသည်ပဲလား မပြောတတ်၊ တစ်ရက် နှစ်ရက်ကြာတော့ ပြန်၍ နေကောင်းသွားခဲ့သော်လည်း ကိုဝင်းလွင် နေလို့မဖြောင့်တော့။ တကယ်လို့များ အရင်



တစ်ခါလို ပြန်ဖြစ်လျှင်ဆိုသည့် အတွေးသည် သူ့အား ခြိမ်းခြောက်နေတော့သည်။

တစ်လပြည့်လျှင် ပြန်လာပါဆိုသည်ကို မေ့ထားပစ်ရုံမက သူ့အတွက် ကုန်ကျစရိတ်မှန်သမျှကိုလည်း မျက်ကွယ်ပြုခဲ့မိပြီ။ ဆရာကြီးဦးထင်အောင်ကိုလည်း အနည်းဆုံး ဖုန်းလေးနဲ့ပဲဖြစ်ဖြစ် ကျေးဇူးတင်ကြောင်းလေးတောင် မပြောဖြစ်ခဲ့။ ဆေးရုံပြန်သွားရမည့် ရက်စေ့စဉ်က အလုပ်ပျက်၍ ဝင်ငွေလျော့ပါးမှာ၊ ဆေးရုံ၏ ကျသင့်ငွေများအတိုင်း ရှင်းပေးလိုက်ရလျှင် အနည်းဆုံး ငွေငါးရာ ခြောက်ရာလောက် ကုန်ကျသွားမှာ စသည်တို့ကိုတွေးပြီး သူ အဝေးကြီးဝေးအောင် ရှောင်ရှားခဲ့မိ၏။ ယခု သူ့ရောဂါဟောင်း ပြန်ထပြန်လေပြီလား။ စိုးရိမ်ပူပန်မှုတို့ ရေဆူအမှတ်နားတိုင် လာလေသည်။ သူ့နဖူးနှင့် လည်ပင်းကို သူ့လက်ခုံဖြင့် စမ်းသပ်ကြည့်ပြီး 'ငါ အစိုးရိမ်လွန်နေတာ ထင်ပါရဲ့၊ အသားအရေတွေလည်း ကောင်းလို့ပါ' တနင်္ဂနွေဖြစ်သော်လည်း အခန်းဖော် အားလုံးလိုလို အလုပ်ဆင်းသူဆင်း၊ မြို့ထဲထွက်သူထွက်ဖြစ်သဖြင့် ကိုဝင်းလွင် တစ်ဦးတည်း ရောက်တတ်ရာရာ တွေးချည်ငေးချည်ဖြင့် ခြေတွေ လက်တွေ ဆွဲ၍မရသလို ခံစားနေမိသည်။

'ဟာ၊ တစ်အိမ်လုံးလည်း ငြိမ်လို့ပါလား၊ ခင်ဗျားတစ်ယောက်တည်းလား'ဆိုသည့် အသံကြားမှ လှုပ်ရှားဖြစ်၏။

'ဩော် ကိုစိုးငြိမ်း၊ ခင်ဗျား မလာတာတောင်ကြာပြီ၊ ကိုတင်ထွန်းဦးနဲ့ အောက်မှာ မတွေ့ခဲ့ဘူးလား၊ စောစောလေးကပဲ ဆင်းသွားတယ်၊ ခင်ဗျားကို စောင့်နေတယ် ပြောတာပဲ'

ကိုစိုးငြိမ်းဆိုသူမှာ ကိုဝင်းလွင်နှင့် အတူနေသူ ကိုတင်ထွန်းဦး၏ မိတ်ဆွေရင်း ဖြစ်သည်။ သုံးလ တန်သည်၊ လေးလတန်သည် တစ်ခါ

လောက် လာရောက်လည်ပတ်တတ်၍ အရင်းနှီးကြီး မဟုတ်သော်လည်း သိကျွမ်းနေကြသူများ ဖြစ်လေသည်။

'ဟုတ်လား၊ ဆေးလိပ်ဆင်းဝယ့် ထင်ပါရဲ့၊ ဒီလူတော့ ဆေးလိပ်ဖိုးနဲ့ပဲ မွဲမယ်၊ ရပါတယ်၊ စောင့်တာပေါ့၊ အချိန်ရပါသေးတယ်'

နာရီကိုကြည့်လျက် သူ့လက်မှ ဆွဲလာသော ကြွပ်ကြွပ်အိတ်ကို ခုံတန်းပေါ်တင်ရင်း ကိုဝင်းလွင်အနီးတွင် ထိုင်လိုက်၏။

'ဒါဆို ခရီးဆက်ကြဦးမယ် ထင်တယ်'

'အေးဗျာ ပီရျေဘက်သွားမလို့၊ ဒီ သူ့လာခေါ်တာ၊ သူဟိုတုန်းက ပီရျေက စက်ရုံတစ်ရုံမှာ လုပ်ဖူးတော့ အဲဒီဘက် ကျွမ်းမယ်ထင်တာပဲ'

'ကိုစိုးငြိမ်းက အဲဒီဘက် အလုပ်ပြောင်းမလို့လား'

'မဟုတ်ဘူးဗျ၊ ကျွန်တော်ပြီးခဲ့တဲ့ လကတည်းက ဆီးစပ်အောင့်အောင့်နေလို့ဗျာ၊ အဲဒါ အလုပ်ထဲက တစ်ယောက်က ညွှန်တာနဲ့ ဒေါက်တာ ဦးထင်အောင်ဆိုတဲ့ ဆရာကြီးနဲ့သွားပြတယ်'

'ဆေးရုံကိုလား'

ကိုစိုးငြိမ်း စကားမဆုံးမီ အလောတကြီး သူ ဝင်၍ မေးဖြစ်၏။

'မဟုတ်ဘူး၊ သူ့အိမ်ကို အဲဒါဗျာ၊ စမ်းသပ်ကြည့်ပြီး ဆေးနှစ်မျိုး ဝယ်သောက်ခိုင်းတယ်၊ ဆယ့်ငါးကျပ် (မလေး ၁၅ ဒေါ်လာ) လောက်ပဲ ကုန်ပါတယ်၊ ကျွန်တော် လုံးလုံးနေကောင်းသွားတယ်၊ အဲဒါဆရာကြီးကို သွားကန်တော့မလို့၊ ကိုယ့်တိုင်းပြည်မှာတောင်အထူးကုနဲ့ ပြချင်ရင် လက်မှတ်ကြိုယူရ၊ ဟိုလူဒီလူကို မျက်နှာလုပ်ရ၊ ပြီး ငွေတွေလည်း ကုန်ပါလေ့၊ ခု သွားပြောတာနဲ့ ချက်ချင်းကြည့်ပေးတာ၊ ကိုယ်က ခုလို သွားလာထားတယ်ဆိုတော့ နောက်တစ်ခါ တစ်ခုခုဆိုရင် အကူအညီ တောင်းရလွယ်တာပေါ့ဗျာ'



ကိုဝင်းလွင် ဘာစကားမှ မဆိုနိုင်။ သူ့စိတ်တွေ ယူနီဗာစတီဆေးရုံနှင့် ဒေါက်တာဦးထင်အောင်တို့ဆီ ကူးချည်သန်းချည် ရောက်နေသည်။

'ဒီမှာ၊ ခင်ဗျားတို့လိုတဲ့အခါ သွားလို့ရအောင် ဒီကတ်ပြားလေး ယူထားပါလား'

ကိုစိုးငြိမ်းက စေတနာကောင်းနေပြန်သည်။ လိပ်စာကတ်ပြားလေး တစ်ခုကို သူ့အင်္ကျီအိတ်မှ ထုတ်ယူကာ ကိုဝင်းလွင်ဆီ ကမ်းလာသဖြင့် အလိုက်သင့် ယူထားလိုက်ရသည်။ မျက်လုံးတစ်ချက်အကြည့်တွင် ဒီဂရီတွေ နှစ်ခု သုံးခု တန်းလျက် စာတန်းကို ဒေါက်တာထင်အောင်ဆိုသည့် အမည်အောက်တွင်တွေ့နေရ၏။ ပြီးတော့ ဖုန်းနံပါတ် အသေအချာပါပဲ။ လွန်ခဲ့သော လေးလကျော်ကာလက သူလက်ညှိုးဖြင့် နှိပ်ခဲ့မိသော ကိန်းဂဏန်းများ။

ကိုစိုးငြိမ်းမှာ စကားပြောပြီး အာခြောက်သွားပုံရ၏။ မီးဖိုခန်းဘက် ဝင်၍ ရေသောက်ပြီး တံခါးဝဆီသို့ ခြေဦးလှည့်ရင်း–

'ကျွန်တော်အောက်ထပ် လက်ဖက်ရည်ဆိုင်မှာ တင်ထွန်းဦးကို သွားရှာလိုက်ဦးမယ်၊ ဒီလူဘယ်နေရာမှာ လေကြောမိနေလဲ မသိဘူး'

ဆို၍ အပြင်ထွက်မည့်ဟန် ပြင်သည်။ ကိုဝင်းလွင်သည် ကိုစိုးငြိမ်း ခုံပေါ်တင်ထားခဲ့သည့် ကြွပ်ကြွပ်အိတ်ဆီ မျက်စိရောက်ဖြစ်၏။ ဘာတွေပါလိမ့်အတွေးဖြင့် အသာဖွင့်လိုက်မိသည်။ ကော်ဖီမှုန့် တစ်ပုလင်းက ဆယ့်နှစ်ကျပ် ပြားကိုးဆယ် (M$12.90)၊ နို့ဆီဘူးက တစ်ကျပ်ဆယ့်ငါးပြား (M$ 1.15) အားလုံးပေါင်းလိုက်ရင် ငါ့ရဲ့ တစ်နေ့ဝင်ငွေ ထက်ဝက်တောင် မရှိပါလား။ လက်နှင့် မျက်စိများက လှုပ်ရှားသည့်နည်းတူ စိတ်တွေကလည်း အတွက်အချက်ဖြင့် မနားမနေ

ဖြစ်နေရသည်။ ဒီလောက်ကုန်တာလေးနဲ့လည်း ကျေးဇူးပြုလို့ရတာ ဖြစ်ပေမယ့် သူတစ်ခါမျှ မစဉ်းစားဖြစ်ခဲ့သည့် ကိစ္စတစ်ခု။ ကိုစိုးငြိမ်း ပြောတာတွေ မှန်သလိုလိုရှိသော်လည်း အို၊ ဆေးရုံပဲဟာ၊ ပေးမှကမ်းမှ လှုပ်ရှားတာမျိုးမှ မဟုတ်တာ၊ သူက အိမ်သွားပြတာပဲ၊ ငါနဲ့ ဘာမှ မဆိုင်ဘူး၊

မည်သို့ပင် 'မဆိုင်ပါဘူး'ဆိုသည့်အတွေးဖြင့် တင်းထားပါသော်လည်း ကိုစိုးငြိမ်း၏ 'တစ်ခုခုဆိုရင် အကူအညီတောင်းရ လွယ်တာပေါ့ဗျာ'ဟူသော စကားသည် ကိုဝင်းလွင်၏ နားတွင် ပဲ့တင်ထပ်သကဲ့သို့ မြည်ဟီးနေလေသည်။

[ ရွှေအမြုတေ။ နှစ်၊ ၁၉၉၆။ ]

***

## ရွှေပြည်ကိုလား ဝေးလှတယ်

**ကရဏီယ–မတ္ထကုသလေန**
**ယန္တ သန္တံ၊ ပဒံအဘိသမေစ္စ**
**သက္ကောဥဇူစ၊ သုဟုဇူစ။**
**သုဝစောစဿ၊ မုဒုအနတိမာနီ။**

အေးချမ်းငြိမ်သက်သော အကြင်နိဗ္ဗာန်သည်
အကာယ်ပင်ရှိ၏။
သစ္စာလေးပါးတရားတို့ကို သိရှိပြီး
ကိုယ်စိတ်နှလုံး သုံးပါးလုံးကို
ဖြောင့်မတ်အောင် စွမ်းဆောင်နိုင်သည်သာမက
ပကတိဖြူစင်သော နှလုံးသားဖြင့် ဆုံးမရလွယ်ကူခြင်း၊
နူးညံ့ပျော့ပျောင်းခြင်း၊ မာန်မာနကင်းခြင်းဟူသော
ကောင်းမြတ်သည့် စိတ်ဓာတ်အပြည့်ဖြင့်
ထိုနိဗ္ဗာန်ရွှေပြည်သို့ မျက်မှောက်ပြုရာ၏။

(မေတ္တသုတ်)

ရန်ကုန်၏ မေလ နေသည် ပူပြင်းလွန်းလှ၏။ သစ်ရွက်နုဖားဖားတို့သည် မိုးဦးကိုမျှော်သယောင် လေအငွေ့တွင် လှုပ်ခါသွားကြပါသည်။ ကျွန်မသည် ဗိုလ်ချုပ်ဈေးရှေ့ ရဲအရာရှိကြီးများ အိမ်ထောင်စုရိပ်သာ၏ အရိပ်တွင် နေခိုရင်း၊ အမောဖြေရင်း ဗိုလ်ချုပ်ဈေးဘက်ထွက်သွားသော သမီးကြီးကို လှမ်းမျှော်ကြည့်နေမိပါသည်။ အိမ်တွင်ကျန်ရစ်သော သားအငယ်ကောင်က ကျောင်းအဖွင့်ဝတ်ရန် မိုးတွင်းစီးဖိနပ်နှင့် သူကြိုက်လှသော ဆီချက်ခေါက်ဆွဲမှာလာသဖြင့် ကမ္ဘောဇဆေးတိုက်တွင် သွားဆရာဝန်နှင့်တွေ့ပြီး ဗိုလ်ချုပ်ဈေးဘက်ဆက်လာရခြင်း ဖြစ်ပါသည်။ သည်ဘက်ပလက်ဖောင်းမှ ဗိုလ်ချုပ်ဈေးဘက်သို့ ဝင်နိုင်ရန် လမ်းကျော်တံတားကို ကျော်ဖြတ်ရန် ဝန်လေးလှသဖြင့် အဖော်ပါလာသူ သမီးကြီးအား လိုတာကိုဝယ်ရန် လွှတ်လိုက်ပြီး သူပြန်လာရာလမ်းကို ကျွန်မ မျှော်နေခြင်းဖြစ်ပါသည်။ ညနေ သုံးနာရီကျော်ပြီ ဖြစ်သဖြင့် နောက်တစ်နာရီကျော်ကြာလျှင် ရုံးများဆင်းတော့မည်။ သို့ဆိုပါက ကားများကျပ်တော့မည်။ နေက ပူလွန်းရသည့်အထဲ ကိုယ့်အတွေးနှင့်ကိုယ် ပို၍ မောသွားပါတော့သည်။ သမီးဆင်းလာမည့် လမ်းကျော်တံတားကြီးဘက်မှ ကျွန်မ နားနေရာတစ်လျှောက် လူများသွားချည်လာချည် ရှုပ်ယှက်ခတ်နေသည့်ကြားတွင် တိုက်ရိပ်ခို၍ ပရိယေသန ဝမ်းစာရှာဖွေမှုပြုနေသော ဈေးသည်တို့၏ ဈေးခေါ်သံ၊ ဝယ်သူတို့၏ ဈေးဆစ်သံ မျိုးစုံတို့ကြောင့်လည်း ကျွန်မ၏ စောင့်နေရချိန်သည် ပိုကြာသယောင် ထင်ရပါသည်။ ထိုအခိုက် တံတားလှေကားဘက်ဆီမှ ထီးတစ်ချောင်းကို နှစ်ယောက်တွဲဆောင်းလာသော အတွဲ



တစ်တွဲကို ကျွန်မ စူးစိုက်မိသွားပါသည်။ ဤမျှပူလောင်သည့် နွေညနေတွင် အင်္ကျီလက်ရှည်အစိမ်း၊ ထဘီကလည်း စိမ်းညို့နေသော ပြောင်လုံချည်။ သို့အတွက် ပို၍မြင်သာသွားခြင်း ဖြစ်ပါသည်။ ကျောင်းဆရာမဖြစ်သော ကျွန်မအဖို့မူ အစိမ်းရောင်ပြောင်လုံချည်မှာ ကျောင်းဝတ်စုံမို့မည်သည့် အခြားနေရာတွင်မှ ဝတ်လေ့ဝတ်ထ မရှိခြင်းကြောင့် ထိုအမျိုးသမီးကို သတိထားမိသွားခြင်း ဖြစ်ပါသည်။ အမျိုးသမီးမှာ အသက် ၄၀ ကျော်လောက်ဟု ခန့်မှန်းရ၏။ အနားတဖြည်းဖြည်းနီးလာမှ အမျိုးသားမှာ အသက် ၂၀ လောက်အရွယ်မှန်း သိသာသွား၏။ သားအမိထင်ပါရဲ့။ သူတို့နှစ်ယောက် ကျွန်မအနီး ခြေလှမ်း ဆယ်လှမ်းစာလောက် အရောက်တွင် အမျိုးသမီးကိုကြည့်ရင်း ကျွန်မ လှစ်ခနဲ ရင်ခုန်မိသလို ခံစားသွားရပါသည်။ မိနု.... မခင်နု၊ အို.... နုနုပါလား။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခါပြန်လောက်နှင့် စာလျှင်တော့ အတော်လေး ဝနေ၏။ အို၊ ဘယ်လောက်ပဲ ဝလာပါစေ၊ လူမှားစရာ အကြောင်းမရှိ။ ကျွန်မ ရပ်နေရာမှ ရှေ့သို့တစ်လှမ်းတိုး၍ နှုတ်ဆက်မိပြီး ဖြစ်သွားပါသည်။

'ဟဲ့.... နု၊ .... နုနု ထင်တယ်နော်'

အမျိုးသမီးရော လူငယ်ကပါ အမှတ်မထင် နှုတ်ဆက်စကားကို သူတို့ရှေ့နားမှ ပေါ်ထွက်လာသောကြောင့် ကျွန်မကို တအံ့တဩ ပြန်၍ ကြည့်လိုက်ကြပါသည်။ စက္ကန့်ပိုင်းလေးအတွင်းမှာပင်–

'ရှင်၊ ဟင် မမတင့်လား'

'ဟုတ်ပါတယ် နုနုရယ်၊ မမတင့်မှ မမတင့် အစစ်ပါ'

'မတွေ့တာ နှစ်တွေတောင် ကြာလှပြီနော်၊ ခု မမက'

'သြော်၊ သမီး ဈေးဘက်ကိုသွားလို့၊ သူ့ကိုစောင့်တာ၊ ဟော ဟော ဟိုမှာ ပြန်လာနေပြီ'

'ဒါနဲ့ မမတင့်တို့ အခု ရန်ကုန်မှာလား'

'ဒီပြောင်းတာ ကြာပြီ၊ ဆယ်နှစ်ကျော်ပြီပေါ့'

'သြော် သြော်၊ ဘယ်မှာနေကြလဲဟင်'

'သဃ်န်းကျွန်းမှာနေတယ်၊ အမျိုးသားက ပုံနှိပ်စက် လုပ်တယ် ကွယ်၊ မမကတော့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ပေါ့'

ပြောနေရင်း သမီးကြီး အနားရောက်လာ၍ 'မမတင့် သမီးက အချောပဲ'ဟု ပြောပြီး 'ကဲ၊ မမတင့်ရေ၊ နောက်မှ တွေ့ကြဦးမယ်နော်၊ ကျွန်မ ဝင်စရာရှိသေးလို့'ဟု ဆိုရင်း ခြေလှမ်းပြင်၏။ ကျွန်မလည်း 'အေးအေး၊ မမတင့်လည်း တက္ကစီငှားပြီး ပြန်တော့မှာပါ'ဟု ပြောမိရာ သမီးက ကျွန်မကို ဖျတ်ခနဲ စိုက်ကြည့်လိုက်ပါသည်။ သူ့အကြည့်ကို ကျွန်မ နားလည်ပါသည်။ ဒီလိုနေရာမျိုးတွင် ဘယ်သောအခါမျှ သူ့အမေ တက္ကစီ မစီးဖူးကြောင်း အစဉ်းသိဖြစ်သောကြောင့်ပါတည်း။ ထို့အပြင် ကျွန်မအိတ်ထဲ၌ ငွေ ၄၀ ကျပ်ပင် မပြည့်တော့တာလည်း သမီး သိပါသည်။

ဈေးဝယ်အပြီး ပိုသမျှ ငွေလေးရာကျော်ကို သွားဆရာဝန်ကို ရှင်းခဲ့ပြီး ဗိုလ်ချုပ်ဈေး သမီးအသွား ကျွန်နှစ်ရာကို ပေးလိုက်ပြီးဖြစ်ပါသည်။ လေးဆယ်ကျန်သည်ဆိုသည်မှာလည်း လိုရမည်ရ ဆောင်ထားသည့် ငွေလေး။ တက္ကစီနား ဘယ်လိုများ ကပ်မလဲ။

ကျွန်မ စကားအဆုံးတွင် မခင်နု ခြေလှမ်း ကျွန်မဘက် ပြန်လှည့်ရင်း 'ဒီလိုဆိုလည်း ကျွန်မနဲ့လိုက်ခဲ့ပါ၊ လာသမီး'ဟု ပျူငှာစွာ လှည့်၍ခေါ်ပါသည်။



'သြော် ကိုယ်ပိုင်ကားတောင် စီးနိုင်တဲ့ဘဝ ရောက်နေပါပေါ့လား' ဟု ဖျတ်ခနဲ အတွေးရောက်ရင်း–

'အဆင်ပြေလို့လား နုနုရယ်၊ အားနာစရာကြီး'

'ပြေတယ် မမတင့်၊ ပြေတယ်၊ ကျွန်မတို့က မြင်းပြိုင်ကွင်းနား တင်ပဲ နေတာဆိုတော့ လမ်းကြုံပါတယ်'ဟု ပြောရင်း ရှေ့ကသွားနှင့်သော သူ့အဖော်နောက်သို့ လိုက်နေပြီဖြစ်ရာ မခင်နု၏ ခေါ်ရာသို့ ကျွန်မတို့ ခြေဦးလှည့်ပြီး ဖြစ်သွားပါသည်။ 'မေလ နေမင်းရေ၊ ဒီတစ်ခါတော့ သင့်ရဲ့ဒဏ်ကို ခံစရာမလိုတော့ဘူး'ဟု စိတ်ထဲမှာရေရွတ်နေမိပါသည်။ ကိုယ်ပိုင်ကားနှင့် အိမ်အထိ ပြန်ရမှာဆိုတော့ နည်းတဲ့ခရီးမှ မဟုတ်တာ၊ ခြေလှမ်းလေးငါးဆယ်အရောက်တွင် သူ့အဖော် လူငယ်လေးက သပြေသီးမှည့်ရောင် ကားသစ်လေးတစ်စင်း၏ တံခါးကို ဖွင့်ရင်း စောင့်နေသည်ကို တွေ့ရပါသည်။

'ကဲတက် မမတင့်၊ သမီးလည်းတက်'ဟု ပြောပြီး ကားတံခါးကို ကိုယ်တိုင်ဖွင့် ကိုယ်တိုင်ပိတ် လုပ်ပေးပါသည်။ အို၊ ပူပြင်းတာတွေ ဘယ်များရောက်ကုန်ပါလိမ့်၊ အထဲမှာလည်း အေးစိမ့်လို့၊ ချိုမွှေးမွှေး ရနံ့တစ်ခုကြောင့်လည်း အမောပြေသွားရပါသည်။

'သားကြီးရေ၊ ပဲရစ်ကို ဝင်မယ်နော်၊ ဘိုးဘိုးမှာတာ ဝယ်ရအောင်'

'ဟုတ်ကဲ့ မေမေ'

ကျွန်မတို့ မေးမြန်းပြောဆိုနေကြသည့်အခိုက် ဘေးနားမှ မခင်နုကို တစ်ချိန်လုံးထိုးမိုးပေးနေသော လူရွယ်ထံမှ ပထမဆုံးထွက်လာသည့် စကားသံ ဖြစ်ပါသည်။ သေသေချာချာကြည့်မှ မခင်နုနှင့် အတော်ဆင်၏။ မအေတူသား ကြီးပွားဦးမှာပေါ့လေဟု မှတ်ချက်ချမိ၏။

သူ၏ တစ်ခွန်းတည်းသော 'ဟုတ်ကဲ့ မေမေ' ဆိုသည့် အသံသည် ချိုသာပြီး ကျိုးနွံနေဟန်ဖော်ပြသကဲ့သို့ ရှိပါသည်။ တစ်ဆက်တည်းမှာပင် ကျွန်မသား အကြီးကောင် အမေကို ပြန်ပြောနေကျ ဟောက်တိဟောက်ငန်းအသံကို နားတွင်ကြားယောင်မိလိုက်ပါသည်။ သူငယ်သည် ကားကို ကျင်လည်စွာမောင်း၍ ဗိုလ်ချုပ်လမ်းမှ ဆူးလေဘုရားလမ်းကွေ့ဘုရားအဝိုင်းကိုပတ်ပြီး ပဲရစ်မုန့်တိုက်ရှေ့တွင် ရပ်လိုက်ပါသည်။

'ခါတိုင်းဝယ်နေကျအတိုင်းလား မေမေ'

'အေးလေ၊ သားတို့စားချင်တာလည်း ပိုဝယ်ခဲ့ဦး'

သူ့သားထွက်သွားမှ 'နုနု ကလေးဘယ်နှယောက်လဲ'ဟု မေးဖြစ်၏။

'သုံးယောက် မမ၊ သားတွေချည်းပဲ၊ စောစောက အကြီးဆုံး'

'ဒီကလေးဆို ကောလိပ်ရောက်ရောပေါ့နော်'

'ဟုတ်ကဲ့၊ ရောက်နေပါပြီ'

'ဘယ်မှာ တက်နေလဲ'

'ဩော်၊ အာရ်အိုင်တီမှာပါ'

မခင်နုက ဖြေရင်း 'ခဏလေးနော် မမ'ဟု ပြောပြီး ကားတံခါးကိုဖွင့်၍ သူ့သားနောက်ကပျာကယာဆင်းလိုက်သွား၍ စကားစ ပြတ်သွားပြန်ပါသည်။ ခဏအကြာ ပြန်လာပြီး–

'ကဲ မမတင့်ရေ၊ သဃ်နှ်းကျွန်း ဘယ်မောင်းပေးရမလဲ'မေးရင်း သူ့သားဘက်သို့လှည့်၍ 'သား သတိထားမောင်းနော်'ဟုလည်း ပြောလိုက်ပါသည်။ ဒီတော့မှ ကျွန်မ ဆီနှင့် ဆန်ဝယ်ပြီး သဃ်နှ်းကျွန်းဈေး



အသိဆိုင်တွင် အပ်ခဲ့တာ အမှတ်ရသွားပါသည်။ 'သဃ်နှ်းကျွန်းဈေးရှေ့မှာသာ ချပေးပါ နုနုရယ်'ဟု ပြောဖြစ်၏။

သားကြီးဆိုသူမှာ စကားတစ်လုံးမျှမပြောဘဲ သူ့ကားကိုသာ ဂရုစိုက်မောင်းနေပါသည်။ ကျွန်မကသာ သိလိုတာတွေ တတွတ်တွတ်မေးနေသော်လည်း မခင်နုမှာ ကျွန်မတို့ မိသားစုအကြောင်း၊ ဟိုဒီအကြောင်း ဘာမျှ မေးမြန်းခြင်းမရှိ၊ ခပ်အေးအေးလိုက်ပါလာခဲ့သဖြင့် ကျွန်မက နောက်ထပ် မေးစမ်းလုပ်ရမှာ နှုတ်တွန့်နေမိပါသည်။

ကားနောက်ခုံက ကျွန်မမှာ လူကသာငြိမ်နေရသော်လည်း စိတ်တွေက မျိုးစုံတွေး မျိုးစုံ ခံစားနေမိပါသည်။ ကိုယ့်မျက်စိရှေ့မှ မခင်နု၏ ဝတ်စားဆင်ယင်ပုံကိုလည်း အသေးစိတ် လေ့လာနေမိပါတော့သည်။ မိန်းမ မဟုတ်ပါလား။ ငရုတ်ကောင်းစေ့ခန့်ရှိ မြကို စိန်ရံထားသည့် ခြယ်နားကပ်မှာ တဖျပ်ဖျပ် လက်နေသကဲ့သို့ သူမ၏ လက်သူကြွယ်မှ သုံးတန်းသွား စိန်တစ်ပွင့် မြတစ်ပွင့် တစ်ပွင့်ကျော်စီတန်းနေသည့် လက်စွပ်၏ ရွှန်းစိုတောက်ပနေပုံမှာလည်း ကျွန်မ၏ မျက်စိမှ မထွက်နိုင်အောင်ပါပင်တည်း။ ဩော်၊ ဟိုတုန်းက ရွှေထည်ရိုးရိုးကိုတောင် အနိုင်နိုင် ဝတ်ခဲ့ရသူတစ်ဦး၏ ကောင်းစားနေပုံ၊ ဗိုလ်ချုပ်ဈေးရှေ့ တွေ့စက ကျွန်မ ဂရုပြုမိခဲ့သည့် အင်္ကျီလက်ရှည်၊ ရှိသားစိမ်းဖန့်ဖန့်ရောင်တွင် အနက်ပြောက်လေးများ ခပ်ကျဲကျဲ ဖောက်ထားသည့်အဆင် 'အင်း၊ နွေပူပူမှာ ငါ့နှစ်ထပ်ဇာလက်တိုနှင့်ယှဉ်ပါက သူ့လက်ရှည်ကမှ ချည်ထည်ဆိုတော့ ပိုပြီး အေးဦးမှာပါလား'လို့ ကိုယ့်ကိုယ်ကိုယ် ပြန်တွေးမိပြန်ပါသည်။ လုံချည်က ဘီဘဲလ် တစ်ထည်ရှစ်ရာမှ တစ်ထောင် ဈေးရှိသည်မို့ ကျွန်မ အနားမကပ်နိုင်သော

အစမျိုး။ ဒီလောက် အခြေအနေတွေ ပြောင်းလဲသွားသော သူ့ကို ဒီနှစ်တွေကြားမှာ ဘာလို့များ မဆုံဖြစ်ခဲ့ပါလိမ့်ဆိုသည့် အတွေးက လွှမ်းမိုးလာပြန်ပါသည်။ သို့နှင့်–

'တစ်မြို့တည်းမှာနေပြီး နုနုနဲ့ တစ်ခါမှ မဆုံဖြစ်ဘူးနော်'ဟု ကျွန်မ စကားစမိပြန်ပါသည်။

'နုနုက ရန်ကုန်မှာ နေခဲ့ပါတယ်၊ အမျိုးသားနောက် လျှောက်လိုက်နေလို့ပါ'

'အမျိုးသားက နယ်မှာပေါ့'

'ဟုတ်ကဲ့ပါ'

'ဒီလိုဆို နုနု အလုပ်ကကော'

'အလုပ်ကထွက်ထားတာ လေးနှစ်ကျော်ပါပြီ'

'နှမြောစရာကြီးနော်'

'မိသားစု အဆင်ပြေအောင်လို့ မမတင့်ရယ်'

ပြောနေရင်း ကားမှာ တာမွေဈေးကို ကျော်လာပြီဖြစ်၍ သားဖြစ်သူမှာ 'အပြန်မှာ တာမွေဈေးဝင်ဦးမလား မေမေ'ဟု မေးလာသဖြင့် ကျွန်မ သိလိုတာတွေကို ရပ်ထားရပြန်ပါသည်၊ တဖြည်းဖြည်းနှင့် ကားမှာ သဃ်န်းကျွန်းဈေးသို့ ဦးတည်လာပြီ ဖြစ်ပါသည်။ ဘာကြောင့်များ ဒီနေ့မှ ဆန်တွေ ဆီတွေကို ဝယ်ခဲ့မိပါလိမ့်။ အဲဒါတွေကိုသာ ဝင်၍ ယူစရာမလိုပါက ကိုယ့် အိမ်ရှေ့အရောက် ဒီကားနှင့် ပြန်လို့ရမှာ။ အိမ်နီးပါးချင်းတွေ ရှေ့မှာ လေးငါးသိန်းတန် ကားကြီးပေါ်က အမြိုင့်သားဆင်းပြရတာမျိုး၊ တို့မှာ အဲဒီလို အဆင့်အတန်းမြင့်တဲ့ မိတ်ဆွေတွေရှိတယ်ဟော့လို့ ပြိုင်ချင်သူကို စကားတစ်ခွန်းမှမဆိုဘဲ



ဝင့်ကြွား၍ ပြတာမျိုး ကျွန်မ လုပ်ဆောင်ခွင့် မကြုံနိုင်တာအတွက် ကိုယ့်ကိုယ်ကိုယ် မကျေနပ် ဖြစ်သွားမိပြန်ပါသည်။ တွေးရင်းပင် ကားမှာ ဈေးအနီးသို့ရောက်လာ၍ 'ရှေ့နားက သစ်ပင်ရိပ်မှာ ရပ်ပေးပါ နုနုရယ်'ဟု ပြောဖြစ်၏။ သားဖြစ်သူက နောက်ပြန်လှည့်၍ ကားတံခါးကို ဖွင့်ပေးသဖြင့် အလိုက်သင့် ဆင်းလိုက်ရပါသည်။ 'ကဲ သွားလိုက်ဦးမယ် မမရေ'ဟု နုနုက နှုတ်ဆက်လိုက်သည့်နည်းတူ သားဆီမှလည်း 'သွားလိုက်ပါဦးမယ် ခင်ဗျား'ဟူသော စကားချိုချိုလေး ပေါ်ထွက်လာ၏။ ကျွန်မမှာ ကျေးဇူးတင်ကြောင်းပြောပြီး ဂယ်ကွေ့ကွေ့၍ မောင်းထွက်သွားသော သူတို့၏ကားကို မျက်စိတဆုံး ကြည့်နေမိပါတော့သည်။

'တစ်ခါမှလည်း မတွေ့ဖူးပါလား အမေ'ဟု သမီးကြီးက စကား စ သည်။

'ဟိုတုန်းက မိတ်ဆွေဟောင်းတွေ ဆိုပါတော့ကွယ်၊ အမေတို့မြို့မှာ သုံးလေးနှစ် အတူအလုပ်လုပ်ခဲ့ဖူးတယ်'

'အရမ်းချမ်းသာတယ် ထင်ပါရဲ့နော်'

'ခုမှ ချမ်းသာလာတာပါ၊ ဟိုတုန်းက ဆင်းဆင်းရဲရဲ'

'ဟင် ဟုတ်ရဲ့လား၊ အမေရဲ့'

'သိပ်ဟုတ်၊ ကဲ ကဲ ဈေးထဲ မြန်မြန်ဝင်၊ ယူစရာရှိတာယူပြီး မြန်မြန် ပြန်ကြရအောင်'

ကျွန်မတို့သားအမိ ဝယ်ထားခဲ့သော ဆီတစ်ပိဿာနှင့် ဆန်ငါးပြည်ကို တစ်ယောက်တစ်မျိုးစီ မချီရင်း အိမ်ရှိရာသို့ လမ်းလျှောက်ပြန်ခဲ့ကြပါသည်။ နေ့စဉ် ဒီလိုပဲ လျှောက်နေကျလမ်းဖြစ်သော်လည်း ဒီနေ့

ခရီးမှာ ရှည်လွန်း၍ ညနေစောင်းနေ၏ အပူရှိန်က ပို၍ ပြင်းထန်လွန်းလှသည်ဟု ကျွန်မ ထင်လိုက်မိပါသည်။

အိမ်ရောက်တော့ ထုံးစံအတိုင်း ညနေစာဖန်တီးရ၊ လျှော်ရ ဖွပ်ရ၊ အချိန်လွန်မှ အိမ်ပြန်ရောက်လာသော သားအကြီးကောင်ကို ဆူရဆဲရနှင့် ညရှစ်နာရီကျော်လောက်မှ နားဖြစ်ပါတော့သည်။ ခါတိုင်းဆိုရေဒီယိုမှ သီချင်းလေး၊ သတင်းလေးကို နားထောင်ဖြစ်သေး၏။ ယနေ့တော့ အိပ်ရာသို့ စောစောဝင်ချင်နေပါသည်။ ကျွန်မ၏ အတွေးပင့်ကူအိမ်တွင် မခင်နုဟူသော ပိုးကောင်လေးတစ်ကောင် ဝင်ရောက်ငြိတွယ်နေ၏။ ရှေ့နောက်ဘေး အရပ်လေးမျက်နှာမှနေ၍ တစေ့စေ့ကြည့်နေမိပါသည်။ မြင်ကွင်းတို့သည် မှုန်ဝါးဝါး ဖြစ်ရာမှ တစ်စ တစ်စ ကြည်လင်ပြတ်သားလာလေသည်။

မခင်နုသည် ကျွန်မနှင့် တစ်မြို့တည်းသား။ ကျွန်မ ဆယ်တန်းကျသော နှစ်တွင် ကျွန်မကို မီလာသောသူ ဖြစ်ပါသည်။ ကျွန်မတို့မြို့မှာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသော မြေလတ်မြို့လေး ဖြစ်ပါသည်။ မြို့သေးသောကြောင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုမရှိစေဦးတော့ သိနေကြပါသည်။ သူ၏ ဖခင်မှာ မူလတန်း ကျောင်းအုပ်ဆရာကြီးဖြစ်၍ မိခင်မှာ စက်ချုပ်ပါသည်။ သို့အတွက် မရှိမရှားလူတန်းစားအဆင့်တွင်သာ ရှိသူများပါတည်း။ ကျောင်းသူဘဝက မခင်နုတွင် နားဆွဲလေး ဆွဲနိုင်သည်မှ လွဲ၍ ဘာ ရွှေတိုရွှေစမျှ ဝတ်နိုင်စားနိုင်သည်ဟု မတွေ့ဖူးခဲ့ပေ။ သူနှင့်စာလျှင်တော့ ကျွန်မ၏ အခြေအနေမှာ အတော်မြင့်သည်ဟု ပြောနိုင်ပါသည်။ တစ်မြို့လုံးတွင် ပုံနှိပ်စက်ပိုင် နှစ်ဦးရှိရာ ကျွန်မတို့ အောင်မိုးဟိန်း ပုံနှိပ်စက်မှာ



ပို၍ လုပ်ငန်းတွင်ကျယ်ပြီး နာမည်ရပါသည်။ ကျွန်မ၏ မိဘများသည်လည်း အလုပ်ကြိုးစားကြ၍ သားသမီးများကို မျက်နှာမငယ်ရအောင် လိုလေသေးမရှိ ပံ့ပိုးတတ်၍လည်း ကျွန်မတို့ မာနတက်စရာ အကြောင်းများ ဖြစ်ခဲ့ဟန်တူပါသည်။ ထို့ကြောင့်လည်း မခင်နုဆိုသူမှာ ကျွန်မတို့ ပေါင်းစရာ သင်းစရာ သူဟုတောင် သဘောမထားဖြစ်ခဲ့ပေ။ ဒါပေမယ့် အဲဒီနှစ်က မခင်နု နှစ်ချင်းပေါက် ဆယ်တန်း အောင်သွားပါသည်။ ကျွန်မမှာ ကျောင်းထွက်လက်မှတ်ရအဆင့် ယခုခေတ်အခေါ်ဆိုလျှင်တော့ ဘီလစ်ထဲကပဲ အောင်နိုင်ခဲ့ပါသည်။ နောက်တစ်နှစ်မှ ဆယ်တန်းကို ကျွတ်ကျွတ်လွတ်လွတ်အောင်၍ တက္ကသိုလ်တက်နိုင်ပါတော့သည်။ အဲဒီအချိန်မှာ မခင်နုက တက္ကသိုလ်ပထမနှစ်ကို ကျထား၍ ကျွန်မနှင့် အတူ ဖြစ်သွားရပြန်ပါသည်။ စိတ်ထဲမတော့ ဆွမ်းခံထွက်တာ ဘယ်လောက်ပဲ စောစေတော့ ဆွမ်းစားချိန်က အတူတူပါပဲလို့ ပြောနေမိပါသည်။ နောက်တစ်နှစ် ကျောင်းပြန်အဖွင့်တွင် ထူးဆန်းစွာ မခင်နု တက္ကသိုလ်သို့ ပြန်လာခြင်းမရှိတော့ပါ။ အလယ်တန်း ဆရာဖြစ်သင်တန်းသို့ ကူးသွားသည်ဟု သတင်းကြားရပါသည်။ ကျွန်မလည်း အင်တာဘီ (ဘီအေ ဒုတိယနှစ်) အပြီးတွင် ဘီအေအီးဒီ ဘွဲ့ယူနိုင်ရန် ပညာရေးတက္ကသိုလ်သို့ ကူးဖြစ်ပါသည်။ ကျောင်းအပြီး ကျွန်မတို့ မြို့တွင်ပင် အထက်တန်းပြဆရာ ရာထူးကို ရရှိခဲ့ပါသည်။ အဆင်ပြေလိုက်သည့်ဘဝ၊ ပထမအရွယ်ပညာသင်၊ ဒုတိယအရွယ် ဥစ္စာရှာတဲ့ ရှေးပညာရှိကြီးများ စကားအတိုင်းပါပဲ။ ပညာပြည့်တာနဲ့ အလုပ်ကလည်း အဆင်သင့်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနှစ်မှာပင် မခင်နုလည်း ကျွန်မနှင့် တစ်ကျောင်းတည်းမှာပင် တာဝန်ကျပါသည်။ ဒါပေမယ့်

သူက အလယ်တန်းပြ ဆရာမ။ ကျွန်မတို့မြို့က အများစုကလည်း အဆင့်အတန်းက ခွဲတတ်ပါဘိသနဲ့။ သူနဲ့ ကျွန်မ တစ်နေရာရာကို အကြောင်းကြုံလို့ တွဲများသွားမိတယ်ဆိုရင် တွေ့တဲ့လူများက–

'ဆရာမ ဒေါ်တင်တင် ဘယ်လဲ'

'တင်တင်ရေ၊ ဒီဘက်ကိုလာ'

'ဆရာမတို့ ရှေ့ဘက်ကိုကြွပါ ခင်ဗျာ'ဆိုသည့် နှုတ်ခွန်းဆက်စကားများသည် မခင်နုကို ကျော်၍ ကျွန်မဆီသို့ ဦးတည်နေကြောင်း ကျွန်မတို့နှစ်ယောက်လုံးက သိရှိကြပါသည်။ ဒါပေမယ့် မခင်နုမှာ သည်ကိစ္စမျိုးကို ဘာမှထူးခြားစွာ ခံစားပုံမရ။ ခပ်အေးအေးပါပင်တည်း။

သည်လိုနှင့် အလုပ်ခွင်တွင် နှစ်နှစ်ကျော်ကာလကို ရောက်ရှိလာပါသည်။ စာသင်နှစ်ကြာလာသည်နှင့်အတူ မခင်နု စာသင်ပြပုံကောင်းကြောင်း၊ ကလေးအပေါ် စေတနာထားကြောင်း သတင်းတို့သည် ကြိုကြား ထွက်ပေါ်လာပါသည်။ ဆရာချင်းအတူတူ ကျွန်မ မခံချင်ဖြစ်မိပါသည်။ မနာလိုခြင်းဟူသော သစ်ပုပ်ပင်လေးသည် မြေဩဇာမထည့်၊ ရေမလောင်းရဘဲနှင့် သဘာဝမြေတွင် ပေါက်ရောက်လာခဲ့သည်မှာ အတော်ပင် ရှင်သန်နေပေပြီတကား။

တစ်နေ့ ကျောင်းလုပ်ငန်းတစ်ခု မပြီးပြတ်၍ စောစောလေး ကျောင်းသို့ ရောက်ဖြစ်ပါသည်။ ကျွန်မထက်စော၍ ကျောင်းသို့ရောက်နေသူ ဆရာမ ဒေါ်မိမိတင်က....

'တင်တင်ရေ၊ သတင်းတစ်ခု ကြားပြီးပြီလား'

'ဘာများတုံး မိမိရဲ့'

'နုနု အကြောင်းလေ၊ သူ လက်ထပ်တော့မယ်'



'ဟင် ဟုတ်လား၊ ဘယ်သူနဲ့လဲဟင်'

'ပွဲစားတန်းမှာ ဆေးခန်းလာဖွင့်တဲ့ ဆရာဝန်လေးလေ၊ သိတယ်မဟုတ်လား'

'ဟုတ်မှ ဟုတ်ရဲ့လား မိမိရယ်'

'ဟုတ်ပါတယ်ကွယ်၊ မနေ့က တနင်္ဂနွေ မဟုတ်လား၊ နုနု မိဘဆီလူကြီးစုံရာနဲ့ လွှတ်တောင်းတယ်၊ အဖေနဲ့ အမေကို ဖိတ်လို့ တို့သိတာ'

'ဆရာဝန်ဆိုတော့ လူပျိုမှဟုတ်ရဲ့လား မိမိရယ်'

ကျွန်မ၏ ရင်ထဲရှိ သစ်ပုပ်ပင်ကလေးမှ ရှင်သန်ထွားကျိုင်းလှသော အခက်တစ်ခု လတ်တလော ပေါက်ထွက်လာခြင်း ဖြစ်ပါသည်။ ကျွန်မတို့မြို့မှ ဆရာဝန်ဘွဲ့ရရှိထားသောသူ လုံးဝမရှိသေးသော ကာလမျိုးတွင် မခင်နုက ဆရာဝန်နှင့် လက်ထပ်တော့မတဲ့လား။ ထိုနေ့က နုနု ကျောင်းမတက်ပါ။ အင်မတန် သိုသိုသိပ်သိပ်ပြီးစီးသွားသော သူတို့၏ စေ့စပ်ပွဲကို တစ်ရက်နှစ်ရက်အတွင်းမှာပင် တစ်မြို့လုံးနီးပါး သိရှိသွားပါတော့သည်။ နောက်တစ်နေ့ ကျောင်းပြန်တက်တော့လည်း နုနုမှာ ဘာမှ ထူးခြားပုံမရ။ ဟိုလူဒီလူ၏ အစအနောက်ကို သင့်သလို ပြုံးချိုစွာ တုန့်ပြန်သည်ကလွဲ၍ ခပ်အေးအေးပါပင်တည်း။ ကျွန်မ၏ ရင်ထဲ၌သာ နေခုနစ်စင်းထွက်လာသည့်အလား ပူလောင်နေမိပါသည်။ အကြောင်းရှိပါ၏။ ကျွန်မလည်း လူသားပေပဲ။ အချိန်ကျလာလျှင် ဆရာသမားမလိုဘဲ ချစ်တတ်သည့်ပညာကို တတ်မြောက်လာသည့် လောကီသားတို့ ထုံးစံအတိုင်း ကျောင်းသားဘဝကပင် ရည်ငံခဲ့သူ ကျွန်မမှာလည်း ရှိနေပါပြီ။ နောက်တစ်နှစ် နှစ်နှစ်အတွင်း လက်ထပ်ကြဖို့ သဘောတူထားပြီးသား။ အဲဒီ အဲဒီ ကျွန်မချစ်သူက သာမန်

ရုံးဝန်ထမ်းတစ်ဦး ဖြစ်နေသောကြောင့်ပါတည်း။ ဪ....အစစ အရာရာမှာ သူ့ထက်သာနေခဲ့သော ကျွန်မ။ ခု လင်ပြိုင်ရမယ့်ပွဲကျမှ ကျွန်မ ရှုံးရတော့မှာပါလား။ ‘အို၊ လက်ထပ်ကြသေးတာမှ မဟုတ်ဘဲ၊ တော်ကြာ ဟိုက သူ့လို ဆရာမပေါက်စလေးကို ထားပစ်ခဲ့ချင် ပစ်ခဲ့ဦးမှာ’ ကျွန်မတစ်ဦးတည်း မခင်နုအပေါ်တွင် အမည်းရောင် အမှတ်တွေ ပေးနေမိ၏။ ထိုအမှတ်များကို လက်ခံမည့်သူက ယှဉ်မသွားသောအခါ ပိုင်ရှင်လက်ထဲ၌ပင် ကျန်ရစ်နေခဲ့ကြောင်း ကျွန်မ မစဉ်းစားမိလေ တကား။

သို့တစေ လက်ငင်းအချိန်မှာတော့ ကျွန်မ သူ့ထက်သာစရာ အကြောင်းရှိနေသဖြင့် စိတ်သက်သာစရာရှိပါသည်။ ကျောင်းကိစ္စများ ဆောင်ရွက်လျှင်လည်း ထိပ်ကပါမြဲ။ အချိန်ဇယားဆွဲမလား။ ကျွန်မ အခရာ။ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများနေရာ၌လည်း ခေါင်းဆောင်ပိုင်း နေရာမှာပင် ရှိနေမိသည်။ ထို့နောက် နောက်တစ်နှစ် ကျောင်းအဖွင့်တွင် နုနု တာဝန်ယူရသော သတ္တမတန်း တန်းခွဲတစ်ခုမှာ အေဘီစီ ရယ်လို့တော့ ကျွန်မ မမှတ်မိတော့။ နောက်ဆုံးတန်းခွဲမှန်းတော့ သတိရနေဆဲပါပဲ။ ဟိုအရင်နှစ်က ရှုံးနိမ့်ကျန်ရစ်သော အကျသမားများ ကိုချည်း စုထည့်ပေးလိုက်၏။ စိတ်ထဲမှာတော့ ‘ဒီလောက်တောင် ဘာသင်တော်တဲ့ဆရာမ၊ သင်ကြည့်စမ်းဟဲ့’ဟုလည်း ကြုံးဝါးမိပါသည်။ တစ်ပတ်စာသင်ချိန် ၃၅ ကြိမ် ရှိသည့်အနက် အကြိမ် ၃၀ တိတိ ပေးထား၏။ တခြား ဆရာ ဆရာမတွေလည်း ၂၈ ကြိမ် ၂၉ ကြိမ်များ ရှိနေ၍ သူ ဘာမျှမပြောသာဘဲ ကျောင်းနှစ်သစ်ကို စဖြစ်ပါသည်။ တစ်ခါ တစ်ခါတော့ နုနု သတင်း ထွက်ပေါ်လာတတ်၏။



‘သူ့ကျောင်းသားတွေ ဆုံးမလို့မရလို့ ဒေါ်ခင်နု တစ်ယောက် ငိုနေတယ် ဆိုလားပဲ’ ဆိုတာမျိုး။

‘ဒီနေ့ ဒေါ်နုနုတော့ သူ့အတန်းကကောင်တွေကို အပြတ်တီးနေပြီဟေ့၊ သူ့ကလေးတွေ အလုပ်မပြီးမချင်း ကျောင်းဆင်းမပေးဘူးတဲ့၊ သူလည်း မပြန်ဘူးတဲ့’ ဆိုတာ တစ်ဖုံ။

တစ်ခါတလေတော့လည်း....

‘တို့လေ နုနု အတန်း ငြိမ်လွန်းလို့ သွားကြည့်တာ သချာ်တွေ တွက်နေတာဟယ်၊ ဒီကောင်တွေ ဘယ်လိုဖြစ်လို့ ဒီလောက်အပိုးကျိုး သွားလဲမပြောတတ်ပါဘူး’ဆိုသည့် မှတ်ချက်ချသံများ ကြားရတတ်ပါသည်။ သည်လိုနှင့် စာသင်နှစ်တစ်နှစ် ကုန်ဆုံးသွား၍ အောင်စာရင်းများ ထွက်ရမည့်အချိန်သို့ ရောက်ရှိလာပါသည်။ မခင်နု အတန်းမှ အောင်စာရင်း ကျွန်မ အပူတပြင်း ရှာဖွေကြည့်မိ၏။ ဒီပွဲတွင်လည်း ကျွန်မ နောက်ကောက် (Knock out) ကျပါသတည်း။ ၉၆ ဒသမ ၄ ရာခိုင်နှုန်း အောင်မြင်ပါသတဲ့။ ကျရှုံးသူနှစ်ယောက်မှာ တစ်ယောက်က နေမကောင်း၍ ဆေးခွင့်တင်ထားရသူ၊ တစ်ယောက်က ထန်းရည်သမား ကိုဘိုးလှရဲ့သား၊ ကျောင်းပျက်ကွက်လွန်းသဖြင့် မကြာမကြာ မခင်နု ပြောသံကြားနေရ၍ ကျွန်မတို့အားလုံး သိနေကြသော ကလေး။ ဒီကလေးနှစ်ယောက်ပဲ ကျသတဲ့လား။ ကျောင်းအဖွင့် နှစ်ပတ်လည် ဆုပေးပွဲတွင် ‘အသင်အပြ အတော်ဆုံးဆု’မခင်နု ချီးမြှင့်ခြင်း ခံရပါသည်။

ကံကောင်းသူများကျတော့လည်း ဘယ်လိုပင် အလဲထိုးပေမယ့် မနာပါလားဟု ကျွန်မ တွေးမိ၏။ အမှန်တော့ ကံဆိုသည်မှာ ကမ္မ–ပြုလုပ်ခြင်းဖြစ်၍ သူ တကယ်ကြိုးစား၍ စင်ပေါ်သို့ ရောက်သွားခြင်း

ဖြစ်၏။ ကျွန်မ၏ အမြင်စွမ်းအားများကို မနှာလို မရှုဆိတ်သည့် ပြုမှုမှုများက လွှမ်းခြုံထားလေရာ ဘယ်လိုပဲကြည့်ကြည့် လှပကြည်လင်ခြင်း မရှိ။ မခင်နုဆိုသည်မှာ အကျည်းတန်မ တစ်ဦးပါပဲ။ ထိုနှစ်ဝက်လောက်တွင် မခင်နု စေ့စပ်ထားသူနှင့် လက်ထပ်ဖြစ်ပါသည်။ မကြာမတင်မှာပင် သူ့ခင်ပွန်းသည်နောက်အလုပ်ပြောင်းရွှေ့၍ လိုက်သွားသည်မှ ကျွန်မ၏ အတွေးမျှင်မှ မခင်နု တရွေ့ရွေ့ထွက်ခွာစပြုပါတော့သည်။ နောက်တစ်နှစ်တွင် ကျွန်မလည်း ကျွန်မ ရည်စူးထားသူနှင့် လက်ထပ်ဖြစ်ပါသည်။ အိမ်ထောင်သက်ဆယ်နှစ်ကျော်လောက်တွင် ရန်ကုန်သို့ မိသားတစ်စုလုံး အလည်လာဖြစ်ကြရင်း ရန်ကုန်တွင် ပြောင်းရွှေ့နေထိုင်ဖို့ ကံဆုံလာပါသည်။ ခင်ပွန်းသည်၏ ဘကြီးဖြစ်သူအိမ် (ကျွန်မတို့ လက်ရှိနေအိမ်တွင်) တည်းဖြစ်ကြ၏။ ဘကြီး၏ဇနီးသည် တရှောင်ရှောင် နေမကောင်းဖြစ်နေရာမှ ကောက်ကာ ငင်ကာ ဆုံးပါးသွားပါတော့သည်။ ဘကြီးဆိုသူမှာ ကျွန်မ၏ခင်ပွန်းသည်ဘက်မှ တစ်ဦးတည်းကျန်ရစ်သူ ဆွေမျိုးရင်းချာဖြစ်ရုံမက ဘကြီးတွင် သားထောက် သမီးခံလည်း လုံးဝ မရှိရှာပေ။ ကျွန်မ၏ မိဘများသည်လည်း ကွယ်လွန်ပြီးဖြစ်၍ ကျွန်မကိုယ်တိုင်ကလည်း ရန်ကုန်တွင် ပြောင်းရွှေ့နေထိုင်ဖို့ရန် စိတ်ပါနေချိန်ဖြစ်ပါသည်။ ကျွန်မနှင့် လက်ထပ်ပြီးကတည်းက သူ့အလုပ်မှထွက်၍ ပုံနှိပ်စက်လုပ်ငန်းကို ဦးဆောင်ခဲ့သူ ကျွန်မ၏ ခင်ပွန်းသည်ကလည်း ရန်ကုန်တွင် မြေစမ်းလိုသည့် ဆန္ဒရှိနေပြန်ပါသည်။ သည်လိုနှင့် ကျွန်မ ရရှိထားသည့် မိဘ၏အမွေနှင့် စုဆောင်းထားပြီးသမျှကို ပိုက်၍ ဘကြီး၏ အရိပ်တွင် ပြောင်းလဲခိုလှုံမိပါသည်။ ကံကောင်းစွာပင် ကျွန်မ၏ အလုပ်ကိုလည်း သဃ်န်းကျွန်းအထက်တန်းကျောင်းသို့ ပြောင်းရွှေ့နိုင်ခဲ့ပါသည်။



ဘကြီး၏ အိမ်ခြေရင်းဘက် တစ်ခြမ်းကို ပုံနှိပ်စက်ခန်းအဖြစ် ကျွန်မတို့ အသုံးပြု၍ ဘဝသစ်တစ်ခုကို စမိပါသည်။ အောင်မိုးဟိန်းဆိုသည့် နာမည်ကိုပင် ပြန်လည်သုံးဖြစ်ပါသည်။ မိုးဟိန်းအောင်အောင်မြင်ရမယ်ပေါ့။ ကိုယ်ပိုင်ကား မစီးနိုင်သေးသော်လည်း ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်အိမ်နှင့် ကိုယ်တိုင်မှာလည်း ရာထူးနှင့် ကိုယ့်ဘဝကိုယ် တော်တော်ကို ကျေနပ်မိပါသည်။ သို့ပါသော်လည်း ကျွန်မ၏ ပီတိများသည် သက်တမ်း မရှည်လှပါချေ။ သမီးကြီး မသော်တာ ဆယ်တန်း....အဲ...အခြေခံပညာအထက်တန်းစာမေးပွဲကျသည်မှစသည်ဟုပြောရပါမည်။ တစ်နှစ်တည်းမှာပင် သားလတ် မောင်နေမင်းရှစ်တန်း (အခြေခံပညာအလယ်တန်း) စာမေးပွဲအောင်မြင်၍ နဝမတန်းသို့ တက်ပါသည်။ ဤမှာပင် ကျွန်မ၏ သောကပျိုးခင်း သန္ဓေတည်ပါသည်။ ကျူရှင်က ပို၍ စာသင်ကောင်းတယ် ဟူသော အဆိုဖြင့် ကျောင်းကို မှန်မှန်မတက်၊ အပေါင်းအသင်းကများ၊ ထိုအပေါင်းအသင်းများကပင် ဖျက်၍ ဆေးလိပ်လည်းသောက်တတ်၏။ ကွမ်းလည်း ဝါးတတ်လာပါသည်။ တကယ်တော့ ကိုယ့်ဘက် တစ်ကွက်ကျန်အောင်သာ အပေါင်းအသင်းဖျက်တာလေဟု ပြောရသော်လည်း ဒီအပေါင်းအသင်းများကို သားကိုယ်တိုင်က နှစ်သက်၍ ပေါင်းတာပဲ။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့၏ ဟူသော စာဆိုအတိုင်းစိတ်တူလို့ ပေါင်းဖြစ်ကြတာ။ အဲဒီနှစ် သမီးကို ကျောင်းမှနုတ်၍ ပိုင်းကောင်းကောင်း ထားရတဲ့စရိတ်၊ မောင်နေမင်းရဲ့ အသုံးစရိတ်၊ ကုန်ဈေးနှုန်းတွေက တရိပ်ရိပ်တက်၊ ကိုယ်ပိုင်လုပ်ငန်းကိုလည်း ခေတ်မီအောင် မချဲ့ထွင်နိုင်နဲ့ ကျွန်မတို့အိမ် ဝင်ငွေနဲ့ ထွက်ငွေ မမျှတတော့ပါဘူး။ ဒါတောင် အငယ်ကောင် မောင်ကြည်ပြာကို ကိုယ်တိုင်စာသင်

ပေးနေလို့။ မနက်ဆို ကိုယ့်အလုပ်ကိုယ်သွား။ ညနေဘက်မှာ ပုံနှိပ်လုပ်ငန်းမှာ ဝင်ကူ။ အိမ်ဗာဟီရလုပ်။ အငယ်လေးကို ညနေပိုင်းစာပြပေး။ အမယ်မင်း မောလိုက်တာမှ ပြောမပြတတ်အောင်ပါပဲ။ အင်း၊ ဒါပေမယ့်ပေါ့လေ၊ နှစ်ကုန်လို့ စာမေးပွဲတွေပြီး အောင်စာရင်းတွေ ထွက်တော့ ကိုးတန်းသမား မောင်နေမင်းက စာမေးပွဲကျသလို သမီးကြီး မသော်တာလည်း အေးမြတဲ့အလင်းရောင်ကို လုံးဝ ပေးနိုင်စွမ်း မရှိရှာ။ တစ်ခါထပ်လို့ ရှုံးပြန်ပါသည်။ အငယ်ဆုံးကောင်မောင်ကြည်ပြာ တစ်ယောက်ပဲ ကြယ်ပွင့်လေးတစ်ပွင့်ရဲ့ အလင်းရောင်လို လက်ခနဲတောက်ပြီး သတ္တမတန်းကနေ အဋ္ဌမတန်းကို ရောက်လာခဲ့နိုင်တယ်။ အဲဒီ အဲဒီ လူမှုဒုက္ခတွေနဲ့ ပယ်လယ်ဝေနေတဲ့အချိန်မျိုးမှာမှ ဘယ်လိုကနေ ဘယ်လို မခင်နုကို မိုးကျနတ်သမီးလို ဘဝမျိုးနဲ့ လာတွေ့ရပါလိမ့်။ ကျွန်မ ဒီနေ့ည မနည်းကြီး ကြိုးစား၍ အိပ်ရပါသည်။ မခင်နုကို အိပ်မက်မှာပင် တွေ့သေး၏။ လှလို့ ပလို့ ပြုံးချိုလို့ပဲ။

မနက်မိုးလင်း ကျွန်မ အိပ်ရာထတော့ သမီးကြီးကို မီးဖိုမှာတွေ့ရ၏။ နွေရက်အတွင်း သူတက်နေကျ အင်္ဂလိပ်စကားပြော သင်တန်းကို အမှတ်ရ၍ 'ကျောင်းမသွားဘူးလား'ဟု မေးဖြစ်၏။

'ဒီနေ့ စနေနေ့လေ အမေရဲ့'ဟု သမီး ပြန်ဖြေတော့မှ 'သြော် ဟုတ်ပေတာပဲ'လို့ တွေးရင်း မနေ့က မဖတ်ဖြစ်သော သတင်းစာကို ဖွင့်ဖြစ်ပါသည်။ ထုံးစံအတိုင်း ကျောဘက်မှစ၍ ကြည့်ဖြစ်၏။ အသက်ငါးဆယ်နား ကပ်လာကတည်းက နာရေးကို စိတ်ဝင်စား၏။ ဘယ်သူတွေများ ကိုယ့်ထက်ဦး၍ ခရီးရှည် စ၍ သွားဖြစ်သလဲလို့ သိချင်စိတ်ပိုမိသောကြောင့် ဖြစ်ပါ၏။ ဆယ်ကျော်သက်ရွယ် လှချင်ပချင် ပြိုင်ချင်



သည့် အရွယ်တုန်းကတော့ ဖတ်လိုက်ရတဲ့ မင်္ဂလာသတင်း။ ကိုယ်နဲ့ ရွယ်တူတွေ ဘယ်လိုလူမျိုးနဲ့ လက်ထပ်ဖြစ်ကြသလဲလို့ သိချင်လိုက်ရတဲ့ ဖြစ်ခြင်း။ သြော် အသက်က စကားပြောတတ်လှပါကလား။ သတင်းစာဖတ်ရင်း ဟောတော့ဟု ကျွန်မ ရေရွတ်မိ၏။

## အငြိမ်းစားကျောင်းဆရာကြီး ဦးကွန်း
## အသက် ၈၂ နှစ်

....မြို့နေ ဦးလှဘူး (ကွယ်လွန်)–ဒေါ်ညိမ်းမေ (ကွယ်လွန်)တို့၏သား ရန်ကုန်မြို့ အိမ်အမှတ်---၊ အထက်ပုဇွန်တောင်လမ်းနေ ဒေါ်ငွေမြိုင်၏ ခင်ပွန်း၊ လူမှုဝန်ထမ်းဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်–(ဒေါ်ခင်ခင်ဝင်း)တို့၏ ဖခင်ဖြစ်သူ အငြိမ်းစားကျောင်းဆရာကြီး ဦးကွန်းသည် ၁၉၊ ၅၊ ၁၉၉၄ နေ့ နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကြံတောအအေးတိုက်မှ ၂၁၊ ၅၊ ၁၉၉၄ နေ့ နေ့လယ် ၁း၀၀ တွင် ကြံတောသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်တဲ့။

ဆရာကြီး ဦးကွန်းဆိုသည်မှာ ကျွန်မတို့၏ ငယ်ဆရာ သချာ်အသင်ကောင်း၍ နာမည်ကြီးတစ်ဦးအဖြစ် အမှတ်ရပါသည်။ ဆရာကြီးသည်လည်း ကျွန်မတို့မြို့တွင် အလုပ်တာဝန်ထမ်းဆောင်နေဆဲအချိန်ကတည်းက သူ့သားရှိရာ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်သွားကြောင်း သိခဲ့ပါသည်။ အသုဘချမည့်ရက်က ၂၁၊ ၅၊ ၉၄ တဲ့။ သြော်၊ ဒီနေ့ပါလား။ ကျွန်မ ဆရာ၏ နောက်ဆုံးခရီးကို လိုက်ပို့ချင်စိတ် ပိုသွားမိပါသည်။ ခက်သည်က ဆရာကြီးကိုပဲ ကျွန်မ သိပါသည်။

ကျန် ဆရာ့မိသားစု တစ်ဦးတလေကိုမျှ ကျွန်မ မသိ။ လိုက်ပို့ပြီး ဟိုကျ ကြောင်စီစီကြီး ဖြစ်နေမလားဟုလည်း တွေးရပြန်ပါသည်။ သြော် ငါ့နှယ်ဟု ရေရွတ်မိ၏။ ဆရာကြီးရဲ့ တပည့်တပန်းတွေ လာကြမှာပဲ။ အင်း နုနုတောင်လာဦးမှာ သေချာတယ်။ မခင်နုကို သင်္ချာတော်သဖြင့် ဆရာကြီး အရေးပေးလှကြောင်း အမှတ်ရသွားပြန်ပါသည်။

ကျွန်မ စောစောပင်ကြို၍ အသုဘအခမ်းအနားသို့ ရောက်သွားပါသည်။ မိသားစုနှင့် ရင်းနှီးသူလောက်သာ ခပ်နည်းနည်း ရောက်ရှိနေသေး၏။ ဆရာကြီး၏ ရုပ်ကလာပ်ကို ကျွန်မ ဦးချလိုက်ပါသည်။ တကယ်တော့ ဆရာကြီး နာမကျန်းဖြစ်စဉ်က ဒီလိုကန်တော့တာများ ဆရာကြီး တွေ့သွားလျှင် ဘယ်လောက် ပီတိဖြစ်ရှာမလဲ။ သေမှ ကန်တော့တာထက် မသေခင်ကြည့်ရှုစောင့်ရှောက်ခြင်း တစ်မျိုးမျိုးကို ဆောင်ရွက်နိုင်တာကမှ တကယ်နှစ်ဦးနှစ်ဖက် အကျိုးရှိမှန်း သိပါသော်လည်း လက်ငင်း အခြေအနေအရ ဒါလောက်ပဲ ကျွန်မ တတ်နိုင်ပါသည်။ သေသူကို ကန်တော့ရခြင်းသည် အကုန်အကျလည်း လုံးဝမရှိ။ ဘေးမျက်မြင်များကလည်း 'သြော် သူတို့ဆရာကြီးကို သူတို့ ခုအရွယ်ထိ ရိုသေကိုင်းရှိုင်းကြတုန်းပဲ'လို့လည်း အထင်ရောက်စေနိုင်ပါသေးသည်။

ကန်တော့အပြီး ဘေးဘီကို ကြည့်လိုက်မိ၏။ ကံကောင်းစွာပင် ကျွန်မတို့ မြို့သားတစ်ဦးဖြစ်သူ ခင်ညွန့်ရီကို တွေ့လိုက်ရပါသည်။ သူလည်း ကျွန်မနှင့် တစ်ကျောင်းတည်းလုပ်ခဲ့ပြီး ကျွန်မနှင့် မရှေးမနှောင်း ရန်ကုန်သို့ ပြောင်းရွှေ့လာသူ ဖြစ်ပါသည်။ ကျွန်မတို့ နှစ်ယောက် လူနည်းနည်းရှင်းရာ နောက်ဘက်ကျကျခုံတွင် ထိုင်ဖြစ်ပါသည်။ ထိုင်ရင်းပင် ခင်ညွန့်ရီသည်လည်း မခင်နုနှင့် ရင်းရင်းနှီးနှီး ရှိခဲ့ကြောင်း အမှတ်ရ၍–



'ညွန့်ညွန့်၊ မခင်နုကော မလာဘူးလား၊ ဟိုတုန်းက သူက ဆရာကြီးရဲ့ ဖေးဘရိတ်လေ'

'လာမှာ လာမှာ၊ ညကလည်း ဆရာကြီးအိမ်မှာ အတော်ကြာဆုံဖြစ်သေးတယ်'

'သြော် သြော်၊ ဒါနဲ့ ခု မခင်နုက သူဌေးဖြစ်နေတယ် ထင်တယ်နော်'

'မမတင့်ရယ်၊ သူ သူဌေးဖြစ်တာ ဖြစ်ထိုက်ပါတယ်၊ မမနုက အရမ်းတော်တာပဲကိုး'

'ဟဲ့၊ ဘာတွေများတော်တာလဲ၊ တို့လည်း နည်းလေး ဘာလေး ယူရအောင်'

'တကယ်တော့ စည်းကမ်းရှိတာ၊ ကြိုးစားတာ၊ စိတ်ကောင်းရှိတာတွေ နေမှာပေါ့၊ ဘယ်လောက် စည်းကမ်းကောင်းလဲဆို ခု သူတို့နိုင်ငံခြားငွေတွေ သုံးနေတာတောင်မှ မလိုအပ်ဘဲနဲ့ မသုံးစွဲကြဘူး'

'ဘယ်လို၊ နိုင်ငံခြားငွေ'

'သြော်၊ မမတင့် မသိလို့ထင်တယ်၊ မမနု ယောက်ျားက စင်ကာပူ ကုမ္ပဏီကြီးတစ်ခုမှာ အရောင်းကိုယ်စားလှယ်လုပ်နေတာ နှစ်တွေကြာပေါ့၊ ခုနှစ်နှစ် ရှစ်နှစ်လောက် ရှိပြီ ထင်တယ်၊ မမနုလဲ ဟိုမှာပဲလိုက်နေတာပဲ၊ ခု ဖအေအိုကြီးနဲ့ သားကြီးကိုလာတွေ့ရင်း အသုဘနဲ့ လာဆုံဖြစ်တာ'

'သူနဲ့ မနေ့ကတောင်တွေ့သေးတယ်၊ တို့ကို အဲဒါတွေ ဘာမှ မပြောသွားဘူး'

ကျွန်မကို အိမ်နားရောက်သည်အထိ ကားနှင့်လိုက်ပို့တာကိုတော့ ထည့်မပြောဖြစ်။ ပြောလိုက်ခြင်းဖြင့် မခင်နု နာမည်ကောင်းတစ်ခု ရသွားမည်ကို ကျွန်မ မလိုလားနိုင်ပါ။

'မမနုလား၊ သူ နိုင်ငံခြားမှာနေတာ၊ သူ့ယောကျ်ား အဲဒီလို နိုင်ငံခြားငွေ ရနေတာဆိုတာမျိုးတွေ သူကစပြီး ဘယ်တော့မှ မပြောဘူး'

'မာနတော့ ကြီးမသွားဘူး ထင်ပါတယ်နော်'

'မကြီးတဲ့အပြင် အလျှော့ပေးလွန်းလို့တောင် ခက်နေသေးတယ် အစ်မရေ့'

'သူ့ဒဿနနဲ့ သူတော့လည်း မှန်ပါတယ်လေ'

'ဘယ်လို ဒဿန'

'မမနုက ပြောတတ်တယ်၊ ဘုရားဟော မေတ္တာသုတ်မှာ နိဗ္ဗာန်ဆိုတာ ရှိတယ်လို့ အတတ်ဟောခဲ့တယ်တဲ့၊ အဲဒီ နိဗ္ဗာန်ကိုရောက်ချင်သူဟာ ကိုယ်စိတ် နှစ်ပါးလုံးကို ဖြောင့်ဖြောင့် ထားရမယ်၊ နူးညံ့ပျော့ပျောင်းရမယ်၊ သူတစ်ပါးမကောင်းကြောင်း မပြောရဘူး၊ ကြွားဝါခြင်း မရှိရဘူး စသည်ဖြင့်ပေါ့လေ၊ အဲဒီအချက်တွေနဲ့ အတတ်နိုင်ဆုံးကိုက်ညီအောင် သူ ကြိုးစားနေတယ်တဲ့၊ လက်ငင်း သူ ခံစားနေရတဲ့ အကျိုးကျေးဇူးက အေးချမ်းမှုပဲတဲ့'

ကျွန်မတို့နှစ်ယောက် နုနုအကြောင်း စကားကောင်းနေချိန်မှာပင် ဆရာကြီး၏ ရုပ်ကလာပ်ဘေး၌ လက်ပိုက်လျက် အလောင်းကို ငေးစိုက်၍ ဆွေးမြည့်စွာ ရပ်လျက်ရှိနေသော မခင်နုကို တွေ့လိုက်ရပါသည်။ အနက်ရောင်ခံတွင် အစိမ်းရောင်တောက်တောက် ပန်းခက်လေးများ ခပ်ကျဲကျဲပါသည့် ရှုံလုံချည်နှင့် မနေ့က သူဝတ်တာ တွေ့ခဲ့ရသော အင်္ကျီအစိမ်းရောင် လက်ရှည်ကိုပင် ဝတ်ထား၏။ ဒီအရွယ်အထိ ကြည့်ကောင်းတုန်း၊ လှသည်ဆိုရမှာထက် ကျက်သရေရှိသည်ဟု ပြောရမည် ထင်ပါသည်။ တကယ်တော့ ဒီအသက်အရွယ်လောက်ဆို ကျသွားသင့်ပြီပေါ့။ တစ်ချက်တစ်ချက် လက်ကိုင်ပဝါနှင့် မျက်ရည်သုတ်လိုက်တာ တွေ့ဖြစ်ပါသည်။



'ဆရာကြီးက မမနုကို ငယ်ငယ်ကတည်းက သံယောဇဉ်ရှိခဲ့တာ မဟုတ်လား၊ ဆရာကြီး ဆေးရုံတက်တော့ သူ့တပည့်ကို တဖွဖွ မေးရှာတယ်၊ မမနုဆီ အကြောင်းကြားပေးဖို့ လူတစ်ယောက်ကိုမှာတာ ဘယ်လို အဆင်မပြေဖြစ်လဲ မသိပါဘူး၊ ဆရာကြီးဆုံးပြီးမှ အဲဒီ မှာတဲ့အကြောင်း မမနု သိရတယ်၊ ဒါကြောင့် မမနု တော်တော်လေးခံစားရတယ်'လို့ ညွန့်ညွန့်က ပြောလိုက်သည်ကို အတွေးလွန်နေသည့်ကြားမှ ကြားမိအောင် ကြားဖြစ်၏။

မီးသင်္ဂြိုဟ်ချိန် နီးလာ၍ အသုဘရှု လာရောက်သူများ တဖြည်းဖြည်း များလာသောကြောင့် ကျွန်မတို့နေထိုင်ရာမှ အဆင်ပြေရာ တစ်နေရာတွင် ပြောင်း မတ်တတ်ရပ်ဖြစ်၏။ ညွန့်ညွန့်က နုနုကို ကျွန်မတို့နားသို့ ခေါ်ယူလာလေသည်။ ဆရာကြီး၏ နောက်ဆုံးခရီးကို ကျွန်မတို့သုံးယောက် မီးသင်္ဂြိုဟ်စက်ဝအထိ လိုက်ပို့ဖြစ်ပါသည်။ ပြီးတော့ ရန်ကုန်၏ အသုဘရှုအခမ်းအနားတို့ ထုံးစံအတိုင်း ကိုယ့်အိမ် ကိုယ်ပြန်ဖို့ တာစူကြ၏။ ဤတွင် မခင်နုက

'ကဲ ညွန့်ညွန့်ရေ၊ မမနု သွားမယ်၊ ရက်လည်ဝဲ့နေ့ကျ တွေ့သေးတာပေါ့နော်၊ ဪ မမတင့်၊ ကျွန်မနဲ့လိုက်ခဲ့မလား'ဟု ညွန့်ညွန့်ကိုရော ကျွန်မကိုပါ တစ်လှည့်စီ ပြောလိုက်ပါသည်။

ဒီလိုနှင့် မနေ့ကလိုပင် အိမ်ပြန်ခရီး အဆင်ပြေခဲ့ရပြန်ပါသည်။ ဒီနေ့လည်း သားကြီးဆိုသူပင် ကားမောင်းလာ၏။ ကားပေါ်သို့အတက် ကျွန်မကပင် စတင်၍ 'သားရေ၊ အန်တီတော့ ဒီတစ်ခါလည်း လိုက်ရှုပ်ပြန်ပြီကွယ်'လို့ ပြောမိတော့ 'ရပါတယ် အန်တီ၊ မေမေ့ မိတ်ဆွေတွေကို ကျွန်တော် ဒီလိုပဲ ပို့ပေးနေကျပါ'ဟု ရိုသားစွာ စကားပြန်ပြောပါသည်။ သူ၏ စကားသံ နူးနူးညံ့ညံ့လေးကို ကြားပြန်တော့ လူကြီးသူမတွေကို

ရှိရှိသေသေပြောရတယ်လို့ ဆုံးမတိုင်း 'အမေတို့ လူကြီးတွေနဲ့ စကားမပြောတတ်ပါဘူးဗျာ'လို့ အငေါ်တူးတူးခွန်းတုံ့ပြန်တတ်သောကျွန်မ၏သားတော်မောင်ဆီသို့ စိတ်ရောက်မိပါသည်။

ကားနောက်ခန်းတွင် အသက် ၇၀ အရွယ် အဒေါ်ကြီး တစ်ယောက်နှင့် အသက် ၄၀ ဝန်းကျင် အမျိုးသမီးတစ်ယောက် နှစ်ယောက်လုံး၏ အသားအရေမှာ နေလောင်ထား၍ မွဲခြောက်နေ၏။ တောဆန်ဆန်ပင် ပြင်ဆင်ထားသော်လည်း သူတို့နှစ်ဦးလုံး၏ အကောင်းစားပါတိတ်လုံချည်များက ကျွန်မကို ညှို့ယူထားပါသည်။

'ကျွန်မရဲ့ အဒေါ်နဲ့ ညီမဝမ်းကွဲလေ၊ ထန်းသုံးပင်က လာကြတာ၊ ဘုရားကိုပို့ရင်းနဲ့ ဒီကို တစ်ခါတည်းဝင်လာရလို့' မခင်နုက မိတ်ဆက်ပေးပါသည်။ ထန်းသုံးပင်ဆိုသည်မှာ ကျွန်မတို့မြို့နှင့် ခြောက်မိုင်ခုနစ်မိုင်အကွာတွင်ရှိသော ရွာတစ်ရွာမှန်း ကျွန်မ သိပါသည်။ ကျွန်မဖခင်ဘက်မှ ဆွေမျိုးနီးစပ်များတောင် အဲဒီရွာတွင်ရှိပါသည်။ ကျွန်မငယ်စဉ်က ထိုဆွေမျိုးများ မြို့သို့တက်ရင်း အိမ်သို့ဝင်ပါက ကျွန်မ၏မိခင် အလိုမကျဖြစ်တတ်သည်ကိုလည်း အမှတ်ရပါသည်။ ကျွန်မ၏အမေသည် သူ၏ ပိုင်ဆိုင်သမျှ ဥစ္စာပစ္စည်းအတွက်လည်း မာန်တက်၏။ တောသူတောင်သားများကိုလည်း ဖင်ထဲ ရွံ့တစ်ခွဲသားဝင်မှ ထမင်းနပ်မှန်တဲ့ အမျိုးအစားတွေဟူသော အတွေးဖြင့်လည်း အထင်သေး၏။ သူတို့အပေါ်တွင် အမေ ကြည်ကြည်ဖြူဖြူ မဆက်ဆံသောကြောင့် တဖြည်းဖြည်း အဖေ့ဘက်မှ တောဆွေ တောမျိုးများ ကျွန်မတို့နှင့် အဆက်ပြတ်သွားပါသည်။

'သူ ရောက်တုန်း လာခဲ့ပါ၊ လာခဲ့ပါ ခေါ်လွန်းလို့ကွယ်၊ အဒေါ်တို့လာတော့ သူ မောတာပေါ့၊ ဟိုပို့ရ၊ ဒီပို့ရနဲ့' ဟု အဒေါ်ဖြစ်သူ၏



အပြောကို 'ရပါတယ် ဒေါ်လေးရဲ့၊ ဟိုတုန်းက ကျွန်မတို့အပေါ် ဒေါ်လေးလုပ်ပေးခဲ့တာတွေ အများကြီး၊ ခုဒေါ်လေး အသက်ကြီးလာပြီမဟုတ်လား၊ ကျွန်မတို့အလှည့်ပေါ့'ဟု သူ့အဒေါ်ကိုပြောရင်း 'ကျွန်မကလေးတွေကို ဒီအဒေါ်နဲ့ ဒီညီမကပဲ ထိန်းပေးခဲ့တာ မမတင့်ရဲ့' လို့လည်း ကျွန်မဘက်လှည့်ပြီး ပြောပါသည်။

ကျွန်မကလည်း စကားကြုံတာနဲ့ 'နုနုရဲ့ ကျန်တဲ့ ကလေးနှစ်ယောက်ကော ဘယ်အရွယ်တွေ ရောက်ကုန်ပြီလဲ'

'ကြီးကုန်ပါပြီ၊ အငယ်ဆုံးတောင် ၁၇ နှစ် ရှိပါပြီ'

'ဪ၊ ဒါဆို ဆယ်တန်းအောင်ပြီးလောက်ပြီပေါ့'

'ဟုတ်ကဲ့၊ အောင်ပြီးပါပြီ'လို့ သူ့ဖြေသံ အဆုံးတွင် အဒေါ်ဖြစ်သူက 'တူမကြီးရဲ့ မြေးတွေက တော်ကြတယ်ကွယ့်၊ အမေကလည်း မျက်နှာသာမပေးဘူး၊ စာဆို ကြိုးစားမှ၊ သူတို့ကလည်း အမေစည်းကမ်းကို လိုက်နာကြပါတယ်၊ အဒေါ်တောင် ရွာမှာကျန်ခဲ့တဲ့ မြေးအရင်းတွေကို ဒီက မြေးကြီးတွေကို အတုယူဖို့ အမြဲ ပြောပြောနေရတယ်'ဟု စကားဝင်ထောက်ပါသည်။

ကျွန်မအဖို့တော့ တစ်ယောက်မျှ ဆယ်တန်းဆိုသောအတန်းကို မကျော်လွှားနိုင်သေးသည့် အိမ်က သားသမီးများကို မြင်ယောင်ရင်း နှုတ်လေးသွားမိပါသည်။

'မမတင့် သားသမီးတွေကော'လို့ ပြန်မေးလိုက်မှာ အထူးစိုးရိမ်နေမိပါသည်။ တော်ပါသေး၏။ အဒေါ်ဆိုသူက ဟိုအကြောင်း သည်အကြောင်းပြောလာ၍ တဖြည်းဖြည်း ခရီးရောက်မှန်းမသိ ရောက်လာပါသည်။ မြင်းပြိုင်ကွင်း အကျော်လောက်အရောက်တွင် သားကြီး

ဆိုသူက 'ဘယ်အထိ မောင်းပေးရမလဲ အန်တီ' လို့ မေးလာ၍ ခရီးလမ်းညွှန်ကို ပြောရင်း ကျွန်မ၏ အိမ်ရှေ့သို့ ရောက်လာပါသည်။

'နောက်မှ တွေ့ကြသေးတာပေါ့ မမတင့်' လို့ ပြော၍ နုနုက ကားအတွင်းမှ လက်ပြနှုတ်ဆက်ပါသည်။ ပြန်လည်နှုတ်ဆက်ရင်း ကျွန်မလည်း သူတို့ကားအထွက်ကို ခေတ္တစောင့်ကြည့်အပြီး အိမ်ဘက်သို့ မျက်နှာမူလိုက်ပါသည်။ ကျွန်မနှင့် ဘေးချင်းကပ် အိမ်ရှေ့ဝရန်တာတွင် အိမ်နီးချင်းဖြစ်သူ ဒေါ်ညိုညိုအောင်ကို မတ်တတ်ရပ်လျက် ကျွန်မကို ကြည့်နေသည်ကို တွေ့လိုက်ရ၏။

'အောင်မယ်၊ ဆရာမကြီးတော့ ဒီနေ့ တယ်ထောလာပါလား၊ အပျံစား ကားတွေ ဘာတွေ စီးလို့'

ကျွန်မ ရင်ထဲ တင်းခနဲဖြစ်သွားပါသည်။

'ဩော် ဒေါ်ညိုညိုအောင်၊ အဲဒါကျွန်မရဲ့ ညီမဝမ်းကွဲလေ၊ သူတို့က စင်ကာပူမှာနေကြတာ၊ ခု ခဏ အလည်ပြန်လာတာ၊ ရောက်တာမကြာသေးဘူး၊ ကားကလည်း သူသွင်းလာတာလေ၊ အစ်မ နေပူမှာစိုးလို့လေ၊ လိုက်မပို့ပါနဲ့ဆိုတာ မရဘူး၊ အတင်းကို ပို့တော့တာပဲ၊ နောက်များမှ ဒေါ်ညိုညိုအောင်နဲ့ မိတ်ဆက်ပေးရဦးမယ်'

ဒေါ်ညိုညိုအောင်ထံမှ စကားပြန်ကို မစောင့်တော့ဘဲ ကျွန်မ အိမ်တံခါးဆီသို့ ခြေလှမ်းပြင်လိုက်ပါသည်။ မိခင်အပြန်ကို ထွက်ကြိုနေသော သမီးကြီး မသော်တာ ကျွန်မကို မျက်လုံးအကြောင်သား၊ ပါးစပ်အဟောင်းသားဖြင့် စိုက်ကြည့်နေသည်ကို ကျော်ဖြတ်၍ ကျွန်မ အိမ်ထဲသို့ ခြေသံပြင်းပြင်း နင်း၍ ဝင်မိလိုက်ပါတော့သည်။

[ ရုပ်ရှင်အောင်လံမဂ္ဂဇင်း။ ။မတ်၊ ၁၉၉၅။ ]

***

## ရလဒ်မသေချာသော ပုစ္ဆာ

ယခုတလော ကိုတွတ်တစ်ယောက် နေရ ထိုင်ရတာ အဆင်မပြေလှ။ အမှန်အားဖြင့် စိတ်မကြည်မလင်ဖြစ်နေသည်ဆိုက ပိုမှန်မည်။ လွန်ခဲ့သော ရက်အနည်းငယ်က ကိုတွတ်၏ အခင်မင်ဆုံး အခန်းဖော်ဖြစ်သူ ကိုမိုးကျော် ရန်ကုန်သို့ပြန်သွားခြင်းကလည်း ကိုတွတ် အားငယ်စရာ အကြောင်းတစ်ခုဖြစ်လေသည်။ ကိုယ်နှင့် တာရှည်စွာ အတူနေအတူစား နေသူထဲမှ တစ်ယောက် ကိုယ့်ကိုခွဲခွာ၍ သွားသည်ထက် ထိုသူသွားမည့်နေရာက ကိုယ့်မိသားစုရှိရာ ကိုယ့်တိုင်းကိုယ့်ပြည်သို့။ ကိုမိုးကျော် ဒီနိုင်ငံကိုရောက်ခဲ့သည်မှာ လေးနှစ်ကျော် ငါးနှစ်နီးပါး ရှိပြီဖြစ်၍ အတော်လေး စုမိဆောင်းမိဖြစ်သွားရုံမက သားနှင့်ခွဲရတာ ကြာလွန်းပြီ ဖြစ်၍ သူ့မိဘများက ပြန်ခဲ့ပါ ပြန်ခဲ့ပါနှင့် တရစ်မှာလွန်းသောကြောင့် ပြန်သွားခြင်းဖြစ်ပေသည်။ 'ကျွန်တော် ပြန်ထွက်ခဲ့ဦးမှာပါ၊ ကိုတွတ် ဘာမှ အားမငယ်နှင့်' ဟု ပြောသွားခဲ့သော်လည်း နောက်တစ်ကြိမ် ပြန်ထွက်လျှင် စင်ကာပူဖြစ်ဖြစ်၊ ဂျပန်ဖြစ်ဖြစ်သို့သာ ကူးတော့မည် ဆိုသည်ကိုလည်း ကိုတွတ် သိပြီးသားဖြစ်ပါသည်။ ဒါလည်း သဘာဝကျပါ၏။ သွားရောက်သောနိုင်ငံ၏ အမည်ကို ကြားရုံမျှဖြင့် ငွေကြေး မည်မျှတတ်နိုင်ကြောင်း ဖော်ပြပြီးဖြစ်နေ၍ ကိုတွတ်

မိဘများလည်း စွမ်းသာပါက သူတို့သားအား ဂျပန်ကိုကျော်၍ စတိတ် (USA)ထိအောင် ပို့ချင်ရှာကြမည်လို့ ကိုတွတ် တွေးမိပြီး ဖြစ်ပါသည်။

သို့သော် လက်ရှိ အခြေအနေအရ ကိုတွတ် သည်မှာပဲ မိုးခိုရဦးမည်။ ခုမှ ရောက်တာ သုံးနှစ်ကျော်ရုံသာရှိသေး၍ လေးသိန်းခွဲလောက်ပင် မိဘများထံ ပို့နိုင်သေးသည်။ လွန်ခဲ့သော သုံးလေးလခန့်က သူ့ မိဘများ တိုယိုတာဆလွန်းလေးတစ်စီး ဝယ်နိုင်ခဲ့သည်မှလွဲ၍ အခြား ဘာမှ မည်မည်ရရ မစုမိသေး။ အဖေမှာ အရာရှိကြီးဆိုသော်လည်း အငြိမ်းစားယူခဲ့ပြီးပြီ။ ညီမလေးသုံးယောက်မှာလည်း ကျောင်းမပြီးကြသေး။ အားလုံး လှချင် ပချင် ပြိုင်ဆိုင်ချင်ကြသည့် အရွယ်များ။ သူတို့အစ်ကို ရုံဖန်ရုံခါပို့လာသည့် အလှပြင်ပစ္စည်း ဆန်းဆန်းလေးများ၊ စာရေးကိရိယာလှလှလေးများကို အသုံးပြုတိုင်း သူငယ်ချင်းများ အလယ်တွင် မျက်နှာပန်းပွင့်နေကြမယ်ထင်ပါရဲ့ဟု ကိုတွတ် တွေးမိတိုင်း ဒီမှာ သူ ပင်ပန်းနွမ်းနယ်သမျှ စိတ်တွေ တင်းထားရသမျှကို ဖြေချလို့ရသွားပြန်သည်။ ပြီးတော့ မေမေ့ အတွက်။

မေမေမှာ သူတို့မောင်နှမလေးယောက်အပေါ်တွင် မျှော်လင့်ချက်ကြီးသည်။ မိခင်တိုင်းသားသမီးများကို ဂုဏ်ရှိစေချင်၊ ပွဲလယ်တင့်စေချင်သည်ထက် မေမေ့ ဆန္ဒက အဆများစွာ ပိုလိမ့်မည် ထင်ပါသည်။ ဒါပေမယ့် မေမေ့ဆန္ဒမပြည့်ဝလှ။ သားသမီးလေးယောက်လုံး ပညာရေးဘက်တွင် သင့်တင့်ရုံသာရှိသည်။ မည်သည့် အတန်းတွင်မျှ တတိယဆုလေးလောက်အထိတောင် မချိတ်နိုင်ကြ။ တစ်နှစ် တစ်တန်း အောင်ရုံ



လောက်ရှိသည့် အရည်အသွေးကိုပင် မိတ်ဆွေများနှင့် အလျဉ်းသင့်၍ စကားစပ်မိတိုင်း

'သားသမီးတွေက ကြိုးစားကြပါတယ်၊ တစ်နှစ်တစ်တန်း မှန်နေတာပဲ၊ သားသမီးစာမေးပွဲကျလို့ စိတ်ဆင်းရဲရတာမျိုး ကျွန်မတို့ ဘယ်တော့မှ မခံစားရဖူးဘူး၊ လိမ္မာဖော်ရွတဲ့ သူတို့လေးတွေကိုပဲ ကျေးဇူးတင်နေရသေးတယ်' ဆိုတာမျိုး။

အဲဒီအချိန်အခါက အဋ္ဌမတန်း အောင်စာရင်းတွင် သမီးများ ဝိဇ္ဇာဘာသာတွဲလောက်နှင့်ပင် အောင်နိုင်သည်ကိုလည်း

'မိန်းကလေးနဲ့ ဝိဇ္ဇာတွဲဘာသာနဲ့ဆိုတော့ အလိုက်ပေါ့၊ ခုခေတ်မှာ သိပ္ပံ၊ သိပ္ပံနဲ့ တစ်ပံထဲ ပံနေကြတာ၊ ဝိဇ္ဇာပညာတတ်ကျွမ်းတဲ့လူတွေ ရှားလာပြီ၊ ဒီဘာသာတွေနဲ့ပဲဘွဲ့ယူ၊ ပြီးတော့ တက္ကသိုလ်မှာ ဆရာမလုပ်ပေါ့၊ ကျွန်မကတော့ကြိုက်တယ်'ဆိုတာမျိုးကို မေမေပြောတတ်၏။

'သားသမီးများ သိဒ္ဓိတင်သည့် မိခင်များအတွက် အကယ်ဒမီပေးပွဲရှိလျှင် မေမေ ဆုရမှာ သေချာတယ်'လို့ ကိုတွတ်ပြောဖြစ်တော့

'ဘာလဲ၊ ကိုကိုက မနာလို တိုရှည် ဖြစ်နေလို့လား၊ အမေကိုယ်တိုင်က ဒီလိုပြောထားမှ၊ မဟုတ်ရင် ပတ်ဝန်းကျင်က ဟင်း.... မပြောလိုက်ချင်ပါဘူး'လို့ အလတ်မ ခင်စန္ဒာအောင်က နှုတ်သွက်လျှာသွက် ခွန်းတုံ့ပြန်သလို

'မေမေ ပြောသလို တို့ကတော့ တက္ကသိုလ်ဆရာမပဲ လုပ်မှာ၊ ရိုးရိုးဆရာမတော့ မလုပ်ချင်ပါဘူး၊ ပင်ကပင်ပန်းနဲ့'လို့ ဆယ်တန်း

ရောက်စ အကြီးမ ခင်သော်တာအောင်က အားရပါးရ စကားစွက်ခဲ့သည်ကို ကိုတွတ် အမှတ်ရဆဲ။

ထိုစဉ်က စတုတ္ထတန်းလောက်ပင်ရှိသေးသော ညီမ အထွေးဆုံး ခင်တာရာအောင်မှာ ငယ်သေး၍ စကားဝိုင်းတွင် မပါတတ်သေး။ ကိုတွတ် စိတ်တွင်

'အင်း ဒီပေါက်စမလေးလဲ သိပ်မသိတတ်သေးလို့၊ နည်းနည်းများ ကြီးလာရင် ဘာစကားမျိုး ဝင်ပြောဦးမလဲမသိ'ဟု တွေးမိခဲ့၏။

ကိုတွတ်၏ အမည်ရင်းမှာ နေမျိုးအောင်ဖြစ်၏။ ငယ်စဉ်က အသားရောင် နီထွေးထွေးဖြစ်နေသည်ကိုအစွဲပြု၍ အတွတ် အတွတ် ခေါ်ရင်းမှ ကိုတွတ်ဘဝသို့ ရောက်လာခြင်းဖြစ်လေသည်။ သားသမီးအားလုံး၏ နာမည်များကို ကောင်းကင် ဆန်စွာ မှည့်ခေါ်ခဲ့သည်မှာလည်း မေမေ့ ဆန္ဒသာလျှင်ဖြစ်ပါသည်။

'မေမေ့ သားသမီးတွေကို သူများတကာတွေထက် သာစေချင်လို့ ဒီနာမည်တွေ ပေးထားတာ၊ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုတဲ့စကား ရှိသားပဲ၊ ကြားဖူးတယ်မဟုတ်လား၊ နေရာကောင်းတစ်ခုမှာ ကြာကြာမြဲချင်ရင် ကြာဆန်ဟင်းခါးချက်ပြီး အလှူဒါနပြုကြ၊ စိတ်အေး ချမ်းသာချင်တဲ့ အတိတ်နိမိတ်ကိုရဖို့ ရွှေရင်အေးတိုက်ပြီး ကုသိုလ်ယူကြ၊ ဒါမျိုးပေါ့ သားတို့ရဲ့'ဟု မေမေ ပြောတတ်သေးပါသည်။

ကိုတွတ် တက္ကသိုလ်တတိယနှစ်အရောက်တွင် ဖေဖေ ရာထူးတိုးပါသည်။ ပီတိဖြစ်၍ မဆုံးနိုင်သူက ဖေဖေ မဟုတ် မေမေ ဖြစ်ပါသည်။ အိမ်တွင် ဘုန်းကြီး ငါးပါးပင့်၍ မိတ်ဆွေတစ်ရာကျော်လောက်



ကို မေမေ့ဆန္ဒအတိုင်း ကြာဆန်ချက်ကျွေးဖြစ်၏။ အေးဆေးစွာနေတတ်သော အဖေမှာ ကောင်းဖို့လုပ်တာပဲဟု တွေးဟန်တူရဲ့။ ဘာမျှ ဝင်မစွက်ဖက်ခဲ့။ ထိုအလှူပွဲတွင် မေမေ အပြောကောင်း၍ ဖေဖေ ရာထူးတိုးကြောင်း အားလုံးလိုလို သိသွားတော့သည်။ တချို့ ရင်းနှီးသူများက

'ရာထူးတက်တာများဗျာ၊ ဒီကြာဆန်ချက်လောက်နဲ့ ဘယ်တော်နိုင်ပါ့မလဲ ဒေါ်နွဲ့နွဲ့အောင်' ဆိုတာမျိုးကို

'ကဲ ကဲ မတော်နိုင်ဘူးဆိုလဲ ဘယ်မှာစားချင်လဲပြော၊ နွဲ့တို့က မတွန့်တိုတတ်ပါဘူးရှင်' ဆိုရာမှ ဖေဖေ့ အထက်အရာရှိ သုံးဦးလောက်နှင့် ရင်းနှီးသူ ဆယ်ဦးလောက်ကို ရွှေအိမ်တော်မှာ လိုက်ကျွေးပြုစုခဲ့ရ၍ ကြွေးငါးထောင်ကျော် တင်သွားခဲ့သည်ကို ကိုတွတ် အမှတ်ရဆဲ။

အချိန်တွေ တရွေ့ရွေ့ကုန်သည်နှင့်အမျှ ခေတ်၏ ရေစီးကြောင်းလည်း ပြောင်းခဲ့၏။ ဖေဖေ ပင်စင်ယူဖို့ နှစ်နှစ်ကျော်ကျော်အလိုတွင် ကိုတွတ် ဘွဲ့ရခဲ့ပါသည်။ သားအကြီးဆုံးဖြစ်သူအနေဖြင့် မိသားစုတာဝန်ကို ဆက်လက်တာဝန်ယူဖို့ကိစ္စကို ကိုတွတ် စဉ်းစားရမည့်အချိန်သို့ ရောက်လာပြီဖြစ်၏။ ဖေဖေ့ ရုံးတွင် အလုပ်လုပ်ဖို့ ပထမ စဉ်းစားကြည့်ကြသည်။ ရမည့်လခ ထောင်ကျော်ရုံလေး ရင်မောရုံမက ဟိုက် သွားလေသည်။ ထို ဟိုက်သွားမည့် ရာထူးလေးကိုတောင် ဘယ်လိုရယူနိုင်မလဲလို့ တွေးကြည့်မိတော့ မော်ရုံတောရောက်သည့်နှယ် ခံစားရပြန်သည်။ ထိုအတောအတွင်း ကိုတွတ်တို့အရွယ်တွေ နိုင်ငံခြား၊ နိုင်ငံခြားနှင့် တစ်နိုင်တည်းနိုင် တခြားတည်း ခြားနေတဲ့ အသံတွေ ကိုတွတ်တို့ အိမ်ဆီသို့လည်း ရောက်လာခဲ့၏။

'လမ်းထိပ်က အ ပုတ်လောက်ရေးပြတောင် ဘာမှန်းမသိတဲ့ မလုံးတင် သမီးလေ၊ သိတယ်မဟုတ်လား၊ ဆယ်တန်းအောင်ပြီး ကတည်းက စင်ကာပူ ထွက်သွားလိုက်တာ ခု လစဉ် ငါးသောင်းပို့နိုင်သတဲ့'

'ဈေးထဲက အထည်သည် ဝဝဖြူဖြူ စကားပြောကောင်းကောင်း ခဲလေ၊ သူ့သားလေး ဂျပန်သွားတာ တစ်လတစ်သိန်းတောင် ရသတဲ့တော်'

'ကျူရှင်ဆရာလား၊ မရှိတော့ဘူးလေ၊ မလေးရှားသွား အလုပ်လုပ်တယ်၊ အတော်ဟန်ဆိုပဲ'

စသည် စသည် လေလှိုင်းသံတို့ ရိုက်ခတ်လာသောအခါ မေမေ ရင်ခုန်စပြု၏။ ဒီကြားထဲ

'မေမေ ကျောင်းမှာလေ သမီးသူငယ်ချင်း နုနုထွေးရဲ့ ခေါက်ထီးလေး သိပ်လှလို့ မေးကြည့်တော့ သူ့အစ်မ ဂျပန်ကပို့တာတဲ့'

'အေး၊ တာရာပြောမှ သတိရတယ်၊ မိုးမင်းဦးကို နင်သိတယ်မဟုတ်လား၊ ဟိုဖြူဖြူချောချော ကောင်မလေးဟာ၊ အေး သူဟိုတုန်းကလို ဆင်းဆင်းရဲရဲ မဟုတ်တော့ဘူးဟ၊ သူ့ထမင်းဘူး အပုံးစားလေးလှလှချည်လားဆိုမှ သူ့အစ်ကို စင်ကာပူက ပြန်လာလို့ ပါလာတာတဲ့'

အဲဒီနောက် ရွှေနားတော်သွင်းချေင်း မေမေ ဘယ်လိုဆိုပြလိုက်လဲ မသိဘူး၊ တစ်ပတ်လောက်ကြာတော့ အတွက်ကို ထူးထူးဆန်းဆန်း ဖေဖေ အချိန်ယူပြီး စကားလာပြောတော့ ကိုတွတ် သိပ်မအံ့သြမိတော့ပါဘူး၊ ကိုယ်တိုင်ကလည်း လုပ်ရကောင်းမလားလို့ စဉ်းစားခဲ့ဖူးတာကိုး။



'ဂျပန်နဲ့ စင်ကာပူကိုသွားဖို့တော့ ဖေဖေ မတတ်နိုင်သေးဘူး၊ မလေးရှားသွားဖို့ပဲ ပွဲစားတစ်ဦးနဲ့ အဆက်အသွယ်ရခဲ့တယ်၊ သူများ တကာတွေဆို တစ်သိန်းခွဲ တစ်သိန်းသုံးသောင်းလောက် ယူတာတဲ့၊ ဖေဖေ့ မျက်နှာနဲ့ ခုနစ်သောင်းနဲ့ ပို့ပေးမယ်ပြောလိုက်တယ်၊ သား စဉ်းစားပါဦးလေ၊ ဖေဖေလဲ ပင်စင်သွားခါနီးပြီဆိုတော့ မိသားစု အတွက် တစ်ခုခုတော့ လုပ်မှဖြစ်မယ်လို့ တွေးမိလို့ပါ'

အပိုကြေး ထူးကဲစွာမရသော ဌာနတစ်ခုမှ အရာရှိကြီးတစ်ဦး ဖြစ်သော ဖေဖေ့မှာ ရုံးကပေးသော လေးဘီးအဟောင်းကလေးမှရသော ဓာတ်ဆီ ဂါလံ ၆၀ ကို အားပြုနေရသော်လည်း ဟောင်းနေသည့် ကားလေးမှာ ချူချာလှသည်။ သူ့ကို ပြန်၍ ဆေးကုနေရသည်နှင့် မိသားစု အသုံး စရိတ်ကာမိအောင် မစွမ်းသာခဲ့။ စကားကြွယ်သော မေမေ အတိုးအပွားကလေးရအောင် တစ်ဖက်တစ်လမ်းက ပံ့ပိုးနေ၍ မိသားစု ပုံမပျက်နေနိုင်မှန်း ကိုတွတ် အသိ။

ထိုနေ့က ဖေဖေ့အစီအစဉ်ကို 'ကောင်းပါတယ် ဖေဖေ၊သားလဲ စိတ်ဝင်စား ပါတယ်'လို့ ပြောပြီး လက်ခံလိုက်ကတည်းက အဖေရော အမေပါမက ကိုတွတ်တို့ မိသားစု အတော်လေး လှုပ်ရှားလိုက်ကြရသည်။ ပွဲစားပေးဖို့ ခုနစ်သောင်းအတွက် မေမေရဲ့တစ်လုံးတည်း စိန်နားကပ်လေးကို ကိုးသောင်းနှင့် ရောင်းလိုက်ရသည်။ မေမေက လူရှိသေ ရှင်ရှိသေဆိုသောစကားနှင့် ရှရှား စိန်ခြယ်နားကပ် ကြီးကြီး တစ်ရံ ပြန်လုပ်ယူလာသောနေ့က မေမေ ပြောခဲ့သည်ကို ကိုတွတ် မမေ့။

'အသက်ကြီးလာလို့ နားကပ်ကြီးကြီးလေး ပန်ချင်နေတာနဲ့ အတော်ပဲ၊ ငါ့သား နိုင်ငံခြားသွားမယ်ဆိုမှပဲ အမေ့ဆန္ဒ ပြည့်တော့တယ်'

စိန်အစစ်ကနေ စိန်အတု ပြောင်းဝတ်ရတာကို အမေ သဘောကျဟန် ဆိုခဲ့သောစကား၊ အဲဒီနောက် ခုနစ်လ ရှစ်လအကြာမှစ၍ ကိုတွတ် မိသားစုကို ကျောခိုင်းပြီး ဒီနိုင်ငံသို့ ရောက်ခဲ့လေသည်။

ကိုတွတ် ရောက်စက ပွဲစားပေးအပ်သောအလုပ်မှာ ကားဟောင်းများကို လိုအပ်သလို ဖြုတ်ဆက် ပြန်လည် ပြင်ဆင်သည့်အလုပ်ရုံ ဖြစ်သည်။ 'ဂဟေဆော်တာ တတ်လျှင် အလုပ်ပေါ်သည်၊ ပိုက်ဆံကောင်းကောင်းရသည်'ဟု ပြောတာ ကြားဖူး၍ B.Sc ဘွဲ့ရပြီးခါမှ ရန်ကုန်တွင် နှစ်လလောက် ဂဟေဆက်တာ သင်ခဲ့ရသည်။ တကယ့်အလုပ်ခွင်ရောက်၍ Interview လုပ်ကြည့်သောနေ့က ကျွမ်းကျင်မှုမရှိသဖြင့် အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရသည်။ ဒါနှင့် လုပ်ငန်းအကူသဘောနှင့် တစ်နေ့ကို လစာရင်း ၁၈ ကျပ်၊ overtime တစ်နေ့နှစ်နာရီ ပေးမည်ဟု အလုပ်ရှင်က ဆိုလာသည်။ ပွဲစားလုပ်သူက ဂဏန်းပေါင်းစက်နှင့် ခေတ္တ အလုပ်များလိုက်ပြီး–

'ကိုတွတ် ရောက်စပဲဟာ မဆိုးပါဘူး၊ တစ်နေ့ ၂၄ ကျပ်ခွဲလောက် စီမှာ၊ မြန်မာလိုဆို တစ်နေ့တစ်ထောင်ကျော်တောင် ရမှာဗျ၊ အတွေးမမှားနဲ့' ဆိုသော တိုက်တွန်းချက်ဖြင့် ကိုတွတ် အလုပ်ဝင်ဖြစ်၏။

အလုပ်မှပေးသောအိမ်ကို ရောက်အပြီး ညအိပ်ရာအဝင်တွင် ကိုတွတ် ကြိတ်၍ မျက်ရည်ကျဖြစ်သည်။ အိမ်လို့သာခေါ်ရသည်၊



ကိုတွတ်အမြင်တွင် ခပ်တိုတိုရထားတွဲတစ်ခုကို ဘီးဖြုတ်ပြီး မြေကြီးပေါ် ချထားသလိုပဲဟု တွေးနေမိသည်။ လူနေသည့် ကြမ်းပြင်အမြင့်ကလည်း မြေကြီးနှင့် တစ်ပေတောင်ကွာမည် မထင်။ ပြီးတော့ တစ်ခန်းတစ်အိမ် ပုံသဏ္ဍာန်မျိုး၊ ဝင်ဝင်ချင်း တံခါးဝနှင့် တစ်တောင်အကွာလောက်တွင် TV အဟောင်းကြီးတစ်လုံးကို ခပ်စုတ်စုတ် ခုံငယ်တစ်ခုပေါ်တွင် တင်ထား၏။ ကြမ်းပြင်တွင် ညစ်ထေးနေသော မွေ့ရာသုံးလိပ်ကို လူဝင်ပေါက်နှင့် ဆန့်ကျင်ဘက် အခန်းနံရံတွင် မှီကပ်ထားသည်။ အတွင်းဘက် အခန်းထောင့်၌ ဆေးရောင် ကွက်တိကွက်ကျားဖြစ်နေသော စားပွဲတင် ပန်ကာတစ်လုံး လည်နေ၏။ အိပ်ရာခြေရင်းဘက် နံရံတစ်လျှောက်၌ သံကြေးစများကွက်နေသည့် လျှပ်စစ်ထမင်းအိုးကြီးတစ်လုံး၊ ခွက်တိုခွက်စများ၊ ပလတ်စတစ် ရေပုံးရေခွက်များ အဆင်ပြေသလို နေရာယူထားကြသည်။

'ကဲ ကိုတွတ်ရေ၊ နေရတာနည်းနည်းတော့ ကျပ်မယ်၊ ဒါပေမယ့် ပန်ကာနဲ့ T.V နဲ့ ကိုယ်တိုင်ချက်စားရင်လဲ ထမင်းအိုးက အဆင်သင့်'ဟူသော သူ အပ်ပေးသည့်အလုပ်ကို အမွှမ်းတင်သောစကားနှင့် ကိုတွတ်ကို မိတ်ဆက်ပေးသည်။ ဘဝင်မကျလှပေမင့် ဒီအလုပ်ကို ကိုတွတ် လက်မခံချင်၍ မရ။ ပါလာသော ခြောက်ဆယ့်ငါးဒေါ်လာဆိုသည့် ကိုယ်ပိုင်ငွေလေးမှာလည်း တစ်စ တစ်စနှင့် ပွန်းလုနေပြီ။ တစ်ပါးနိုင်ငံတွင် တစ်နေ့ ဝင်ငွေမရှိက မည်မျှ အခက်အခဲရှိနိုင်သည်ကို တွေးမိပြီးဖြစ်၍ 'ဖြစ်ပါတယ်' ဆိုသော စကားနှင့် တုံ့ပြန်ရသည်။ ရင်ထဲမှာ နင့်နေအောင်ခံစားနေရသည်ကိုတော့ မျက်နှာတွင် ပုံရိပ်ပေါ်

နေမည်ဟု ကိုတွတ် အတပ်ပြောနိုင်ပါသည်။ ကိုတွတ်နှင့်အတူ အိပ်ရာချင်း ကပ်အိပ်ရသူ သုံးဦးတွင် နှစ်ယောက်မှာ မြန်မာဖြစ်၍ ကျန်တစ်ယောက်မှာ ဆားဗားမှလာသော မလေးလူမျိုးဖြစ်သည်။ ကိုယ့်လူမျိုးအချင်းချင်း ရိုင်းပင်းမှာပဲဟု တွေးခဲ့သည်မှာလည်း အထင်နှင့်အမြင် ကွာခြားလွန်းပြန်သည်။ အသားမည်းမည်း ကုလားဆင်လိုလူမှာ ရခိုင်ဘက်မှဟု သိရသည်။ မြန်မာစကားတောင် ရေရေလည်လည် မပြောတတ်။ သိလို့၍ မေးသမျှကို တိုတိုတောက်တောက် မပြည့်မစုံ ဖြေတတ်သည်။ ကျန်တစ်ဦးမှာ မြစ်ကြီးနားဘက်မှလာသည်တဲ့။ ကိုတွတ် ရောက်လာသည်ကို အသိအမှတ်ပြုရုံလေး ပြုံးလို့တောင် မပြတတ်။ ကိုတွတ် ဝန်းကျင်တွင် လေစိမ်းတွေ ထန်နေသည်။ တော်သေးရဲ့ ဆားဗားမှဆိုသော လူမျိုးခြားက ခြေဟန် လက်ဟန်နှင့် ကိုတွတ်လိုတာကို ပြောပေး ပြပေးလို့ ကိုတွတ် အသက်ရှူချောင်သလို ရှိမိသည်။ အတူနေလာတော့ ရက်လေးအတော်ရလာမှ သူတို့တစ်တွေ ကျောင်းစာကို မည်မည်ရရ ဘာမှ မတတ်ခဲ့ကြသော သူများလို့ ကိုတွတ် သိလာရသည်။ ဒါပေမယ့် အလုပ်ခွင်မှာတော့ သူတို့က ဆရာကြီးဖြစ်နေနှင့်ပြီ။ ရောက်တာ တစ်နှစ်ကျော် နှစ်နှစ်တောင် ကြာခဲ့ပြီကိုး။ ပြီးတော့ လက်တွေ့အလုပ်ကို သူတို့က မြန်မာပြည်ကတည်းက ကျွမ်းကျင်ခဲ့သူများ။ ကိုတွတ်မှာ သူတို့ ခိုင်းသမျှကို ဖြတ်ဆိုဖြတ်၊ သယ်ဆိုသယ်၊ မဆိုမ။ တချို့ပစ္စည်း၏ အလေးချိန်ဆို မချိလိုက်ရုံဖြင့် ခါးထဲ နင့်ခနဲနေအောင် ခံစားရသည်အထိ လေးပင်လှသည်။

အလုပ်ရုံမှာ ကားဟောင်းများကို ပြန်လည်မွမ်းမံ ပြင်ဆင်သည့်နေရာဖြစ်သဖြင့် သံတိုသံစများ ညစ်ပတ်ပေရေနေသော ကားပစ္စည်းအဟောင်းများ၊ ဆေးပုံးများ၊ ဆီချေးများကို ရှောင်ကွင်း၍မရ။ အချိန်မရွေး မိုးရွာသည့်နိုင်ငံဖြစ်၍ နေပူမရှောင် မိုးရွာမရှောင် လှုပ်ရှားရသည်မှာ ညအိပ်ရာဝင်ချိန်တွင် အမေ ပေးလိုက်သော ဦးအုန်းစိန်လိမ်းဆေး၊ ဦးစိုင်း ဒဏ်ကြေလိမ်းဆေးတို့ဖြင့် တစ်ကိုယ်လုံး ငါးဆားနယ်သလို နယ်ယူရသည်အထိ ဖြစ်သည်။ ကိုတွတ် စိတ်အညစ်ဆုံးမှာ ဆီချေးဖြင့်နစ်နေသော ဘောင်းဘီ အင်္ကျီကို လျှော်ဖွပ်ရသည့်အချိန်ဖြစ်သည်။ များလွန်း ညစ်ပေလွန်းသော ဆီချေးကို တော်ရုံဆပ်ပြာက မချွတ်နိုင်။ ပိုက်ကလာသော တစ်မူးလုံးခန့် ရေအမှျင်ကိုဆောင့်၍ လျှော်ဖွပ်ရသည်မှာလည်း ခါးညောင်းလွန်းလှချေ၏။ ဒါပေမင့် အမေ အဖေဆီ စာရေးတိုင်း 'သား အဆင် ပြေပါတယ်၊ စိတ်မပူပါနဲ့' ဆိုတာမျိုးချည်း ရေးခဲ့မြဲ၊ ကိုယ်ခံစားနေရတာတွေ ရေးပြနေတော့ရော မိသားစု စိတ်ဆင်းရဲရုံသာရှိမည်။ သုညထွက်နေသောအဖြေတွင် အနုတ်လက္ခဏာ ထပ်မဖြည့်ချင်တော့။ အလုပ်ပင်ပန်းသည့်ကြားမှ မရ ရသည့် အချိန်လေးတွင် နေ့စဉ် စားဖို့ သောက်ဖို့ အတွက်လည်း စီစဉ်ရသေးသည်။ ကိုယ်နှင့်အတူ လုပ်ဖော်ကိုင်ဖက်တွေ အပြင်ဆိုင်မှာ ဝယ်စားနေကျ။ ကိုတွတ် အတွက်တော့ ငါးမူးပဲ သက်သာ သက်သာ တစ်ကျပ်ပဲ ပိုပြီး စုရ စုရ၊ ကိုယ်တိုင် ချက်စားလျှင် ငွေပိုပြီး စုနိုင်သည်လေ။

An apple a day keeps the doctor away ဆိုသည့် စကားပုံကို ကိုတွတ် ဖတ်ဖူးခဲ့သည်။ ဟင်းသီးဟင်းရွက်စားပါက ကျန်းမာရေးကောင်းသည်ဟု ပြောသည့် သဘော။ ဒါပေမင့် ပန်းသီးတစ်လုံး ပြား ၅၀ မှ တစ်ကျပ် နှစ်ကျပ်အထိ ဈေးရှိသည်။ ကြက်ဥတစ်လုံး၏

တန်ဖိုးမှာ ဆယ့်ငါးပြားမှ နှစ်ဆယ့်ငါးပြား။ ခေါက်ဆွဲပြုတ် အခြောက်တစ်ထုပ် ပြားသုံးဆယ် ပြားလေးဆယ်ပဲရှိသည်မို့ ကိုတွတ်၏ နေ့စဉ်အာဟာရမှာ ကြက်ဥပြီးခေါက်ဆွဲ၊ ခေါက်ဆွဲပြီး ကြက်ဥ။ လုပ်ရတာလည်း လွယ်သည်။ ပိုက်ဆံအကုန်လည်း သက်သာလှသည်။ ဒီနိုင်ငံရောက်စ တစ်ရက်တွင် ပွဲစားခေါ်သွားခဲ့၍ Super Market ဆိုသော ရောမ ခမ်းနားကြီးကျယ်လှသည့် ဆိုင်ကြီးတစ်ခုကို ရောက်ခဲ့ဖူးသည်။ အအေးဓာတ်ငွေ့များ ချမ်းစိမ့်လာသည်အထိ လွှတ်ထားသော Cold Storage ဟု ရေးထားသည့် မှန်လုံခန်းမကြီးအတွင်းတွင် ဟင်းသီးဟင်းရွက်များ သူ့အမျိုးနှင့်သူ စီကာပတ်ကုံး ထည့်ထားသည်ကို ရေကြည် ပလတ်စတစ်နှင့်ထုပ်၊ အထုပ်ပေါ်တွင် မည်ရွေ့မည်မျှ တန်ဖိုးကို ပုံနှိပ်ပြီး ကပ်ခွာသေးသေးနှင့် ကပ်ထား၍ ဖတ်ကြည့်မိခဲ့သည်။ ကန်စွန်းရွက်တစ်စည်း အသေးအကြီးကိုလိုက်၍ ပြားခြောက်ဆယ်မှ တစ်ကျပ်ကျော်သည်။ လက်သီးဆုပ်ခန့် ဂေါ်ဖီပန်း အပိုင်းလေးတစ်ပိုင်းကို တစ်ကျပ်ခွဲမှ နှစ်ကျပ်ခွဲလောက်အထိ ဈေးရှိသည်ဖြစ်၍ ငါ့နိုင်ငံ ပြန်ရောက်မှပဲ ဟင်းသီးဟင်းရွက် စားတော့မည်ဟု ကိုတွတ် ဆုံးဖြတ်ချက်ချပြီး ဖြစ်သွားတော့သည်။

မည်သို့ပင် ပင်ပန်းချို့တဲ့စွာ နေရသော်လည်း မိဘများဆီ ငွေနှစ်သောင်းခွဲ ပထမဆုံး ပို့နိုင်ခဲ့သည့်နေ့က ပီတိမျက်ရည်ကျမိသည်အထိ ကိုတွတ် ခံစားခဲ့ရဖူးသည်။ ထိုအလုပ်တွင် ပင်ပန်းလွန်း၍ အလုပ်သစ်တစ်ခုသို့ပြောင်းဖို့ စဉ်းစားကြည့်သည်။ ဒီလိုဆို ပွဲခ ၁၅၀ မှ ၂၅၀ လောက်အထိ ထပ်ကုန်ကျဦးမည်။ မြန်မာလို တွက်ပါက ခြောက်ထောင်မှ ကိုးထောင်နီးပါး။ ပြီးတော့ အလုပ်သစ်မှာ ဒီထက်



သက်သာမည်၊ ရဲဖမ်းတဲ့အန္တရာယ်မှလည်း ကင်းဝေးမည်၊ အလုပ်ရှင်က စိတ်သဘောထား ပြည့်ဝမည် စသည့် မိမိလိုအပ်ချက်များ ပြည့်ပြည့်စုံစုံ ရနိုင် မရနိုင် ဆိုသည်ကိုလည်း အတပ်မပြောနိုင်။ နိုင်ငံခြားတွင် ရှာအလုပ်လုပ်နေကြရသူတိုင်း ကံသာလျှင် အမိ၊ ကံသာလျှင် အဖ။ ဒါကြောင့် ကိုတွတ် ဘာအပြောင်းအလဲကိုမျှ မလုပ်ရဲသေး။ သို့သော် အလုပ်တွင် ရှစ်လနီးပါး ကြာအပြီး နေ့တစ်နေ့တွင် ကိုတွတ်အား အလုပ်သွင်းပေးခဲ့သူ ပွဲစားရောက်ချလာပြီး Restaurant တစ်ခုကို ပြောင်းမလားဟု မေးလာသည်။ ပွဲခလည်း ထပ်မယူတော့ကြောင်း ပြောသေး၍ ကျေးဇူး အထူးတင်နေရပြန်သည်။ လခ ၄၅၀ အပြင် နေစရာ စားစရာ ပေးမည့်နေရာဖြစ်၍ အထူး တွေးတောမနေတော့ဘဲ ဘဝသစ်တစ်ခုကို စတင်ဖြစ်ပြန်လေသည်။

ဖိတ်ဖိတ်တောက်နေသော မှန်တံခါးကြီးများ၊ ကြက်သွေးရောင် လွှမ်းနေသည့် ကြမ်းခင်းကော်ဇောများ၊ ကျက်သရေရှိလှသည့် အလှပန်းစိုက်အိုးများ၊ လေအေးစက်၏ အငွေ့အသက်များဖြင့် မွှမ်းမံတန်ဆာဆင်ထားသော စားသောက်ဆိုင်ကြီးထဲသို့ ပွဲစားက ဦးဆောင်ခေါ်သွားသည့်တိုင် ဝင်ဖို့ရာ မဝံ့မရဲဖြစ်နေမိသော ကိုယ့်စိတ်ကို အားမလိုအားမရ ခံစားခဲ့ရသည်ကို ကိုတွတ် အမှတ်ထင်ထင် ရှိနေဆဲပင်။ ဆိုင်ပိုင်ရှင်မှာ တရုတ်လူမျိုးဖြစ်၍ အသားညိုလွန်းသည်။ ကိုတွတ်ကို ဆိုင်နောက်ပိုင်း အလုပ်ကိုပင် ပေးခဲ့သော်လည်း ကိုတွတ် အထူးစိတ်မဆင်းရဲမိတော့။ သမာအာဇီဝ ရှာစားနေရသမျှတော့ အလုပ်ဟူသမျှ ဂုဏ်ရှိစွလို့ပင် သဘောထားလိုက်သည်။ ကိုတွတ်ကဲ့သို့ပင် တက္ကသိုလ်မှ ဘွဲ့ရပြီး တစ်ယောက်နှင့် အခြားတက္ကသိုလ်တက်ဆဲ မြန်မာနှစ်ယောက် လုပ်ဖော်

ကိုင်ဖက်ဖြစ်နေ၍ ဖြေပြေရာ ရှိနေသည်။ သို့သော် အခြားအလုပ်သမားအားလုံး သူတို့နိုင်ငံသားချည်းဖြစ်သည်။ သူတို့တစ်တွေ ကျောင်းတောင်နေဖူးကြရဲ့လား မသိ၊ မယဉ်ကျေး မသိတတ်ကြ။ အမှတ်မထင် မျက်နှာသုတ်ပဝါလိုမျိုး ကြမ်းပြင်ပေါ်ကျနေတာတွေ့လျှင် ကောက်မတင်ပေးရုံမက တစ်ခါတစ်ရံ ခြေနင့်ပင် နင်းသွားတတ်သေးသည်။

'ငွေလာရှာတာပဲကွာ ဘာပဲဖြစ်ဖြစ် ပုလိပ်မဖမ်းပြီးရော'လို့ တွေးရင်း ကိုယ့်ကိုယ်ကိုယ် အားပေးရသည့်အကြိမ်မနည်းတော့။ ယခုအလုပ်မှာ ကားပြင်ရုံလောက် မပင်ပန်းသော်လည်း အများတကာ စားပြီး သောက်ပြီး ပန်းကန် ခွက်ယောက်တို့ကို ဆေးကြောရသည်ဖြစ်၍ တစ်ကိုယ်လုံး ဟင်းစော်တွေနံ့နေသလား အောက်မေ့ရသည်။ ထိုအနံ့အသက်များနှင့် နပန်းလုံးအပြီး သူတို့ကျွေးသည့် ပေါ့ရွှတ်ရွှတ် ချိုတိုတိုဟင်းလျာများကို စားရချိန်တွင် မနည်းကြိတ်မှိတ်၍ မျိုချရသည်အထိ ဖြစ်တတ်သည်။ အလုပ်တွင် မည်မျှပင် ဘဝင်မကျစရာများနှင့် တွေ့စေဦးတော့ မီးဖိုချောင်တစ်ခုလုံး တစ်ပတ်တစ်ကြိမ် သန့်ရှင်းရေးလုပ်ပေး၊ ကြမ်းတိုက်ပေး၍ အပိုကြေးရသောနေ့များတွင် ခံစားခဲ့ရသော စိတ်အစာမကြေခြင်းများကို မေ့ပစ်လိုက်နိုင်သည်။ သည်လိုနှင့် လမှ နှစ်သို့ကူးပြောင်းခဲ့၏။ ကိုတွတ်၏ အလုပ်ကြိုးစားမှု၊ သိတတ်မှုများကို ဆိုင်ရှင်သူဌေး ဂရုပြုမိလာပြီး တစ်နေ့ ဆိုင်ရှေ့ပိုင်းတွင် အလုပ်လုပ်မည့်သူ လတ်တလော လိုအပ်လာ၍ ကိုတွတ် ခေတ္တဝင်၍ လုပ်နိုင်းသည်မှ ကိုတွတ် စိတ်မကောင်းစရာနှင့် ကြုံတွေ့ရခြင်းဖြစ်လေသည်။ ကိုတွတ် တာဝန်ယူပေးရသောဝိုင်းတွင် သူ့အရွယ် မြန်မာ သုံးယောက် ပါလာခြင်းမှ သောကပျိုးခင်း သန္ဓေတည်ခဲ့သည်ဟု



ဆိုရမည်။ သူတို့နိုင်ငံတွင် တချို့သူဌေးများက သူတို့၏ ဝန်ထမ်းများကို အခါကြီး ရက်ကြီးများတွင် စားသောက်ဆိုင်ကောင်းကောင်း၌ ခေါ်ယူကျွေးမွေးခြင်းမျိုး လုပ်တတ်ကြသည်ကို ကိုတွတ် သိခဲ့ပြီးဖြစ်၏။

'ဒီဆိုင်မဆိုးဘူးကွ၊ ရွှေတွေရှိမလား မသိဘူး' ဆိုသည့် မြန်မာလိုပြောသည့် စကားသံ ထွက်လာသဖြင့် 'Customer (ဆိုင်တွင်လာရောက်စားသောက်သူ) တွေထဲမှာ ရွှေတွေ တွေ့ရင် နှုတ်တွေ ဘာတွေ သွားမဆက်နဲ့၊ အထူးသဖြင့် ကိုယ့်လို ရွယ်တူမျိုးပေါ့ဗျာ'လို့ ကိုမိုးကျော် သတိပေးထားသည့်ကြားမှ သူတို့ စကားလာရာဆီသို့ အကြည့်ရောက်မိသည်။ ကွက်ခနဲ တစ်ချက်ငေးလိုက်မိသည့် ကိုတွတ်အား မြန်မာပဲလို့ အထင်ရောက်သွားစေသည် ထင်ရဲ့။

ကိုတွတ်မှာ စားပွဲထိုးလုပ်လေ့လုပ်ထ မရှိရသည့်အထဲ ကိုယ်ကြည့်ပေးရသည့် ဝိုင်းမှာမှ မြန်မာတွေပါလာ၍ ပိုပြီး စိတ်လှုပ်ရှားသွားမိသည်။ သူတို့ လိုသမျှ သတိထားပြီး လုပ်ကိုင်ပေးနေသည့်ကြားမှအရက်ပုလင်းဖောက်နေဆဲအကျင့်မရှိ၍ ဖောက်တံ လက်မှလွတ်ထွက်သွားသည်။ ဖောက်တံကြမ်းပြင်ပေါ်သို့ ကျဆင်းမသွားစေရန် လိုက်အဖမ်း စားပွဲပေါ်မှ ဖန်ခွက်ကိုတိုက်မိပြီး ကျကွဲသွားရာ

ချွင် ချွင် ချလံ ဆိုသော သံနှင့်အတူ

'စားပွဲထိုးလုပ်နေပြီးတော့များ ညံ့လှချည်လား ကိုယ့်လူရာ၊ ရွှေတွေ နာမည် ပျက်နေပါ့မယ်' ဆိုသည့် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့စွာ ပေါ်ထွက်လာရာဆီသို့ ကိုတွတ် မကြည့်ရဲ။ ကိုယ့်ကို အထင်အမြင်သေးသည့် မျက်လုံးအစုံနှင့် ကြည့်နေကြမည်လား။ သရော်လှောင်ပြောင်ဟန် မျက်နှာလေးတွေ ထားရှိနေမည်လားဟု အမျိုးမျိုးတွေးရင်း 'I'm Sorry'

ဆိုသည့် တောင်းပန်တိုးလျှိုးသည့် စကားကို ရေရွတ်ပြီး ဖန်ကွဲဖန်စများကို ပြန်ကောက်လိုက်သလို စားပွဲထိုးလုပ်လိုက်ရသည့် သုံးနာရီသာသာ အချိန်မှာ သုံးကမ္ဘာမက ကြာလှသည်ဟု ထင်မိခဲ့လေသည်။

စားသောက်နေရင်းမှ စိန်နားကပ်အရောင်နှင့် ပါးပြောင်နေကြသော ကိုရွှေ မြန်မာသုံးဦး၏

'နိုင်ငံခြားလာပြီးတော့ကွာ စားပွဲထိုးတော့ မလုပ်ချင်ပါဘူး၊ တို့စက်ရုံနဲ့တော့ ကွာပါ့ကွာ'

'မြန်မာပြည်ပြန်ရောက်လို့ ထမင်းဆိုင်ဖွင့်ရင် အလုပ်သမားမငှားရဘူးပေါ့' စသည့် မထေ့တထေ့ စကားများကို နားမလည်ချင်ယောင် ဆောင်နေရသည်။ ရင်ထဲ၌ ဗလောင်ဆူနေ၏။ ထိုည အခန်းပြန်ရောက်တော့ တော်ရုံနှင့် အိပ်လို့မရ။

'ကိုတွတ် ဘာမှ ပြန်မပြောနိုင်၊ မလုပ်နိုင်မှန်းသိလို့ ဒီလူတွေ ဒီလောက် ပြောရဲတာဗျ၊ မလှုပ်သာတဲ့လူကို ကိုယ့်မှာ နိုင်ခြေရှိတုန်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်တယ် ဆိုတာမျိုးဟာ အောက်တန်းကျတဲ့လူတွေရဲ့ အလုပ်ပါဗျာ၊ ခေါက်ထားလိုက်စမ်းပါ' ဆိုသည့် ကိုမိုးကျော်၏ ဖြေပြေရာစကားများကြောင့် နေသာသလို ရှိသွားသော်လည်း ချက်ချင်းပင် မိဘများထံ ပြန်ပြေးချင်လှလေသည်။ နောက် နှစ်ရက် သုံးရက်အကြာ ခွင့်ရသည့်နေ့ T.V ရှေ့တွင် ထိုင်ဖြစ်သည်။ မလေးဘာသာဖြင့် သတင်းလာနေ၏။ စကားနားမလည်သော်လည်း အရုပ်တော့ကြည့်ရသည်။ သူတို့ သတင်းကြေညာသည်မှာ အကြောင်းအရာစုံလွန်း၍ စိတ်ဝင်စားဖွယ်ချည်း ဖြစ်သည်။ သတင်းချိန်



နာရီဝက်အတွင်း ပြည်တွင်းပြည်ပ သတင်းစုံကို ပြောလိုက် ရှခင်းကို ပြလိုက် လုပ်သွားသည်မှာ အကြောင်းအရာ သုံးဆယ်ထက် မနည်းဟု ကိုတွတ် မှတ်မိသည်။ ကြည့်နေရင်း T.V ဖန်သားပြင်တွင် ရထားလမ်းပေါ်၌ လူသေအလောင်းနှစ်လောင်း ကစဉ့်ကလျား ပုံသဏ္ဌာန်နှင့် တွေ့လိုက်ရသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ဝေးရာမှ တဖြည်းဖြည်း အနီးကပ်ပြလိုက်သည့် မြင်ကွင်း။ သွေးစ သွေးနများကြားမှ စာအုပ်ငယ်လေး တစ်အုပ်၊ ဟာ စိုင်းထီးဆိုင်ဟု ပါးစပ်မှအသံထွက်မိသည်အထိ စိတ်လှုပ်ရှားသွား၏။ စက္ကန့်ပိုင်းအတွင်း ဖျတ်ခနဲ မြင်လိုက်ရသည့် သတင်းပြကွက်သည် ကိုတွတ် ဦးနှောက်တွင် သံမှိုရိုက်သကဲ့သို့ နက်ရှိုင်းစွာ စူးဝင်သွားသည်။ စိုင်းထီးဆိုင်၏ သီချင်းစာအုပ်ကို မြင်လိုက်ရခြင်းဖြင့် သေဆုံးသူနှစ်ယောက်မှာ ဂီတကိုခုံမင်ဆဲဖြစ်သော ကိုယ့်အရွယ်မြန်မာဖြစ်ဖို့ ကိုးဆယ်ရာခိုင်နှုန်းသေချာသည်ဟု တစ်ကိုယ်တည်း မှတ်ချက်ချရုံမက အတူနေသူများကို ပြောဖြစ်သေးသည်။ ကိုတွတ် ရင်ထဲမှာတော့

'ငွေစုမိပြီး မိဘရပ်ထံ ပြန်ကြသူများ ဖြစ်နေမလား'

'ရထားကြိတ်မိတဲ့ ပုံတွေဆိုတော့ ဟင်၊ ဘယ်သူမှ ရထားလာတာ မသိလောက်အောင် အိပ်ပျော်မနေနိုင်ပါဘူး'

'ဒါဆိုရင် ပစ္စည်းလုပြီး လက်စတုံးအောင် လုပ်လိုက်တာများ လား'

'ငါ တွေးမိတဲ့အတိုင်း မြန်မာသာဖြစ်နေရင်တော့ သူတို့မိဘများ သားတွေအပြန်ကို တမျှော်မျှော်နေကြတော့မှာပဲ'

'တစ်စစီလွင့်နေတဲ့ သူတို့အလောင်းကို ဘယ်သူများ သဂြိုဟ်ပါ့'

ကိုတွတ် အရူးလို အတွေးတွေ များနေမိသည်။ သိလိုစိတ်ဖြင့် နောက်တစ်နေ့ထွက် ယဘင်.မာကို မဝယ်စဖူး ဝယ်ဖြစ်သေး၏။ ကိုတွတ် ထင်ထားသည့် အတိုင်းပါပဲ။ သတင်းစာတွင် အသက် ၂၀ ကျော် လူငယ်နှစ်ဦး ရထားကြိတ်၍ သေဆုံးရခြင်းဟု ဖော်ပြထားသည်။ ဆက်လက်၍ အလောင်းအနီးအနားတွင် တွေ့ရှိရသည့်ပစ္စည်းအချို့ကို ထောက်ချင့်၍ မြန်မာများ ဖြစ်လိမ့်မည်ဟု ယူဆကြောင်း ဖော်ပြထားလေသည်။

'ဖြစ်ရလေခြင်း'ဟု မြည်တမ်းရင်း စိတ်ရောလူပါ နွမ်းသွားပြန်သည်။

'ခုတလော မြန်မာတွေ အဖမ်းခံရတာနဲ့၊ ရထားကြိတ်ခံရတာနဲ့ ပြန်ရမှာတောင် ခပ်လန့်လန့်ပဲ'ဟု အထုပ်အပိုးပြင်ရင်း ခပ်သောသော လေး ပြောနေသည့် ကိုမိုးကျော်အား

'မနက်ဖြန် ကားဂိတ်ကို ကျွန်တော် မလိုက်တာကိုတော့ ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ'လို့ တောင်းပန်ရ၏။ ကိုတွတ် ခံစားချက်ကိုနားလည်သော ကိုမိုးကျော်မှာ မသိကျိုးကျွင်ပြု၍ စကားလမ်းကြောင်း ပြောင်းပြီး သူတို့အလုပ်မှ သူဌေးများ မည်မျှကြွယ်ဝချမ်းသာကြောင်း များကို အရှန်းဖောက်၍ ပြောနေပြန်သည်။ နောက်နေ့ ကိုတွတ်အလုပ်မှ မပြန်ခင် သူ အရင်ထွက်နှင့်၏။ ကိုတွတ် အဖို့တော့ မည်မျှ စိတ် အနှောင့်အယှက်ရှိနေသည်ဖြစ်စေ အလုပ်သွားမြဲ၊ ညစ်ပတ် ပေရေနေသော မီးဖိုချောင် နောက်ဘက်ခန်းထဲမှာ ရွှေပွဲလာ ကိုဇည့်သည်တို့



စားပြီးသောက်ပြီး ပန်းကန်ခွက်ယောက် မှန်သမျှကို ဆပ်ပြာရည်တွင် နှစ်ပြီး အနိုင်ယူမြဲ။ ဒါ ကိုယ့်အလုပ်ပဲ။ အစွ ရာယ်ကင်းသည်။ ပိုက်ဆံပို၍ စုနိုင်သည်ဟု တွေးမြဲဖြစ်သော်လည်း အားလျော့ ဖျော့တော့နေပြီဖြစ်သော စိတ်အစဉ်ကို ပြန်ပြီးအင်အားစု၍ မနိုင်သလို ခံစားနေရသည်။

တစ်နေ့ နေ့လယ်ပိုင်းအချိန် အလုပ်မှခေတ္တအားချိန် ထုံးစံအတိုင်း အခန်းပြန်ဖြစ်၏။ အိပ်ရာပေါ်တွင် စာတစ်စောင်ရောက်နေတာ တွေ့လိုက်သည်။ ကောက်ယူမိ၏။ ဩော်၊ အမေ့လက်ရေးပါလား။ တုံ့နှေးသောလက်ဖြင့် ဆွဲဖွင့်ဖြစ်သည်။ သတင်းစာ ဖြတ်ပိုင်းလေးတစ်ခု အရင်ထွက်လာ၏။ ဒီတော့မှ ခပ်လှမ်းလှမ်းမှ ပြက္ခဒိန်တစ်ခုကို ကြည့်မိရင်း လွန်သွားခဲ့ပြီဖြစ်သော မွေးနေ့ကို ပြန်သတိရသွားသည်။ စိတ်မကြည်မလင် ဖြစ်နေတာတွေများ၍ မသိဟန်ဆောင်နေခဲ့သော ကိုယ့်မွေးနေ့အတွက် အမေတို့ရဲ့ ဆုတောင်းစာရွက်ကလေးကို ဖွင့်လိုက်၏။ မနှစ်ကလည်း ဒီလို စာရွက်လေးမျိုး ဖတ်ဖူးခဲ့တာပဲလို့ အမှတ်ရလိုက်သေးသည်။

**မိဘကျေးဇူးကို**
**အထူးသိတတ်လှသော**
**မောင်နေမျိုးအောင် (ကိုတွတ်)**
**ခေတ္တ ကွာလာလမ်ပူမြို့၊**
**မလေးရှားနိုင်ငံ**

၁၈၊ ၅၊ ၉၅ နေ့တွင် ကျရောက်သော
မွေးနေ့မှသည် နောင် နှစ်ပေါင်း ၁၂၀ တိုင်
ကျန်းမာချမ်းသာစေရန် ရည်သန်၍
မိဝေး ဖဝေး၊ တစ်နယ်ကျေးတွင်
လုပ်ကျွေးသမှု၊ မိဘမှုကို
ပြုစုပေပြား၊ မေ ဖေ့ သားအား
ကျန်းမာစေကြောင်း ဆုမွန်တောင်းသည်
သက်ရာကျော်လို့ မော်စေသော်။

**ဖေဖေ ဦးထိုက်အောင် B.Sc; B.A အငြိမ်းစားအရာရှိ**
**မေမေ ဒေါ်နွဲ့နွဲ့အောင် B.A**
**ညီမကြီး ခင်သော်တာအောင်**
**(တတိယနှစ်မြန်မာစာအဓိက**
**ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ)**
**ညီမလတ် ခင်စန္ဒာအောင်**
**(ဆယ်တန်းအောင်၊ ဝုဏ်ထူး သမိုင်း)**
**ညီမထွေး ခင်တာရာအောင်**
**(နဝမတန်း၊ ပထမအဆင့်အောင်)**

သက်ရာကျော်လို့ မော်စေသော်လို့ ဆုပေးသလား အမေတို့ရယ်။

သားမှာ မော်စရာများရှိသေးလို့လားဗျာဟု ကိုတွတ်ရင်မှာ စကားဆိုဖြစ်လေသည်။ ပူးတွဲပါစာမှာတော့ သားမွေးနေ့က အိမ်မှာဆွမ်းကျွေး



ဖြစ်ကြောင်း၊ ဆွေမျိုးစုဆုံပြီး သားလိမ္မာကြောင်း အမျိုးမျိုး ချီးမွမ်းကြ၍ အမေတို့ အဖေတို့ သားအတွက် မျက်နှာပန်းလှရကြောင်း၊ သားဝယ်ပေးတဲ့ ကားလေးနဲ့ ညီမလေးတို့ ကျောင်းတက်ရတာ အဆင်ပြေကြောင်း စသည် စသည်များ။

ဖတ်ပြီး စာရွက်လေးနှစ်ရွက်ကို အိပ်ရာဘေးရှိ စားပွဲပေါ်လှမ်းတင်လိုက်ရင်း အိပ်ရာတွင် ပစ်လှဲလိုက်သည်။ ပူလိုက်တာဟု တွေးရင်း အိပ်ရာခေါင်းရင်း ပြတင်းမှန်ချပ်ကို တွန်း၍ ဖွင့်လိုက်၏။ မိုးသက်လေဝင်လာသည်။ ဒီနိုင်ငံမှာ ရာသီမရွေး မိုးရွာတတ်သည်ပဲ။ လေအဝေ့တွင် ရင်ပူတာ နည်းနည်းခံသာသွား သလိုပဲဟု အတွေးမှ မဆုံးသေးခင် နောက်တစ်ချက်သော့၍ ဝင်လာသော လေနှင့်အတူ သမံတလင်းပေါ်သို့ လျှောခနဲ ဆင်းသွားလေသည်။ ကိုတွတ် ထကောက်မည့်ဟန်အပြင်တွင် ရေချိုးပြီးထွက်လာသော ကိုတွတ်တို့နှင့် အတူနေသူ တရုတ်လူမျိုး အလင်း ဖိနပ်နှင့် တက်နင်းမိပြီး ဖြစ်သွားတော့သည်။ သူ လမ်းလျှောက်လာရာ ရေစိုဖိနပ်အောက်ခြေတွင် ကပ်ပါသွားသော သတင်းစာအပိုင်းလေးကို နှမြောစွာ ကြည့်နေမိရင်း 'ဖြစ်မှ ဖြစ်ရလေ'ဟုပင် ညည်းတွားနိုင်တော့သည်။ အလင်း ဆိုသူကို ဘယ်လိုစကားမျိုးနှင့် ပြောရမလဲ စဉ်းစားလို့မရ။ ဒီနိုင်ငံမှာ သတင်းစာဆိုတာ ဖတ်ပြီးလျှင် လွှင့်ပစ်သည့်ပစ္စည်းမျိုး။ စကားလုံးရှာပြီး စိတ်ထဲမှာ ပြောကြည့်သည်။ 'What's the matter! just a piece of paper'လို့ အငေါ်တူးတူး မျက်နှာပေးနှင့် ပြန်ပြောမည့်ဟန်ပန်ကို မြင်ယောင်လိုက်သည်။ ဒီတော့လည်း တစ်ကိုယ်တည်း ဆက်ပြီး တွေးရုံ ငေးရုံပဲပေါ့။

ဒီလိုဆုတောင်းမျိုး ရှေ့နှစ်ခါ ဖတ်ခွင့်ရလောက်အောင် ဆက်ပြီး လိမ္မာဖို့ ငါ တတ်နိုင်ပါတော့မလားဟု စဉ်းစားရင်း မျက်စိကိုစုံမှိတ်၍ အိပ်ဖို့ ကြိုးစားလိုက်သည်။

အိပ်ပျော်ဖို့တော့ လမ်းစ မရှိလေတကား။

[မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံရောက် လုပ်ငန်းများ အသုံးပြုသော ဝေါဟာရတွင် မြန်မာလူမျိုးဆိုသော စကားလုံးအတွက် 'ရွှေ' ဟူသော နာမ်စားတစ်ခုမှာ လူကြီးများထိသိသော ဝေါဟာရဖြစ်၏။ ၎င်းပြင် မလေးရှားတွင် နေထိုင်သူတိုင်းပင် မလေးဒေါ်လာ သို့မဟုတ် R.M Ringgit Malaysia ကို မြန်မာ ပိုက်ဆံကို ခေါ်သည့်အတိုင်း ကျပ် ပြားဟုပင် ပြောလေ့ပြောထ ရှိကြပါသည်။ မည်သို့ပင် စကားအရ ကျပ် ပြားဟု ပြောကြသော်လည်း အသိစိတ်တွင် ငွေလဲနှုန်းနှင့် တွက်ကြည့်မြဲ ဖြစ်ကြပါသည်။]

●●●

[ ဒီလှိုင်းမဂ္ဂဇင်း။ ။ ဒီဇင်ဘာ၊ ၁၉၉၅။ ]
[ ၁၉၉၅ ခုနှစ်၊ ဒုတိယအကြိမ် မိုးမိုး(အင်းလျား)
အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲ၊ ပထမရစာမူ။ ]

## ရေကြည်အေးအေး ပန်းကမွေး

ပြေလတောင် ဆန်းခဲ့ပြီပဲ။

သင်္ကြန်အငွေ့အသက် ဂီတသံတွေကို မြန်မာ့အသံမှာ ကြားရရုံ ခဏ တီဗီ အစီအစဉ်မှာလည်း သင်္ကြန်မိုးတေးသံ မြူးမြူးကြွကြွ ထွက်ပေါ်လာတာ သတိထားမိပေမယ့် မနှယ်အဖို့ ဘာမှ ထူးခြားစရာ မရှိတာ ကြာခဲ့ပါပြီ။

အင်း၊ သင်္ကြန်တစ်ရက်မှာ ရွှေရင်အေးလို၊ ဒါမှမဟုတ်လည်း မုန့်လက်ကောက်ကြော်လို၊ တစ်ခါတလေလည်း မုန့်လုံးရေပေါ်ဆိုတဲ့ မြန်မာ့အစားအစာ မုန့်တစ်မျိုးမျိုးကို အမေက (တကယ်တော့ယောက္ခမ ပေါ့လေ) လုပ်ပြီး အိမ်နီးနားချင်းတွေကို ဝေခြမ်းပြီး လှူဒါန်းရမှ စိတ်ချမ်းသာမြဲမို့ အချိန်ယူပြီး လုပ်ပေးရတာဟာ မနှယ်အဖို့ သင်္ကြန် ဆိုတာ ဒါပဲလို့ သဘောပေါက်ရုံလောက်ပဲ ရှိတတ်တယ်။

အနန္တဂုဏ်အင် ရှင်တော်မြတ်ဘုရားရှေ့မှာ 'တပည့်တော်မအား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်သောစွမ်းအား ပေးသနားတော်မူပါ ဘုရား' လို့ ဆုတောင်းခဲ့မြဲဖြစ်လို့ ခုလို အမေ့ အကြိုက် အလှူအတန်းကို သဒ္ဓါကြည်ဖြူစွာနဲ့ ဆောင်ရွက်ပေးခဲ့တာ မျိုးဟာ မနှယ်အတွက် ပီတိပါပဲ။ အဲဒီလိုနေ့မျိုးများဆို အမေ့မျက်နှာ

ပြုံးရွှင်ကြည်နူးနေတတ်တယ်။ ဒါကိုပဲ မနွယ်အတွက် အမြတ်လို့ သဘောထားရပါတယ်။

သမီးလေး စံပယ်ဖြူအတွက် ဒီနွေအပူဒဏ်ကိုခံနိုင်မယ့် ရှန်သား ဂါဝန်အောက်နားကို လက်ချုပ်လိုက်ရင်း သမီးလေး အိမ်ရှေ့သစ်ပင်ရိပ်မှာ ဖျာကြမ်းခင်းပြီး ကစားနေတာ ကြည့်မိပြန်တယ်။ တော်သေးရဲ့၊ သမီးမှာ အိမ်နီးချင်း ကစားဖော်ရှိပေလို့။ မဟုတ်ရင် အတော့်ကို ပျင်းရှာမှာ။ သမီးမိန်းကလေးမို့ အချုပ်အလုပ် အချက်အပြုတ်မှာ စိတ်ဝင်စားအောင်လုပ်ပေးဖို့ကလည်း သမီးကလေးက ရှစ်နှစ်သာသာပဲ ရှိသေးတော့ ကြက်သွန်နွှာ၊ ဖုန်သိမ်းလောက်ပဲ ကျင့်လို့ရသေးတဲ့ အရွယ်ပဲ။

အင်းလေ၊ တဖြည်းဖြည်း အသက်လေးရလာတော့ ကိုယ်လိုချင်တဲ့ ပုံစံဝင်လာအောင် လုပ်ယူရမှာပေါ့။

တစ်ယောက်တည်း တွေးမိပြန်တယ်။

အိမ်ရှေ့မှာ ဆလွန်းကားအဝါလေးတစ်စီး ထိုးဆိုက်လိုက်တာ တွေ့မိပေမယ့် ကိုယ်ချုပ်စရာရှိတာကိုပဲ မဲပြီး ဆက်ချုပ်နေမိတယ်။ မနွယ်တို့အိမ်ကို ဒီလို ကားနဲ့အလည်လာသူဆိုတာ မရှိသလောက်ပဲလေ။ ပြီးတော့ အိမ်နီးချင်း ကန်ထရိုက်တိုက်တွေကို လာတတ်တဲ့ ဧည့်သည်တွေရဲ့ ကားတွေလည်း မနွယ်တို့အိမ်ရှေ့ သစ်ပင်ရိပ်မှာ ရပ်နေကျ။

ဂျောက်ခနဲ ဝင်းတံခါး ဖွင့်သံကြားမှ ခေါင်းမော့ဖြစ်တယ်။ မျက်နှာစိမ်း ယောကျ်ားဧည့်သည်တစ်ယောက်။ ဆော့နေရာက သူ့ကို မော့ကြည့်တဲ့ သမီးလေးကို

'သမီးက ပိုးဉလား'



'ဟုတ်၊ ဟုတ်ကဲ့၊ မေမေရေ ဧည့်သည်လာတယ်'

သမီးက ဧည့်သည်ကို အဖြေပေးရင်း အိမ်ပေါ်က အမေကို တစ်ဆက်တည်းခေါ်တော့ မနွယ့်စိတ်ထဲ တစ်ခုခု ထူးခြားသွားသလိုပါပဲ။ ကိုယ်တစ်ခါမှမမြင်ဖူးသူတစ်ယောက်က သမီးလေးကို မိသားစုခေါ်သလို ပိုးဉတဲ့။ လူစိမ်းကို မနွယ်တံခါးဖွင့်ပေးရင်း 'ဘာကိစ္စများလဲရှင်'လို့ မေးချင်တဲ့မျက်လုံးနဲ့ကြည့်ဖြစ်တော့–

'မနွယ်ပါနော်၊ ကျွန်တော် အောင်ခိုင်ပါ'

'ဟုတ်ကဲ့၊ အိမ်ထဲဝင်ပါရှင်၊ ထိုင်ပါ'

သူစိမ်းယောကျ်ား တစ်ယောက်ကို အိမ်ထဲဝင်ပါ၊ ထိုင်ပါလို့ တော်ရုံနဲ့ခေါ်ဖို့ရန် ခက်ခဲပေမယ့် မနွယ်အဖို့ ကိုယ့်မျက်စိရှေ့မှာ ဆော့နေတဲ့ သမီးနဲ့ အိမ်ထဲမှာ တုံးလုံးလှဲနေမယ့် အမေ့ရဲ့အင်အားကြောင့် ခေါ်မိတာ။ မနွယ်တို့အိမ်ရှေ့ အပြင်ခန်းလေးဟာ ဖိနပ်စင်တစ်ခုနဲ့ ကုလားထိုင်သုံးလုံးထားဖို့ရာ သာသာလေးပဲကျယ်ဝန်းတာမို့ တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာစိမ်းနဲ့တစ်ပြေးညီထိုင်ဖို့ ဝန်လေးနေတဲ့ မနွယ်ဟာ ဧည့်သည်နဲ့ မျက်စောင်းထိုးအနေအထားလောက်မှာ ကြိမ်ခုံအပုလေးချပြီး နေရာယူလိုက်မိတယ်။

'ကျွန်တော့်ကို သိပ်မမှတ်မိဘူး ထင်တယ်၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က မလေးရှားကနေ ဖုန်းခေါ်ခေါ်နေတဲ့ အောင်ခိုင်လေ၊ ကိုမင်းသူ့ရဲ့....'

ဒီစကားကြားလိုက်တာနဲ့ မနွယ် အသိဉာဏ်မှာ မှတ်ယူထားသမျှတွေဟာ စုပြုံဆောင့်ဝင်လာပြန်ပါရော။

'အို၊ စိတ်မရှိပါနဲ့ ကိုအောင်ခိုင်ရယ်၊ ဘယ် ဘယ်တုန်းက ပြန်ရောက်တာလဲ ဟင်၊ အသံပဲကြားနေရပြီး လူကို ခုမှမြင်ဖူးတော့ ပြီး

အဆက်အသွယ်ပြတ်သွားတာလည်း ကြာပြီလေ၊ အမေလည်း အိမ်ထဲမှာ ရှိပါတယ်'

မနွယ် ဝမ်းသာတာလား၊ ဝမ်းနည်းတာလား မပြောတတ်ဘူး၊ စိတ်လှုပ်ရှားလိုက်တာတော့ အလွန်ပဲ။ ကိုအောင်ခိုင်ဆိုတဲ့နာမည်ကို မှတ်မိသွားကတည်းက သူ့ကို မေးချင်တဲ့ မေးခွန်းတွေ၊ ပြောချင်တဲ့ စကားတွေ အများကြီးမှ အများကြီးပါ။

ကိုအောင်ခိုင်က နားလည်သိတတ်စွာ ပြုံးတဲ့ အပြုံးမျိုးနဲ့။

'ပြန်ရောက်တာ သုံးရက်ရှိပြီ၊ လူကြုံပစ္စည်းတွေ ပေးရ၊ လုပ်စရာတွေ မပြီးပြတ်နဲ့ ခုမှ ဒီကို လာဖြစ်တော့တယ်၊ ပြီးတော့ မနွယ် ကျောင်းပိတ်ရက်ကို မှန်းပြီး လာခဲ့တာ'

မနွယ်တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်က မနွယ်လို့ ခေါ်တော့ စိတ်ထဲမှာ မကြိုက်ချင်ဘူးလိုပဲ၊ ဒါပေမယ့် မနွယ်အသက် လေးဆယ်ကို တစ်နှစ်တောင်စွန်းခဲ့ပြီပဲ။ ဘယ်လိုခေါ်ခေါ် အကြောင်းမဟုတ်လှပါဘူးလေလို့ တွေးပြီး–

'ထိုင်ပါဦး၊ ကျွန်မ အမေ့ကို သွားပြောလိုက်ဦးမယ်နော်'

'ဟုတ်ကဲ့၊ ဒီမှာ ကိုမင်းသူရဲ့ ပစ္စည်းလေးတချို့ ကျွန်တော် နိုင်သလောက် ပြန်ယူခဲ့တယ်'

ပလတ်စတစ်အိတ်နဲ့ သေသေသပ်သပ်ထုပ်ထားတဲ့ အထုပ်တစ်ခုနဲ့ နှစ်လက်မပတ်လည်လောက်ရှိတဲ့ ကြက်သွေးရောင် ကတ္တီပါဘူးလေးတစ်ဘူး။

ကိုမင်းသူဆိုတဲ့ အသံကြားတာနဲ့ မလှမ်းမကမ်းမှာ ဆော့ကစားနေတဲ့ သမီးလေး လေ့ကားက အပြေးလေးတက်လာတော့–

'သမီး ဦးဆီလာပါဦး၊ သမီးရဲ့ဖေဖေ ပေးခဲ့တာ လာကြည့်ပါဦး'



သမီးကို လက်ကမ်းခေါ်ယူရာဆီသို့ 'သွားရမလား မေမေ'ဆိုတဲ့ မျက်နှာနဲ့ သမီးက အမေ့ဆီက အဖြေကို ယူနေသလိုနဲ့ သူ့ဆီ ရောက်သွားတော့တယ်။ သူ့လက်ထဲမှာရှိနေတဲ့ ပလတ်စတစ်ဘူးလေး တစ်ခုကို ခွပ်ခနဲဖွင့်လိုက်ပြီး အထဲက ပစ္စည်းလေးတစ်ခုကို ထုတ်လိုက်တာကို သမီးလေး မမိုတ်မသုန်ကြည့်နေတာလေ၊ မနွယ်တောင် တစ်ခဏတော့ အားလုံးကို မေ့လျော့သွားသလိုပါပဲ။

'သမီးဖို့တဲ့၊ သမီးဖေဖေ ဝယ်ပေးခဲ့တာ၊ ဦး ဆွဲပေးရမလား'

အိပ်မက်တွေများလား၊ ဝင်းညက်သွားတဲ့ သမီးမျက်နှာကိုမြင်ပြီး မနွယ် လှစ်ခနဲပီတိဖြစ်သွားမိတယ်။ ပြီးတော့ မနွယ်ပါးမှာ မျက်ရည်ပူတွေ လိမ့်ပြီး ဆင်းလာတော့တယ်။ မနွယ် မထိန်းနိုင်တော့ဘူး။ အိမ်ထဲဝင်၊ မျက်နှာသစ်၊ အမေ့ကို အကျိုးအကြောင်း ပြောပြဖြစ်တော့ အမေလည်း သားဆိုတဲ့ ဇောနဲ့ ဧည့်သည်ကို ကပျာကယာထွက်တွေ့ဖြစ်တာပါပဲ။

မနွယ် သံပရာရည်ဖန်ခွက်နဲ့ ဧည့်သည်ကို ဧည့်ခံဖို့ထွက်လာချိန်မှာတော့ အမေရော သမီးလေးရော ဧည့်သည်ပါ သုံးဦးစလုံး ဟိုးရှေးကခင်ခဲ့ဖူးတဲ့ မိတ်ဆွေတွေလို စကားဝိုင်းဖြစ်နေကြပါပြီ။ သမီးလေးရဲ့ ဖြူဝင်းသွယ်ပျောင်းတဲ့ လည်တိုင်လေးမှာ ဘဲဥပုံ ဆွဲပြားလေးပါတဲ့ ရွှေကြိုးလေးတစ်ကုံး။

အဲဒီနေ့ကစပြီးတော့ရကျောင်းလေးလို ငြိမ်သက်နေတဲ့ မနွယ်တို့မိသားစုလေးမှာ ကိုအောင်ခိုင်ဆိုတဲ့ လူတစ်ယောက် ဝင်ပြီး နေရာယူလာခဲ့တော့တယ်။

ဧည့်သည်ပြန်မှ ပေးခဲ့တဲ့ ပစ္စည်းတွေကို တစ်ခုချင်း ထုတ်ကြည့်ဖြစ်တယ်။ ကတ္တီပါဘူးလေးထဲမှာ တဖျပ်ဖျပ်လက်နေတဲ့ လက်ကောက်

လေး သုံးကွင်း။ ဟိုးတစ်ခေတ် ခေတ်စားခဲ့ဖူးတဲ့ မောင်နှံခုနစ်ဖော် ဆိုတာမျိုးနဲ့ ခပ်ဆင်ဆင်။ ဒါတွေဟာ ချစ်လင်အသက်ပေးပြီးရှာသွားရတဲ့ ပစ္စည်းတွေလို့ မနွယ် သိထားတာမို့ ‘ရွှေထည်ကိုမြင်ပေမယ့်လည်း ဝမ်းသာလို့မရပါဘူး ကိုရယ်’လို့ မနွယ်ရင်မှ စကားဆိုမိပါတယ်။

ကို့ရဲ့ ကျန်တဲ့ လစာတို့၊ ဆုကြေးတို့ကို စုပြီး ဝယ်လာခဲ့တာတဲ့၊ ကို့ရဲ့ လုပ်စာကို တမင် အမှတ်တရဖြစ်အောင်လို့တဲ့။ နေ့လယ်က ကိုအောင်ခိုင်ပြောသွားခဲ့တာ ဟုတ်မှ ဟုတ်ရဲ့လား မနွယ် စဉ်းစားဖြစ်ပြန်သည်။

‘သမီးကြီး ဝတ်ကြည့်စမ်း၊ ဝတ်ကြည့်စမ်း’နဲ့ အမေက တဖွဖွ ပြောနေလို့ လက်မှာ စွပ်လိုက်ဖြစ်တယ်။ သမီးလေး မပိုးဥက လက်ကောက်လေးသုံးကွင်းကို ဘယ်ကိုတွန်းလိုက်၊ ညာကိုပုတ်လိုက် လုပ်ကြည့်နေတယ်။ မနွယ်ရဲ့ လက်ကောက်ဝတ်မှာ ရွှေ့လျားတိုင်း တလက်လက်ဖြစ်နေတာ ကြည့်လို့ကောင်းတယ် ထင်ပါရဲ့။

‘ဖေဖေသာ ကိုယ်တိုင်ပြန်လာရင် ဒီထက် ပစ္စည်းတွေအများကြီး ရမှာနော် မေမေ’လို့ သမီးလေး ဆိုလာတော့ ‘သမီးလေးရယ်’ လို့ ခေါ်ရင်း သမီးကို ရင်ခွင်ထဲပွေ့၊ သမီးမျက်နှာမှာ မနွယ် ပါးကပ်ထားဖြစ်ပြီး စီးကျလာမယ့်မျက်ရည်ကို မျက်တောင်နဲ့ တဖျပ်ဖျပ် ကြိုးစားပုတ်ထုတ်ရပါတယ်။ မနွယ် မျက်ရည်ဟာ သမီးလေးလျှောက်ရမယ့် လမ်းမှာ ခလုတ်ကန်သင်း ဖြစ်နိုင်တယ်လေ။

အထုပ်ထဲမှာတော့ ကို့ရဲ့ ပုဆိုးနှစ်ထည်၊ ဘောင်းဘီတစ်ထည်၊ သားရေပိုက်ဆံအိတ် အပြာလေးတစ်ခု၊ အားလုံး မှိုစော်တွေနံပြီး အရောင်တွေ ဝါကျင်ကျင်ဖြစ်နေကြပြီ။ ဩော်၊ သုံးနှစ်တောင်ကျော်ပြီ



ကိုး။ ပြီး ပုဆိုးခေါက်ထဲမှာ ကို ယူသွားခဲ့တဲ့ မိသားစုဓာတ်ပုံလေး တစ်ပုံ။ နောက်တစ်ပုံရော။ ကိုယူသွားခဲ့တုန်းက နှစ်ပုံပါလို့ ပြန်စဉ်းစား ဖြစ်ပြန်တယ်။

အဲဒီ ဓာတ်ပုံရိုက်တဲ့နေ့က သမီးကို မနွယ်က ချီလို့။ ဓာတ်ပုံ ရိုက်ပေးတဲ့ သူငယ်ချင်းနားမှာ ရပ်နေတဲ့ ကို့ကို အတူလာရိုက်လှည့် ပါလို့ လက်ယပ်ခေါ်နေတုန်း ရိုက်ဖြစ်သွားတာ။

‘လာလေ ကိုရဲ့လို့ ခေါ်နေတာ ဘယ်လောက်သဘာဝကျလဲ’လို့ ဓာတ်ပုံရလာတဲ့နေ့က ကိုပြောခဲ့တာ အမှတ်ရသွားပြန်တယ်၊ အင်း၊ ပြီးတော့ ကို့ရဲ့ Pass Port ရော ပါမလာပါလား။ မနွယ် အဖို့တော့လေ မနွယ်ချစ်ရတဲ့ ကို့ရဲ့ အမှတ်တရ ပစ္စည်းမှန်သမျှ အမှုန်လေးပဲဖြစ်ဖြစ် မနွယ် သိမ်းထားချင်ပါတယ်။ ဒါပေမယ့် နိုင်ငံရပ်ခြားကနေ ဒီလောက် အထိ ဆောင်ကြဉ်းပေးလာတာပဲ ကျေးဇူးတင်လှပါပြီ။ မနွယ်လိုချင်တဲ့ အတိုအထွာလေးတွေအကြောင်း မေးလို့ ကောင်းပါ့မလား။ ပြီးတော့ ကို့ရဲ့ နောက်ဆုံးခရီးကိုလည်း သူပဲ ဆောင်ရွက်ပေးခဲ့တာ။ ရှိပါ စေတော့။

အဲဒီနေ့ည သမီးလေး အိပ်ပျော်သွားတော့မှ အဝတ်သေတ္တာ အောက်ဘက်ဆုံးထောင့်မှာ ကပ်ပြီးသိမ်းထားတဲ့ စက္ကူကျပ်ပုံးလေး တစ်ခုကို ထုတ်ပြီး ဖွင့်ဖြစ်တယ်။ မေ့ချင်ယောင်ဆောင်ပြီး မကြည့်ဘဲ နေလာခဲ့တာ။ လတောင် အတော်ကြာခဲ့ပြီ။ အထဲမှာတော့အရောင်တွေ ပြယ်နေပြီဖြစ်တဲ့ စာဟောင်းလေးတွေ။ အပေါ်ဆုံးမှာရှိနေတဲ့ စာခေါက် လေးကို တစ်ခါပြန်လို့ မနွယ် ဖွင့်ဖြစ်ပြန်တယ်။ ခဏခဏ ဖတ်ခဲ့လွန်း လို့ ခေါက်ရိုးတောင် ဖွာနေပြီပေါ့။

၂၂၊ ၉၊ ၁၉၉၃

**မနွယ်....**

အိမ်တာဝန်တွေ တစ်ဖက်၊ ကျောင်းက တစ်ဖက်နဲ့ ကို့ မိန်းမ အရမ်းပင်ပန်းနေမလားလို့ မကြာ မကြာ တွေးဖြစ်တယ်။ အားတင်းထားပါဦး။ နောက်ကြာလှ နှစ်နှစ်ပေါ့။ ခု ကြွေးလည်း ကြေပြီးတဲ့အပြင် အသင့်အတင့်လည်း စုလို့ရပြီဆိုတော့ ခုလိုပုံမျိုး တစ်လ သုံးသောင်းကျော်လောက် ပုံမှန်ပို့နိုင်ရင် နောက်နှစ်နှစ်ဆို ကို ပြန်လာလို့ရပြီ။

ကို တခြားအလုပ်လည်း မရွေ့တော့ဘူး။ ဒီမှာ သိပ်လခ မကောင်းဘူးဆိုပေမယ့် အတူနေတဲ့လူတွေလည်း ပေါင်းလို့သင်းလို့ အဆင်ပြေတယ်။ ပြီးတော့ ရဲအန္တ ရာယ်နဲ့လည်း နည်းနည်းကင်းတယ်။ ဒါကြောင့် ဒီမှာ ပြန်တဲ့အထိနေဖို့ ကို ဆုံးဖြတ်လိုက်တယ်။

ကို့အတွက်လည်း မနွယ် အရမ်းစိတ်ပူမနေပါနဲ့။ နေလို့လည်း ကောင်းပါတယ်။ တစ်ခါတလေမှာ လေနာ ပြန်ပြန်ထတာလောက်ပဲ ရှိပါတယ်။ ဆေးသောက်တာနဲ့ ကောင်းသွားတာပါပဲ။ အမေနဲ့ အဖေ့ဆီတော့ စာသပ်သပ် မရေးတော့ဘူး။ မနွယ်ပဲ အဆင်ပြေအောင် ကြည့်ပြောပေးတော့နော်။

**မနွယ်ရဲ့....**

**ကို**



**သမီးလေး ပိုးဉ....**

*စာတွေဖတ်တတ်ပြီလား။ သမီး စာရေးတတ်ရင် ပြန်စာမှာ သမီးလက်ရေးကို ဖေဖေ တွေ့ရမှာ။ သမီးလေး ပျော်ရွှင်ပါစေ။*

**လွမ်းနေတဲ့ ဖေဖေ**

နောက်စာလေးတစ်စောင်....

၂၁၊ ၁၊ ၁၉၉၄

**မခင်နွယ်မြင့်....**

ကျွန်တော်စာရေးဖို့ အကြိမ်ကြိမ် ကြိုးစားပေမယ့် ခုမှပဲ ရေးဖြစ်တယ်။ ကိုမင်းသူ ဘာဖြစ်လို့ ဒီအခြေအနေအထိ ရောက်သွားရတယ်ဆိုတာ မခင်နွယ်မြင့်တို့ သိချင်နေကြမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်။ ဒါပေမယ့် အကြောင်းစုံရေးပြရမှာကို မရဲဘူးလိုပဲ။

ဖုန်းထဲမှာပြောခဲ့တဲ့အတိုင်း အစာအိမ်မှာ အနာဖြစ်ရာက ပေါက်ထွက်သွားတဲ့ အခြေအနေရောက်မှ ဆေးရုံ ရောက်သွားဖြစ်လို့ ခုလောက်အထိ ဖြစ်သွားရတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကိုမင်းသူက လူကလည်း လူအေးဆိုတော့ သူခံစားနေရတာတွေကို ကြိတ်ပြီးကုနေတာ။ ပြီးတော့

*နေရတာ ကိုယ့်ပြည်ကိုယ့်ရွာလည်းမဟုတ်။ ကိုယ်ဖြစ်သမျှကို အသေးစိတ်ပြောပြဖို့လည်း ရေရေလည်လည်မတတ်။ ရဲလည်း ကြောက်ရ၊ ဘာကြောက်ရန်နဲ့ ဆေးရုံအသွား နောက်ကျခဲ့လို့ ဖြစ်သွားရတဲ့ အခြေအနေပါပဲ။*

*ဆရာဝန်တွေလည်း ဂရုစိုက်ပါတယ်။ ဒါပေမယ့် တစ်ခါခွဲပြီးရင်း အဆင်မပြေလို့ ထပ်ခွဲရရင်းနဲ့ သုံးကြိမ်တောင် ပြန်ပြန်ခွဲရတာဆိုတော့ သူ မခံနိုင်တော့ဘူး ထင်ပါတယ်။ သူ့ချုပ်ရိုးတွေဟာ မကျက်နိုင်တော့ဘူး ဖြစ်နေတယ်လို့ ဆရာဝန်တွေ ပြောပြလို့ သိရပါတယ်။ ဆုံးပြီး ကိုယ့်ပြည် ပြန်သယ်ဖို့ဆိုတော့လည်း ကုန်ကျမယ့် စရိတ်စက က အဆမတန် ဖြစ်နေပြန်ရော။ ဒါကြောင့် ဒီဇင်ဘာလ ၁၅ ရက်ကပဲ ကောင်းမွန်စွာ သဂြိုဟ်ပြီးခဲ့ပါတယ်။*

*ကိုမင်းသူရဲ့ အမေ အဖေတို့ကိုလည်း ကျွန်တော်စာရေးကြောင်း ပြောပြပေးပါ။ မမြင်ဖူးပေမယ့် ကိုယ်ချင်းစာမိပြီး ကျွန်တော် အထူးစိတ်မကောင်းပါဘူး။ ကျွန်တော် တစ်ချိန်ချိန် ပြန်လာတဲ့အခါကျရင် ကိုမင်းသူရဲ့ တချို့ပစ္စည်းလေးတွေ သယ်နိုင်သလောက် ပြန်သယ်ခဲ့ပေးပါ့မယ်။*

**ကျန်းမာကြပါစေ....**
**အောင်နိုင်**

ဒီစာတွေကို ပြန်ဖတ်မိတော့ အဟောင်းတွေ အသစ်ဖြစ်လို့ မနှယ်ရင်ထဲမှာ သိုဝှက်ထားတဲ့ နှစ်ဟောင်းများရဲ့စာမျက်နှာတွေ တစ်ရွက်ချင်း ပြန့်လွင့် လာသလိုပါပဲ။



'မခင်နှယ်မြင့်လား၊ ကျွန်တော် ကိုမင်းသူရဲ့ မိတ်ဆွေ အောင်နိုင်ပါ၊ သူဆက်ခိုင်းလို့ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ သူနေမကောင်းလို့'

'အစာအိမ်မှာ အနာဖြစ်လို့'

'....'

'မဟုတ်ဘူးဗျ၊ ခု ဆေးရုံတင်ထားပါတယ်'

'....'

'သိပ် သိပ်လည်း စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော်တို့ ရှိနေပါတယ်'

'....'

ကိုရေ၊ မနှယ် ဘယ်လိုနေရမလဲ၊ ဘာမှလည်း လုပ်ပေးလို့မရ။ မနှယ် ဘယ်လိုမှ ရပ်တည်လို့ မရနိုင်တော့ဘူးလိုပဲ။ ဆေးရုံမှာ ကို့ကိုဘေးက ဘယ်သူများ စောင့်နေပေးမလဲ။ စားဖို့သောက်ဖို့ကျတော့ရော၊ အပေါ့အပါးသွားချင်ရင်ရော၊ ကို လမ်းမှ လျှောက်နိုင်သေးရဲ့လား။ အို မနှယ် ရူးရတော့မယ်ထင်ပါရဲ့။

ကို့ရဲ့ အဖေ အမေကလည်း လူကြီးတွေဖြစ်လို့ စိတ်ထိန်းထားတယ် ဆိုပေမယ့် မျက်နှာညိုလိုက်တာ။ အမေကတော့ ဘုရားခန်းမှာ အနေများလာတော့တယ်။ အိမ်မှာ ချက်ပြုတ်ထားသမျှ ထမင်းဟင်း ဆိုတာတွေလည်း သိုးကုန်လို့ လွှင့်ပစ်ရတဲ့အကြိမ်တွေ များလှပေါ့။

ပြီးတော့ ခြောက်နှစ်ကျော် ခုနစ်နှစ်လောက်ပဲရှိသေးတဲ့ သမီးလေး။ အဘိုး အဘွားတွေဆီသွားလိုက် အမေ့နားလာလိုက်။ 'ဖေဖေ ဘာဖြစ်လို့လဲဟင် မေမေ'လို့ မေးလိုက်။ 'နေမကောင်းလို့တဲ့ သမီးလေးရယ်' ဆိုတာထက် နှယ် ပိုမဖြေတတ်ဘူး။

ခုချိန်မှာတော့ မြတ်စွာဘုရားမှအပ ကိုးကွယ် အားထားစရာ မနှယ်တို့မှာ ဘာမှ မရှိတော့ပါဘူး ကိုရယ်။

'အရှင်ဘုရား၊ ဘုရားတပည့်တော်မရဲ့ အားကိုးရာ ကျေးဇူးရှင် ခင်ပွန်းသည်အား ကျန်းမာချမ်းသာအောင် ကယ်ယူ စောင့်ရှောက် ပေးတော်မူပါ ဘုရား'

တစ်နေ့ကို မြတ်စွာဘုရား ဆင်းတုတော်ရှေ့မှာ သုံးကြိမ်မက ရှိခိုးကန်တော့ ဆုတောင်းဖြစ်ပါတယ်။

ကိုအောင်ခိုင်ဆိုတဲ့ လူဆီကပဲ တယ်လီဖုန်းကို မျှော်ရတယ်။ မနွယ်တို့မှာ ဖုန်းမရှိဘူးလေ။ အရေးရှိရင် ဆက်သွယ်လို့ရအောင် မနွယ်တို့နဲ့ နှစ်အိမ်ကျော်လောက်မှာနေတဲ့ အရာရှိကြီးများက သူတို့ ဖုန်းနံပါတ်ကို သုံးခွင့်ပြုထားလို့ တော်ပါသေးရဲ့။

ဒုတိယအကြိမ်ဆက်လာတဲ့အခါမှာတော့ ခွဲပြီးသွားတဲ့အကြောင်း။

တတိယအကြိမ်မှာတော့ ဆေးရုံမှာပဲရှိသေးကြောင်း။

နောက်.... နောက်ဆုံးအကြိမ်မှာတော့....

ဖြစ်ရတယ် ကိုရယ်။ မနွယ်တို့ သားအမိကိုပါ တစ်ပါတည်း ခေါ်သွားလိုက်ပါတော့။ မနွယ်၊ မနွယ် ဘယ်လိုဖြေရမလဲကို။ ဘယ်လို နေရမလဲဟင်။ ကို့ကို ဘာမှလည်း မပြုစုလိုက်ရ။ မနွယ် ဝတ္တရား တွေလည်း ဘာမှ မကျေပွန်လိုက်ရ။ မိသားစု စားဝတ်နေရေးအတွက် ကို အသက်ပေးသွားရတာ။ ဒီလိုမှန်းသိရင် ငတ်သွားပါစေ။ မနွယ်တို့ ခံနိုင်ပါတယ်ကွယ်။

မနွယ် မျက်စိရှေ့မှာ ဒီလိုမျိုးဖြစ်ခဲ့ရင်တောင်မှ အနည်းဆုံး ကို့ရဲ့ အလောင်းကို ပွေ့ကာဖက်ကာနဲ့ မနွယ် အားရအောင် ငိုလို့ ဖြစ်ဦးမယ်၊ ခု မနွယ် ဘယ်လိုနေရမလဲ ကို။ မနွယ်ရင်ထဲမှာ အားလုံး ဟင်းလင်းပြင်ကြီး၊ တွယ်ရာမဲ့လိုက်တာလေ။ ကမ္ဘာ့ခရထဲ လမ်းလျှောက် နေရသလိုပါပဲ။



အဲဒီ ခံစားချက်တွေဟာ ရက်လည်ပြီးတဲ့အထိ မနွယ် အသိစိတ် ကနေ မခွာကြဘူး ကို။ ဒါပေမယ့် မနွယ်တို့ရဲ့ကိုယ်ပွား သမီးလေး စံပယ်ဖြူ ရှိနေသေးတယ်။

မနွယ် ခွေနေရင် သမီးလေး ပျော့သွားမှာပေါ့။

မနွယ် ဆွေးနေရင် သမီးလေး ငေးသွားမှာပေါ့။

မနွယ် စိတ်ကို မနွယ် မနိုင်ရင် သမီးလေးရဲ့ဘဝ ယိုင်သွားမှာပေါ့။

အဲဒီ အတွေးတွေနဲ့ လပတ်ဆွမ်း ကျွေးပြီးကတည်းက သမီး မျက်နှာကို ကြည့်ရင်း ဘဝကို ကြံ့ကြံ့ခံဖို့ အင်အားတွေကို မနွယ် ကိုယ်တိုင်ပဲ ဖန်တီးခဲ့ပါတယ်။

မနွယ်တို့ ပယောဂနဲ့ လူ့လောကထဲကို ရောက်လာခဲ့တဲ့သမီးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင်၊ တော်တည့်မှန်ကန်တဲ့စိတ်ဓာတ် ပြည့်ဝအောင် လုပ်ပေးဖို့ဟာ မနွယ်တစ်ယောက်တည်းမှာပဲ တာဝန် ရှိတော့တယ်။

တော်သေးရဲ့။ ကိုနဲ့ မနွယ် လက်ထပ်ပြီးကတည်းက မနွယ်တို့ကို အိမ်ပေါ်ခေါ်တင်ပြီး စောင့်ရှောက်ခဲ့တဲ့ ကို့ရဲ့ အဖေနဲ့ အမေတို့ဟာ ကို ဆုံးသွားပြီးကတည်းက မနွယ်တို့ သားအမိအပေါ် အရင်ကထက် ပိုပြီး လိုက်လျောရုံမက မနွယ်ကို သမီးကြီးလို့ ပြောင်းပြီးခေါ်တဲ့အထိ သူတို့ မေတ္တာကို ပေးခဲ့ကြပါတယ်။ မနွယ်အဖို့မှာတော့ ပြေးစရာမြေ မရှိတဲ့သူမဟုတ်လား။ ဆယ်တန်းအောင်ပြီးကတည်းက မနွယ်မိဘတွေ ဆုံးပါးခဲ့ကြတာ။ အစ်ကိုကြီးတစ်ယောက်ရှိပါရဲ့။ သူ့အိမ်ထောင်နဲ့သူ။ တစ်နယ်ကနေ တစ်နယ်ပြောင်းနေရတဲ့ အစိုးရဝန်ထမ်း။ ကို့ရဲ့ အဖေနဲ့ အဖေဟာ မနွယ်ရဲ့ အားကိုးရာ၊ မှီခိုရာ မဏ္ဍိုင်ကြီးသဖွယ်ပါပဲ။ ကို့ရဲ့ အမေဆိုတာလည်း တစ်ခေတ်က မူလတန်းဆရာဖြစ်နဲ့ တစ်သက်လုံး

ရှေးဆရာမကြီးတစ်ဦး ဖြစ်ခဲ့လို့လား မသိဘူး။ တွေးတတ်ခေါ်တတ်တဲ့ အပြင် မနွယ်အပေါ် သမီးရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့လို့ မနွယ် ဖြေသာပါတယ်။ အမေ အဖေတို့မှာ ကို့အပြင် သမီးငယ်တစ်ယောက် ရှိသေးပေမယ့် မနွယ်တို့ အိမ်ထောင်မပြုခင်ကတည်းက ရှမ်းပြည်နယ် က လက်ဖက်ပွဲရုံပိုင်ရှင်တစ်ဦးနဲ့ အကြောင်းပါခဲ့လို့ ဟိုမှာ အခြေတကျ နေနေကြပြီဆိုတော့ ရန်ကုန်အိမ်လေးမှာ အဖေရယ်၊ အမေရယ်၊ မနွယ်ရယ်၊ သမီးငယ်လေးရယ်ပဲ အထီးကျန်စွာ ရှိနေရတဲ့ မိသားစုလေး ပါပဲ။

ကို သက်ရှိထင်ရှားရှိချိန်က ပို့လာခဲ့တဲ့ ငွေလေးတစ်သိန်းခွဲကျော် ကျော်က ရတဲ့ အတိုးအပွားလေးနဲ့ မနွယ်တို့ ကျစ်ကျစ်လျစ်လျစ် နေရ ပါတယ်။ မနွယ်ရတဲ့ မူလတန်းပြဆရာမတစ်ယောက်ရဲ့ လခဟာ လစဉ်ပေးရတဲ့ အခွန်ငွေဖိုးသာသာလောက်ပဲ ရှိတတ်တာဆိုတော့ နည်းနည်းလေးပဲ ခုသာခံသာ ရှိစေတော့သဘောနဲ့ အားလပ်တဲ့အချိန် လေးမှာ အိုးမကျွာ အိမ်မကျွာ စက်လေးချုပ်၊ တစ်ထည်ပြီးရင် အစိတ် သုံးဆယ် ဝင်တယ်ဆိုတော့ သမီးလေး မုန့်ဖိုးတော့ ကာမိတယ်ပေါ့။ တစ်ခါတလေလည်း ခြင်ထောင်ဇာအစလိုမျိုးကို ငွေစိုက်ဝယ်၊ ကျောင်း မှာ မနွယ် ခြင်ထောင်ချုပ်တယ်လို့ တစ်ခါ နှစ်ခါ သတင်းဖြန့်လိုက် တာနဲ့ လပေး ခြင်ထောင်ချုပ်ဖြစ်သွားတယ်။ မဆိုးလှပါဘူး။ အဲဒါ မျိုးလေးကလည်း တစ်လ နှစ်ရာမျိုး၊ သုံးရာမျိုး ကျန်တတ်တယ်။ မနွယ်တို့ ကျောင်းလေးက အထက်တန်းကျောင်း ကြီးနဲ့ တွဲလျက်ဖြစ်လို့ မနွယ်ရဲ့ အချုပ်အလုပ် နယ်ပယ်လေးက မကျဉ်းလှဘူး ပြောရမယ် ထင်ပါတယ်။

ရန်ကုန် တချို့ မျက်နှာကြီးကျောင်းတွေက မူလတန်းပြဆရာမ များ ရွှေခေတ်ရောက်နေတယ်လို့တောင် သူများပြောတာကြားဖူးပါရဲ့။



မနွယ်တို့အဖို့တော့ တစ်ဦးစ နှစ်ဦးစ ကျောင်းသားများအိမ်မှာ ဆွမ်း ကျွေးလေး ဘာလေးလုပ်လို့ မုန့်ချိုင့်လေး သစ်သီးလေးလောက်ရတာ ဟာ အလွန်ဆုံးပါပဲ။ ဆင်ခြေဖုံးရပ်ကွက်ဆိုတော့ ဒီလောက်ပဲရှိမှာပေါ့။ တောနယ်ဘက်က တချို့ဆရာမလေးတွေဆို လျှာမြက်ပေါက်မတတ် ချို့တဲ့ကြတယ်လို့ ပြောကြတယ်။ အမှန်ကတော့ မနွယ်လည်း ချစ်လင် အသက်ပေးပြီး ရှာပေးသွားတဲ့ကျေးဇူးကြောင့် ခုလောက်ဣန္ဒြေရရလေး နေလို့ရတာပါ။

ခုတော့လေ မနွယ်အဖို့ ကို့ရဲ့ အဖေနဲ့ အမေကို မိဘသဖွယ်ပြုစုဖို့၊ သမီးလေးကို မိန်းမ ပီပီသသနဲ့ သူ့ဘဝကို သူကျောင်းနိုင်တဲ့အဆင့်ထိ ရောက်အောင် စွမ်းဆောင်ပေးဖို့ဆိုတာတွေကလွဲပြီး မနွယ်စိတ်ထဲမှာ ဘာမှမရှိသလို နေလာခဲ့တာ ရက်တွေ လတွေကို ကျော်ဖြတ်လို့ နှစ်ကို တိုင်ခဲ့ပါပြီ။ ဒီကြားထဲ ကို ဆုံးပါးသွားပြီး တစ်နှစ်လောက်မှာ ကို့ရဲ့ ဖခင်ကြီးပါ ထပ်လို့ ကွယ်လွန်သွားပြန်ပါတယ်။ အသက် ၇၀ နီးပါး ရှိပြီဖြစ်တဲ့ အဖေ သူ့အချိန်တန်လို့ ဘဝတစ်ပါး ပြောင်းခဲ့တာတောင်မှ မနွယ်တို့မိသားစု အတော်လေးခံစားကြရသေးတယ်။ အဖေမရှိတော့တဲ့ နောက်ပိုင်း အသက် ခြောက်ဆယ့်ခြောက်နှစ်ရှိပြီဖြစ်တဲ့ အမေနဲ့ သမီး ငယ်လေးကို ရှေ့ကနေ လက်တွဲခေါ်ရမယ့်တာဝန်ဟာ မနွယ်အပေါ် မှာပဲ ပုံလာခဲ့ပြီမို့ အဲဒီတာဝန်တွေယူရင်း ကို့အတွက် ဖြေမဆည်နိုင် ဖြစ်ရသမျှတွေကို မနွယ် ပြည်ဖုံးကားချခဲ့ပါတယ်။ ခွင့်လွှတ်ပါ ကို။

***

ဒီလိုနဲ့ သင်္ကြန်ပြီးလို့ နှစ်ရက်စွန်းလာတဲ့နေ့မှာ ထပ်လာမယ်လို့ မမျှော် လင့်ခဲ့တဲ့ ကိုအောင်နိုင် မနွယ်တို့အိမ်ကို တစ်ခေါက်ရောက်လာခဲ့ပြန်

ပါတယ်။ ဒီတစ်ခေါက်တော့ သူ့အမေပါ ခေါ်လာပြီး အေးအေးဆေးဆေး စကားပြောပြီးမှပြန်သွားကြတယ်။ သမီးဖို့ မွေးပွ ယုန်ရုပ်လေး တစ်ကောင်နဲ့ အမေ့ဖို့ ရွှေကြည်နနွင်းမကင်း တစ်ထုပ်ကို သူပေးလာတော့ သမီးလေးပျော်သလို အမေလည်း ပီတိဖြစ်သွားတာ မနွယ် သတိထားမိလိုက်ပါတယ်။ မနွယ်ညှော်ခံတဲ့ လက်ဖက်သုပ်ကို တမြုံ့မြုံ့ဝါး၊ ရေနွေးကြမ်းကို တစိမ့်စိမ့်သောက်ရင်း–

'မနွယ် မနွယ်နဲ့ အိမ်မှာ သားက ပြောပြောနေလို့ အကျိုးအကြောင်းတွေ သိထားနှင့်တာ ရင်ထဲမကောင်းဘူး၊ တရားနဲ့သာဖြေ သမီးရေ၊ လူဆိုတာ သေမျိုးပဲ၊ အင်း၊ သေမျိုးဆိုလို့ ကိုယ်လည်း ဒီလမ်းသွားရမှာပဲ။ကြီးကြီးမလည်း ဒီသား မောင်အောင်ခိုင်ကို မျက်စိမမှိတ်ခင် အိမ်ထောင်ရက်သားကျစေချင်တာ၊ အရွယ်တောင်လွန်နေပြီ၊ ချေးများနေတာနဲ့'လို့ ကိုအောင်ခိုင့်အမေက ပြောတော့–

သြော်၊ သူက လူပျိုကြီးကိုး၊ ဟိုနေ့တုန်းကလည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ သူ့မိသားစုအကြောင်း မမေးဖြစ်ခဲ့ဘူးလို့ မနွယ် စဉ်းစားဖြစ်တယ်။

နောက်နှစ်ပတ် သုံးပတ်ခြား တစ်ခေါက် တစ်ခေါက်လောက် ကိုအောင်ခိုင် အိမ်ရောက်ရောက်လာတတ်တယ်။ သူလာတိုင်း မနွယ် အနေနဲ့ စားစရာသောက်စရာ တစ်ခုခုချပေးပြီးရင် ကိုယ့်ချုပ်စရာ လုပ်စရာကို ပုံမှန်လုပ်ဖြစ်တာပါပဲ။ အမေနဲ့ သမီးလေးကတော့ ညှော်ခံကောင်းလှတယ်။ ကာတွန်းအကြောင်း သူ့ကစားစရာ အရုပ်တွေအကြောင်း၊ ကျောင်းက သူ့သူငယ်ချင်းတွေအကြောင်း၊ တီဗီမှာလာတဲ့ သီချင်းအကြောင်း သမီးလေး ပြောသမျှ မေးသမျှ အပေးအယူလုပ်ပြီး ပြောနေကြတာများ မဆုံးနိုင်ဘူးလိုပဲ။ သူ့အကြိုက်ကိုလိုက်ပြီး ဒီလိုမျိုး



လိုက်လိုက်လျောလျော ပြောဆိုပေးမယ့်သူနဲ့ သမီးလေး ဝေးခဲ့ရတာ ကြာပြီလေ။ ကိုအောင်ခိုင် လာလည်တဲ့နေ့ဆို သမီးလေး ပျော်တတ်တာ မနွယ် သိခဲ့ပါတယ်။

***

ဝါဆိုလပြည့်နေ့မှာ ဝါဆိုသင်္ကန်းကပ်လို့ဆိုပြီး အမေရော သမီးလေးရော မနွယ်ကိုပါ ကိုအောင်ခိုင်ကိုယ်တိုင် သူ့ကားလေးနဲ့ လာခေါ်တော့ မနွယ် မလိုက်ဘဲနေဖို့ စဉ်းစားဖြစ်သေးတယ်။

'လူသိပ်မများပါဘူး မနွယ်၊ အရုဏ်ဆွမ်းကပ်တာဆိုတော့ ခုလူရှင်းချိန်ကျမှ ကျွန်တော် လာခေါ်တာပါ၊ လိုက်ခဲ့ပါ'

မနွယ် ငြင်းရမယ့်စကားလုံးရှာနေတဲ့ကြားက လိုက်ဖြစ်သွားခဲ့တယ်။ သူပြောတဲ့အတိုင်းပါပဲ။ ညှော်သည်သုံးလေးဦးလောက်ပဲ ရှိတော့တယ်။ ကိုအောင်ခိုင့် အမေကိုလည်း သိပြီးသားမို့ အနေမခက်လှပါဘူး။ အတူနေ သူ့ရဲ့အစ်မ မိသားစုလည်း ဖော်ဖော်ရွေရွေမို့ မနွယ် ဆန္ဒမရှိဘဲ လိုက်ခဲ့ရပေမယ့် စိတ်ထဲမှာ ပေါ့သွားသလို ခံစားမိပါတယ်။

ကိုယ်က နောက်ဆုံးညှော်သည် ဖြစ်တာကတစ်ကြောင်း၊ မူရင်းကတည်းက အခန်းသားကြီးထိုင်ပြီးနေရတာ မတတ်တာကတစ်ကြောင်းကြောင့် ပန်းကန်တွေကူသိမ်း၊ ဖျာကူလိပ် လိုရမယ်ရ ရှင်းလင်းပေးနဲ့ အတော်လေး ပေါ့ပေါ့ပါးပါးဖြစ်သွားတဲ့ အလှူလေးတစ်ခုလို မနွယ် အမှတ်ထားဖြစ်ခဲ့တယ်။

ချစ်ရတဲ့ကို ဆုံးပါးသွားပြီးကတည်းက အလှူအတန်းဆို မနွယ် မသွားဖြစ်တော့သလောက်ပါပဲ။

အမေနဲ့ သမီးလေးပဲ အသွားများတယ်။ မနွယ်က နေ့စဉ် အလုပ်သွားနေရတဲ့လူဆိုတော့ အားတဲ့နေ့မှာ အပြင်မထွက်ချင်တာလည်းပါတယ်။ ပင်စင်ယူထားတဲ့ အမေ့ကိုလည်း စိတ်အား လျော့မသွားစေချင်တဲ့ ဆန္ဒကလည်းရှိတယ်။ လူဆိုတာ ကျန်းမာနေသရွေ့ တစ်ခုခုတော့ ဆောင်ရွက်နေရမှ။ မဟုတ်ရင် 'ငါဟာ အလကား လူပိုကြီးဖြစ်နေပြီ'လို့ အတွေးပေါက်ပြီး စိတ်ဓာတ်ကျသွားနိုင်တာကို မနွယ်စဉ်းစားမိလို့။ ဒီမိသားစုမှာ အမေ စိတ်ဓာတ်ကျသွားလို့ မဖြစ်ဘူးလေ။ မနွယ်တို့ မိသားစုအတွက် အမေဟာ အင်မတန် အေးချမ်းတဲ့ အရိပ်အာဝါသကို ပေးစွမ်းနိုင်တဲ့ သစ်ပင်ကြီးသဖွယ် မဟုတ်လား။ အမေ့မှာစိတ်ဓာတ်စွမ်းအားတွေ ရှိနေသေးသရွေ့ အမေ အသက်ရှည်ဦးမှာ။

***

အလုပ်ရှုပ်နေတဲ့သူတွေအတွက် အချိန်တွေက အကုန်မြန်လိုက်တာ။ မကြာမတင်ကလေးကမှ ဝါဝင်ခဲ့တာ ခု ဝါကျွတ်ပြန်ဦးတော့မယ်။ ပထမအစမ်းတောင် နောက်နှစ်ပတ်ကျော် သုံးပတ်မှာ စစ်တော့မှာပါလား။ တစ်ညနေ သမီးလေး မပိုးဥ လိုတဲ့စာတွေ ပြန်ပြီး လုပ်ပေးနေတုန်း တစ်ခါ တစ်ခါ ရောက်ရောက်လာတတ်တဲ့ ကိုအောင်ခိုင်လမ်းကြုံလို့တဲ့ ရောက်လာတယ်။ သမီး မပိုးဥက ကြို့နေကျပုံစံနဲ့လက်ဆွဲပြီး ဧည့်ခန်းထဲခေါ်လာခဲ့တော့ မနွယ်မှာ မနေသာတော့ဘူး။ အမေ ခဏ အပြင်သွားနေတုန်းမို့ ကိုယ်မှအပ တခြားဧည့်ခံမယ့်သူမရှိတော့ ရောက်တတ်ရာရာ အဆင်ပြေအောင် ပြောနေရတယ်။

တော်သေးရဲ့။ အမေ ပြန်ရောက်လာတာ မြန်ပေလို့။ ကိုအောင်ခိုင်ဟာ တည်ကြည်အေးဆေးတဲ့ ယောကျ်ားတစ်ဦးဖြစ်လို့ မနွယ် လေးစား



မိတာတော့ အမှန်ပါပဲ။ ဒါပေမယ့် အဲဒီလိုမျိုး နေကြရင်း ပြောကြရင်းနဲ့ ခင်မင်ရာကနေ ငြိတွယ်လာတဲ့အဆင့်မျိုးကို မနွယ် မရောက်ချင်ဘူး။

'သမီးလေး မပိုး၊ ရော့ မဆင့်တို့ သားအမိတစ်တွေ တိရစ္ဆာန်ရုံမှာ ဓာတ်ပုံရိုက်ထားတာ လှလို့ ဘွားဘွား ယူလာခဲ့တာ၊ သမီးကြည့်ချင်မလားလို့'

မဆင့်ဆိုတာ မနွယ်တို့ ဟိုဘက်လမ်းမှာ နေကြတဲ့ မိတ်ဆွေတွေ။ အင်မတန် စိတ်ရင်းကောင်းကြတယ်။ မနွယ်တို့နဲ့ မိတ်ဆွေသက်အရှည်ဆုံးသူများပါပဲ။

ဘွားဘွား ယူလာခဲ့တဲ့ အဲဒီ ဓာတ်ပုံစာအုပ်လေးဟာ မနွယ်ဘဝလမ်းကို ပြောင်းပေးလိုက်တယ်ဆိုရမလား မပြောတတ်ပါဘူး။

ဓာတ်ပုံစာအုပ်ကိုကြည့်ပြီးတာနဲ့ 'သမီးကိုလဲ အဲဒီလို ဓာတ်ပုံရိုက်ပေးပါ၊ သမီး တိရစ္ဆာန်ရုံမရောက်တာ ကြာလှပြီ၊ သွားချင်တယ်'နဲ့ သမီးက အတောမသတ်အောင် ပူဆာတော့တာပါပဲ။

'ကလေး ဒီလောက် သွားချင်နေတာ သွားပါစေ၊ ဒီတနင်္ဂနွေ ကျွန်တော် အားပါတယ်'ဆိုတဲ့ ကိုအောင်ခိုင်ရဲ့ လိုက်လျောမှုမှာ ဖိတ်ခေါ်မှုနဲ့–

'ဟုတ်သားပဲ သမီးကြီးရယ်၊ လိုက်ပို့လိုက်ပါ၊ ကလေးခမျာ ဒီလိုမျိုးမသွားရတာ ဘယ်လောက်ကြာပြီလဲ'ဆိုတဲ့ အမေ့ရဲ့ခွင့်ပြုမှုတွေ ပေါင်းပြီး မနွယ် တုံ့ဆိုင်းစွာ လက်ခံရတဲ့အခြေအနေကို ရောက်ခဲ့ရပါတယ်။ ဖြစ်နိုင်ရင်တော့ ဒီလိုသွားရတာမျိုးကို မနွယ် ရှောင်ချင်လှပါတယ်။

ရှားရှားပါးပါး ဒီအခွင့်အရေးမျိုးကိုရတဲ့ သမီးလေးကတော့ အမေ့လက်ကိုတွဲလိုက်၊ သူ့ဦးရဲ့လက်ကိုဆွဲလိုက်၊ စကားတွေ တတွတ်

တွတ် ပြောလိုက်၊ တီရှတ်ရှပ်တွေကို အစာကျွေးရင်း တခစ်ခစ်ရယ်မောလိုက်။ သမီးလေးပျော်လို့ အမေ စိတ်ချမ်းသာပါရဲ့၊ ဒါပေမယ့် မေမေနေရတာ မလုံခြုံဘူး သမီးလေးရယ်၊ သမီးလေးက ငယ်တော့ မစဉ်းစားတတ်သေးဘူး၊ မေမေ ဒီလို သူစိမ်းယောကျ်ားတစ်ယောက်နဲ့ သွားလာနေတာ အသိတွေမြင်သွားရင် မေမေ့ကို ဘယ်လိုထင်ကြမလဲ၊ ဘယ်လိုပြောကြမလဲ ညှာညှာတာတာ ပြောတတ်သူဆိုရင်တော့

'ဆရာမ ဒေါ်ခင်နွယ်မြင့်တစ်ယောက် နောက်အိမ်ထောင်ပြုလိုက်တာ ထင်တယ်၊ တီရှတ်ရုံမှာ တွဲလာတာ တွေ့ခဲ့တယ်' လောက်သာ ပြောမှာ ဖြစ်ပေမယ့်၊ ရက်ရက်စက်စက် စကားတင်းဆိုတတ်သူများကတော့—

'ဒေါ်ခင်နွယ်မြင့်ဆိုတဲ့ ဆရာမလေ၊ လင်သေပြီးတာမှ မကြာသေးဘူး၊ ခု အသစ်တစ်ယောက်နဲ့ တွဲနေပြီလို့' ပြောမှာ သမီးလေးရဲ့။

မနွယ် ရင်ထဲတွင် တစ်ဦးတည်း စကားတွေ ဆိုနေမိတယ်။

တွေးရင်း ကြည့်ရင်း လမ်းလျှောက်ရင်းနဲ့ ငှက်လှောင်အိမ်နားသစ်ပင်ရိပ်က ခုံတန်းလေးတစ်ခုအနားရောက်မှ—

'နားပါဦး သမီးရယ်၊ ထမင်းလည်း စားပါဦး၊ မေမေ မောပြီ' လို့ ချော့ယူရတယ်။ မနွယ်တို့ သားအမိ ထိုင်ဖြစ်တော့မှပဲ ကိုအောင်နိုင်ခမျာလည်း အပြင်လေး ဘာလေး ထွက်ရှုရှာတော့တယ်။ သမီးလေးက ဟိုဆိုဟို၊ ဒီဆိုဒီ သမီးရဲ့ အနွံအတာကိုခံရှာတဲ့ ကိုအောင်နိုင့်အပေါ် သူတစ်ပါးတွေ မလိုတမာပြောမှာ ကြောက်တဲ့ကြားက ကျေးဇူးတင်လို့ မဆုံးပါဘူး။

ကြုံကြိုက်ချင်တော့ သမီးလေး ထမင်းစားနေတုန်း မနွယ်ရဲ့ မိတ်ဆွေ မိသားစုတစ်စု မနွယ်တို့နားရောက်လာ နှုတ်ဆက်ကြတယ်။



သူတို့ သမီးလေးကို ဆင်လှည်းစီးရအောင် လိုက်ပို့မလို့တဲ့။ အဲဒီမှာပဲ မရွှေပိုးဥ အငြိမ်မနေပြန်ဘူး။ သူပါစီးမယ် ဖြစ်ပြန်တယ်။ 'မေမေ မောလှပြီ သမီးရယ်' ပြောလည်း မရဘူး။ ပြီးတော့ ကိုအောင်နိုင်လည်း အပြင်ခဏထွက်သွားချိန်ဆိုတော့ မနွယ်ပါလိုက်သွားရင် လူချင်းကွဲပြန်ဦးမယ်။ 'ကဲ မပိုးဥလေး လိုက်သွားပေတော့၊ မေမေ ဒီက စောင့်နေမယ်' ဆိုတဲ့ အဖြစ်ကို ရောက်ခဲ့ရတယ်။

သမီး ထွက်သွားပြီး တစ်အောင့်လောက်ကြာမှ ကိုအောင်နိုင်ပြန်ရောက်လာတယ်။ အပေါ့အပါးသွားရင်း ဓာတ်ပုံရိုက်လို့ လှမယ့်နေရာတွေ လိုက်ကြည့်နေလို့တဲ့။ သမီးနဲ့ ဓာတ်ပုံသွားရိုက်ဦးမလို့တဲ့။ သမီးလေးကို မိတ်ဆွေတွေနဲ့ထည့်လိုက်ကြောင်း ပြောပြတော့မှ—

'စိတ်ချရတယ် မဟုတ်လား၊ မနွယ် နားရတာပေါ့၊ နေပူမိလို့ ထင်တယ်၊ မနွယ် မျက်နှာတွေ နီရဲတောင်နေပြီ'

သူက ခပ်အေးအေးအမူအရာနဲ့ ပြောပေမယ့် မနွယ် ရင်တွေ သိမ့်ခနဲ ခုန်သွားတယ်။

ကျွန်မကို အဲဒီလောက် ဂရုမစိုက်လိုက်ပါနဲ့ ကိုအောင်နိုင်ရယ်

သတင်းစာခေါက်နဲ့ တဖျပ်ဖျပ် ယပ်ခတ်ရင်းက မနွယ် ရင်တွင်းမှာ စကားတွေ ဆိုနေမိတယ်။ ငှက်ရောင်စုံတွေ လှောင်ချိုင့်တွင်းမှာ ဟိုပျံ ဒီလွှား ပျော်မြူးနေတာကို မျက်စိမခွာတမ်းကြည့်နေလျက်က မနွယ် ခန္ဓာကိုယ်နဲ့ အသိစိတ်နဲ့ တစ်ခဏတော့ ကင်းကွာသွားတယ် ထင်ပါရဲ့။

'နွယ်'

ဘုရား.... ဘုရား။

မနွယ် အရွယ်က ရှက်သွေးဖြာပြီး ခေါင်းငုံ့သွားရမယ့်အရွယ် မဟုတ်တော့ဘူး။ အရှမ်းအကြာကြီး ငိုင်နေလို့လည်း မရဘူး။

'ဟုတ်ကဲ့ ပြောပါ၊ ကိုအောင်နိုင်'

ကြည့်နေကျနေရာကို မမှိတ်မသုန် ကြည့်မြဲကြည့်နေလျက်က ဖြေဖြစ်သည်။

'ကျွန်တော့်ကို ကြည့်ပါဦး နွယ်'

ကိုအောင်နိုင့်ကို လှည့်မကြည့်ဘဲနဲ့လည်း ကျွန်မ သိနေပါတယ်။ ကိုအောင်နိုင်ရဲ့ နွယ်လို့ ခေါ်လိုက်တဲ့ အသံထဲမှာ ကိုအောင်နိုင်ရဲ့ အမူအရာတွေကို မနွယ် မြင်နေရပါတယ်ရှင်။ ဒီပညာတွေကို ဟိုး ဆယ်ကျော်သက် အရွယ်ကတည်းက တတ်ပြီးသားပါ။ မနွယ် အသံ တိတ် စကားတွေ ဆိုမိတယ်။

'ကျွန်မ နားထောင်နေပါတယ်'

'ကျွန်တော် ဘာ ဘာပြောချင်တယ် ဆိုတာကို နွယ် သိနေမှာ ပါနော်'

သိနေပါတယ်လို့ ပြောလိုက်ရမလား။ ဒီလိုလည်း မဖြစ်သေးဘူး။ အပျိုမလေးတစ်ယောက်လို ရေလာမြောင်းပေးလုပ်ပြီး 'အို ဘယ်လို လုပ်ပြီး သိနိုင်မလဲ'ရှင်လို့ ဖြေလိုက်ရမလား။ ဒါဆိုလည်း မနွယ် အရွယ်နဲ့ မသင့်တော်လှဘူး။ စက္ကန့်ပိုင်းလောက် မနွယ် ငြိမ်နေဖြစ် ပြန်တယ်။

'နွယ်ရယ်၊ တိုတိုပဲပြောပါရစေ၊ နွယ့်ကို ကျွန်တော် လက်ထပ် ပါရစေ'

'ရှင်'



အိမ်ကို ချောင်းပေါက်မတတ် လာနေကတည်းက တစ်ခုခုပဲ ဆိုတာ မနွယ် သိပြီးသားပါ။ ဒါပေမယ့် ဒီအဆင့်လောက်အထိ ပေါပေါ့ဒိုင်းဒိုင်းကြီး ပြောလာမယ်လို့တော့ မနွယ် မထင်ခဲ့မိဘူး။

'ကျွန်တော်တို့ အရွယ်ဟာ'

သူ့စကား ဆုံးခန်းမတိုင်ခင်မှာပဲ–

'မေမေရေ၊ အရှမ်းပျော်ဖို့ ကောင်းတာပဲ'

ခုန်ကာပေါက်ကာ အပြေးပြန်လာတဲ့ သမီးလေးကို ဆီးကြိုဖို့ အနေအထားကို ချက်ချင်းပြောင်းသွားတဲ့ ကိုအောင်နိုင့်ကို မနွယ် မလေးစားဘဲ နေလို့မရပါဘူး။

အဲဒီနေ့က တိရစ္ဆာန်ရုံကပြန်လာကတည်းက မနွယ် ကိုယ့်စိတ်ကို ကိုယ်ထိန်း၊ ရင်ခုန်တာကို အသာရပ်ထားခဲ့ရပေမယ့် မနွယ် ငယ်စဉ် ကလို တစ်ဖန် ပြန်လည်ခံစားရပါတယ်လို့ ဝန်ခံပါတယ်။ ဒါပေမယ့် မနွယ် ပေးရမယ့်အဖြေက–

'လုံးဝ မဖြစ်နိုင်ပါဘူး ကိုအောင်နိုင်' ပါပဲ။

သမီးရှိတဲ့ မုဆိုးမတစ်ယောက်ဟာ နောက်အိမ်ထောင်မပြုသင့် ဘူးလို့ အခိုင်အမာ ဆုံးဖြတ်ချက်ချထားပြီးလို့ပါ။ ကိုယ်တိုင်တော့ စိတ်ကိုနိုင်တယ်လို့ ထင်မိတယ်။ ဒါပေမယ့် ညစာ ထမင်းပွဲပြင်တာမှာ ဟင်းခတ်ဖို့မေ့လိုမေ့၊ အသုပ်ထဲ ငံပြာရည်နှစ်ခါပြန်ထည့်မိလို ထည့်မိ၊ ဖွန်းမှားတပ်လိုတပ်နဲ့ အလွဲလွဲ အချော်ချော်တွေဖြစ်နေတာ အမေ သိမလားပဲ။

သမီးလေးကတော့ တစ်နေ့တာ သူပျော်ရွှင်ခဲ့ပုံတွေ၊ သူ့ဦးက သူ့အပေါ် ဂရုစိုက်ပုံတွေ စီကာပတ်ကုံး သူ့အဘွားကို ပြန်ပြောနေ တော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် မနွယ်ကတော့ မနွယ်စိတ်ကို မနွယ်

ထိန်းရတော့မှာပါ။ မနွယ် ဘဝနဲ့ ဆန့် တစ်သားတည်းမကျတာ ကြာခဲ့ပါပြီ။ သွားလေသူခင်ပွန်းသည်အပေါ်မှာလည်း မနွယ် သစ္စာမဖောက်ချင်ဘူး။ ချစ်လင် အသက်ပေးပြီး ရှာပေးခဲ့လို့ မနွယ်တို့ သားအမိ ဒီအခြေအနေမျိုးမှာ ရပ်တည်နေနိုင်တာပါ။

သမီးလေး ပင်ပန်းပြီး စောစောအိပ်မောကျသွားတယ်။

ဒီတော့မှ အခန်းရှင်း၊ နေ့လယ်ကယူသွားတဲ့ လက်ဆွဲအိတ်ထဲက တောက်တိုမယ်ရတွေ နေသားတကျ ပြန်ထား။ ပစ္စည်းတွေ ဆွဲအထုတ်မှာ စာခေါက်လေးတစ်ခေါက်ကို မနွယ်တွေ့ဖြစ်သွားတယ်။ မနွယ် အိမ်သာဝင်တုန်း ရတဲ့အခွင့်အရေးကို ကိုအောင်ခိုင် မလွတ်တမ်း ယူလိုက်တယ်လို့ မနွယ် ချက်ချင်း သဘောပေါက်လိုက်ပါတယ်။

၁၆၊ ၉၊ ၉၁

**ချစ်ရတဲ့နွယ်....**

ကျွန်တော့် အရွယ်နဲ့ ရည်းစားစာရေးရတာ လိပ်ပြာမသန့်တာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဒီလမ်းအပြင် ကျွန်တော် ဘာမှလုပ်လို့မရဘူး။ နွယ့်ရဲ့ ရင်ထဲက ခံစားချက်နဲ့ ပြောလာမယ့်စကားကို ကိုယ်တိုင်သိချင်ကြားချင်လို့ နွယ့်ကို စကားနဲ့ပြောဖို့ရာကျတော့လည်း အိမ်ကို ကျွန်တော် လာတိုင်း နွယ်က ရှောင်ရှောင်နေတတ်ပြန်ရော။

တကယ်တော့ နွယ့်အပေါ် သနားမိတာက စခဲ့တာပါ။ ကိုမင်းသူကို ခင်မင်ပြုစုရင်း သူပြောပြလို့ ကျွန်တော့်ရင်ထဲအထိ နွယ်တို့သားအမိ ရောက်လာခဲ့တာ ဟိုးလွန်ခဲ့တဲ့



သုံးနှစ်ကျော်ကတည်းကပါ။ နောက် သူဆုံးသွားတော့ သူ့ပစ္စည်းတွေ ရှင်းရင်း နွယ်တို့ သားအမိဓာတ်ပုံလေးကို သွားတွေ့မိပြန်တယ်။ နွယ် လက်ယပ်ခေါ်နေတဲ့ပုံလေး။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ အဲဒီပုံလေးကို သဘောကျပြီး သိမ်းထားမိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်က ကျွန်တော် ရိုးရိုးသားသားပါပဲဗျာ။ယုံပါ။ သမီးလေးရဲ့ မျက်နှာလေးက မို့မို့ဖောင်းဖောင်းလေး၊ သိပ်ချစ်ဖို့ကောင်းတာပဲ။

ပထမဆုံး နွယ်တို့အိမ်ကို ကျွန်တော်ရောက်တဲ့နေ့က အပြင်မှာ နေတွေ အရမ်းပူနေလို့ ကျွန်တော် ရေဆာနေတယ်။ နွယ် သံပရာရည် တိုက်တယ်လေ။ မှတ်မိတယ် မဟုတ်လား။ ပြောပါရစေတော့ဗျာ။ ကျွန်တော့်ဘဝမှာ အဲဒီလောက်ကောင်းတဲ့ သံပရာရည်ကို မသောက်ခဲ့ဖူးဘူးလို့ပဲ။ ကိုယ်ထင် ခုတင်ရွှေနန်းဆိုတာ ဒါမျိုး ထင်ပါရဲ့။ အမေနဲ့ လာတဲ့နေ့ကျတော့ နွယ့်ရဲ့ လက်ဖက်သုပ်က ကျွန်တော့်လျှာမှာ စွဲသွားပြန်ရော။ နောက် ကျွန်တော့်အိမ် ဆွမ်းကျွေးတဲ့နေ့က နွယ် ကူညီသိမ်းဆည်းပေးသွားခဲ့တယ်။ နွယ်ရဲ့ သေသေသပ်သပ် လုပ်ကိုင်သွားပုံတွေဟာ ကျွန်တော့်ရင်မှာ ဘယ်လိုမှ ဖျောက်ပစ်လို့မရတဲ့ ပုံရိပ်တွေ အဖြစ် ကျန်ခဲ့ပါတယ်။

ဒါကြောင့်လည်း ကိုမင်းသူ သူ့မိန်းမကို မကြာ မကြာ တမ်းတတာ ထင်ပါရဲ့လို့ တွေးဖြစ်ပါတယ်။ ကျွန်တော့် ဘဝမှာ အခု အသက်လေးဆယ့်နှစ်နှစ်အထိ ရည်းစားနှစ်ခါ မက ထားခဲ့ဖူးပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်

*လွဲခဲ့ရတယ်။ အသက်သုံးဆယ်ကျော်လာတဲ့ ဒီဘက်ပိုင်းမှာတော့ တော်ပြီ၊ ဒီဘဝမှာတော့ ဒီမျှပဲဆိုတဲ့ အတွေးနဲ့ ကျွန်တော် ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့တော့ဘူး။ နွယ့်ကို လူကိုယ်တိုင် တွေ့ပြီးတဲ့နောက်ပိုင်း ကျွန်တော့် စိတ်တွေ လှုပ်ရှားလိုက်တာဗျာ။ ဒါပေမယ့် ဣန္ဒြေရှိတဲ့ နွယ် ကျွန်တော့်ကို အထင်သေးသွားမှာစိုးလို့ ကိုယ်နှုတ်အမူအရာ အားလုံးကို အတတ်နိုင်ဆုံး ကျွန်တော် ထိန်းခဲ့ပါတယ်။ အခွင့်အရေးယူတဲ့လူ၊ မိန်းမတွေ့တိုင်း ကြိုက်တဲ့လူလို့ ကျွန်တော့်ကို နွယ် ထင်သွားမှာကို စိုးရိမ်လိုက်တာ အလွန်ပါပဲ။*

ဖတ်လက်စ စာကို ခဏနားပြီး မနွယ် မျက်စိကို စုံမှိတ်ပြီး သက်ပြင်းချလိုက်မိတယ်။ အိမ်ကိုလာတိုင်း မနွယ်ကို ဂရုစိုက်ဟန် မပြလှဘဲ အမေနဲ့ သမီးလေးနဲ့သာ စကားတွေပြောကြတာ၊ လာတိုင်း သမီးတို့ အမေတို့ဖို့ တစ်ခုခုယူလာတတ်ပေမယ့် ဒီနေ့အထိ မနွယ်ဖို့ ဆိုပြီး ဘာပစ္စည်းတစ်ခုတလေမျှ မပေးခဲ့တာတွေကို မနွယ် သတိရသွားပြန်တယ်။

*ဟိုးတစ်ခေတ်က နာမည်ကျော် သူမ ဆိုတဲ့ ဝတ္ထုကို ကျွန်တော့် အစ်မက မင်းတို့ ဖတ်ကြည့်ဖို့ကောင်းတယ် ပြောလွန်းလို့ ကျွန်တော် ဖတ်ခဲ့ဖူးတယ်။*

*အဲဒီစာအုပ်အစ ဆရာကြီး ရွှေလင်းယုန် အမှာစာ ရေးခဲ့တဲ့အထဲမှာ–*

*'နိုင်ငံကြီးများနှင့် လူမျိုးကြီးများသည် ယောကျ်ားများ၏ သတ္တိကြောင့် ကြီးကျယ်ထွန်းကားကြသော်လည်း မိန်းမများ၏ ခွဲမပါလျှင် ထိုမြို့ကြီးပြကြီး၊ နိုင်ငံကြီးနှင့် လူမျိုးကြီးငယ်တို့မှာ အရှည်တည်တံ့နိုင်ဖွယ် မရှိချေ' လို့ ရေးခဲ့တာ ကျွန်တော် ဖတ်ဖူးပါတယ်။*

*ဟိုးတစ်ချိန်က ဒီစာရဲ့အဓိပ္ပာယ်ကို ကျွန်တော် သိပ်သဘောမပေါက်ဘူး။ နွယ့် မိသားစုလေးကို နွယ်ထိန်းထားပုံလေးကို တွေ့ပြီးတဲ့အခါကျတော့ ကျွန်တော့် ဘဝထဲ အရောက် နွယ့်ကို ခေါ်ကြည့်မိခဲ့တယ်။*

*ပြောပါရစေတော့ နွယ်။ နွယ့်ကို ကျွန်တော် လက်ထပ်ပါရစေ။*

*နွယ် စဉ်းစားပေးပါ။ အရမ်းအကြာကြီးလည်း အချိန်မယူလိုက်ပါနဲ့နွယ်။ ကျွန်တော့် အသက်ကိုလည်း ထည့်တွက်ပေးပါဦး။ ကျွန်တော် လာမယ့် ၂၀၊ ၁၀၊ ၁၉၉၅ နေ့မှာ Order ရလို့ မန္တလေးကိုတက်ပါမယ်။ နှစ်ပတ်လောက် ကြာမယ်ထင်ပါတယ်။ အဲဒီကအပြန်မှာ မနွယ်ဆီ ကျွန်တော် လာခဲ့ပါရစေ။*

ချစ်ခြင်းမေတ္တာဖြင့်....
အောင်နိုင်

သူစီးနေတဲ့ ကားလေးနဲ့ အလုပ်လုပ်စားနေတာ မနွယ် သိပြီးသားပါပဲ။ သူ ခု နှစ်ပတ်ကျော်ကျော်ကြာအောင်တောင် မန္တလေးသွားမယ်ဆိုတာ သိရတော့ မနွယ် ရင်ထဲမှာ ဖော်မပြတတ်တဲ့ ခံစားမှုတစ်မျိုး ဝင်ရောက်ငြိတွယ်လာသလိုပဲ။

'အို၊ ငါနဲ့ ဘာဆိုင်တာမှတ်လို့' အသိစိတ်လေးနဲ့ တင်းဖြစ်တယ်။

လက်ထဲမှာ ကိုင်ထားလျက်ရှိသေးတဲ့ စာရွက်ဖြူလေးပေါ်က စာကြောင်းလေးတွေပေါ် ပြန်မျက်စိရောက်ပြန်တော့–

'လုံးဝ မဖြစ်နိုင်ပါဘူးရှင်၊ မနွယ်လေ၊ မနွယ် မနွယ်ဘဝမှာ ယောကျ်ားနှစ်ယောက် မလိုချင်ဘူး၊ ပြီးတော့ အနည်ထိုင်စပြုနေတဲ့ မနွယ် ဘဝလေးထဲမှာပဲ မနွယ် နေပါရစေ၊ ခွင့်လွှတ်လိုက်ပါတော့'

တစ်ယောက်တည်း စကားတွေ ပြောနေမိတယ်။

ကိုအောင်ခိုင် မနွယ်လေးကပြန်မရောက်ခင်မှာပဲ မနွယ်သဘောထား အတိအကျကို စာတိုက်ကတစ်ဆင့် ပို့လိုက်ဖြစ်တယ်။ နောက်နောင် လည်း မနွယ်တို့ အိမ်ကို မလာဖို့ကိုပါ ရေးဖြစ်ခဲ့ပေမယ့် ဘယ်အထိ ခံစားခဲ့ရတယ် ဆိုတာတော့ မနွယ် ကိုယ်တိုင်ပဲ သိလို့ရပါတယ် ကိုအောင်ခိုင်။

***

'သမီးကြီး၊ မနက်ဖြန်မနက် အမေတို့ မြေးအဘွား မဆင့်တို့နဲ့ မိုးညှင်းကထိန် လိုက်သွားမယ်နော်'

အမေ ပြောလိုက်မှ သြော် ဟုတ်ပေသားပဲ။ တန်ဆောင်တိုင် ကျောင်းပိတ်ရက်ရောက်လို့ နောက်တစ်နေ့မှာ ကျောင်းအားတာကို အမှတ်ထားမိသွားတယ်။ အလှူအတန်းသွားဖို့ စိတ်အားထက်သန်နေဆဲ ဖြစ်တဲ့ အမေ့ကို 'ဟုတ်ကဲ့ အမေ'လို့ အဖြေပေးရင်း မနေ့တစ်နေ့ကမှ ချုပ်ပြီးသွားတဲ့ ဂါဝန်အသစ်လေးကို အလှူဝတ်ဖို့ဆိုပြီး သမီးကို ထုတ်ပေးလိုက်တယ်။ သမီးအရွယ်က အထွားမြန်တဲ့အချိန်ဆိုတော့ သိပ်တန်ဖိုးကြီးတဲ့ ပိတ်စမျိုးကို ချုပ်ပေးလို့ မဖြစ်သေးဘူး။ တရုတ်



ပိတ်စပေမယ့် နှင်းဆီပန်းရောင်စုံ အဆုပ်တွေကို ဖြန့်ခင်းထားသလိုမျိုး အဆင်ဖြစ်လို့ မျက်စိမှာ ပသာဒရှိနေသလိုပဲ။ ချေးမများတတ်သေးတဲ့ အရွယ်မို့ အင်္ကျီအသစ်ကလေးကို ဖြန့်ပြီး ဟိုဘက်က ကပ်ကြည့်၊ ဒီဘက်က လှည့်ပြီး ကပ်ကြည့်နဲ့ သမီးလေး ပျော်နေရှာတယ်။ သမီးလေး ဒီလိုမျိုး ရယ်ရယ်မောမောနေနေတာ ကြည့်ရတာနဲ့ပဲ အမေ ကျေနပ်လှပါပြီ သမီးရယ်။

နောက်နေ့ အလှူသွားဖို့လာခေါ်တဲ့ မဆင့်တို့ကားပေါ် ရောက် တော့မှ–

'သမီးကြီး၊ မောင်အောင်ခိုင် လာလိမ့်မယ်၊ အမေပြန်လာတဲ့အထိ နေပါဦးလို့ ပြောထားနော်'

'ရှင်'လို့ ယောင်ပြီး အသံထွက်ချိန်တောင် မရလိုက်ဘူး။ အမေ ကတော့ မောင်းထွက်သွားတဲ့ကားပေါ် ပါသွားတော့တယ်။ မနွယ် မှာသာ ရပ်တည်စရာ မရှိဘူးလိုပဲ။ ကိုအောင်ခိုင်နဲ့ အမေ ဘယ်မှာများ တွေ့ခဲ့ကြပါလိမ့်။ အမေများ သူတို့အိမ်သွားလို့လား။ ဒါမှမဟုတ်လည်း မနွယ် ကျောင်းသွားတုန်း သူပဲ အိမ်လာသွားလေရော့သလား။ ဒါဆို လည်း အမေ ပြန်ပြောပြမှာပေါ့။ မနွယ်တစ်ယောက်တည်း စိတ်တွေ များနေမိတယ်။

'အမေတို့ အလှူသွားတယ်ဆိုပေမယ့် နေ့လယ်ကျရင် သမီး လေးက ဗိုက်ဆာတတ်တယ်၊ ညနေစာလည်း ရှိသေးတယ်'

အဲဒီအတွေးတွေနဲ့ မီးဖိုဆောင်မှာ ပြင်ဆင်လုပ်ကိုင်နေရပေမယ့် မနွယ် ရင်တွေ ခုန်လှတယ်။ မနွယ်တို့ မတွေ့ခဲ့တာ တစ်လတောင် ကျော်ပြီပဲ၊ အမေ ဘာတွေ လျှောက်လုပ်နေပါလိမ့်။

ချောက်ခနဲအိမ်ရှေ့တံခါးသံ ကြားလိုက်မိတယ်။ 'ကိုအောင်ခိုင်များလား၊ အို၊ မဖြစ်နိုင်ပါဘူး၊ ကားသံမှမကြားရတာ' တွေးလျက်က အိမ်ရှေ့ ထွက်လာဖြစ်တော့ လှေကားဝမှာ မားမားကြီးရပ်နေတဲ့ ကိုအောင်ခိုင်။ တည်ကြည်စွာပြုံးတဲ့အပြုံးကို ထုံးစံအတိုင်း သူ့မျက်နှာမှာ တွေ့နေရတယ်။ မနွယ်မှာတော့ ရင်ခုန်သံတွေ မိုးထိလေသလား ထင်မိပါတယ်။

'ကားမပါဘူးလား'

'ဘတ်စ်နဲ့လာတာ၊ အိမ်ရှေ့မှာ ကျွန်တော့်ကား အကြာကြီး ရပ်ထားတာ နွယ် မကြိုက်ဘူးဆို'

ကိုယ့်အိမ်ရှေ့မှာ ယောကျ်ားချော့သည်တစ်ယောက်ရဲ့ကား ရပ်ထားတာကြည့်ပြီး သူများမတော်တရော်ပြောမှာ စိုးမိတယ် ဆိုတာမျိုး အမေ့ကို မနွယ် ဘယ်တုန်းက ပြောခဲ့လဲတောင် မသိတော့ပါဘူး။ သူ ဒါကို ရည်ညွှန်းပြီးပြောတယ် ထင်ပါရဲ့။

မနွယ် တံခါးဖွင့်ပေးပြီး အိမ်ရှေ့ခန်းမှာနေရာပေးပေမယ့်–

'ခု နွယ် ချက်ပြုတ်နေတုန်းမဟုတ်လား၊ ကိုယ် မီးဖိုမှာလိုက်ပြီး စကားပြောမယ်လေ'

'မြတ်စွာဘုရား၊ ကျွန်တော်ဆိုတဲ့ နာမ်စားကနေ ဘယ်လိုဖြစ်ပြီး ကိုယ်လို့ ပြောင်းသွားရပြန်တာလဲ ကိုအောင်ခိုင်ရယ်' အသံတိတ် စကားဆိုလျက်က သူ့တောင်းဆိုချက်ကို မနွယ် မငြင်းဖြစ်တော့ပါဘူး။ ဟင်းအိုးတည်ရင်းတန်းလန်းနဲ့ဆိုတော့ မနွယ် သူ့ဆန္ဒကို လိုက်လျော ရမယ့် သဘောပါပဲ။ မနွယ်ကို ခွင့်မတောင်းဘဲ ထမင်းစား စားပွဲက



ကုလားထိုင်ကို ဆွဲပြီး ထိုင်လိုက်တာကို ဟင်းအိုးမွှေရင်းက မနွယ် သိနေပေမယ့် မနွယ် ဘယ်လို စကားစရမှန်း မသိဘူး။

'နွယ်၊ အံ့သြမနေဘူးလား'

ဘာတွေဖြစ်နေလဲလို့ သိချင်စိတ်၊ အံ့သြစိတ်တွေ ရင်မှာ အပြည့် ပါပဲ။ ဟင်းအိုးကို အဆင်ပြေအောင်ဆက်မွှေ၊ ရေထည့်ပြီးခါမှ အမေ မသောက်ဘဲ ထားရစ်ခဲ့တဲ့ ဓာတ်ဘူးထဲက ကော်ဖီကို ပန်းကန်ထဲ သွန့်ထည့်ပြီး ကော်ဖီပန်းကန်ကို သူ့ရှေ့မှာ သောက်လို့ရတဲ့ အနေ အထားမျိုးနဲ့ ချပေးလိုက်မိတယ်။

'အမေနဲ့ ဘယ်တုန်းကတွေ့လဲ'

အတတ်နိုင်ဆုံး စိတ်ထိန်းပြီး စကားဆိုရပါတယ်။

'တစ်ပတ်ကျော်လောက်ရှိပြီ ထင်တယ်၊ ကိုယ့်ဒုက္ခကို ကယ်မမယ့် သူဆိုလို့ အမေပဲ ရှိတာကိုး၊ အမေ့ပဲ အပူကပ်ရတာပေါ့၊ ပြီးတော့ ဒီမှာ နွယ် ဖတ်ကြည့်ပါဦး'

မနွယ်ကို ရွှန်းရွှန်းစားစားကြည့်လျက်က စာအိတ်လေးတစ်အိတ်ကို သူကမ်းလာတော့ ချက်ချင်း ဖွင့်လို့ ဖတ်ဖြစ်ပါတယ်။

**သမီးကြီး မနွယ်....**

*မောင်အောင်ခိုင်လာပြီး အကျိုးအကြောင်းပြောပြ၊ အကူအညီ တောင်းတော့မှ အမေလည်း သေသေချာချာ ပြန်စဉ်းစားဖြစ်တယ်။ နောက်အိမ်ထောင်ပြုလိုက်ရင် ဆိုတဲ့ အတွေးကို စိုးရိမ်စရာတွေချည်း ထည့်တွက်နေတော့ သမီးကြီး ပင်ပန်းနေတာပေါ့။*

*မောင်အောင်ခိုင့် အမေနဲ့လည်း တွေ့ပြီး စကားပြောပြီးပါပြီ။*

*'ကိုယ့်သားက လှပျိုပေမယ့် အရွယ်လွန်နေကတည်းက မနူးမနပ်ကောင်မလေးနဲ့ဖြစ်ဖြစ်၊ တစ်ခုလပ် မုဆိုးမနဲ့ ဖြစ်ဖြစ် ရတော့မှာပဲလို့ တွေးပြီးသားတဲ့၊ ဘာမတတ် ညာမတတ် သူ့သားအပေါ်အနိုင်ယူမယ့်ဟာတွေနဲ့စာရင် သမီးကြီးကို သူတို့ ကျေနပ်ပါတယ်'တဲ့။*

*ဒီတော့ သမီး မောင်အောင်ခိုင့်ဆန္ဒကို လိုက်လျောလိုက်ပါ။ ပြီးတော့ သမီးငယ်လေးနဲ့ ပတ်သက်ပြီးလည်း စိုးရိမ်စိတ်တွေ သိပ်မထားပါနဲ့။ အားလုံး အဆင်ပြေအောင် အမေ ပြောဆိုပေးပါ့မယ်။ နောက်တစ်ခုကတော့ အမေ ဇရာပိုင်းကို ရောက်နေပြီ။ အမေ မရှိတဲ့အချိန်မှာ သမီးကြီးတို့ သားအမိ အခက်အခဲဖြစ်မှာကိုလည်း ပူလို့ အမေ ခုလို စီစဉ်လိုက်တာပါ။*

**အမေ**

အမေ့စာကို သူ့လက်ထဲ မနွယ် ပြန်ထည့်ဖြစ်တယ်။ စာကို ကိုင်ထားလျက်က မဖတ်သေးဘဲ မနွယ်မျက်နှာကို မခွာတမ်း ကြည့်ရင်း–

'နွယ်ကရော ဘယ်လို သဘောထားလဲ ဟင်'



မနွယ် ဘာပြန်ပြောရမလဲ။ မနွယ်ကို ကြည့်ပြီး ကိုအောင်ခိုင် အဖြေထုတ်တတ်ပါတယ်လို့ တွေးရင်း ငြိမ်နေမိတော့–

'နွယ်၊ အဲဒီလိုကြီး ငြိမ်မနေပါနဲ့၊ နွယ် ပြောတဲ့အသံကို ကိုယ်ကြားပါရစေ'

အဓိပ္ပာယ်အပြည့်ပါတဲ့ မျက်လုံးအစုံနဲ့ မနွယ်သူ့ကို ပြန်ကြည့်ဖြစ်တယ်။ 'ချစ်ပါတယ်'လို့လည်း မနွယ် ပြောလို့မထွက်ဘူး။ 'ဟင့်အင်း' လို့လည်း ငြင်းဖို့ အစွမ်းမရှိတော့ဘူး။

'ကိုအောင်ခိုင် မနွယ်အနေအထားကို မြင်တာနဲ့ သိနေတာပဲ မဟုတ်လား၊ တော်ရောပေါ့'

'ဟင့်အင်း၊ ကိုယ့်မှာ အမူအရာဖတ်တတ်တဲ့ပညာ ပါမလာဘူး နွယ်၊ နွယ် နွယ် ပြောမှ၊ ပြောပါ နွယ်'

သိသိကြီးနဲ့ မနွယ် ရင်ထဲက စကားကို အတင်းဆွဲထုတ်နေတာ သိသာလိုက်တာ ကိုအောင်ခိုင်ရယ်။ မနွယ် နှလုံးသားထဲက စကားသံကို ကိုအောင်ခိုင့် မေတ္တာစွမ်းအားနဲ့ ဖမ်းယူနားထောင်လိုက်ပါတော့–

'မနွယ်၊ မနွယ်လေ'

မနွယ် စကားကို အဆုံးသတ်ချိန် မရလိုက်ဘူး။

'မေမေရေ၊ ဦးရေ'

ဝင်းတံခါးဖွင့်သံနဲ့အတူ သမီးလေး မပိုးဥရဲ့ စည်ဝေပြီး ပေါ်လာတဲ့ အသံဟာ မနွယ်တို့ နှစ်ဦးလုံးကို မေတ္တာကမ္ဘာလေးထဲကနေ ခဏ ဆွဲခေါ်ထုတ်လိုက်သလိုပဲ။ လှေကားက အပြေးတက်လာတဲ့ သမီးလေးက သူ့ဦးရဲ့ လက်နှစ်ဖက်ကို ဆွဲယူလှုပ်ခါရင်း–

'ဦး ဘယ်သွားနေလဲဟင်၊ သမီးတို့ဆီမလာတာ ကြာလှပြီ'

ခေါင်းလေး မော့ကာ မော့ကာပြောနေတဲ့ သမီးရဲ့မျက်နှာလေးဟာ ကြည်လင်ဝင်းပနေတဲ့ သော်တာလမင်းရဲ့ သဏ္ဌာန်အလား။

သမီးရဲ့ နောက်မှာတော့ ကြင်နာငွေ့တွေ ယှက်သမ်းနေတဲ့ အမေ့မျက်နှာ။

အမေရယ်လို့ လှိုက်လှဲစွာခေါ်ရင်း အမေ့ လက်အစုံကို မနွယ် လက်ဖဝါးတွေနဲ့ ဆုပ်နယ်နေလိုက်မိတယ်။

မနွယ် လက်နှစ်ဖက်ရဲ့ အင်အားထဲမှာ အမေ့ကို ကျေးဇူးတင်တာတွေ၊ အမေ့အပေါ်ထားရှိတဲ့ မနွယ် မေတ္တာတွေကို အမေ သိရှိခံစားကြည့်လို့ ရမယ်လို့ မနွယ် ထင်ပါတယ်။

မနွယ် ဘေးမှာတော့ စွမ်းအားအပြည့်နဲ့ မနွယ် တစ်ဘဝလုံးကို ကာကွယ် စောင့်ရှောက်ပါမယ်ဆိုတဲ့ အသွင်ဆောင်တဲ့မျက်နှာ အနေအထားနဲ့ ကိုအောင်ခိုင်။

ကျေနပ်နှစ်သိမ့် လှိုက်လှဲသောအပြုံးတွေ ဝေလို့။

[ ကလျာမဂ္ဂဇင်း။ ။ ဧပြီ၊ ၁၉၉၈။ ]

***

## ဒုတိယမြောက် မချိုကို မွေးဖွားခြင်း

ကျွန်မဟာ အသက် ၃၆ နှစ်အရွယ် အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မ ယောကျ်ားကတော့ တစ်ဦးဦးကရောင်းချင်တယ်လို့ ပြောလိုက်တဲ့ ဘယ်ပစ္စည်းမျိုးကိုမဆို အရောင်းအဝယ်ဖြစ်အောင် စပ်ဟပ်ပေးတတ်တဲ့ ကြားပွဲစားမျိုးပါ။ ဒါပေမယ့် ကြားဖူးတယ် မဟုတ်လား။ ထီးဖြူ ဖိနပ်ပါးဆိုတာ။ သူ့ကို ကျွန်မ အရောင်းဝန်ထမ်းလုပ်ခဲ့ဖူးတဲ့ မင်္ဂလာဈေးမှာ စပြီး တွေ့ဆုံခဲ့တာပါ။ ကျွန်မရဲ့ဆိုင်ရှင်က အထည်မျိုးစုံရောင်းပါတယ်။ အဲဒီဆိုင်ကို သူ တစ်ခါတစ်ရံ မျက်နှာသုတ်ပဝါမျိုးစုံ၊ အညာစောင်၊ ပုဆိုးအမျိုးမျိုး ဆိုတာတွေ လာသွင်းရင်း ကျွန်မနဲ့ တဖြည်းဖြည်း ရင်းနှီးခဲ့တယ် ဆိုပါတော့။

'ရော့၊ မချိုဖို့ ဆီးထုပ်လေ၊ နာမည်အသစ်ပေမယ့် မဆိုးဘူးဗျ'

'ဒီမှာ မချို၊ ကြံရည်'

'ချို၊ ဘာစားပြီးပြီလဲ၊ အချိန်တောင် လွန်နေပြီ'

'ဒီအသုပ်ထုပ်လေး ချိုပဲ စားလိုက်တော့'

မင်္ဂလာဈေးမှာ အရောင်းဈေးသည် လုပ်စားနေရတဲ့ ကျွန်မကို အခုလို အရေးတယူ ပြောဆို ပေးကမ်း လုပ်တယ်ဆိုတာမျိုးဟာ ကျွန်မ

အတွက် ရှာမှရှားတယ်ဆိုတဲ့ အခွင့်အရေးလေ။ ကျွန်မ သူ့ကို ကြွေသွားတာပေါ့။ နောက် နှစ်နှစ်လောက်ကြာတော့ သူနဲ့ ကျွန်မ ယူဖြစ်သွားတယ်။

တကယ်တော့ လက်မထပ်ဘဲ စောစောလေးကလို ချစ်တစ်ဝက် ရှက်တစ်ဝက် မပိုင်ဝက်မွေး ဘဝလေးထဲမှာ နေနေရင်တောင်မှ ကောင်းဦးမှာ–

ချစ်သူဘဝဆိုတာ ဟိုလိုမျိုးလေးလား၊ ဒီလိုမျိုးလေးလားဆိုတဲ့ ဝေဝေဝါးဝါး အတွေးမျှင်လေးတွေနဲ့ နေနေဖြစ်တဲ့ အချိန်မျိုးလေ။ နှင်းမှုန်တွေကြားမှာ လမ်းလျှောက်ရသလို စွဲမက်ရင်ခုန်စရာအပြည့်ပဲ။ လက်ထပ်လည်းပြီးရော နေရောင်လာလို့ နှင်းမှုန်တွေကွဲသွားရင် သဘာဝသရုပ်တွေက အရှိကိုအရှိအတိုင်း ပေါ်လာတတ်မြဲမို့ အကျည်းတန် အရုပ်ဆိုးတာတွေက ထိုးထိုးထောင်ထောင် ရှိနေတတ်ပါတယ်။ အတွေ့အကြုံနည်းပါးတာ၊ လူသားမဆန်တဲ့ စိတ်ဓာတ်တွေ တချို့ မိသားစုတွေထဲမှာရှိနေတတ်တယ်လို့ မတွေးတောတတ်ခဲ့တာ၊ အင်း၊ တကယ်တော့ ကျွန်မရဲ့ ဉာဏ်ပညာပါးလျလွန်းတဲ့ အကျိုးဆက်တွေပေါ့။ လက်ထပ်ပွဲလုပ်ဖို့ ကျွန်မ မိဘတွေဆီမှာ သူ့အမေနဲ့ အစ်မလာပြီး စကားပြောတဲ့နေ့မှာပဲ ကျွန်မရင်ထဲမှာ မီးပွားလေး တစ်မှုန်မက အစပျိုး အရိုန်ယူခဲ့ပြီလို့ သိလိုက်ပေမယ့် နောက်ဆုတ်ဖို့ မကြိုးစားမိခဲ့တာလည်း ကျွန်မ ပါပဲ။

မိဘ ဆိုတော့မှ ကျွန်မရဲ့ မိသားစုအကြောင်းပြောပြဖို့ သတိရသွားတယ်။ ကျွန်မမှာ အမေရော အဖေပါ သက်ရှိထင်ရှား ရှိနေပါသေးတယ်။ ခက်တာက သူတို့မှာ ဘာအလုပ်အကိုင်မှ မယ်မယ်ရရ



မရှိတာပါပဲ။ ဒီတော့ မေးစရာရှိပါရဲ့။ ဘာနဲ့များစားသောက်နေထိုင်ကြလဲလို့။ ခပ်ရှင်းရှင်းလေးပြောရရင်တော့ မိဘအမွေတွေနဲ့ စားသောက်နေကြတယ်ပေါ့။ ‘ဟော၊ တို့မှာရှိတဲ့ ပစ္စည်းတွေ မင်းတို့တစ်သက်စားလို့ မကုန်ပါဘူး၊ ဘာမှ ခဲခဲယဉ်းယဉ်းအလုပ်တွေ လျှောက်ရှာမနေနဲ့’ဆိုတဲ့ အဘိုး အဘွားများက ဆင်းသက်လာခဲ့တဲ့ အဖေနဲ့ အမေပါ။

တစ်သက်စားလို့ မကုန်ဘူးလို့ ရှေးဘိုးစဉ်ဘောင်ဆက်က ပြောခဲ့ပေမယ့် တကယ်တမ်းကျတော့ အမေ ကလေးသုံးယောက်မွေးပြီးကတည်းက ပြောင်တလင်းခါမတတ် ရှိခဲ့ပါပြီ။ ကျွန်မ အပါအဝင် သားသမီးငါးယောက်ဖြစ်လာချိန်မှာတော့ အမေ့နားမှာ နားကပ်တောင် မရှိတော့ဘူး။ မိန်းမမှာ နားကပ်၊ ယောကျ်ားမှာ ဖိနပ် ဆိုစကားက အမေ့ကို လှောင်ပြုံးပြုံးတဲ့အခါ ဖြစ်မှာပေါ့။ ဟိုအရင်တစ်ချိန်က အမေ ထဘီစွတ်ချလိုက်ရင်တောင် အနားမှာစောင့်ပြီး သိမ်းဆည်းလျှော်ဖွပ်လုပ်ပေးခဲ့တဲ့ အဖော်တွေ အပြည့်ပဲတဲ့။ ခုများတော့ အမေ့ဘေးနားမှာ ကျွန်မတို့ မောင်နှမငါးဦးတည်းကလွဲလို့ အဖေပဲရှိတော့တယ်။

အဖေကတော့ ရောမနိုင်ငံကြီး မီးဟုန်းဟုန်းတောက်နေတာတောင် စောင်းတီးမရပ်ဘူးဆိုတဲ့ နီရိုးဘုရင်များ ဝင်စားလေသလားထင်ရလောက်အောင် အေးစက်လွန်းလှတယ်။ မနက်အိပ်ရာထရင် ဘုရားရှိခိုးမယ်။ ပြီးရင် စားပွဲဝိုင်းပေါ်မှာရှိနေတတ်တဲ့ ထမင်းကြမ်းခဲပဲဖြစ်ဖြစ်၊ ထန်းလျက်နဲ့ ရေနွေးကြမ်းပဲဖြစ်ဖြစ် ကြုံရာတစ်ခုခုနဲ့ ဗိုက်ဖြည့်မယ်။ နောက် သူ့သက္ကလပ်ဦးထုပ် နွမ်းနွမ်းလေးကို ခေါင်းပေါ်တင်ပြီး

အပြင်ထွက်တာပါပဲ။ သူ့ဆွေမျိုးနီးစပ်တွေရှိရာကို ကြုံ ကြုံသလိုသွားတာလေ။ ပုံမှန်သွားတာကတော့ ဆူးလေဘုရားနားမှာရှိတဲ့ ရွှေစံအိမ်ဆိုတဲ့ စတိုးဆိုင်ကြီး တစ်ဆိုင်ဆီကိုပဲ။ အဲဒီမှာလိုအပ်တဲ့ တောက်တိုမယ်ရ အလုပ်တွေ လုပ်ဖြစ်လည်းလုပ်၊ မဟုတ်လည်း သိဟောင်း ကျွမ်းဟောင်းတွေနဲ့ ဆွေကြောင်းမျိုးကြောင်းပြော။

တစ်ခါတလေလည်း အဖေ့ အိတ်ကပ်ထဲမှာ ပိုက်ဆံလေးဘာလေး ရှိလာတတ်တယ်။

ရွှေစံအိမ်ရဲ့ ပိုင်ရှင်က အဖေနဲ့ ဝမ်းကွဲမောင်နှမတွေ။ အလုပ်အကိုင် မရှိတဲ့ ဆွေဆွေမျိုးမျိုးကို ထောက်ပံ့တတ်တယ်။

ဒါပေမယ့် ဘယ်လောက်အထိ မ စ နိုင်မှာလဲနော်။

မပြည့်စုံတဲ့မိသားတစ်စုကို တခြားမိသားစုဆယ်စုက ဝိုင်းထောက်လည်း ပြည့်စုံမလာနိုင်ဘူးဆိုတဲ့ လူကြီးများစကား ရှိထားငေ ၇ပဲဟာ။

တကယ်တော့ အဖေဟာ ကောလိပ်ကျောင်းထွက်ပါ။ အဲဒီခေတ်အခါက အဖေ့ရွာကနေ ကောလိပ်သွားတက်နိုင်တဲ့ လူစာရင်းထဲမှာ အဖေက ထိပ်ဆုံးပဲတဲ့။ အဲဒီမှာ စာမေးပွဲတွေ ကျပါများလွန်းလို့ စိတ်တိုပြီး ဆက်မဖြေဘဲ နေခဲ့တာတဲ့။ အဲဒီတုန်းက စာမေးပွဲတစ်ခုကို သုံးကြိမ်ပဲ ဖြေခွင့်ရှိတယ် ဆိုလားပဲ။

'အမယ်လေး၊ ဆယ်တန်းအောင်ရင် အလုပ်တွေက ပုံနေတာပါတော်၊ ဟိုဟာက နုပ်တယ်၊ ဒီဟာက နိမ့်တယ်နဲ့၊ လင်စံရွေး လင်ခွေးနဲ့ရ ဆိုတဲ့စကား ရှိတယ်မို့လား၊ ခုဟာက အလုပ်စံရွေးတာ၊ ကျုပ်နဲ့ပဲရတော့ ကျုပ်ပဲ ခွေးလုံးလုံးဖြစ်တော့တယ်'



အမေလေ၊ သူတို့ခေတ်အကြောင်း မိပြီး သူ့ယောကျ်ားသမိုင်း ကြုံကြုံသလို ပြောတတ်တယ်။

ကျွန်မအကြောင်းဆက်ရရင်တော့ ကျွန်မရဲ့ ယောက္ခမလောင်းနဲ့ ယောက်မလောင်း အိမ်လာတာကို အစပြန်ကောက်ရဦးမယ်။

အဲဒီနေ့က ကျွန်မ အမေလေ။ သူ စွမ်းနိုင်သလောက်လေးနဲ့ ညှိခံရှာပါတယ်။ လူဆိုတာများ ကိုယ်ကသာ ဘာမှမဟုတ်ရင်ရှိမယ်၊ ကိုယ်နဲ့ပတ်သက်ရမယ့် ဆွေမျိုးလောင်းဆီကတော့ အမျှော်လင့်ကြီးမျှော်လင့်တတ်ကြတာပဲကိုး။ မျှော်လင့်တဲ့အတိုင်း မဟုတ်ရင်ဖြင့်–

'သားက ဒါကိုမှ သဘောကျတယ်ဆိုတော့ လိုက်လျောရတာပေါ့၊ မင်္ဂလာပွဲမှာ ဖြစ်ကတတ်ဆန်း ကော်ဖီလေးတစ်ခွက်၊ မုန့်လေးတစ်ချပ်လောက်နဲ့တော့ မသင့်တော်ဘူးနော်၊ သူများအမြင်ကောင်းအောင်တော့ ကျွေးမှ'

အလယ်ခေါင် စားပွဲဟောင်းလောင်းပေါ်မှာ အေးစက်လုလုဖြစ်နေတဲ့ လက်ဖက်ရည်နဲ့ အသားခပ်ဖွာဖွာ ပလိန်းကိတ် လေးငါးချပ်ကို ထည့်ထားတဲ့ ပန်းကန်လေးတွေဆီ မျက်စိရောက်သွားဖြစ်တယ်။

ဝန်းကျင်မှာတွေ့နေရတဲ့ အရောင်အဆင်းမဲ့ ပရိဘောဂဟောင်းတွေ၊ ပြွတ်လုလု မှိန်ဖျော့ဖျော့ ခန်းဆီးစတွေ၊ ခွံကွာရေလန်ရှိနေပြီဖြစ်တဲ့ တိုက်ခန်းအိုတစ်ခုရဲ့ နံရံတွေ စတာ စတာတွေက ဒီလိုမျိုးစကားကို ပြောရဲဆိုဝံ့ဖြစ်အောင် အားပေးအားမြှောက် ပြုလိုက်လေရော့သလား။

ဒီလိုနဲ့ပဲ သူတို့ဘက်က ဦးဆောင်ဦးရွက်လုပ်ပေးတဲ့ မင်္ဂလာပွဲ ပြီးစီးသွားခဲ့ပါတယ်။ ဘုန်းကြီးကျောင်းတိုက်တစ်ခုမှာပဲပေါ့။

မင်္ဂလာဆောင်ဆိုတော့လည်း ချီးမြှင့်ရအောင် လာတဲ့လူများ ဝတ်ကောင်းစားလှနဲ့ပေါ့လေ။ ဝင်းတံခါးဝ အဝင်ကတည်းက ခမျာများ စီးနင်းလာတဲ့ဖိနပ်လေးတွေ ကိုယ်စီကိုင်လို့။ ဗွက်စိုစိုလည်း နင်းရရဲ့ သဲကြမ်းလည်း ဖြတ်ရရဲ့။ ပြီးတော့ ကျုံ့ကျုံ့လေးထိုင်ပြီး ကျွေးမွေးတာကို စားကြရတာ။ သူတို့ထဘီတွေ ညစ်ပတ်ကုန်တော့မှာ ထင်ပါရဲ့။ အင်းလေ၊ ဘယ်တတ်နိုင်ပါ့။ ကိုယ်ကမှ ဟိုတယ်မှာကျွေးဖို့ မတတ်နိုင်ခဲ့တာကိုး။

'ကျွန်မတို့က မိဘဝတ္တရားအကျေတောင် လွန်နေပါသေးတယ်၊ မိန်းကလေးဘက်က မင်္ဂလာဆောင်ဆိုတာ ဘယ်လို အကုန်အကျရှိတယ်လို့ သိလိုက်မှာတောင် မဟုတ်ဘူး၊ ယောက္ခမအိမ်မှာ သားမျက်နှာငယ်ရမှာစိုးလို့၊ နေဖို့တိုက်ခန်းကအစ ပေးထားရတော့လည်း ရတဲ့ မင်္ဂလာလက်ဖွဲ့လေးတွေကို ငွေဖြစ်အောင်ပြန်လုပ်ရဦးမယ်၊ ပြောလို့သာပြောရတာ စာမဖွဲ့လောက်ပါဘူး'

ယောက္ခမကြီးရဲ့ အားပြည့်အင်ပြည့် စကားလုံးတွေ။

အဲဒီလို ကျွန်မရဲ့ အိမ်ထောင်သည်ဘဝက တစ်ဖက်စောင်းနင်းဆိုတာမျိုးနဲ့ နိဒါန်းချီခဲ့တာပါ။ အနာအားလုံးထဲမှာ ဒဏ်ရာကို ရှာမတွေ့ရပေမယ့် နှလုံးသားထဲတိုင်အောင် ထိုးဖောက်ဝင်ရောက်နိုင်တဲ့ စိတ်နာကျင်မှု ဝေဒနာဟာ အဆိုးဝါးဆုံးဆိုတာကို ကျွန်မ ဒီမှာပဲ စတင်သိရှိလိုက်ရပေမယ့် အရာရာဟာ နောက်ကျခဲ့ပါပြီ။

လက်ထပ်ပြီးတဲ့နေ့မှာပဲ သူတို့ လက်ဖွဲ့တယ်ဆိုတဲ့ ခုနစ်ထပ်ထောင့်ခန်းကြီးက ကျွန်မကို ပူလောင်ပြင်းပြစွာ ကြိုဆိုပါတယ်။ ညနေ



ငါးနာရီကျော်အချိန်မှာကို နေရှိန်တွေက တညီးညီးလျှံလို့ပါပဲ။ တိုက်ရဲ့ ဘေးဘက်တစ်လျှောက်က လမ်းသွယ်ဖြစ်နေတော့ အရှေ့ကထွက်လာတဲ့ နေမင်းဟာ အနောက်ဂေါယာကျွန်းမှာ စုံးစုံးမြုပ်ဝင်သွားတဲ့အထိ တိုက်ခန်းနံရံတွေကို ချစ်ခင်စုံမက်စွာ အပူငွေ့တွေ ပေးနေတာကိုး။

ဒီနေရာမှာ သုံးလေးလနေပြီးတော့မှပဲ တစ်ခါတစ်ခါ ရေပြတ်ပြတ်သွားတတ်လို့၊ ပူလွန်းလို့၊ တိုက်ခန်းပိုင်ရှင်နဲ့ စကားပြောအဆင်မပြေလို့ဆိုတာတွေကြောင့် ရောင်းမထွက်ဘဲဖြစ်နေတဲ့ အခန်းဆိုပဲ။ တိုက်ပိုင်ရှင်ဆိုတာက ကျွန်မရဲ့ ချစ်လှစွာသော ခင်ပွန်းသည်ရဲ့ မွေးမိခင်လေ။

ရှေးခေတ်ပညာရှင်များသာ သက်ရှိထင်ရှား ရှိနေဦးမယ်ဆိုရင် ခုကာလကို မြေပိုင်ရှင်များခေတ်လို့ အမည်တပ်ပြီး သမိုင်းပြုစုကြမလား မသိဘူး။

မြေလေးတစ်ကွက်ပိုင်ထားရင် ကန်ထရိုက်နဲ့ လက်ဝါးချင်းရိုက်၊ တစ်ဝက်တစ်ခြမ်းစနစ်နဲ့ ပိုင်လိုက်စမ်းပေါ့ အခန်းတွေ။

ခြောက်ထပ်ဆို ခြောက်ခန်း၊ ခုနစ်ထပ်ဆို ခုနစ်ခန်း၊ ရှစ်ထပ်ဆို ရှစ်ခန်း။

ဒီတော့လည်း ကျွန်မ ယောက္ခမလို မြေပိုင်ရှင်ကြီးများက တိုက်ပိုင်ရှင်တွေဖြစ်၊ တိုက်ခန်းတွေရောင်း၊ မကြုံဖူးတဲ့ငွေတွေကိုင်၊ ဘဝင်တွေမြင့် (မမြင့်တဲ့လူလည်း ရှိမှာပါ။)

လက်ထပ်ပြီး နောက်နေ့မနက်မိုးလင်းမှာပဲ ကျွန်မရဲ့ အိမ်ထောင်သည်ဘဝ ရုပ်လုံးက ထင်းထင်းကြီး ပေါ်လာခဲ့တာပါ။

ကျွန်မရဲ့ လင်တော်မောင်လေ၊ မနက်ခြောက်နာရီသာသာမှာပဲ ကျွန်မ ရေအိမ်ဝင်နေတုန်း ဘယ်ပျောက်သွားတာလဲ မသိလိုက်ဘူး။

စောင့်ဆိုင်းနေရသူအတွက် နာရီဝက်၊ တစ်နာရီ၊ နှစ်နာရီကြာရှည်လိုက်တာ။ ဩော်၊ အောက်ဆုံးထပ်မှာနေတဲ့ သူ့အမေများဆီသွားတယ် ထင်ပါ့။

အတွေးနဲ့ ဆင်းသွားမိတယ်။ ယောက္ခမရော၊ ယောက်မရော ကျွန်မ မသိသေးတဲ့ တခြားသုံးလေးဦးပါ မနက်စာ စားသောက်နေကြတာ မြင်ဆိုင်လို့ပဲ။ ကျွန်မကို မြင်လိုက်တာနဲ့ သူတို့ ပြောလက်စ စကားသံတွေ တိခနဲပြတ်သွားရုံတင်မကဘူး၊ ကျွန်မအပေါ်မှာ စုပြုံပြီး ကျရောက်လာတဲ့ အကြည့်ပေါင်းစုံမှာ ယဉ်ကျေးမှုကင်းမဲ့တာတွေ၊ စိမ်းစိမ်းကားကားရှိတာတွေက သူ့ထက်ငါ အနိုင်လုပြီး နေရာယူနေကြသလိုပဲ။

တစ်မဟုတ်ချင်း နွမ်းဖတ်ညစ်ထွေးလာတဲ့ ကျွန်မရဲ့ စိတ်အသွင်ကို့ ခေတ္တခဝါချပြီး ကြိုးစားလို့ စကားစရပါတယ်။

'အမေတို့ဆီ ကိုမောင်မောင် လာသလားလို့'

'အေး၊ ဘာလုပ်ချင်လို့လဲ၊ ငါ ကိစ္စရှိလို့ မြို့ထဲလွှတ်လိုက်တယ်'

စကားသံဟာ အေးစက်ပြတ်တောက်လွန်းတော့ အိမ်ထဲဝင်လုလု ဖြစ်နေတဲ့ ကျွန်မ ခြေဖဝါးအစုံဟာ သံမှိုစွဲထားတဲ့ သစ်သားစတစ်ခုရဲ့ မာကျောတောင့်တင်းမှုမျိုးနဲ့ ရွေ့လျားဖို့ အင်အားတွေ ကင်းမဲ့သွားတာကို ကျွန်မကိုယ် ကျွန်မ သိနေတဲ့ကြားက တိုက်ရှေ့ပလက်ဖောင်းပေါ်ထိ ရောက်အောင် ဆင်းလာမိရက်သားဖြစ်သွားပါတယ်။ ကျွန်မ ဘာဆက်လုပ်ရမလဲ။

ဒီကြားထဲ မိုးလင်းပြီဆိုကတည်းက ဘာဆိုဘာမှ မဖြည့်စွက်ရသေးတဲ့ ကျွန်မရဲ့တစ်ထွာမျှ မဟာသမုဒ္ဒရာထဲမှာလည်း မုန်တိုင်းတွေ ထန်နေပြီ။



ကိုယ့်ရှေ့ ဘေးပတ်ဝန်းကျင်အနှံ့မှာ မုန့်ပဲသရေစာဆိုင်တွေ အားလုံးက ကျွန်မကို သရော်နေကြသလို ခံစားမိရပြန်တယ်။ ကျွန်မ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ ပါမလာခဲ့ဘူးလေ။

ခုနစ်ထပ်ကိုပြန်တက်။ မီးဖိုခန်းမှာ ရှာဖွေပြီး လှန်လှောကြည့်။

ဘယ်ကာလကတည်းက သိမ်းဆည်းထားခဲ့တာရယ်လို့ မမှန်းဆနိုင်တဲ့ ဆန်အနည်းငယ်က ဒီနေ့အဖို့ ကျွန်မရဲ့ အသက်သခင် ဖြစ်သွားပါတယ်။

အပျိုဘဝကတည်းက ကုပ်ကတ်စုဆောင်းထားမိတဲ့ ငွေလေးသုံးရာထဲက ဖဲ့ပြီး ဝယ်စားရတဲ့ လက်ဖက်သုပ်တစ်ထုပ်နဲ့ ပြီးလိုက်ရတဲ့ နေ့လယ်စာဟာ ကျွန်မဘဝအတွက် အခြောက်သွေ့ဆုံး ထမင်းဝိုင်း ဆိုရင် မမှားပါဘူး။

ဘယ်လိုပဲ ချို့တဲ့တယ်ဆိုပေမယ့် အမေ့အိမ်မှာ အနည်းဆုံး ငါးရေချို၊ ငါးပိရည်ဖျော်၊ တို့စရာမျိုးစုံနဲ့ ဟင်းချိုလေးတစ်ခွက်တော့ ရှိမြဲပါ။ တမ်းတစရာ အကောင်းဆုံးကတော့ သားအမိ သားအဖ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ဘဝလေးပါပဲ။

ခုများမှာတော့–

ကျွန်မရဲ့ မင်္ဂလာဦးအရသာဟာ အချိုမစွက်တဲ့ အခါးသက်သက် ချည်း ဖြစ်နေသလို တစ်ဦးတည်း ထောင်မကျဘဲ အကျဉ်းခံနေရတဲ့ ကျွန်မဘဝဟာ ညခုနစ်နာရီ ကိုရွှေမောင်မောင် ပြန်ရောက်လာတော့မှပဲ တစ်နေကုန် အေးစက်မာကျောနေပြီလို့ ထင်မှတ်ရတဲ့ ကျွန်မရဲ့ နှလုံးသားဟာ ပျော့ပျောင်း နူးညံ့လာရပြန်တယ်။ သူ ဝယ်လာခဲ့တဲ့

ဝမ်းမီးကို ခေတ္တငြိမ်းစေတဲ့ ဘူးသီးကြော်ရဲ့ စွမ်းအားကြောင့်လည်း ဖြစ်နိုင်ကောင်းပါတယ်။

ရှိသမျှလေးနဲ့ ညစာ ထမင်းဝိုင်း ပြင်ကျွေးမိတော့မှ မဆင်မခြင် ကြည်သာရွှင်ပျမိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့မဆုံးနိုင် ဖြစ်ရပြန်ရော။

'တို့ စားခဲ့ပြီးပြီ' ဆိုပဲ။

ဩော်၊ တစ်ရက်တလေ ရှိပါစေလေလို့ စိတ်ဖြေမိတာဟာ ကျွန်မရဲ့ မိုက်မဲခြင်း၊ ထုံအခြင်းလို့ မတွေးဖြစ်ခဲ့မိဘူး။

နောက်နေ့ မနက်လင်းတော့ ငွေ ၂၀၀ ကျပ်တန်လေး တစ်ရွက် ထုတ်ပေးပြီး မနေ့ကလိုပဲ ပျောက်သွားလိုက်ပြန်တာ မှောင်ရီပျိုးတဲ့တိုင် ပါပဲ။

နေ့တွေ လတွေဟာ ပုံမှန်ရွေ့လျားကျော်ဖြတ် ပြောင်းလဲမြဲဖြစ်ပေမယ့် ကျွန်မ ယောကျ်ားနဲ့ ဆက်ဆံရေးပုံစံမှာတော့ အနိစ္စ မမြဲဘူးဆိုတဲ့ နိယာမတရားကြီးက ပျောက်ကွယ်နေသလား ထင်ရပါတယ်။

နေ့စဉ် ဈေးသုံးငွေ ၂၀၀ ရတယ်။ တစ်နေကုန် တစ်ဦးတည်း ရပ်တည်ရတယ်။ လူတစ်ဦးရဲ့ ပုံမှန်စားသောက်နေကျ မနက်စာနဲ့ နေ့လယ်၊ ညနေ ထမင်းနှစ်နပ်နဲ့ ပြီးစီးအောင် ဖန်တီးရတယ်။

'မရှိ ဒီအတိုင်း အိမ်မှာမနေချင်တော့ဘူး၊ ဟိုတုန်းကလို အလုပ် ပြန်သွားမယ်'လို့ ပြောဖြစ်တော့–

'မင်းကို စားဖို့သောက်ဖို့ နေ့တိုင်း တို့ပေးနေတာပဲဟာ၊ ဘာလုပ်ဖို့ လိုလို့လဲ' တဲ့။



ခြောက်သွေ့ထုံထိုင်းလှတဲ့ နေ့လယ်ခင်းတွေကို ကျော်ဖြတ်နိုင်ဖို့ အင်အားကို အမေ အဖေနဲ့ မိသားစုဆီပြန်လည်ရယူဖို့ ကြိုးစားပြန် တော့လည်း–

'မိန်းမဆိုတာ အိမ်မလည်ရဘူး' တဲ့။

ဒီတော့ ကျွန်မလည်း 'ယောကျ်ားဆိုတာ....' အစချီပြီး နှုတ်လှန် ထိုးဖြစ်တော့ မိဘတွေက လက်ဖျားနဲ့မတို့ဖူးတဲ့ ကျွန်မပါးမှာ ဆေး မကူဘဲ ပန်းသွေးရောင်လွှမ်းလာတာမျိုးလို နှလုံးသားတိုင်စူးနစ်မြုပ်ဝင် သွားတဲ့ နာကျင်မှုတွေကို ကျွန်မ ရခဲ့ပြန်ပါတယ်။

'ယောကျ်ားနဲ့ အဆင်မပြေဖြစ်တိုင်း အိမ်ပေါ်ကဆင်းလာလိုက်၊ ယောကျ်ားက လာပြီး ချော့မော့လုပ်ရင် ပြန်ပါသွားလိုက်၊ အဲဒီလို မိန်းမမျိုး ဘယ်တော့မှမဖြစ်စေနဲ့နော်၊ မိန်းမသိက္ခာကျတယ်၊ နောက်ပြီး ချွေးမကို မတူသလို မတန်သလို ဆက်ဆံတတ်တဲ့ ယောက္ခမများနဲ့ တွေ့လိုက်လို့ကတော့ စောစောက ချွေးမမျိုးကို ဖိနင်းပြီသာ မှတ်ပေ တော့'

အိမ်ထောင်ပြုတော့မယ်လို့ သန္နိဋ္ဌာန်ချလိုက်တဲ့ ကျွန်မကို အမေ ဆုံးမခဲ့တဲ့ စကားလုံးတွေက အမေ့အိမ် ပြန်တော့မယ်လို့ လစ်ခနဲ စိတ်ကူးဖြစ်လိုက်တဲ့ အတွေးမျှင်ကို တစ်စစီ ဆွဲထုတ်လိုက်ပြန်တော့ အလင်းရောင်မဲ့ ဒီဘဝထဲမှာ ဆက်လက်ပြီးရပ်တည်ဖို့ထက် သာလွန်တဲ့ လမ်းစ မရှိနိုင်တဲ့ ကျွန်မ ပါပဲ။

'ဩော်၊ ဖြစ်ရတယ် တူမရယ်၊ အစ်မတို့မှာ (ကျွန်မ၏ အမေ အဖေကို ရည်ညွှန်းခြင်း ဖြစ်ပါသည်) ရာထူးဂုဏ်၊ နေဂုဏ်မရှိဘူးဆိုပြီး

နိမ်ကြတာ၊ အေးကွယ်၊ တရားနဲ့သာဖြေပါ၊ သားမှတ်မှတ် မယား မှတ်မှတ် ပေါင်းရင်ပဲ သူ့ကို ကျေးဇူးတင်ရဦးမယ်၊ ဒီလိုလူမျိုးကို သွားမကြမ်းနဲ့နော်၊ ချော့ချော့မော့မော့လေသံကို တိရစ္ဆာန်တောင်မှ ကြိုက်တတ်သေးတာ၊ လူသားက ပိုပြီး အချော့ကြိုက်ပေမပေါ့’

ဆွေမျိုးများအလှူတစ်ခုမှာ ဒေါ်ဒေါ်ငယ်နဲ့တွေ့လို့ ကိုယ့်ဘဝ အကြောင်း တစ်စွန်းတစ်စကို ဖွင့်ပြဖြစ်တော့ ဒေါ်ဒေါ်ငယ်မှာ စိတ် မကောင်းတွေ ဖြစ်လို့။ ဒါတောင် သူများကြားလို့ မကောင်းတတ် တဲ့အကြောင်းတွေ ထည့်မပြောဖြစ်ခဲ့သေးဘူး။

နေ့ဘက်မှာ သားမယားနဲ့အတူ လက်ဆုံ ထမင်းမစားလိုတဲ့ အာဂ ယောကျ်ားသားက ညဥ့်နက်ပိုင်းအချိန်မှာ တစ်ဦးတည်း မအိပ်စက်ရဲ တတ်ပြန်ဘူးဆိုတော့ ကျွန်မဟာ သူ့ရဲ့ မရှိမဖြစ်အဖော် ဖြစ်သွားပြန် ပါတယ်။

အင်း ဒီလိုနေရင်းကပဲ သမီးလေးတောင် ခြောက်နှစ်အရွယ် ရောက်လာခဲ့ပြီ။ သမီးလေး မူလတန်းပဲ ရှိသေးတာတောင် တစ်ခါ တစ်ခါ သမီးကို ကျောင်းမလွှတ်နိုင်တဲ့နေ့တွေ ရှိလာတတ်တယ်။ ကျောင်းက ကောက်ခံတတ်တဲ့ ဟိုဒီ အခကြေးငွေပေးဖို့ ကြိုတင်ပြီး အငတ်ခံမထားဖြစ်တဲ့ အခါများမှာပေါ့။

အိမ်ထောင်သည် ကြီးဝိုင်းထဲမှာ ကျွန်မ ရင်ဆိုမတတ်ဖြစ်နေချိန် တစ်လျှောက်မှာ ကျွန်မဘက်က မောင်နှမတစ်တွေ အလုပ်ကိုယ်စီနဲ့ လိမ်လိမ်မာမာ မျှမျှတတ နေတတ်ကြလို့ထင်ပါရဲ့။ အမေ့အိမ်ဟာ ဟိုတုန်းကထက် ပိုပြီးစိုပြည်လာလို့ အခွင့်သာတုန်း အမေ့အိမ်ရောက်ရင်



သူတို့ တူမလေးကို မုန့်ဖိုးပေးသူက ပေး၊ အဝတ်အထည်ဆင်သူက ဆင်နဲ့။ အဲဒီလို နေ့မျိုးများဆို ကျွန်မလေ လျှပ်စစ်မီးပုံမှန်လာလို့ အဆင်တပြေဖြစ်နေတဲ့ အိမ်ရှင်မတစ်ယောက်ရဲ့ အသွင်အပြင်များ ရှိနေလေရော့သလား မသိတော့ပါဘူး။

‘မင်း မောင်နှမတွေ ပေးတယ်ကမ်းတယ်ဆိုပြီး မင်း ဟိုအိမ်က ပြန်လာတိုင်း အချိုးတွေ ပြောင်းလာတယ်နော်၊ မင်းဟာမင်း သိရဲ့လား၊ နောက်မသွားရဘူး ဖြစ်သွားမယ်၊ နားလည်လား’

ကိုရွှေမောင့်ရဲ့ ရူးရှပြင်းထန်တဲ့ ရာဇသံတွေ။

ဒီဒဏ်တွေကို တစ်သက်တာလုံး ကျွန်မ ခံနိုင်ရည်ရှိပါ့မလား။

အမေ့ကို ရင်ဖွင့်မိတယ်။

‘ဒီမှာ သမီး၊ သမီး မုဆိုးမဖြစ်သွားလို့ အမေတို့က အိမ်မှာ ပြန်လက်ခံရတာမျိုးဆိုရင် ဟုတ်တာပေါ့၊ ပြီး ခုဟာက သမီးကသာ တစ်ဖက်သတ် ကွာချင်နေတာ၊ မိန်းမတစ်ဦးအဖို့ ယောကျ်ားက ကွာရှင်းမပေးဘူးဆိုရင် လည်စင်းခံရုံပဲ သမီး၊ ချော့သာ ပေါင်းပေတော့။ ဟိုနှစ်အိမ်ကျော်လောက်က ဒေါ်ကြီး ဒေါ်စိန်မေရဲ့သမီးကို မှတ်မိတယ် မဟုတ်လား၊ ယောကျ်ားက နှိပ်စက်လို့ဆိုပြီး အမေ့အိမ် ပြန်ပြန် လာတတ်တာလေ၊ ညတိုင်ဆို သူ့ယောကျ်ား မူးမူးရူးရူးနဲ့ လမ်းပေါ် ကနေ လာလာအော်တာ၊ ဗျို့ ဒေါ်စိန်မေကြီး၊ ခင်ဗျားကြီးနော်၊ ကျွန်တော့် မိန်းမကို ပြန်လွှတ်ပေးဗျ၊ ကျွန်တော်ကိုယ်တိုင် ဆွဲခေါ်ရမလားနဲ့၊ ရပ်ကွက်ထဲမှာ မကြားဝံ့မနာသာ၊ အမေ ဒီအဖြစ်မျိုးရောက်မှာလည်း ကြောက်တယ်သမီး၊ ပြီးတော့ တစ်ခုလပ်ဆိုတာမျိုးဟာ လူပုံအလယ်မှာ မျက်နှာငယ်ရတယ်၊ မဖြစ်ကောင်းဘူး၊ လျှော့လိုက် သမီး၊ လျှော့လိုက်’

'အင်းပါ အမေရယ်၊ လျှော့ပါမယ်'
ဒီလိုဆိုရင်
ကျွန်မ သမီးလေး အိမ်ထောင်ပြုတဲ့အရွယ်ရောက်လာရင်ကော–
ဘုရား.... ဘုရား....
ကျွန်မ ရင်တွေ တအား ပူသွားမိတယ်။
သူ့မိဘ....
သူ့ပညာအရည်အချင်း....
သူ့ရဲ့ ကျောထောက်နောက်ခံ....။
ခြော်.... သမီးလေးရယ်။

[ ကလျာမဂ္ဂဇင်း။ ။ဇွန်၊ ၂၀၀၄။ ]

***

## မနောကာံအရိပ်

'ဒီမှာ စိမ်းယဉ်၊ နင့်ကို ငါ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် အရွယ်ကတည်းက ငါ ကျွေးမွေးလာခဲ့ရတာ၊ နင် ငါ့ကို ခဏလေးကျွေးရတာလေးနဲ့ ဒီစကားမျိုးလာမပြောနဲ့ သိလား'

ဘွားမြိုင်သည် အန်တီစိမ်းအား လက်ညှိုးငေါက်ငေါက်ထိုး၍ တင်းမာခက်ထန်စွာ ပြောလိုက်၏။ မခံမရပ်နိုင်သော စိတ်များဖြင့် ဘွားမြိုင် မျက်နှာတွင် ဒေါသငွေ့တွေ ထောင်းထောင်းထွက်နေသလား မှတ်ထင်ရသည်။

အန်တီစိမ်း၏လက်ရာ ပေါင်မုန့်ကို နွားနို့၊ သကြားနှင့် ကြက်ဥ ရောခေါက်ပြီး ကြော်ထားသော မုန့်ပန်းကန်မှာ အငွေ့မသေတတ်သေး။ ထိုပန်းကန်၏ဘေးတွင် မွှေးပျံ့လတ်ဆတ်သော ပန်းသီးစိပ်များဖြင့် ပြည့်နေသည့် ကြွေအုပ်လေးတစ်ခု။ ဖွယ်ဖွယ်ရာရာ စားသောက်စရာ တစ်မျိုးမျိုးဖြင့် ညစာအပြီး လက်ဖက်ရည်ကြမ်းဝိုင်းတွင် နေ့စဉ်လို ထိုင်နေကျ ဘွားလေး ကြိုင်။ ကိုကြီး၊ ကိုငယ်တို့အားလုံး ဘွားမြိုင်၏ မထင်မမှတ် ထွက်ပေါ်လာသော ဒေါသခိုးများအောက်တွင် စက္ကန့်ပိုင်းမျှ ငြိမ်သက်သွားကြသည်။ ဘွားမြိုင်သည် တစ်အိမ်လုံးအပေါ်တွင် မကြာခဏဆိုသလို အလိုမကျဖြစ်တတ်မြဲ။

'သားတို့ရယ်၊ ဘွားက အသက်ကအရမ်းကြီးလာ၊ စိတ်က ဟိုငယ်စဉ်ကလိုပဲ လုပ်ချင်ကိုင်ချင်၊ တကယ်တမ်း ဘာကိုမှ လုပ်နိုင်စွမ်းမရှိတော့တဲ့အတွက် ဒီလိုပဲနေရာတကာမှာ မကျေမနပ်ဖြစ်လာ တတ်တာ သဘာဝပါပဲကွယ်၊ သည်းခံနော်၊ ဘွား လုပ်ဆိုတာကို လုပ်သာပေးလိုက်'

အန်တီစိမ်း ပြောလေ့ရှိသည့်စကား။

ဘွားမြိုင်၏ ပေသုံးဆယ် ပေခြောက်ဆယ် မြေကွက်လေးတွင် အိမ်ရှေ့၌ ကိုးပေ ဆယ်ပေခန့် ချန်လုပ်၍ ဆောက်လုပ်ထားသော သွပ်မိုး ပျဉ်ကာ ရှေးအိမ်လေးဖြစ်၏။ ဘွားမြိုင်ရော အန်တီစိမ်းပါ သစ်ပင်စိုက်ဝါသနာပါကြ၏။ သို့သော် အန်တီစိမ်းက စိမ်းညို့အုပ်ဆိုင်းနေသော ရွှေလာငွေလာ ဂမုန်းပင်များ၊ စက္ကူပန်းရောင်စုံပင်များနှင့် နှစ်ဆယ့်လေးနာရီ ပတ်လည်နီးပါး နေရောင်မရသောနေ့များ၌ သူ့သဘာဝနှင့် ကိုက်ညီသော ပိန်းပန်းရောင်စုံများကို စိုက်ပျိုးထား၏။ ဘွားမြိုင်က ဤရွက်စိမ်းပင်များကို လုံးဝ မကြိုက်။

'ဘာမစားရ ညာမသောက်ရ အပင်တွေကို ရေလောင်းနေရတယ်၊ ရေကလည်း ကုန်သေး'ဟု မကြာခဏ ဖျစ်တောက် ဖျစ်တောက် ပြောတတ်၏။

စားပင်သောက်ပင်ဟူသမျှသည် နေခြည်ရမှ ဖြစ်ထွန်းကြောင်း အားလုံးအသိ။ အန်တီစိမ်းသည် မိခင်ကြီးအကြိုက် ဟင်းရံအပင်မျိုးစုံကို အကြိမ်ကြိမ်ကြိုးစား၍ စိုက်ပျိုးကြည့်ဖူးပါ၏။ လက်လျှော့ရသည် ချည်းပင် ဖြစ်သည်။ ဘွားမြိုင်၏ အိမ်ရှေ့မြေကွက်လပ်လေးသည် ကန်ထရိုက်တိုက်များကြားတွင် ညပ်နေပြီး ဘယ်သောအခါမျှ နေရောင်



ခြည် မရှိခဲ့ခြင်းကြောင့် သူ၏ ချဉ်ပေါင်၊ ငရုတ်၊ ကင်ပွန်း၊ ပင်စိမ်းစသည် စသည်တို့ မဖြစ်ထွန်းတာပါလားဟု ဘွားမြိုင် တစ်ခါမျှ မစဉ်းစား။ ရှင်းပြ၍လည်း မရ။ အန်တီစိမ်း စိုက်ပျိုးထားသော ဟိုဟိုဒီဒီသစ်ပင်များကြောင့်သာ သူ၏စားပင်သောက်ပင်များ မကြီးထွားနိုင်တာဟု သဘောထားသလို ပါးစပ်မှလည်း အခါမလပ် အန်တီစိမ်းရှိရာသို့ မေးငေါ့ပြရင်း သူ့အပင်တွေကြောင့်ဟု အန်တီစိမ်းကို အပြစ်တင်တတ်၏။ ယခု ဒေါသတကြီးဖြစ်ရခြင်းမှာလည်း ဘွားမြိုင်ပြောနေကျ ဤစကားကို–

'သမီးမှာဖြင့် အမေ ကြိုက်သမျှ ချက်ပြုတ်ကျွေးရ၊ နေမကောင်းလည်း ပြုစုရ၊ ဒီသစ်ပင်လေးလောက်တော့ ငါ့သမီးလေး ကြိုက်တာတွေ စိုက်ပါစေလေလို့ သဘောထားလိုက်တော့ အမေရယ်'

မိခင်ကြီး မကျေနပ် ကျေနပ်သွားပါစေတော့ သဘောနှင့် ပြုံးကာ ရယ်ကာ ပြောလိုက်သော စကားအတွက် ခွန်းတုံ့ပြန်လိုက်ခြင်း ဖြစ်လေသည်။ အန်တီစိမ်းအတွက် မှန်းချက်နှင့်နှမ်းထွက် လွဲသွားပြီ ဖြစ်ကြောင်း ချက်ချင်း သဘောပေါက်သွား၏။ မထင်မှတ်သည့် မိခင်ဆီမှ ဒေါသလွှမ်းသောစကားကြောင့် ကွက်ခနဲ မျက်နှာပျက်သွားသော်လည်း တစ်ခဏချင်း ဣန္ဒြေဆည်ကာ စကားဆက်ဖြစ်၏။

'ဒီလောက်လဲ စိတ်တိုမသွားပါနဲ့ အမေရယ်၊ တော်ကြာ အမေ့အရင် သမီးသေသွားမှ ငါ့သမီးလေးကို ငါ ပြောခဲ့မိလေခြင်းလို့ အမေ စိတ်မကောင်းဖြစ်နေရပါဦးမယ်'

သေခြင်းတရားဟူသည် ကြီးသည် ငယ်သည်မရွေး မည်သူ့ကိုမျှ မျက်နှာသာပေးလေ့မရှိသော သဘောကို ရှေ့ရှု၍ ပြောဖြစ်၏။

လောင်စာဆီအိုင်အတွင်းသို့ မီးစယ်လေး တစ်ခုကို ဖတ်ခနဲ ပစ်သွင်းလိုက်သည့်အလားပါတည်း။

‘ငါ့ကို ညည်း သေစကားလာမပြောပါနဲ့၊ ညည်းအရင် ငါ သေပြမယ်၊ အဆိပ်ကိုသောက် သေပြမယ်၊ နားလည်လား’

ဘွားမြိုင်၏ ဒေါသမီးကို လတ်တလော မည်သည့်ရေစင်နှင့်မျှ ငြိမ်းသတ်၍ မရ။ ဒီစကားပိုင်းမှ ကိုယ်တိုင်ထွက်ခွာသွားမှ ဖြစ်တော့မည်ဟု အတပ်သိပြီးသော အန်တီစိမ်း ကိုယ်ရှိန်သတ်ပြီး မိမိအိပ်ရာတွင်းသို့ သွားရောက်၍ နွမ်းလျမောပန်းစွာ ခွေလိုက်ရတော့သည်။ ပြောရက်လိုက်တာ အမေရယ်ဟု အခါခါ ရေရွတ်ရင်း ထုံးစံအတိုင်း မျက်ရည်တွေတွေ ကျဆင်းမိပြန်သည်။

‘မိဘဆိုတာများ သားသမီးက လိုသမျှ ဆောင်ရွက်ပေးတတ်လွန်းတော့လည်း ယိုးမယ်ဖွဲ့ပြီး မကျေနပ်ချက်တွေကို ရှာတတ်လွန်းလှချည်လား’

အန်တီစိမ်း မကြာ မကြာတွေးတောမိသော စိတ်အစဉ် ဖြစ်လေသည်။ မိဘများ၏ စီးပွားရေးအခြေအနေအရ အန်တီစိမ်းမှာ ဆယ်တန်းအောင်ပြီးကတည်းက ဆရာဖြစ်သင်တန်းသို့တက်ရောက်ခဲ့ပြီး အသက်နှစ်ဆယ်မှ စတင်၍ အိမ်တာဝန်ကို ဖခင်ကြီးနှင့် တွဲဖက်၍ ထမ်းရွက်ခဲ့၏။ မိမိရယူ ပိုင်ဆိုင်ချင်လှသော ဘီအေနှင့် ဘီအီးဒီဘွဲ့များကို အလုပ်တစ်ဖက်နှင့် ပင်ပန်းခက်ခဲစွာ ယူခဲ့ရ၏။ အန်တီစိမ်း မည်သည့်ဘွဲ့မျှ မရသေးခင် မောင်အကြီး မောင်ဝင်းထွန်းကို ဆရာဝန်ဘွဲ့၊ မောင်အငယ် မောင်မြင့်ဟန် အင်ဂျင်နီယာဘွဲ့များ ယူနိုင်သည့်နေ့များ



က အန်တီစိမ်း ဝမ်းသာမျက်ရည်ကျခဲ့ဖူးသည်။ အမှန်အားဖြင့် သူတို့၏ ကြိုးစားမှုနှင့် အစိုးရ၏ တစ်စိတ်တစ်ဒေသ ထောက်ပံ့မှုတို့ကြောင့် ဤမျှမြန်ဆန်စွာ အောင်မြင်ခဲ့ခြင်းဖြစ်လေသည်။ မောင်အကြီး နယ်တွင် တာဝန်ကျပြီး ဖခင်ကြီး ဆုံးပါးသွားသောအခါ အိမ်တာဝန် ခပ်များများသည် အန်တီစိမ်းဆီ ရောက်လာခဲ့၏။ တစ်ဖန် မောင်အငယ်က အိမ်ထောင်ပြုပြန်သည်။ ကံအကြောင်းတရားများက မျက်နှာသာမပေးသောအခါ ယောက်မဖြစ်သူမှာ ဒုတိယသားလေး တစ်နှစ်ကျော်ကျော် အရွယ်ရောက်ချိန်တွင် ကွယ်လွန်သွားပြန်လေသည်။ ထိုသောအခါ အားငယ်စိတ်လျှော့နေသော မောင်ငယ်နှင့် မိတဆိုးတူလေးနှစ်ဦးကိုပါ ခေါ်ယူ၍ ကျွေးမွေးပြုစုခဲ့ရပြန်လေသည်။

အန်တီစိမ်းသည် သူ့အလုပ်ခွင်သို့ရောက်ရှိနေချိန်၊ မိခင်ကြီး သက်သောင့်သက်သာရှိစေရန် ကူဖော်လောင်ဖက် မိန်းကလေးတစ်ဦးသို့မဟုတ် နောက်တစ်ဦးကို အမျှင်မပြတ် မွေးမြူပေးခဲ့၏။ စနစ်တကျမဟုတ်သော်မှ လက်ခံနိုင်သောအဆင့်သို့ ရောက်ရှိအောင် သင်ကြားပေးခဲ့မြဲ ဖြစ်ပါသည်။ သို့သော် မည်မျှပင် လက်သားကျနေသော မိန်းကလေးတစ်ဦးဖြစ်စေဦးတော့ ဘွားမြိုင့်သဘောနှင့်တော့မတိုက်ဆိုင်တတ်ပြန်ချေ။ အန်တီစိမ်း အိမ်တွင် မရှိသည်နှင့် မီးဖိုဆောင်သို့ စိတ်ကြိုက်ဝင်ပြီး–

‘ဟင်၊ ဒါနဲ့ ငါးဆေးနေတယ်၊ ငါ အမြဲဆန်ဆေးနေကျဇလုံ’

‘ညစာကို ဆန်လေးဘူးတောင် တည်သလား၊ နေ့တိုင်း ငါ သုံးဘူးပဲ ချက်နေကျ’

'ထဘီကို ဆပ်ပြာနဲ့လျှော်ရတယ်လို့ပဲ၊ ဘယ်လို ပိုက်ဆံခံနိုင်မလဲ၊ ဆပ်ပြာတွေတိုက်တော့ အဝတ်လည်းဆွေး၊ ရေကလည်း ကုန်'

ကလေးမလေးက အန်တီစိမ်း ဒီလိုပဲ မှာထားခိုင်းထားတယ်ဟု ပြန်လည် ရှင်းပြလျှင်လည်း–

'ဒီအိမ်မှာ သူက အမေဖြစ်နေပြီး နေရာတကာ သူဆရာချည်းပဲ' ဟု ပြောကာ အန်တီစိမ်းအပေါ် မကြည်မလင် ဖြစ်နေပြန်လေသည်။

ညဘက် စောစီးစွာ အိပ်ရာဝင်လေ့ရှိသော ဘွားမြိုင်သည် နံနက် စောစော ထမြဲဖြစ်၏။ မီးဖိုတွင်ဝင်၍ ချက်လိုက်ပြုတ်လိုက်သည်မှာ ညဥ့်ဦးက အန်တီစိမ်း စီစဉ်ထားသမျှ ပြောင်းပြန်ဖြစ်သွားတတ်၏။ အိမ်ဖော်ကလေးမ မဆိုထားနှင့် အန်တီစိမ်းပင် ဝင်ရောက်မစွက်ဖက်ရဲ။

မိန်းကလေး စာတတ်ရင် ရည်းစားစာပဲ ရေးမှာပေါ့ဟူသော ခေတ်ကလူဖြစ်ခဲ့သော ဘွားမြိုင်သည် စာအနည်းငယ် ဖတ်တတ်သော်လည်း မည်သည့်စာအုပ်ကိုမျှ ဖတ်လေ့ဖတ်ထမရှိ။ မျက်စိတွေက စာဖတ်လို့မကောင်းတော့ပါဘူးကွယ်ဟု ပြောလေ့ရှိသော ဘွားမြိုင်သည် မီးဖိုချောင်ကိုတော့ အထူးတလည် စိတ်ဝင်စားလေသည်။ စိတ်ပါ လက်ပါ လက်စွမ်းပြလေ့ရှိ၏။

သို့သော် ဘွားမြိုင်၏ အသက် စိန်ရတုကို ကျော်လွန်လာသော အခါ မထင်မှတ်သော အခက်အခဲလေးများ ပေါ်ပေါက်လာလေသည်။

'အန်တီစိမ်း၊ ဒီနေ့ သားကိုထည့်ပေးလိုက်တဲ့ ဟင်းကြီးက သိုးနေလို့ ဘယာကြော်နှစ်ချပ်နဲ့ ရေအဝသောက်ခဲ့ရတယ်'ဆိုတာမျိုး။

'ကျွန်တော်တို့အိမ်က ပိုးဟပ်ကောင်လုံးကြော်ချက်တွေ ဘာတွေ လည်း စားတတ်တယ်နော် မမ'ကဲ့သို့မျိုး–



'အန်တီစိမ်းရေ၊ ဒီမှာ လာကြည့်ပါဦး၊ သားဖို့ ထမင်းမရှိတော့ဘူး' ဆိုတာမျိုး စသည့် ပြဿနာလေးများ မကြာခဏ ပေါ်ပေါက်လာတတ် လေသည်။

ဘွားမြိုင်သည် ရပ်ကွက်အတွင်း အသံချဲ့အော် တကျော်ကျော် ဖြင့် 'ကျောင်းအစ်မကြီး ဒေါ်လှမြိုင်က နိဗ္ဗာန်အကျိုးမျှော်ကိုး၍ စနေ ပတ် ဆွမ်းဒါနအတွက် အလှူတော်ငွေ နှစ်ဆယ့်ငါးကျပ်၊ သုံးဆယ်ကျပ်' စသည့် အလှူအတန်းမျိုးကို လက်လွတ်မခံ အစဉ်ထာဝရ လှူဒါန်းမြဲဖြစ် သော်လည်း အိမ်ရှိပစ္စည်းလေးမျိုးကိုမူ သူ အင်မတန်နှမြောတတ်၏။

ပထမနေရာတွင် ယူထားသော ပစ္စည်းမှာ ဆန် ဖြစ်လေသည်။ ဘွားမြိုင်သည် ထမင်းစားညှက်၏။ ထို့ကြောင့် တစ်ပါးသူကို သူ့ကိုယ် နှင့် နှိုင်းယှဉ်လေသလား မပြောတတ်။ လူခြောက်ဦးရှိသော မိသားစု အတွက် ဆန်နှစ်ဘူးခွဲပင် တည်ပေးလေ့ရှိပါသည်။ မြေးများ လူလား မြောက်လာချိန်၌ ထမင်းမလောက်ဘူး အမေရယ်၊ ပိုချက်ပေးပါ အတန်တန်တောင်းပန်မှ သုံးဘူးခွဲတည်ပေး၏။ ဒါတောင် မကြာမကြာ အန်တီစိမ်း အမေ မသိအောင် ဆန်တစ်ဘူးလောက်ထပ်၍ ချက်ချက် ပေးရတတ်ပါသည်။ ဘွားမြိုင်သည် ထမင်းကို မည်သူတည်ပေးသည် ကိုမျှ မကြိုက်။ ဆန်ကို ကိုယ်တိုင်ဆေး ကိုယ်တိုင်ချက်၏။ မိခင်ကြီး ထမင်းရည်ပူ လောင်မှာစိုး၍ ပေါင်းအိုး (Rice-cooker)ဝယ်ပေးသည့် နေ့က ပိုက်ဆံ အကုန်ရှာတယ် တဖွဖွပြောပြီး အန်တီစိမ်းကို နှစ်ရက် ခန့် စိတ်ကောက် နေလေသည်။

ဘွားမြိုင် ဒုတိယ အမက်မောဆုံးပစ္စည်းမှာ ရှေးသရောအခါက သူ ပိုင်ဆိုင်ခဲ့သော ပရိဘောဂများပင်ဖြစ်၏။ နှစ်ပေါင်း ရှစ်ဆယ်ကျော်

ကိုးဆယ်မက ကာလကပြုလုပ်ခဲ့သော ဘွားမြိုင်၏ ကြောင်အိမ်မှာ တချို့နေရာများ ဆွေးမြည့်နေပြီး ပိုးစားလောက်ကိုက်ဖြစ်နေသောကြောင့် ကြောင်အိမ်ဆိုသည့်အတိုင်း ကြောင်ပဲလုံတော့သည်။ ကြွက်ဝင်နိုင်သည့်အပေါက်ကို သံပြားနှင့် ဖာထေးထားသောကြောင့် ကြာသပတေး ဂြိုဟ်သားတစ်ဦးသာ လက်မှိုင်ချနေခြင်းဖြစ်သော်လည်း အခြားအိမ်မြှောင်၊ ပိုးဟပ်၊ ပုရွက်ဆိတ်စသော အကောင်သေး အကောင်မွှားအားလုံး ဝင်၏။ အမေရယ်၊ ကြောင်အိမ်ကြီးက ဟောင်းဆွေးနေပါပြီ၊ အသစ်လေးတစ်လုံးဝယ်ရအောင်နော်ဟု ပူဆာမိသဖြင့် ငါသေမှ ညည်းတို့ လုပ်ချင်တာလုပ်ကြလို့ ပြန်အအော်ခံရပြီးကတည်းက အနီကြောင်အိမ်ကြီးသည် အိမ်ရှိလူအားလုံး ထိုင်၍ အကန်တော့ခံပစ္စည်းနေရာတွင် ယူလာခဲ့ပေသည်။ ဤကြောင်အိမ်ထဲတွင် ထည့်ထားသော ညကျန်ဟင်းကို ဘွားမြိုင်ကိုယ်တိုင် နွေး၍ သားများ၊ မြေးများ၏ ထမင်းချိုင့်ကို သူကိုယ်တိုင် စီစဉ်ပေးလိုက်သောအခါ သိုးသည့်အခါ သိုးနေ၍ ပိုးဟပ်သေ ပါသည့်အခါ ပါသွားခြင်း ဖြစ်လေသည်။

အမေရယ်၊ အိမ်မှာ ကလေးမလေးလည်း လုပ်တတ်နေပြီပဲဟာ၊ ပြီး သမီးလည်း လုပ်လို့ရတာပဲ၊ တောင်းပန်ကြည့်ဖူး၏။ ချော့ကာ မော့ကာ လေပြည်ထိုးကြည့်၏။

'ငါက အိပ်ရေးဝနေတာပဲ၊ မထဘဲ ဘာလုပ်နေရမလဲ၊ ငါ တစ်သက်လုံး လုပ်လာတာ'

တောင်းပန်သူအပေါ် မကျေနပ်ခြင်းဖြင့်သာ အဆုံးသတ်လေသည်။ လျှပ်စစ်ခါတ်အားခ သို့မဟုတ် မီတာခသည် တတိယနေရာတွင် ယူထားသော ဘွားမြိုင် ကုန်ကျမည်စိုးသည့်ပစ္စည်း ဖြစ်လေသည်။



အိမ်ရှိ အဝတ်အထည်အားလုံး လျှော်ဖွပ်ပြီးခြောက်သွေ့သွားသည်နှင့် မီးပူတိုက်သည့် လုပ်ငန်းကို ဘွားမြိုင် စတင်လေ့ရှိပါသည်။ 'မလုပ်ပါနဲ့ အမေရယ်'ဟု တား၍မရ၊ ဆီး၍မနိုင်။ အန်တီစိမ်း အလုပ်သွားချိန်၊ အိမ်ဖော်မလေး အိမ်အလုပ်တစ်ခုခုနှင့် မအားမလပ်ဖြစ်နေချိန်များ၌ ဘွားမြိုင် တာဝန်ယူလေ့ရှိ၏။ ကလေးမလေးက ဘွားမြိုင်ထက် ရှေးဦးစွာ မီးပူတိုက်နေလျှင်လည်း 'ဖယ် ဖယ်၊ ညည်း တခြားလုပ်စရာရှိတာသွားလုပ်၊ ဒါ ငါလုပ်မယ်' ပြောလည်းပြော၊ တစ်ခါတစ်ရံ တံတောင်နှင့်ပင် တွက်၍ လွှတ်တတ်သေး၏။

မြေးများ၏ ဘောင်းဘီရှည်များ ချုပ်ရိုးအတိုင်း အပြားလိုက်ခေါက်ထားခြင်းမျိုး၊ စတစ်ကာ (Stiker) ပါသည့် တီရှပ်များကို မီးပူနှင့် ဖိထားခြင်းမျိုး၊ အပေါ်ယံအလွှာကသာလျှင် ပြန့်နေ၍ အောက်အလွှာများ တွန့်ကြေနေခြင်းမျိုးများကို ဘွားမြိုင် လုပ်ပေးလေ့ရှိ၏။ အိမ်ကလည်း ကျဉ်းရုံမက အိမ်ရှိ ဗီရိုအားလုံးမှာ ဘိုးတော်ဘုရားလက်ထက်က ပစ္စည်းဖြစ်သဖြင့် သော့ခတ်ထားဖို့ရန် သော့တံများအားလုံး မရှိတော့သောကြောင့် လျှော်ပြီး အဝတ်အထည်များကို သိုဝှက်သိမ်းဆည်းထားရန်နေရာလည်း မရှိတော့ပြန်ချေ။ ထိုသောအခါ အသံထွက်ရသူမှာ အန်တီစိမ်းသာလျှင် ဖြစ်ရလေတော့သည်။

'ကလေးတွေ သူတို့ဘာသာသူတို့ မီးပူတိုက်တတ်နေပြီ၊ အမေ မီးပူမတိုက်နဲ့တော့နော်၊ မီးပူဆိုတာ ခါတ်လိုက်တတ်တယ် အမေရဲ့၊ ဒီလောက် အသက်ကြီးလာပြီပဲဟာ ဇိမ်နဲ့နေတော့ပေါ့'

အမေ လုပ်ထားတာတွေကြောင့် ဘယ်ရွှေ့ဘယ်မျှ အဆင်မပြေဖြစ်ရသည်ဆိုတာမျိုးကို လေသံမှ မဟရဲ။

'ဘာလဲ၊ ညည်းတို့က ငါလုပ်ပေးတာ မကြိုက်ကြတော့ဘူးပေါ့၊ ငါက ဒီအိမ်မှာ လူပိုကြီးဖြစ်နေပြီပေါ့၊ ဟိုဟာဆိုလည်း မလုပ်နဲ့၊ ဒီဟာဆိုလည်း မကိုင်နဲ့၊ တစ်ခါလာ ဒီအသက်ကြီးတာကိုပဲထည့်ထည့်ပြောနေ၊ ညည်းတို့ရော မအိုကြတော့ဘူးလား'

အန့်တီစိမ်း စိတ်မောရခြင်းဖြင့် အဆုံးသတ်၏။ တစ်သက်တာလုံး ပြုစုစောင့်ရှောက်လာခဲ့သော သမီးအပေါ် ကြည်ဖြူနှစ်လိုသော လေသံဖြင့် တစ်ခါမျှ မပြောဖူးခဲ့။ ဤမျှ အမြဲတစေလို မကျေနပ်ခြင်းခံနေရသော အန့်တီစိမ်း ကိုယ်တိုင်သည်ပင် ဘွားမြိုင်၏ လေးစုမြောက်အတွန့်တိုဆုံးအရာ ဖြစ်လေသည်။

နံနက် ရှစ်နာရီခွဲမှ မွန်းလွဲသုံးနာရီခွဲအထိ အန့်တီစိမ်း၏ အလုပ်ခွင်ကို သွားရောက်နေခြင်းအတွက် ဘွားမြိုင် ကြည်ဖြူသော်လည်း ကျောင်းတာဝန်ရှိ၍ စောသွားရခြင်းမျိုး၊ အစည်းအဝေးကြောင့် အိမ်ပြန်နောက်ကျရခြင်းမျိုးတို့ကို ကြုံတိုင်း-

'ကျောင်းဂျူတီကလည်း တီတီနိုင်လွန်း' .

'စည်းဝေးကလည်း မကြာခဏပဲ၊ ဘာတွေများ ဝေးနေလည်း မသိပါဘူး'

ဘွားမြိုင် တဖျစ်တောက်တောက်ပြောတတ်၏။ ကျောင်းအားရက်သာရေးနာရေးရှိ၍ 'သမီး အပြင်ခဏ သွားလိုက်ဦးမယ် အမေ'ဟု ခွင့်တောင်းသည့်အခါတိုင်း သွားပါဟု လိုက်လျောလေ့ရှိသော်လည်း မျက်နှာမှာ မသာမယာ ရှိတတ်ပြန်လေသည်။

ခေတ်အခြေအနေအရ မောင်ငယ်နှစ်ဦးလုံး ပြည်ပသို့ သွားရောက်စီးပွားရှာကြသောအခါတွင် မိခင်ကြီးနှင့် ကျောင်းတက်ဆဲ တူလေး



နှစ်ယောက်၏တာဝန်ကို အဝေးရောက် မောင်များ၏ကိုယ်စား နှစ်ဆတိုး၍ ထမ်းရမည်ကို အန့်တီစိမ်း အသိစိတ်တွင် မှတ်ယူခဲ့ပြီးဖြစ်၏။ ငါ အလုပ်သွားနေသမျှ ငါ့အမေ မီးဖိုထဲက ထွက်ရတော့မှာ မဟုတ်ပါဘူး အတွေးဖြင့် အငြိမ်းစားယူပြီး ဆရာမဘာဝကို ခွါချကာ ခန္ဓာဘဝသို့ ခြေစုံပစ်ဝင်ခဲ့လေသည်။ ဤသည်မှာပင် ဖွားမြိုင်၏ မကျေနပ်ချက်တို့ သန္ဓေတည်လေသလား ထင်မှတ်ရလေသည်။

မိခင်ကြီးအကြိုက် တစ်နေ့တစ်မျိုး ချက်ပြုတ်ပြီး ထမင်းဝိုင်းတွင် 'အမေ၊ ဒီနေ့ အမေ့အကြိုက် ပုစွန်လေ၊ စားလို့ကောင်းရဲ့လား' စသည်ဖြင့် နေ့စဉ်လို မေးမြန်းဖြစ်တိုင်း-

'သင့်ပါတယ်၊ နည်းနည်းပဲ စပ်တယ်'

'ကြက်သားဟင်းက အရည်များတော့ ပေါ့ရွတ်ရွတ်နဲ့'

'ခံတွင်း မတွေ့လှပါဘူး၊ ဟင်းက ဆမ်းစရာ အရည်မှ မရှိဘဲ'

ဘယ်သောအခါမှ 'ဒီနေ့တော့ ထမင်းမြိန်တယ်ကွယ်' ဆိုတာမျိုး ဘွားမြိုင်ဆီမှ မျှော်လင့်၍မရ။ ဘွားမြိုင်သည် အန့်တီစိမ်းအား ကွယ်ရာတွင် အိမ်က မသြဇာဟု ကင်ပွန်းတပ်လေ့ရှိကြောင်း သိထားသူ အန့်တီစိမ်းအဖို့ ချက်ပြုတ်ကျွေးမွေးသမျှကို သင့်ပါတယ်ဟု ပြောခံရရုံနှင့်ပင် အကျေနပ်ကြီး ကျေနပ်ရမည့် အခြေအနေ ရှိပေသည်။

အမှန်အားဖြင့် မသြဇာဘွဲ့ခံ အန့်တီစိမ်းမှာ မည်သည့် သြဇာအာဏာမျှ ရှိသည်မဟုတ်။ သားများဆီမှ လစဉ်ပို့ပေးသောငွေများနှင့် သင့်လျော်ရုံသာ အန့်တီစိမ်းအား ဈေးဖိုးပေးတတ်၏။ ဘွားမြိုင်တို့ခေတ်နှင့် ယှဉ်လိုက်ပါက အဆပေါင်းရာထောင်ချီ၍ မြင့်တက်လာသော

ကုန်ဈေးနှုန်းအကြောင်း တွက်ချက်ပြပြီး ဈေးဖိုးထပ်တောင်းရသည့်အခါတိုင်း အန်တီစိမ်း အထူး စိတ်ညစ်မိ၏။

'ညည်းတို့ ဈေးငွေက ကျတယ်ပဲ မရှိဘူး၊ အမြဲအတက်ချည်းပဲ'

ဘွားမြိုင် ရေရွတ်လေ့ရှိ၏။

မောင်ငယ်နှစ်ဦး ပင်လယ်ရပ်ခြားသို့ ရောက်ရှိနေသည့်ကာလများသည် ရာသီတွေ တစ်ခုပြီးတစ်ခုကို ကျော်ဖြတ်သွားခဲ့သည်မှာ ငွေရတုကိုပင်တိုင်ခဲ့သည့် ကာလတစ်လျှောက် ဘွားမြိုင် ဤသို့ ပြောဆိုခြင်းမျိုးကို ခံခဲ့ရသည့်အကြိမ်များမှာ မရေတွက်နိုင်တော့။

'ငါ့မောင်တို့ရေ၊ မင်းတို့မှာတော့ လစဉ်ပုံမှန် သုံးငွေလေးပို့ရတာနဲ့ သားတွေကောင်းလို့ ဒီလို နေနေနိုင်တာလေ ဆိုတာမျိုးနဲ့ ငြိမ့်နေကြ၊ ငါ့မှာတော့ လင်မယူဘဲ ထောင်ကျနေတာ နင်တို့ မသိကြဘူးနော်'

အန်တီစိမ်း အခါခါ ရင်တွင်း၌ ညည်းမိ၏။

ဘွားမြိုင် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်း ရောက်ရှိစဉ် ကပင် ကိုယ်ပိုင်သွားများ မရှိတော့သည့်အတွက် သွားတုအခွေများ ပြုလုပ်ပေးထားရ၏။ ထိုသွားတုများ သက်တမ်း တစ်ဆယ်ကျော်ငါးနှစ်ပတ်လည် တိုင်လာသောအခါ သွားချေးများ တက်လာခြင်းကြောင့် အဆင်မပြေဖြစ်လာပြီး နောက်တစ်ကြိမ် အခွေသစ် ပြန်လည်ပြုလုပ်ပေးရပြန်သည်။ သွားစိုက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းမှာ အလွန်အချိန်ယူရသည်ဖြစ်ခြင်းကြောင့် လေးငါးကြိမ်မက သွားချည်ပြန်ချည်လုပ်ရသည်ကို ဒီဆရာဝန် သွား လုပ်တာကလည်း ကြာလိုက်တာ၊ ဒီလောက်သွားသွားနေရတာ မတော်ဆိုဘယ်ခံနိုင်ပါ့မလဲဆိုပြီး မကြည်



မလင် ဖြစ်နေပြန်လေသည်။ နောက်ဆုံးအကြိမ် သွားများတပ်ဆင်ရန် သွားရသည့်နေ့က အိမ်မှ ကားမထွက်မီ–

'ဒီနေ့ အပြန် လာမကြိုဘူး အမေ၊ တိုးတိုးကို ကားငှားခိုင်းပြီး ပြန်ခဲ့နော်'ဟု အန်တီစိမ်း အသေအချာမှာလိုက်၏။ တိုးတိုးဆိုသူမှာ ဘွားလေးကြိုင်၏ သမီးဖြစ်ပြီး အန်တီစိမ်းနှင့် ကျောင်းချင်းကပ်လမ်းတွင် နေထိုင်သူဖြစ်၏။ သူမမှာ ဗိုလ်ချုပ်ဈေးတွင်ဆိုင်ထွက်၍ ဆိုင်သိမ်းအပြီး ဘွားမြိုင်ကို သွားဆရာဝန်ထံ ပြသပေးခြင်း၊ စောင့်ပေးခြင်းမျိုး အမြဲလုပ်ပေးသူဖြစ်လေသည်။ ကိုကြီးရော ကိုငယ်ကိုပါ ဘွားမြိုင် ပြန်ချိန်တွင် မအားလပ်ကြ၍ ခါတိုင်းကဲ့သို့ စောင့်၍ခေါ်ခြင်း၊ လိုက်၍ ကြိုခြင်းများ မလုပ်နိုင်ကြသောကြောင့် ဤသို့ မှာလိုက်ရခြင်းဖြစ်လေသည်။ ညနေ ခုနစ်နာရီကျော်သောအခါ တယ်လီဖုန်းမြည်လာချေ၏။ တိုးတိုး၏ စိတ်မရှည်နိုင်သော လေသံသည် ဝိုင်ယာကြိုးမှတစ်ဆင့် ဖောက်ထွင်း ထွက်ပေါ်လာလေသည်။

'အိမ်ကကား ထွက်လာပြီလား၊ ကြီးမြိုင်က အငှားကား မစီးချင်ဘူးတဲ့'

အိမ်မှာ ကားမရှိပါ။ အငယ်ကောင်ကျူရှင်တက်ရာသို့ ယူသွား၏။ အကြီးကောင်မှာ သူ၏ သူငယ်ချင်းတစ်ယောက် ဆုံးပါးသွားသဖြင့် သွားရောက်ကူညီနေ၏။ ထိုအကြောင်းများကို ခရေစေ့တွင်းကျ ရှင်းလင်းမပြမိခဲ့သော မိမိကိုယ်ကိုသာ အန်တီစိမ်း အပြစ်ဖို့ဖို့ ရှိလေတော့သည်။ ထိုနေ့က အန်တီစိမ်းကိုယ်တိုင်လည်း အအေးမိပြီး ဖျားနေခဲ့ပါသည်။ မတတ်သာသည့်အဆုံး ဖျားလျက်ကပင် ဘတ်စ်ကားနှစ်မှတ်တိုင်စာ အကွာလောက်တွင်ရှိသော ကိုငယ်၏ ကျူရှင်သို့ ဆိုက်ကားဖြင့်လိုက်ပြီး အကျိုးအကြောင်း ပြောပြရသည်။

ထိုနေ့က ကိုယ့်အတွက် တစ်နေ့ ကျူရှင်ခ တစ်ရာမျှတန်သော သင်တန်းကို ဖျက်ခဲ့ရ၏။

တိုးတိုးမှာ အိမ်ကကားလာကြိုမယ်ဟု ဘွားမြိုင်ပြောထားသဖြင့် ထိုအကြိုလာမည့်ကားကို ရွှေဘုံသာလမ်း အထက်အောက် စုန်ချည် ဆန်ချည် ခြေတိုမတတ် ခေါင်းနောက်အောင်လိုက်၍ ရှာဖွေနေခဲ့ရ၏။

နေ့စဉ် ညနေ ငါးနာရီ ခြောက်နာရီ ဝန်းကျင်တွင် အိမ်သို့ ပြန်ရောက်နေကျ တိုးတိုးမှာ ညကိုးနာရီကျော်မှ ခြံဝသို့ ခြေချနိုင်ခဲ့ လေသည်။

နောက် နှစ်ရက် သုံးရက်အကြာတွင် ဘွားမြိုင် အဘယ်ကြောင့် အန်တီစိမ်း အသေအချာမှာခဲ့သည့် စကားကို မေ့လျော့ပစ်ကြောင်းကို အိမ်ဖော်မိန်းကလေးမှတစ်ဆင့် အဖြေရခဲ့လေသည်။

အငှားကားနှင့်ပြန်လျှင် အပိုပိုက်ဆံ ကုန်နေမှာပေါ့ ဟူသတည်း။ စရိတ်မှာ အငှားကားခထက် နှစ်ဆမက ပို၍ ကုန်ကျသွားကြောင်း ကိုတော့ အန်တီစိမ်း ရှင်းလင်းပြောပြမနေနိုင်တော့ပေ။

မိဘတစ်ဦးက သားသမီး ဆယ်ဦးကို ကျွေးမွေးနိုင်ပေမယ့် သားသမီးဆယ်ဦးက မိဘတစ်ဦးကို ပြန်ပြီး မကျွေးမွေးနိုင်တတ်ကြဘူး ဆိုသည့် ရှေးစကားတစ်ရပ်ကို အန်တီစိမ်း ငယ်စဉ်က ကျွန်မတို့ ကြီးလာရင် စောင့်ကြည့်ကြဟု ကြုံးဝါးခဲ့သူ အန်တီစိမ်း၊ ယခု ကိုယ်တွေ့ကြုံတော့ တစ်ခါတစ်ရံ အမေနှင့် ဝေးရာကို ထွက်ပြေးချင် မိ၏။ အိမင်းမစွမ်းဖြစ်နေသူ မိခင်အတွက် ဆောင်ရွက်ပေးသမျှ ကျေးဇူး အတင်မခံရ ရှိစေဦးတော့။ အဆင်တပြေလေးရှိလျှင်ပဲ အန်တီစိမ်း ဖြေသာပါသည်။ ယခုအချိန်မှာတော့–



တစ်နေ့ အန်တီစိမ်း တစ်လစာ မီးဖိုသုံးပစ္စည်းများ ဝယ်ခြမ်းလာ ရာမှ အပြန်တွင် အိမ်ရှေ့ဝင်းတံခါးအနီး၌ ဓားမတစ်ချောင်းကိုကိုင်၍ ကုန်းတိ ကုန်းကွဖြင့် အလုပ်ရှုပ်နေသော ဘွားမြိုင်ကို တွေ့လိုက်ရသည်။ စိမ်းစိုနေသော သစ်ရွက်သစ်ကိုင်းများမှာ ဘွားမြိုင်၏ဘေးတွင် အစု လိုက် အပြုံလိုက်။

'လုပ်ရက်လိုက်တာ အမေရယ်' အန်တီစိမ်း ထိန်းနေလျက်က ပါးစပ်မှ အသံထွက်ဖြစ်၏။ အိမ်ဝင်းပတ်လည် အလှဆင် စိုက်ပျိုး ထားသော ဂမုန်းပင်မျိုးစုံနှင့် စက္ကူပန်းရောင်စုံတို့အားလုံး မြေခသွားခဲ့ ပြီတည်း။ အန်တီစိမ်း မရှိခိုက် မြောင်းရှင်းသမားကို ဘွားမြိုင်စိတ်ကြိုက် ခိုင်းစေထားခြင်း ဖြစ်လေသည်။

'ဒီ မချစ်စုပင်ကို ညည်းအပင်တွေက တွယ်တက်နေတော့ အပင် နာတာပေါ့၊ သရက်သီးကမှ စားရတာ၊ ပြီး ရောင်းစားရင် ပိုက်ဆံ ဖြစ်တယ်'

ခြံထောင့်တွင် တစ်ပင်တည်းရှိသော မချစ်စုသရက်ပင်မှာ ဘွားမြိုင် ၏ အသက်တည်ရာဌာနလား အောက်မေ့ရ၏။ သူ၏ သရက်ကိုင်းသို့ အန်တီစိမ်း၏ အပင်တစ်ခုခု နွယ်ပတ်တက်လိုက်သည်နှင့် အပြစ်တင် စကား ဆိုတတ်သောကြောင့် အမြဲလို အန်တီစိမ်းသတိထား၍ ရှင်းလင်း ပေးသည့်ကြားက ဤသို့ခုတ်ထွင်လိုက်ခြင်း ဖြစ်လေသည်။

'သြော်၊ အသက်ငါးဆယ်ကျော်တာတောင် ငါ့မှာ ဘာမှ လုပ်ပိုင် ခွင့် မရှိပါလား၊ ပိုက်ဆံကလည်း မရှိ၊ အနည်းဆုံး တိုက်ခန်းလေး တစ်ခန်းဝယ်နိုင်တောင် ဝရန်တာမှာ ငါ စိုက်ချင်တာလေးတွေ စိုက်လို့ ရဦးမယ်၊ ခုတော့'

သည်လို ကိစ္စမျိုးကြုံတိုင်း တစ်လ တစ်ရက်လောက်ဖြစ်ဖြစ် ကိုယ်ပိုင် စိတ်ကြိုက်နေရာလေးတစ်ခုတွင် သွားပြီး နားလိုလှပေသည်။ သြော် ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဆန္ဒမျိုးပါလား။ အန်တီစိမ်း မိမိကိုယ်ကို မိမိ ဆုံးမရပြန်၏။

ဘွားမြိုင်၏ အိမ်လေးသည် အိမ်သက် ခြောက်ဆယ်ကျော်ရှိမက ရှိလာ၍ တချို့နေရာများ လေဒဏ်မိုးဒဏ်ကြောင့် ဆွေးလာပြီဖြစ်သည် ထက် ပတ်ဝန်းကျင်ရှိ ငါးထပ် ခြောက်ထပ် တိုက်ခန်းများပေါ်မှ ဖိုးခနဲ ဖတ်ခနဲ ကျဆင်းလာလေ့ရှိသော စွန့်ပစ်ပစ္စည်းများဒဏ်ကြောင့် အိမ်မိုးသွပ်ပြားများကို ပွေးလျက်နှင့် မရ ရအောင် ဖာထေးစေ၏။ သို့အတွက် မိုးရာသီတစ်လျှောက်လုံး သကြိန်ကျနေသလား ထင်မှတ်ရလေသည်။

'ဘယ်တော့များမှ သန့်သန့်ရှင်းရှင်း သေသေသပ်သပ်လေး ငါ နေရပါ့' အန်တီစိမ်း တောင့်တမိပြန်၏။

ကိုယ်ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံးအတွက် စိုးရိမ်ကြောင့်ကြ ကြီးခဲ့သော ဘွားမြိုင် အသက်ကိုးဆယ့်တစ်နှစ်အတွင်းသို့ အရောက်တွင် ဝမ်းကိုက်ရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။ ရပ်ဝေးသို့ရောက်နေသော မောင်ငယ်နှစ်ဦးတွင် အငယ် မောင်မြင့်ဟန် တစ်ယောက်တည်းသာ ပြန်လာနိုင်ခဲ့၏။ အကြီး မောင်ဝင်းထွန်းမှာ အလုပ်မှ ခွင့်မရ၍ မရောက်လာနိုင်ခဲ့။

ဘွားမြိုင်အသုဘ မြေကျပြီးချိန်တွင် အန်တီစိမ်း မထင်မှတ်သော စကားတစ်ခွန်းကို မောင်ငယ်က စတင်ပြောလာတော့ အံ့သြဝမ်းသာသွားမိလေသည်။



'မမ စိတ်မကောင်းတော့ မဖြစ်ပါနဲ့၊ အမေ့အိမ်ကလည်း အရမ်းဆွေးနေပြီဆိုတော့ ဒီအိမ်ကိုဖျက်ပြီး ငါးထပ်ဖြစ်ဖြစ် ခြောက်ထပ်ဖြစ်ဖြစ် ဆောက်လိုက်ရအောင်၊ ကန်ထရိုက်လက်ထဲပဲ အပ်ရမှာပေါ့၊ ဒီကြားထဲ မမ နေလို့အဆင်ပြေအောင် စိတ်ကြိုက်အခန်းလေးတစ်ခန်း ရှာကြတာပေါ့၊ အမေလဲ မရှိတော့ဘူးဆိုတော့ ဒီအိမ်လေးကို ဈေးသင့်ပြီး ခွဲလိုက်ကြရအောင်၊ ခေတ်ကာလ ပေါက်ဈေးအရ လေးဆယ့်ငါးဝန်းကျင်လောက်တော့ ရှိမယ် ပြောကြတယ်၊ ဒီတော့ မမ ဆယ့်ငါးသိန်းတော့ ယူပါ၊ ဒီကိစ္စကို ကျွန်တော်နဲ့ အစ်ကိုလည်း တိုင်ပင်ခဲ့ပြီးပါပြီ၊ ဒီအိမ်ဆောက်ပြီးတော့လည်း မမ ကြိုက်တဲ့အခန်းကို ပြန်ယူလို့ရပါတယ်'

မောင်ငယ် မောင်မြင့်ဟန်သည် အန်တီစိမ်း တစ်သက်တာလုံး နေထိုင်လာခဲ့သည့် ဤမြေ ဤနေရာကို တွယ်တာနေမှာပဲဟူသည့် ထင်မှတ်ချက်ဖြင့် ထိုမျှ တွေးတွေးဆဆ အစ်မဖြစ်သူကို ရှင်းလင်းပြောဆိုနေမှန်း ရိပ်စားမိသော အန်တီစိမ်း ရင်တွင်းမှာတော့—

'ငါ့မောင်ရေ၊ ဒီနေရာက လွတ်ရာကို သွားချင်နေတာ၊ နှစ်တွေကြာပေါ့၊ မင်းတို့ အိမ်ကြီးဆောက်ပြီးလည်း ဘယ်တော့မှ ပြန်လာမနေပါဘူးကွယ်' အသံတိတ်စကား ဆိုဖြစ်၏။

'အဆင်ပြေတဲ့ အခန်းလေးတစ်ခန်း ရှာကြတာပေါ့'ဟု မောင်ငယ် ဆိုမှ စကားကို ကြားရစဉ်က ဝမ်းပန်းတသာရှိခဲ့သော်လည်း တကယ် တမ်းအိမ်ခန်းတစ်ခန်း ရှာကြည့်သောအခါတွင်မူ အန်တီစိမ်း စိတ်ကြိုက် အခန်းသည် သိန်း ၂၀ ဝန်းကျင်သို့ ရောက်ရှိနေပြန်လေသည်။ မိမိထက်

အငယ် မောင်လေးဖြစ်သူထံမှ လိုနေသောငွေကို အစ်မ တစ်ဦးအနေဖြင့် မည်သို့ ထပ်မံတောင်းဆိုမည်နည်း။

'ဒီဘဝမှာ စိတ်ကြိုက်ဆိုတာမျိုးကို ကြုံဆုံခွင့်မှ ရှိပါဦးတော့မလား'

အန်တီစိမ်း ရင်ပူမိပြန်လေသည်။

သည်လိုနှင့် ဘွားမြိုင် အသုဘရက်လည်၍ မောင်ငယ်ပြန်ရမည့် အချိန်သို့ နီးကပ်လာသောအခါ အစ်မကြီး အမိရာ ဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုကို အန်တီစိမ်း သတိရသွားလေသည်။

'အမေ့ရဲ့ ရွှေတိုရွှေစများ'

'တရားမျှတစွာ ခွဲဝေရမည်ပေါ့'

ဘွားမြိုင်၏ ခုတင်အောက်မှ သေတ္တာကိုဆွဲယူလိုက်၏။ အပေါ်ယံတွင် အိမ်နေရင်း ဝတ်နေကျ လုံချည်လေးငါးထည်ကို ပထမတွေ့ရသည်။ အောက်ဘက်တွင် အလှူအတန်းသွားမှ၊ အပြင်သွားမှ ဝတ်ဖို့ဟု ပြောလေ့ရှိသော အဝတ်အထည်များ၊ သိုးမွေးစောင်များ အထပ်လိုက်။ လုံချည်အသစ်တစ်ထည်ကို ဆွဲထုတ်၍ ဖြန့်လိုက်မိသည်။ စက္ကူခေါက်လေးတစ်ခု ဖတ်ခနဲ ပြုတ်ကျလာ၏။ သြော်၊ ပိုက်ဆံတွေပါလား၊ နှစ်ရာကျပ်တန်တွေ။ တစ်ရွက်၊ နှစ်ရွက်၊ သုံးရွက်။ ပေါင်း ဆယ့်တစ်ရွက်။ နောက်တစ်ထည်။ နောက်တစ်ထည်။ သေတ္တာအောက်ဘက်တွင် ရှိသမျှ အင်္ကျီ လုံချည်၊ တဘက်၊ စောင် အားလုံး၏ အခေါက်များကြားတွင် ညှပ်၍ထားသော ပိုက်ဆံများ။ အားလုံးပေါင်းနှစ်သိန်းခွဲနီးပါး ရှိလေသတည်း။ 'ဖြစ်ရလေ အမေရယ်' ရင်ထဲတွင် စူးနစ်နာကျင်စွာ အန်တီစိမ်း ညည်းတွားမိလေသည်။

မိခင်ပိုင်ဆိုင်သမျှ ရွှေတိုရွှေစများ အပါအဝင် သေတ္တာတွင်းမှ ရရှိခဲ့သော ငွေအားလုံးကို မောင်ငယ်ရှေ့တွင် ချပုံပေးလိုက်ရင်း–



'အမေ့ပစ္စည်းတွေ မင်းတို့နဲ့လည်းဆိုင်တယ်'ဟု ပြောဖြစ်သည်။

မောင်ငယ်မှာ ပထမ အံ့သြသွားပြီးမှ ညင်သာစွာ ခေါင်းခါလိုက်ရင်း–

'မဟုတ်တာဘဲ မမရယ်၊ အမေ့ကိုလည်း မမပဲ တစ်သက်လုံး စောင့်ရှောက်လာတာပဲဟာ၊ ဒါတွေအားလုံး မမနဲ့ပဲ ဆိုင်ပါတယ်။ ပြီးတော့ ဟိုးအရင်အခေါက်တွေ ကျွန်တော် ပြန်လာတုန်းကလည်း အမေက ပြောဖူးတယ်၊ အမေ့ အတွင်းပစ္စည်းလေးတွေတော့ မင်းတို့ မမကိုပဲ ပေးလိုက်ပါတဲ့'

အန်တီစိမ်း နှုတ်အ သွားရချေတော့သည်။

'သြော်၊ အမေ'

'အရာရာကို ကုန်မှာကျမှာ အင်မတန်စိုးရိမ်ခဲ့တဲ့ အမေ'

'ကျောင်းအစ်မကြီး ဒေါ်လှမြိုင်ဆိုတဲ့ ဂုဏ်ပုဒ်ကို လေလှိုင်းသံထဲမှာတလူလူ လွင့်မျောလာခဲ့တာကို နားထောင်ရရုံလေးနဲ့ပဲ တစ်သက်လုံး ကျေနပ်သွားရှာတဲ့ အမေ'

ထိုအမေ၏ တစ်သက်တာ စုဆောင်းထားခဲ့သမျှသော ပစ္စည်းများ၏ အထောက်အပံ့ဖြင့် အန်တီစိမ်း လွတ်လပ်အေးချမ်းစွာ နေချင်လွန်းလှသော စိတ်ကြိုက် တိုက်ခန်းလေးတစ်ခန်းကို ဝယ်ယူနေနိုင်ခဲ့ပါသည်။

'ဒါပေမယ့် အမေရယ်၊

သမီး၊ လွတ်လပ်မသွားပါဘူး အမေ၊

ခုလည်းလေ သမီး ထောင်ကျနေဆဲပါပဲ၊

သမီး တောင့်တရတဲ့ အနှောင်အဖွဲ့ကင်းကင်းနဲ့ နေထိုင်ရခြင်းဆိုတာမျိုးကို သမီး ဒီဘဝမှာ ပိုင်ဆိုင်ခွင့်ရှိနိုင်မယ် မဟုတ်တော့ပါဘူး'

နလုံးသည်းပွတ်မှ ဆို့နင့်ကြေကွဲစွာ အန်တီစိမ်း တစ်ကိုယ်တည်း စကားဆိုဖြစ်၏။

မိခင်အပေါ်တွင် စိတ်မရှည်နားမလည်စွာ ထားခဲ့မိသော မနောက်နံ့ မြူမှုန်များဖြင့် ပိန်းပိတ်အောင်မှောင်နေသော ဝေဒနာအကျဉ်းထောင် အတွင်း၌ ကျခံနေရခြင်းအဖြစ်ကိုတော့ အန်တီစိမ်း တစ်ဦးတည်းမှ အပ မည်သူတစ်ဦးတစ်ယောက်မျှ သိနိုင်စွမ်းမည် မဟုတ်တော့ပေ။

[ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း။ ။မေ၊ ၂၀၀၂။ ]

***

## ဘဝနှင့် လဲလှယ်ယူရမည်ဖြစ်သော ပေဖေ့ အမွေ

ကျွန်မ သူ့ကိုစပြီးတွေ့ကတည်းက စိတ်ဝင်စားမိတာ။ သူ ဆိုလို့ ကျွန်မ နှင့် သက်တူရွယ်မျှ စတိုင်ကျကျ ကောင်လေးတစ်ယောက်လို့ မထင်မှတ် လိုက် ပါနဲ့နော်။ ကောင်မလေးပါ။ သူ့ရဲ့အသားအရောင်က ကျွန်မလိုပဲ ညိုစိမ့်စိမ့်လေးပါပဲ။ ဒါပေမယ့် ထူးခြားတာက ကျွန်မတို့မျက်နှာမှာ ရှိနေတဲ့ ဝက်ခြံဖုလိုမျိုး အနာအဆာလုံးဝမရှိဘဲ မွတ်ညက်သန့်စင်နေ တာပါ။ ပြီး မျက်ဝန်းအစုံက ရွှန်းစိုတောက်ပနေတာအပြင် နှာတံလေး က စင်းပြီး သူ့ကိုကြည့်လိုက်မိတာနဲ့ အဲဒီ ပေါ်ပေါ်ထင်ထင်နှာတံကို အရင်ဆုံးတွေ့ရသလား အောက်မေ့ရတယ်။ ကျွန်မမှာမရှိတဲ့ အရာတွေ သူ့မှာ ပြည့်စုံနေတာမို့ အလှအပကို ခုံမင်ဆဲဖြစ်တဲ့ တစ်ဆယ့်ကိုးနှစ် အရွယ် ကျွန်မ သူ့ကို သဘောကျနေမိတာ။

စိတ်ဝင်စားတာ၊ သဘောကျတာအပြင် ဒီထက်ပိုပြီး အမှတ် ထားမိတာက ကျောင်းဆင်းချိန်တိုင်း သူ့ကို သူ့အဖေက ပရိုတွန် အစ်စ်ဝါရာ (Proton Iswara) ကားအဖြူလေးနဲ့ လာလာကြိုတာ ပါပဲ။ ကျွန်မတို့နိုင်ငံသူ မဟုတ်တဲ့ သူ့ကို နေ့တိုင်းကြိုဆိုမယ့် အဖေ ရှိပေမယ့် တကယ့်နိုင်ငံသား အရင်းဖြစ်တဲ့ ကျွန်မကတော့ အငှားကား ဒါမှ မဟုတ်လဲ ဘတ်စ်ကားနဲ့ အိမ်ပြန်ရပါတယ်။ တကယ်တော့

ကျွန်မ အဖေမှာ အစ်စ်ဝါရာထက် နှစ်ဆ သုံးဆ ဈေးမြင့်တဲ့ မာစီဒီးကားကြီး ရှိနေတာပါ။ ဒါပေမယ့် ကျွန်မကို ကျောင်းကြို ကျောင်းပို့ လုပ်ဖို့မပြောနဲ့၊ ကျွန်မတို့ဆီ တစ်ပတ်တစ်ခါ လာဖို့လောက်တောင် အဖေ့မှာ အချိန် မရှိပါဘူး။

တာဝန်များတဲ့ အဖေ။

အလုပ်တွေနဲ့ ပိနေတဲ့ အဖေလို့ ပြောတာပဲ။

အင်းလေ၊ အဲဒီအကြောင်းတွေ ထားလိုက်ပါ။

သူနဲ့ ကျွန်မ ခုံချင်းကပ်ပြီး နေရာရတာကစပြီး သူနဲ့ ခင်မိသွားတယ်။ နေ့လယ်ဘက် အတန်းခဏနားချိန်လိုမျိုး၊ ကျောင်းစောစောပြီးတဲ့ နေ့လိုမျိုးတွေမှာ သူနဲ့ ပိုပြီး စကားပြောဖြစ်တယ်။ သူက မြန်မာပြည်က လာတာတဲ့၊ ကျွန်မဆိုတဲ့ ကျွန်မကလည်း ပထဝီတော်သလား မမေးနဲ့၊ မြန်မာပြည်ဆိုတာ ဘယ်နေရာကမှန်းမသိလို့ သူ့မှာ မြေပုံတွေ ဘာတွေတောင်ဆွဲပြီး ရှင်းပြရတဲ့ အထိပဲ၊ ကျွန်မတို့နိုင်ငံကို ရောက်တာ နှစ်နှစ်ရှိတော့မှ ဒီ Stamford College မှာ Private Secretary Diploma Course စပြီး တက်ဖြစ်တာတဲ့။ ဒီ့အရင်က သူ့အမေနဲ့အတူ မီးဖိုချောင်မှာကူညီချက်ပြုတ်တာ၊ ဇာထိုးပန်းထိုး အချုပ်အလုပ် အိမ်သန့်ရှင်းရေးဆိုတဲ့ အိမ်တွင်းအလုပ်တွေမှာပဲ အချိန်ကုန်နေခဲ့တာတဲ့။

အံ့ပါရော။

ကျွန်မသာ ဒါမျိုးတွေလုပ်နေရရင် သေတောင်သွားနိုင်တယ်။

အိမ်မှာဆို မနက်လာ ညနေပြန် လာလာကူလုပ်ပေးနေတဲ့ အိမ်ဖော် (maid) ရှိတော့ ကိုယ်စားပြီးသား ထမင်းပန်းကန်ကိုတောင် ဒီအတိုင်း ထားပစ်ခဲ့ရုံပဲ။



'ဪ၊ ဟာမီဒါတို့က ဒီနိုင်ငံသားတွေကိုး၊ အိမ်ဖော်ထားလို့ အဆင်ပြေတယ်လေကွယ်၊ ကိုယ်တို့ကျတော့ မလေးရှား ဘာသာစကားလဲ မတတ်တော့ သူတို့နဲ့ ဆက်ဆံဖို့ခက်တာအပြင် အပိုငွေသုံးဖို့ကို အတော် စဉ်းစားရတာ မဟုတ်လား၊ ကိုယ့်ဖေဖေ ရတဲ့ လခထဲက ဆယ့်ငါးရာခိုင်နှုန်းကို ဒီအစိုးရကို အမြတ်ခွန်ဆောင်ပြီး ဆယ်ရာခိုင်နှုန်းကို ကိုယ်တို့နိုင်ငံကို ပြန်အခွန်ပေးရတာ၊ contract နဲ့ အလုပ်က ဆက်မရတော့ဘူးဆိုရင် ဖျာလိပ်ပြီး ကိုယ့်ပြည် ကိုယ်ပြန်ရမှာလေ၊ ဟိုမှာ အလုပ်လက်မဲ့ဘဝနဲ့ နေထိုင်စားသောက်ဖို့လဲ ချန်ရသေးတာကိုး။

'ပြီးတော့ ကိုယ်တို့ မြန်မာအမျိုးသမီးအားလုံး ချက်ပြုတ် လျှော်ဖွပ် သိမ်းဆည်းဆိုတဲ့ အိမ်တွင်းတာဝန်ကို လုပ်တတ်မှ မိန်းမပီသတယ်၊ အိမ်တွင်းရေး သာယာမှုကိုဖြစ်စေတယ်ဆိုတဲ့ စိတ်ဓာတ်ဟာ မိရိုးဖလာ ဆင်းသက်လာတဲ့ လက်ဆင့်ကမ်းအမွေပဲ၊ ကိုယ့်အမေဆို ကိုယ့်ကို ရှစ်နှစ်အရွယ်လောက်ကတည်းက အိမ်အလုပ်ကို နည်းနည်းချင်း စပြီး သင်ပေးခဲ့တာ၊ အမေ အဲလို သင်ကြားပေးခဲ့လို့ ခု အမေနဲ့ ဝေးနေရတဲ့ အချိန်မှာ အဆင်ပြေနေတာပေါ့၊ မဟုတ်ရင် အခက်ပဲ၊ မချက်မပြုတ်တတ်ရင် ဆိုင်မှာချည်း ဝယ်စားရတော့မှာ၊ အပြင် အစားအစာဆိုတာ အကုန်အကျလဲများတယ် မဟုတ်လား'

အေးမြမြထွန်းက ရုပ်တင်ချောတာမဟုတ်ဘူး စကားပြောလဲ ကောင်းတော့ သူ စကားပြောရင် ငေးပြီး နားထောင်ရတယ်။

'အေအေတို့ နိုင်ငံမှာ ခုလို အင်္ဂလိပ်စကား ပြောကြတာလား ဟင်'လို့ မေးယူရတဲ့အထိပဲ။

သူက လွယ်လွယ် အသံထွက်လို့ရအောင် သူ့ကို အေးအေးလို့ ခေါ်တဲ့။ ဒါပေမယ့် ကျွန်မ အသံထွက်လိုက်တိုင်း အချိန်မရွေး အေအေပဲ။

'ဘယ်ဟုတ်ပါ့မလဲ ဟာမီဒါရယ်၊ ကိုယ်တို့ ဘာသာစကားကိုပဲ ပြောတာပေါ့၊ ကျောင်းမှာ သင်ပေးတုန်းပဲ အင်္ဂလိပ်လိုတတ်တယ်၊ ဒီရောက်စတုန်းက ဘာမှ မတတ်ဘူးလိုပဲ၊ အင်္ဂလိပ်ဘာသာကို စာမေးပွဲ ဖြေရုံပဲ သုံးတာဆိုတော့ ပါးစပ်က အသံထွက်ပြီးပြောရမှာ အရမ်း ကြောက်နေခဲ့တာ၊ ဒီရောက်ပြီးမှ အဖေရော အမေကပါ သင်ပေး ပြောပေးလို့၊ ပြီးတော့ အဖေက ၂၄ နာရီပတ်လည် အင်္ဂလိပ်လိုချည်း အသံလွှင့်ပေးနေတဲ့ Radio4 လိုင်းကို နားထောင်ခိုင်းတယ်၊ အင်္ဂလိပ် စကားပြောအခွေတွေလဲ အမေက ဝယ်ပေးတတ်တယ်၊ ဒီလိုပဲ တဖြည်း ဖြည်း ကျင့်ယူရတာ'

ဩော် သူတို့ အဖေ အမေများ တော်လိုက်ကြတာ။

ဘာသာရပ်တစ်ခုကို တတ်ကျွမ်းဖို့ကိုတောင် နည်းမျိုးစုံသုံးပြီး ဂရုစိုက်ပေးကြတယ်။ အေးအေး ပြောတာတွေ နားထောင်ပြီး မေ့လျော့ ကျောခိုင်းထားဖြစ်တဲ့ ကိုယ့်ငယ်ဘဝ အရိပ်တွေက မမြင်ချင်တဲ့ ကြားထဲက အထင်းသားပေါ်လာပြန်တယ်။

'အီဘူး၊ အယား ဘယ်တော့လာမှာလဲ၊

ညတိုင်း သမီးတို့ချည်းပဲ၊ ဆန်းဝေးလဲမသွားရဘူး၊ ဂျင်တင်းလဲ မလည်ရဘူး၊ ကျောင်းက စန္ဒီတို့ နော်မာလာတို့ဆို တနင်္ဂနွေနေ့တိုင်း တစ်နေရာရာကို အမြဲသွားရတယ်၊ သူတို့ အဖေ အမေတွေနဲ့ လျှောက် လည်ရ ပတ်ရတာကို ပြန်ပြန် ပြောပြတိုင်း သမီးက ပါးစပ် အဟောင်း သားနဲ့ နားထောင်နေရတယ်၊ သမီးလဲ သွားချင်တာပေါ့'



ကျွန်မ ဒီလို တောင်းဆိုတိုင်း အမေက ခပ်ယဲ့ယဲ့ပြုံးရင်းက

'အဖေက စီးပွားရေးသမားဆိုတော့ အလုပ်များတယ် ဟာမီဒါ၊ အမေတို့ ခုလို စားနိုင် သောက်နိုင်အောင် အဖေ ပေးနေတာပဲဟာ၊ နောက် အဖေလာတော့ လည်ရမှာပေါ့'

ဒီလိုမျိုး ခပ်ဆင်ဆင် စကားမျိုးတွေပဲ အမေ့ဆီက ကြားကြားနေ ရတယ်။

အဖေလာလည်း ခဏပါပဲ။ လည်ပတ်ခွင့်ရလောက်တဲ့အထိ အိမ်မှာ မနေပေးပါဘူး၊ တစ်ခါတလေ ကျွန်မ အိပ်ပျော်နေတုန်းအဖေ လာသွားတယ်လို့ အမေ ပြန်ပြောပြလို့ သိရတာပဲရှိတယ်၊ တွေ့တောင် မတွေ့လိုက်ရပါဘူး။

အဆိုးဆုံးကတော့ ကျောင်းက ကျင်းပတဲ့ နှစ်ပတ်လည်ပွဲတို့၊ မိသားစုတွေ့ဆုံပွဲတို့မှာ ကျွန်မအနား အမေ တစ်ယောက်တည်းပဲ ရှိတတ်တဲ့ ကိစ္စမျိုးပေါ့။

'ဟေး ဟာမီဒါ၊ မင်း အဖေရော'

ဒီမေးခွန်းကို ကျွန်မ အရမ်းမုန်းတာပဲ။ အမြင်ကတ်ဖို့ကောင်းတဲ့ အဲဒီအမေးကိုပဲ ခဏခဏ ပြန်ပြန် ဖြေနေရတယ်။

နောက် အဆင်မပြေတာတစ်ခုက

သူများတကာတွေ အမေ အဖေကြားမှာ ကြည်နူးမှုအပြည့်နဲ့ ဓာတ်ပုံ အရိုက်ခံတတ်ကြတဲ့ အချိန်မျိုးမှာပေါ့။

သူတို့မျက်နှာတွေ ပြုံးလို့ပျော်လို့ ကြည်လင်တောက်ပလို့–

ကျောင်းဝင်းဝက ကျောင်းနာမည်ပါတဲ့ ဆိုင်းဘုတ်ကြီးကိုနောက်ခံ ယူပြီး ရိုက်တဲ့လူက ရိုက်–

ကျောင်းဥယျာဉ်ရဲ့ ရောင်စုံပန်းပင်တွေကို အလှပြပြီး ရိုက်ယူသူတွေက ယူ။

ကျွန်မကတော့ အမေနဲ့ နှစ်ယောက်တည်း။ ကျွန်မ နှစ်စဉ်ရယူလေ့ရှိတဲ့ နှစ်သိမ့်ဆုလေးအပေါ်မှာ အားပေးဖို့မပြောနဲ့၊ ကင်မရာမင်းတွေနဲ့ဝေးတဲ့နေရာကို ဆွဲဆွဲခေါ်သွားတတ်တဲ့ အမေ့ရဲ့နောက်ကို ကန့်လန့်ကန့်လန့်နဲ့ ပါပါသွားရတာ။

အသက် ခုနစ်နှစ် ရှစ်နှစ်လောက်အထိ အဖေနဲ့ အတူမနေရတာအတွက် အားငယ်တာ ဝမ်းနည်းတာပဲ ရှိတယ်။

ဆယ်နှစ် ဆယ့်တစ်နှစ်လောက်ရောက်လာတော့ တီးတိုးစကားတွေ ကို ကျွန်မ နားယူကြားသိတတ်လာသလို ဝန်းကျင်ရဲ့ အသံမဲ့ဘာသာဗေဒတွေကိုလည်း အဓိပ္ပာယ်ဖော်ဆောင်တတ်လာပါတယ်။

အဲဒီတော့မှ ဖျော့တော့အားငယ်နေတဲ့ စိတ်အသွင်မှာ မခံရပ်နိုင်တာတွေ၊ ညစ်နွမ်းသိမ်ငယ်စိတ်တွေ၊ ရှက်ရွံ့စိုးကြောက်မှုတွေက အစားထိုး ဝင်ရောက်လာတာပါပဲ။ ဒါပေမယ့် အဲဒီ ခါးသီးပြင်းထန်တဲ့ ခံစားမှုဝေဒနာကို ကုသဖို့ ကျွန်မအတွက် ဖြေဆေးမရှိခဲ့ပါဘူး။

ကျွန်မအမေဟာ အဖေ့ရဲ့ စတုတ္ထမြောက် မယားဆိုတဲ့ သတင်း၊ သနားကမားရပ်ရည်၊ ချွဲချွဲနွဲ့နွဲ့လေးပြောတတ်တဲ့စကား၊ နုနယ်ပျိုမျစ်တဲ့ အရွယ်ဆိုတာတွေကို အကြောင်းပြုပြီး အဖေက ယူထားတာဆိုတဲ့ အကြောင်း အဖေ့ရဲ့ ပထမ မယား သုံးဦးလုံးက မူရင်းကတည်းက ပညာလည်းတတ်၊ ပစ္စည်းလည်းရှိကြတော့ အဖေ့အပေါ်မှာ ပိုပြီး ဩဇာညောင်းလို့ အမေ့ဆီကို အဖေလာဖို့ အချိန် သိပ်မပေးနိုင်ဘူးဆိုတဲ့ အချက်။



ဒီမှာပဲ မိသားစု သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေဖို့ဆိုတဲ့ မျှော်လင့်ချက် ရောင်ခြည်တွေ ကျွန်မဘဝမှာ ဆိတ်သုဉ်းပျောက်ကွယ်သွားခဲ့ပါတယ်။

အမေကတော့ နေဖို့အိမ်ရယ်၊ သုံးစွဲဖို့ငွေကြေးရယ် ရနေတာနဲ့ သူ့ဘဝဟာ ပြီးပြည့်စုံသွားသလိုပဲ၊ ကျွန်မရဲ့ခံစားချက်တွေကို နားလည်ပေးတဲ့ပုံ လုံးဝ မရှိပါဘူး။

တစ်ခါတလေ ကျွန်မ ကျောင်းကပြန်သွားရင် အိမ်တံခါးဝမှာ သော့ခလောက်ကြီးက ကျွန်မကို အေးစက်မာကျောစွာ ကြိုဆိုနေတတ်ပါတယ်။ မုန်းစရာကောင်းလိုက်တာ လွန်ပါရော။

ဒါဆို အမေ အိမ်မှာ ရှိမနေဘူးပေါ့။

ထမင်းစားခန်းစားပွဲမှာ နာစီလမတ် အထုပ်ကလေးတစ်ထုပ်က ပျင်းပျင်းရိရိ ကျွန်မကို စောင့်ဆိုင်းနေတတ်ပါတယ်။ ဒီလိုနဲ့ ကျောင်းဆင်းချိန်တွေရောက်ရင် shopping mall (ရှုပါမားကက်)တွေ၊ ရုပ်ရှင်ရုံတွေ၊ ကာရာအိုကေခန်းမဆီ ခြေဦးလှည့်ဖြစ်သွားတဲ့ ကျွန်မမှာ အပြစ်မရှိကောင်းဘူးလို့ ကျွန်မကိုယ် ကျွန်မ အမှတ်တွေပေးပြီးသားဖြစ်သွားပါတော့တယ်။ အေအေနဲ့ သူငယ်ချင်းဖြစ်ပြီးသွားမှ တစ်ညနေသူ့ အဖေ ၂၄ နာရီ ဂျူတီဝင်ရလို့ သူ့ကိုလာမကြိုနိုင်တဲ့ နေ့တစ်နေ့မှာ ကျွန်မ သွားနေကျ နေရာတွေဆီ အတူလိုက်ခဲ့ဖို့ အဖော်စပ်ကြည့်ဖြစ်တယ်။

'Sorry ပဲ ဟာမီဒါ၊ ကိုယ်အိမ်ပြန်ရောက်ချိန်ဆို အဖေက ဆေးရုံကနေ ဖုန်းခေါ်နေတော့မှာ၊ ကိုယ်အိမ်မှာရှိမနေဘူးဆိုရင် အဖေကတအား စိတ်ပူသွားလိမ့်မယ်၊ ပြီးတော့ အဖေတို့မပါဘဲ ကိုယ်အပြင်မထွက်ရဲဘူး၊ တော်ကြာ မှောင်တော့မှာ၊ ကိုယ်တို့လို မိန်းမငယ်လေး

တွေမှာ အချိန်မရွေး အန္တရာယ်ရှိနိုင်တာမို့ ညပိုင်းအပြင်ထွက်တာကို အမေက ခွင့်မပြုပါဘူး'

'ဟင် ဒီလိုကြီးလား'

ကျွန်မ အရမ်း အံ့ဩသွားတာပဲ။

ဒီနိုင်ငံမှာ ကျွန်မတို့အရွယ် ကောင်လေး ကောင်မလေးတွေ ဒီလိုပဲ သွားလာနေတာပဲဟာ၊ အေအေ အဲလိုပြောတဲ့နေ့က ကျောင်းဆင်းတော့ ထူးထူးခြားခြား ကျွန်မ အိမ်ကိုတန်းပြီး ပြန်သွားဖြစ်တယ်။ အမေလဲ အိမ်မှာရှိနေလို့ ကျွန်မစိတ်ထဲ လှစ်ခနဲ ပျော်သွားမိတယ်။ ဒါပေမယ့် အပြင်ထွက်တော့မယ့် ပုံစံနဲ့ ဆင်ယင်ထားတဲ့ ဝတ်ကောင်းစားလှတွေက ကျွန်မကို တစ်မုဟုတ်ချင်း ချောက်လှန့်ပစ်လိုက်ပါတယ်။ လင်းကြည်လာတဲ့ စိတ်ကလေး မိနစ်ပိုင်းအတွင်း မှောင်ကျသွားသလိုပဲ။ ဒါဆို အမေ အပြင်ထွက်တော့မယ်ပေါ့။

မကြာခင်မှာပဲ ကျွန်မနဲ့ ရင်းနှီးပြီးသားမဟုတ်တဲ့ ကားဟွန်းသံတစ်ခု နားထဲ ဝင်ရောက်လာတာနဲ့ အမေ ဖိနပ်ဝတ်ပြီးသား၊ လက်မွေ့အိတ် ဆွဲကိုင်ပြီးသား ဖြစ်သွားပါတယ်။

'မီးဖိုမှာ Mee goreng (ခေါက်ဆွဲကြော်) ထားခဲ့တယ်'ဆိုတဲ့ ချော့မော့သလို တောင်းပန်သလို လေသံက ကျွန်မနားထဲကို သံရေပူနဲ့လောင်းချလိုက်တဲ့အတိုင်း ပြင်းရှပူလောင်စွာ စီးဝင်သွားတာဟာ နှလုံးသွေးကြောတိုင် စူးနစ်ဝင်ရောက်သွားပါတော့တယ်။

ဂျိုင်းခနဲ မြည်ဟည်းသွားတဲ့ အိမ်ဝင်းတံခါးရဲ့ ပိတ်လိုက်တဲ့အသံ၊ 'ကျွိ ကျွိ ရျောင်း' လို့ အသံထွက်သွားတဲ့ ဝင်းတံခါးမကြီးရဲ့ အော်ဟစ်သံတွေက လှောင်ပိတ်မွန်းကျပ်နေတဲ့ ဒီအိမ်ထဲမှာ တစ်ကိုယ်တည်း ဆက်လက်ရပ်တည်ဖို့ ကျွန်မရဲ့ အင်အားတွေကို အစိတ်စိတ်အမြွှာမြွှာ



ကြေမွသွားအောင် လှီးဖြတ်ဆုတ်ဖြဲပစ်လိုက်ပြီလို့ ကျွန်မ နားလည်လိုက်ပါတယ်။ အဲဒီည သန်းခေါင်ကျော် သုံးနာရီလွန်တဲ့အထိ **disco bar** တစ်ခု မှာ ပျော်ပါးပစ်လိုက်မိတာဟာ ကျွန်မရဲ့အမှား **တစ်စုံတစ်ခုမှ** မပါဘူးလို့ ကျွန်မကိုယ်-ကျွန်မ အခိုင်အမာ အမှတ်တွေပေးလိုက်ဖြစ်တယ်။

ဒါပေမယ့် အဲဒီည အချုပ်ခန်းကို ကျွန်မ ရောက်ဖူးသွားပါတယ်။

သန်းခေါင်ကျော် နှစ်ချက်တီးအထိပဲ ဖွင့်ခွင့်ပြုထားတဲ့ဆိုင်မှာ သတ်မှတ်ချိန်ထက် ကျော်လွန်အောင် နေဖြစ်သွားလို့ **အော်ပရာစီ** (operasi) တွေ လက်ထဲ ရောက်သွားခဲ့တာ။

နောက်နေ့ မိုးလင်းတော့ အင်မတန်ရှားရှားပါးပါး မြင်ရ တွေ့ရခဲ့တဲ့ အဖေ့ရဲ့ အာမခံချက်နဲ့ အိမ်ကို ပြန်ခွင့်ရခဲ့တာအတွက် အဖေဟာ ကျွန်မရဲ့ ကျေးဇူးရှင်လို့ အမည်တပ်လို့ ရသွားရောလား။

မထင်ပါဘူး။

သူတို့ကြောင့် ကျွန်မ အဖမ်းခံရတာပဲဟာ။

သူတို့သာ အေအေ မိဘတွေလို ကျွန်မဘေးမှာ ထာဝရရှိခဲ့ကြရင်-

ပိုက်ဆံငွေကြေးထက် တန်ဖိုးမြင့်မားတဲ့ နွေးနွေးထွေးထွေး မေတ္တာကို ပေးခဲ့ကြမယ်ဆိုရင်-

နောက်တစ်ရက် အပြင်မထွက်ဘဲနေမလို့ဟာ ကျွန်မ စိတ်တွေ ညစ်၊ အားတွေငယ်လာတိုင်း ဖြေဖြေဖျောက်ဖျောက် ပြောပေးတတ်တဲ့ အေအေကို သတိရတာနဲ့ ကျောင်းကို ရောက်သွားဖြစ်တယ်။

'အတော်ပဲ ဟာမီဒါ၊ မနေ့က တို့အမေ မြန်မာပြည်ကပြန်လာလို့ ငါးဖယ်ကြော်တွေ ယူလာခဲ့တာ၊ မင်းမြည်းဖို့ တို့ယူလာတယ်၊ များများ

တော့ မပါဘူးနော်၊ တို့ ဒီမှာငတ်နေတဲ့ အစားအစာတွေ အစုံသယ်ရတာဆိုတော့ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်းပဲ သယ်နိုင်ခဲ့တယ်'

အေအေက အဲဒီလို ချစ်ဖို့ကောင်းတာ။

မိုင်ပေါင်းထောင်သောင်းချီပြီး ဝေးတဲ့နေရာက အစားအသောက်ကိုတောင်ယူကျွေးတဲ့ သူငယ်ချင်းမျိုး။

Fish Cake ! တစ်ကိုက် မြည်းကြည့်လိုက်တယ်။ ချိုပြီးမွှေးနေတာပဲ။

'ကျေးဇူးပဲ အေအေ၊ ဒီကဟာတွေလို မညှီဘူးနော်၊ အရမ်းကောင်းတယ်၊ ဘာငါးလဲဟင်'

'ဒီလိုမျိုးငါးမျိုး တစ်ခါတလေမှာ Wet Market တွေမှာ တွေ့ရတတ်တယ် ဟာမီဒါရဲ့၊ ငါးဖယ်လို့ ခေါ်တယ်၊ လုပ်ရတာ ခက်တယ် လုပ်နည်းကို အမေ သင်ပေးလို့ တတ်တော့တတ်တယ်၊ ဒါပေမယ့် ကိုယ်တိုင် သိပ်မလုပ်တတ်ဘူး၊ အမေပဲ လုပ်ကျွေးတာ'

ကျွန်မ သူ့မျက်နှာကို ခပ်ငေးငေးကြည့်ရင်းက

'အေအေ၊ အဖေ အမေကို သိပ်ချစ်တယ်နော်၊ သူတို့အကြောင်းများ ပြောနေတုန်းဆို အေအေ မျက်နှာချိုနေတာပဲ' လို့ ပြောမိတော့–

'တို့မှာ တခြားချစ်စရာမှ မရှိဘဲ သူငယ်ချင်းရယ်၊ လူမျိုးခြားနိုင်ငံမှာ မျက်စိသူငယ်နဲ့ နေနေရတာ၊ အမေ အဖေကောင်းလို့ အသက်ရှင်နိုင်တာ၊ မိဘဆိုတာ အကြီးမားဆုံး ကျေးဇူးရှင်ပဲဟာ၊ တို့ကို မွေးပေးတယ်၊ ကျွေးတယ်၊ လိုသမျှဖြည့်ပေးတယ်၊ အခက်အခဲအားလုံးကို ဖြေရှင်းပေးတယ်၊ ဒီလိုလူမျိုးကိုမှ မချစ်ရင် တို့ထက်မိုက်တဲ့လူ ရှိပါဦးတော့မလား' တဲ့။

ကျွန်မလည်း အေအေလို ချစ်တတ်ချင်လိုက်တာ။



'အေအေ အဖေမှာ မယားဘယ်နှယောက်ရှိလဲဟင်'

မထင်မှတ်ဘဲ အဲဒီမေးခွန်း ကျွန်မပါးစပ်က လွတ်ခနဲထွက်သွားတာကို မထိန်းလိုက်ဖြစ်ဘူး။

'ဟင်၊ ဟာမီဒါကလဲ၊ အမေ တစ်ယောက်တည်းပေါ့'

အေအေ ကြည့်ရတာ ဒီမေးခွန်းကိုအဖြေပေးရတာအတွက် ဆတ်ဆတ်ထိ မခံချင်စိတ်ကို ကျေနပ်ဂုဏ်ယူတဲ့ လေသံနဲ့ ဖုံးလွှမ်းပြီး ပြောလိုက်သလိုပဲ။

'တို့ မယုံပါဘူး'

အသံတိတ် စိတ်ထဲမှာ ရေရွတ်မိသွားတယ်။

'ဟုတ်ရဲ့လား အေအေရယ်၊ တို့ဆီမှာ ယောကျ်ားတိုင်းလိုလို မိန်းမနှစ်ယောက်က အနည်းဆုံးပဲ၊ လေးယောက်အထိ ယူလို့ရတဲ့ဟာကို၊ ဟိုတလောက သတင်းစာမှာဆို ယောကျ်ားကြီးတစ်ယောက်မှာ မိန်းမက လေးယောက်၊ ကလေးက ၃၀ ရှိတဲ့ကြားက အာသာမပြေနိုင်ဘူး၊ ၁၃ နှစ်အရွယ် ကိုယ့်သမီးအရင်းခေါက်ခေါက်ကို ထပ်မံကျူးလွန်လို့ ရုံးတော်ကနေ ထောင်ဒဏ် နှစ် ၂၀၊ ကြိမ်ဒဏ် ခုနစ်ချက်ချမှတ်တဲ့အကြောင်း ရေးထားသေးတာ၊ အေအေ မတွေ့လိုက်ဘူးလား'

'ကိုယ်လဲ ဖတ်ပါတယ်၊ မတူဘူးလေ သူငယ်ချင်းရယ်၊ ကိုယ်တို့ဘာသာရေးမှာ အဲဒီခွင့်ပြုချက်မျိုး လုံးဝ မရှိတာအပြင် ကိုယ့်ဇနီးခင်ပွန်းမှအပ တစ်ပါးသူကို စိတ်နဲ့ပြစ်မှားရင်တောင် အပြစ်ကြီးတယ်လို့ သတ်မှတ်ထားတာကိုး၊ ယောကျ်ားကောင်းတိုင်း ဒီအချက်ကို လုံအောင်ထိန်းတတ်ပါတယ်၊ မထိန်းသိမ်းတဲ့လူရှိပါတယ်၊ လူတောမတိုးဘူး၊ အများကြားမှာ ပြောမထွက်ဝံ့ဘူး၊ မျက်နှာငယ်ရတယ်၊ ဒါဟာ ဘိုးဘေးဘောင်ဆက် လက်ဆင့်ကမ်းလာတဲ့ စိတ်ဓာတ်အမွေလို့ ပြောလို့ရပါ

တယ်၊ အများကလည်း ဒီလို မွန်မြတ်တဲ့ ခလေ့စရိုက်ရှိနေရတာအတွက် ဂုဏ်ယူကြပါတယ်၊ ပြောရမယ်ဆို အမျိုးသားဂုဏ်ပေါ့၊ ဇနီးမယား၄တ်တုတ်ရှိလျက်နဲ့ နောက်ထပ် အငယ်အနှောင်း ယူဖြစ်တဲ့လူတိုင်း 'ဒါ ကျွန်တော်ရဲ့ ဒုတိယ မယားလေလို့ လူကြားမှာ ထုတ်ဖော်ပြောဝံ့တဲ့လူ လုံးဝ မရှိလောက်အောင်ကို သိမ်ငယ်တာ'

ဩော် အအေအေတို့ လူမျိုးတွေရဲ့ ဓလေ့က ဒီလိုမျိုးလား၊ တို့အတွက်တော့ မင်းပြောလို့သာကြားရတယ်၊ ယုံရခက်ခက်ပဲကွယ်။

***

အဲဒီညအပြင် နောက်နေ့ နောက်နေ့တွေ ရက်အတော်များများ ကျောင်းပြီးရင် ကျွန်မ အိမ်မှာနေဖြစ်သွားတယ်။ စာမေးပွဲနီးလို့ ကျက်မှတ်စရာတွေ ရှိနေတာအပြင် အမေကိုယ်တိုင်လဲ အိမ်မှာမြဲနေတာကြောင့် ဖြစ်ကောင်းပါတယ်။ စာတွေလုပ်နေရတဲ့ကြားက အမေ ဘာကြောင့် ခုတလော လမ်းမထွက်ဘဲ နေနေတာပါလိမ့်လို့ တွေးဖြစ်သေးတယ်၊ ပြီး မျက်နှာလဲ မကောင်းလှဘူး။ ဒီလိုနဲ့ ကျွန်မရဲ့ နောက်ဆုံးနှစ် စာမေးပွဲကြီး ပြီးဆုံးသွားခဲ့ပါတယ်။ ဒီတော့မှ ကျွန်မ မျှော်လင့်မထားခဲ့တဲ့ သတင်းတစ်ခုကို အမေ ပေးလာပါတော့တယ်။

'အဖေ့ကို ဆေးရုံတင်ထားရသတဲ့'

'အဖေ့မှာ HIV ရောဂါပိုး စွဲကပ်နေပြီတဲ့'

'အဖေ့ရဲ့ နောက်ဆုံးအချိန်ကို စိတ်ချမ်းချမ်းသာသာဖြစ်ရအောင် နေပေးပါတဲ့'

'ဟင်၊ ဒါ ဒါဆို



အမေရော ကျွန်မရော
ဖြစ်ရတယ် အမေရယ်'

***

အအေအေရေ၊ မင်း နောက်အပတ်ထဲမှာ မင်းရဲ့တိုင်းပြည်ကို အလုပ်လုပ်ဖို့ ပြန်တော့မယ်နော်၊ မင်းကို လေယာဉ်ကွင်းလိုက်ပို့မယ်လို့ ကတိ ပေးခဲ့မိပေမယ့် ကိုယ့်ကိုခွင့်လွှတ်ပါ သူငယ်ချင်းရယ်၊ မင်း စကားအရ တကယ့် ကျေးဇူးအကြီးမားဆုံးဆိုတဲ့ အဖေ့ဆီကရတဲ့ အမွေတွေနဲ့ ကိုယ့်မှာ လှုပ်ရှားရုန်းကန်ဖို့ အင်အားတွေ ကုန်ခန်းသွားခဲ့ပါပြီ။

ကံပေးလို့ တကယ်လို့များ နောင်ဘဝမှာ လူသားတစ်ဦးအဖြစ် ရယူခွင့်ရှိဦးမယ်ဆိုရင် အဖေဆိုတဲ့ လူသားတစ်ဦးကို ကိုယ့်မိသားစု တစ်စုတည်းကပဲ ပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးရပါရစေ။ သန့်ရှင်းမွန်မြတ်တဲ့ စိတ်ဓာတ်အမွေကို ပေးနိုင်စွမ်းတဲ့ အဖေမျိုးရဲ့သမီး ဖြစ်ရပါစေလို့ ဆုတောင်း နေမိတယ်ဆိုတဲ့ အကြောင်း မင်းကို ပြောပြချင်လိုက်တာ။ မင်း စီးနင်းလိုက်ပါသွားမယ့် လေယာဉ်ပျံကြီးစက်ကုန်ဖွင့်လို့ မင်းကို သယ်ဆောင်သွားချိန်ကို မှန်းဆပြီး ကိုယ် နှုတ်ဆက်လိုက်ပါ့မယ်။

မျက်ရည်သွယ်သွယ်ကျနေတဲ့ကြားက တစ်ဦးတည်းပြောနေမိတဲ့ ကျွန်မရဲ့ စကားတွေကို အအေအေသာ ကြားနိုင်မယ်ဆိုရင်

'စိတ်ဖြေပါ သူငယ်ချင်းရယ်
လူဆိုတာ သေမျိုးပါပဲ
မင်း ရှေ့ကသွားရင် ကိုယ်တို့လဲ နောက်ကလိုက်ရမှာ ဓမ္မတာပါ'

'အသက်ရှင်ခိုက် စိတ်ကောင်းလေးမွေးလို့ အများကောင်းကျိုးကို စွမ်းသလောက်လုပ်နိုင်ရမယ်လို့ အမေက ပြောဖူးတယ်'လို့များ ပြန်လို့ ဖြေသိမ့်လေမလား။

တွေးရင်း သွယ်စီးကျလာတဲ့ မျက်ရည်ပူကို လက်ဖဝါးနဲ့ ဖယ်ရှားလို့ စာကြည့်စားပွဲပေါ်မှာ ထောင်လျက်လေး ရှိနေတဲ့ ဓာတ်ပုံမှန်ဘောင်လေးဆီ အမြင်ရောက်သွားမိတယ်။ ကျွန်မ ကျောနောက်ကနေ သိုင်းဖက်ထားတဲ့ အမေ၊ သွားတက်လေးပေါ်တဲ့ အထိ ပြုံးချိုလို့၊ နေခြည်နုအောက်မှာ အစွမ်းကုန်ပွင့်နေတဲ့ နှင်းဆီတစ်ပွင့်ရဲ့အလှနဲ့ နှိုင်းဆိုရလေမလား။

မင်းက အမွေကောင်းကို ပိုင်ဆိုင်ခွင့်ရှိသူဆိုတော့ ပြုံးနိုင်တာပေါ့ ကွယ်။ ကိုယ့်မှာတော့လေ။

ကိုယ့်ဆီကိုရောက်လာမယ့် နောက်ဆုံးနေ့ကို မင်းပြုံးတဲ့ အပြုံးမျိုးနဲ့ စောင့်ချင်ပေမယ့် မစွမ်းပါဘူး။

ကိုယ်ဘာလုပ်ရမလဲ ဟင်၊ မင်း ကိုယ်နဲ့ဝေးမသွားခင် ဖြေဆေးလေး တစ်ခုလောက် ပေးနိုင်ရင် ပေးခဲ့ပါလား သူငယ်ချင်းရယ်နော်။

## ဝေါဟာရ ရှင်းလင်းချက်

| | | |
|---|---|---|
| **Ibu** | (အီဘူ) | အမေ |
| **Ayah** | (အယား) | အဖေ |
| **nasi lemak** | (နာစီလမတ်) | အုန်းထမင်း |
| **nasi** | ထမင်း | |
| **lemak** | ဆီတစ်မျိုးမျိုး | |



| | | |
|---|---|---|
| mee goreng | (မီဂိုရိန်း) | ခေါက်ဆွဲကြော် |
| operasi | (အော်ပရာစီ) | Operation စစ်ဆင်ရေး |
| genting | (ဂျင်တင်း) | ပျော်စရာ ကစားဖွယ်ရာ စုံစုံဖြင့် ဖွဲ့စည်းထားသည့် တောင်ပေါ်စခန်း |
| sun way | (ဆန်းဝေး) | ရေလွှာလျှောစီးကဲ့သို့ ကစားဖွယ်ရာမျိုးစုံတို့ဖြင့် တည်ထောင်ထားသော Amusement Park. |

***

[ မိဘကပေးသောစိတ်ဓာတ်အမွေ။ ။မတ်၊ ၂၀၀၅။]

မေသက်စု

## စာရေးသူ၏
## စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၄၂။ ဧပြီလ ၅ ရက်နေ့၌ အဖ ဦးအေး၊ အမိ ဒေါ်စိန်ပုတို့မှ ရောဝတီတိုင်း၊ မြန်အောင်မြို့တွင် မွေးဖွား။

၁၉၆၀-၆၂။ ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း ပြီးဆုံး၍ မန္တလေး ဆရာအတတ်သင်ကောလိပ်တွင် တက်ရောက်ခဲ့။

၁၉၆၈-၉၁။ အလုပ်ခွင်မှ ဝိဇ္ဇာဘွဲ့၊ ပညာရေးဘွဲ့များရယူခဲ့ပြီး ကျောင်းဆရာမအဖြစ် ၂၈ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့။ အငြိမ်းစား စတင်ယူပြီးသည်မှ မလေးယားဆေးတက္ကသိုလ် (မလေးရှားနိုင်ငံ)တွင် ခွဲစိတ်အထူးကု ဆရာဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသော ခင်ပွန်းသည် နောက်သို့ လိုက်ပါနေထိုင်ရင်း စာပေရေးသားခြင်းကို စတင်ခဲ့ပါသည်။

၁၉၉၂-၉၅။ ဧပြီလထုတ် ကလျာ မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသော ဘိုးသက်ရှည်တို့ရွာအမည်ရှိ ဆောင်းပါးမှာ စာရေးသူ၏ ပထမဆုံး စာမူဖြစ်သည်။ စာပေလောကစာအုပ်တိုက်မှ ကြီးမှူးကျင်းပသော မိုးမိုး(အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ရလာဒ်မသေချာသောပုဗ္ဗာအမည်ရှိ ရသစာပေ စာမူမှာ စာရေးသူအတွက် စာပေမှတ်တိုင်တစ်ခုဖြစ်သည်။ (ယင်းစာမူကို အမေရိကန်ပြည်ထောင်စု University of Michigan Press မှ ထုတ်ဝေသော Modern Fiction of Southeast စာအုပ်တွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။)

၂၀၀၃။ ချစ်သမီးသို့ လုံးချင်းဆောင်းပါးရှည် ရေးသားခဲ့။

၂၀၀၇။ ရထားတစ်စင်း ဆိုင်းဘုတ်တစ်ခု ကျောင်းစိမ်းတစ်ထည် ဆောင်းပါးပေါင်းချုပ် ထုတ်ဝေခဲ့။